www.burmeseclassic.com



# လမင်းမိုမို

## ချစ်သူတွေ့ကိန်းရှိသည်

www.burmeseclassic.com

L လင်း

www.burmeseclassic.com

# လမင်းမိုမို

## ချစ်သူတွေ့ကိန်းရှိသည်

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၇၁၀၃၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၆၃၀၄၁၁

၂၀၁၁ ခုနှစ်၊ ဇွန်လ

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅.၈၃

လမင်းမိုမို

ချစ်သူတွေ့ကိန်းရှိသည်/လမင်းမိုမို-ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၁။

၂၈၈ - စာ၊ ၁၂×၁၈ စင်တီ။

(၁) ချစ်သူတွေ့ကိန်းရှိသည်

BURMESE CLASSIC .com

### တို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — တို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — တို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — တို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း၊ ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို မှီခိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်း၊ ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းရည်သည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com







# လမင်းမိုမို

## ချစ်သူတွေ့ကိန်းရှိသည်

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com







## ၁

"ဟာ ... မင်းတို့လမ်းက ဘယ်လိုဖြစ်သွားတာလဲ စံပြိုးရာ၊ ငါပြင့် လမ်းများဝင်လာပြီပဲထင်တာ၊ ဒီကောင် ဘုဏက မမှားဘူးဆိုလို့သာ ဇဝေဇဝါနဲ့ လိုက်လာတာ၊ ဒါ အရင် လမ်းမှမဟုတ်တာ၊ မင်းအိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက် လာလို့သာပဲ၊ ခုထိကို မင်းတို့လမ်းလို့ မထင်သေးဘူး"

အိမ်ခါးပန်းအဆင့်လေးမှာ ခြေပစ်လက်ပစ်ထိုင်ချ ရင်းပြောတဲ့ မိုးသက်ထုန်စကားကြောင့် ကျော်စံပြိုးက ရယ်မော လိုက်ရင်း ...

"မင်းတို့က ဘာလို့ လိုက်လာကြတာတုံးကွ၊ မိုးထဲလေထဲ ရွံ့ထဲဗွက်ထဲ"

"ဟ ... မင်းအမေ မှုးလဲသတိလစ်ပြီး ဆေးရုံချိပြေးရတယ် ကြားတော့ မလိုက်လာလို့ဖြစ်မလား၊ ဖုန်းကလည်း ဆက်

www.burmeseclassic.com

www.burmeseclassic.com

မလွယ်တော့ ငါတို့က အခု အိမ်ကိုလိုက်ကြမယ်၊ အိမ်မှာ မရှိရင် ဆေးရုံကိုမေးပြီး ဆက်လိုက်ကြမယ်ဆိုပြီး လိုက်လာတာလေ”

ဉာဏက နောက်ကနေ ကြွပ်ကြွပ်အိတ်ကြီးဆွဲတက်လာကာ လင်းထိုက်ကတော့ အိမ်ကျဉ်းကျဉ်းပေါ် မတက်တော့ဘဲ အိမ်ရှေ့လေကားရင်းလေးမှာပင် ရပ်နေလိုက်ပါသည်။

“ဟော့ကောင် ရော့ ... မင်းအမေဖို့”

ဉာဏလက်ထဲက ကြွပ်ကြွပ်အိတ်ကြီးကို ကျော်စံဖြိုးက လှမ်းယူလိုက်ရကာ ...

“ဟား ... မနည်းပါလား၊ ဘာတွေလဲကွာ မင်းတို့ကလဲ”

“မသိဘူးလေ၊ ဒီကောင်ထန်ကြီး ဆွဲလွဲထည့်တာပဲ၊ ငါတောင် သေချာအားလုံးမတွေ့ဘူး”

“လူနာ စားလို့ရမယ် ထင်တာတွေပေါ့ကွ၊ ဟော့ကောင် မင်း အမေအခြေအနေ ဘယ်လိုလဲ”

“ကောင်းပါတယ်၊ အခန်းထဲမှာ လှဲနေတယ်၊ ငါက လေတွေဘာတွေဖြတ်မှာ ကြောက်သွားတာ”

“အေး ... ငါတို့လည်း လေဖြတ်တာမျိုးဖြစ်မှာ စိုးရိမ်တာကွ”

“သွေးအတော်တိုးသွားလို့ မူးလဲတာပဲ၊ ဒါပေမဲ့ ခုတော့ သွေးချလိုက်နိုင်ပါပြီ၊ ဘာမှ ကိစ္စမရှိတော့ပါဘူး၊ မင်းတို့ ယူလာတဲ့ လူနာစာတွေတောင် အပိုဖြစ်နေပြီ”





“ပိုတယ်ရှိမလားကွ၊ အန့်ဘီ ဖြည်းဖြည်းချင်း စားပစေပေါ့၊ ချက်ချင်း ပုပ်သိုးမှာတွေမှ မဟုတ်တာ”

ဘီစကစ်ပုံး၊ ဟောလစ်၊ အိုဗာတင်း၊ နို့မှုန့်ထုပ်၊ အချိုရည်ဘူး၊ သစ်သီးဝလံမျိုးစုံတွေအပြင် ကြက်ဥကတ်တောင် ပါလိုက်သေးတဲ့ အိတ်ကြီးကိုကြည့်ကာ စံဖြိုးက ...

“ကျေးဇူးပဲကွာ အများကြီးပဲ၊ အားနာစရာကြီးကွာ မင်းတို့”

“ဟော့ကောင် ... အားနာစရာလို့လား”

“မဟုတ်ပါဘူး၊ ရွှံထဲဗွက်ထဲ လာရတာကို ပြောတာပါ”

“အေးလေ ... မင်းတို့လမ်းက ဘာဖြစ်သွားတာလဲဆို”

“ငါတို့လမ်းက အစကတည်းက ဆိုးတာပဲဟာ”

“ဒီလောက်မဆိုးပါဘူး အရင်က”

“မင်း တစ်ခါတည်းရောက်ဖူးတာလေ အခုကြီး၊ မင်းရောက်ဖူးတုန်းက နွေရာသီလေကွာ၊ လမ်းကခြောက်နေတာပေါ့၊ ခုက မိုးရာသီလေကွာ သူငယ်ချင်းရေ မိုးရာသီဆို ငါတို့ မြေလမ်းက ဗွက်ထနေတာပေါ့ကွာ”

“ငါ့ဖိနပ်လည်း ကြည့်ဦး”

စံဖြိုးက ထိပ်ဦးမှာ ရွံ့တွေအခဲလိုက်ကော်ထားသလို ပေကျံနေတဲ့ မိုးသက်ထန်ရဲ့ Dapper ဖိနပ်ကျွင်းထိုးကိုကြည့်ကာ ...

“ဟား ဟား ... မင်းက ငါတို့လမ်းထဲကို Dapper စီးလာတာကိုးကွ၊ ရေဆေးလိုက်လေ ဟော့ကောင်၊ ခြေထောက်ပါ ဆေးလိုက်”



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား … လင်းထိုက်က ပိုဆိုးတာ၊ သူ့ဖိနပ်က အောက်ကအခွက်တွေပါတော့ လေခိုပြီး ဖွက်ထဲကပ်နေတာ ပြန်ကြွလို့မရတော့ဘူးလေ၊ ဟား ဟား ဟား … ရယ်ရတယ် ကွာ၊ ဒီကောင် ကုန်းကွ ကုန်းကွနဲ့ ဖိနပ်ကို ပြန်ကြွယူနေတာ ဘယ်လိုမှ ပါမလာတော့ နောက်ဆုံး လက်နဲ့ ကုန်းဖြုတ်ရတယ် … ဟား ဟား"

"အေးကွာ၊ ငါက ခြေထောက်တင်မကဘူး၊ လက်ပါဆေးမှ ရမယ်"

"ညီမလေးရေ … ဘုတ်ဆုံ၊ ရေ ယူခဲ့စမ်းပါ"

ကျော်စံဖြိုး အော်သံကြောင့် နောက်ဖေးဘက်မှ ကျော်စံဖြိုး ညီမငယ်လေးက ရေပုံးတစ်ပုံး ယိုင်တိုင်တိုင်ဆွဲကာ ထွက်လာပါသည်။ မိုးသက်ထန်က ခြောက်တန်းကျောင်းသူလေး ဘုတ်ဆုံကို သူ့ကြွပ်ကြွပ်အိတ်ထဲက ပန်းသီးတစ်လုံးထုတ်ပေးလိုက်ပြီး ရေပုံးကိုလှမ်းယူကာ အိမ်လှေကားထစ်ဆီမှာ သူတို့ ခြေထောက်တွေ ဆေးကြပါသည်။

"မှားပါတယ်ကွာ၊ နောက်ဆို မင်းတို့အိမ်ကို မိုးတွင်းရှောင်မှပဲ"

"အေးကွာ မင်းတို့က လမ်းဆိုးတာမှ မကြုံဖူးမနေဖူးတာ၊ ငါက ညနေလောက်ကျမှ ဖုန်းဆက်ပြီး အခြေအနေပြောမလို့ပါပဲ၊ မင်းတို့က ချက်ချင်း ထ,လိုက်လာကြတော့ … ဟား ဟား"



"ငါတို့လည်း စိတ်ပူသွားကြတာကိုး"

သူတို့သူငယ်ချင်းအုပ်စုထဲမှာ ကျော်စံဖြိုးကတော့ အချို့တဲ့ဆုံး အဆင်းရဲဆုံး။ မိုးသက်ထန်ကတော့ အပြည့်စုံဆုံး အချမ်းသာဆုံး။ ကျန်တာတွေကတော့ အလယ်အလတ်တန်းစားလောက်လို့သာ ပြောရမှာ။ ချို့တဲ့တဲ့ ကျော်စံဖြိုးကို အားလုံးက ခင်မင်ကူညီကြစမြဲပါ။

သူတို့အားလုံးဟာ ခုမှ ပူပူနွေးနွေး ကျောင်းပြီးကာစ လူငယ်လေးတွေပင်။ ကိုးတန်းလောက်ကတည်းက အတူတွဲလာကြတာမို့ ညီအစ်ကိုတွေလိုတောင် ဖြစ်နေကြပါသည်။

"စံဖြိုး … မင်းအလုပ်အတွက် ငါ့အဘိုးကို ပြောထားပြီးပြီသိလား"

"ဟုတ်လား၊ မင်းအဘိုးက ဘာတဲ့လဲ"

"အချိန်မရွေး သင့်တော်တဲ့တစ်နေ့ရာအလယ်တဲ့ အဘိုးက မင်းကို သဘောတွေကျနေတာပေါ့ကွ ငါ့ကိုတော့ အလုပ်လုပ်ချင်စိတ်မရှိတဲ့ကောင်ဆိုပြီး အိပ်ကြည့်မရတာလေ"

"ဒါတော့ ဘဝအခြေအနေမှ မတူဘာကိုးကွ၊ ငါက ချက်ချင်း အလုပ်ရမှ အလုပ်လေးရှ ငွေလေးရှိမှလေ၊ နို့မို့ ကျောင်းပြီးလည်း မိဘဆီက မုန့်ဖိုးပြန်တောင်းနေရဦးမယ်၊ မင်းကတော့ အလုပ်လုပ်လုပ် မလုပ်လုပ် ဘာအရေးမို့လို့လဲ၊ ဘယ်တူပလဲ"

www.burmeseclassic.com

www.burmeseclassic.com


"အေးလေ ... ငါလည်း နောက်တော့ လုပ်မှာပေါ့၊ ခုတော့ စာမေးပွဲဖြေထားရတာ မောနေတာတောင် မပျောက်သေးဘူး"

စံဖြိုးက မိုးသက်ထန်ကို ကြည့်ကာ ပြုံးရပါသည်။ အလွန်ချမ်းသာကြွယ်ဝတဲ့ မိသားစုမှာလူဖြစ်လာပြီး ငယ်ကတည်းက မိတဆိုးဖြစ်ခဲ့တဲ့ မိုးသက်ထန်ကို အဘိုးကစပြီး တစ်ဆွေတစ်မျိုးလုံးက အလိုလိုက်အကြိုက်ဆောင် ဖူးဖူးမှုတ်ထားခဲ့တာလေ။ မျက်နှာအညိုမခံ ထားခဲ့တာ။ ဒီကြားထဲက မိုးသက်ထန် ဆိုးဆိုးတေတေ ဖြစ်မသွားတာကိုပဲ ချီးကျူးရပါဦးမည်။

မိုးသက်ထန် အဖေကတော့ အိမ်သိပ်မကပ်ဘဲ သဘောၤကပ္ပတိန်ဘဝနှင့် ကမ္ဘာပတ်နေတော့တာပါ။ မိုးသက်ထန်ဟာ ရွှေလင်ပန်းနှင့်အချင်းဆေး၊ ရွှေဇွန်းကိုက်မွေးတဲ့သူလို့ ပြောလောက်အောင် လိုတရလွန်းတော့ နည်းနည်းဘဝင်မြင့် စိတ်ကောက်ချင်တာကလွဲလျှင် စိတ်သဘောကောင်းရှာပါသည်။

"ဟောကောင်တွေ လာကွာ၊ လက်ဖက်ရည်လိုက်တိုက်မယ်"

"နေပါစေကွာ"

"လာပါကွ၊ ငါ တိုက်ရမှ ကျေနပ်မှာ၊ အမေကလည်း မိန်းနေတာကလွဲရင် ကောင်းနေပါတယ်၊ အဖေရော ညီမလေးရော အိမ်မှာရှိနေတာပဲ၊ လာ ... လမ်းထိပ်မှာလိုက်သောက်"

"အေးလေ ... သောက်တာပေါ့၊ မိုးလည်း အေးတယ်ဆိုတော့"

"ထန်ကြီး မင်းကား လမ်းထိပ်မှာလား"

"အေးပေါ့"

"လာကြ"

"ဘုရား ... ဘုရား ... ဒီဗွက် ဒီရွှံ့ထဲ ပြန်ဖြတ်ရဦးမှာပါလား"

"အေး ... နောက်တစ်ခါ ဒီကောင့်အိမ်လာရင် ဘွတ်ဖိနပ်စီးလာမယ်ကွာ"

"ကုလားမခြေထောက်နဲ့သာလာ"

သူတို့ တဟီးဟီး တဟားဟား ဘယ်ယိမ်း ညာယိမ်း တရားရားနှင့်ပင် ဗွက်ပေါက်လမ်းကို နောက်တစ်ခါ ပြန်ဖြတ်လျှောက်လာကြရပါသည်။ ခုန ရေဆေးထားတဲ့ခြေထောက်တွေ ဗွက်ထဲ စွပ်ခနဲ စွပ်ခနဲ ပြန်နစ်ကုန်တော့တာပင်။

ပြီးတော့ ဗွက်တွေက ရွှံ့နီရောင်မဟုတ်ဘဲ ဘယ်လိုအညစ်အကြေးတွေ ရောနေတယ်မသိဘဲ ခပ်မည်းမည်းအရောင် ဖုံးလွှမ်းနေတာဖြစ်ရာ ပိုပြီး ညစ်ပတ်သလိုပင်။ စံဖြိုးကလွဲ၍ သူတို့သုံးယောက်ဟာ ခြေတစ်လှမ်းချလိုက် နောက်တစ်လှမ်းအတွက် ခြေကားယားနှင့်ပင် ဗွက်နည်းမည့်နေရာရွေးချယ်ရှာဖွေပြီးမှ နောက်တစ်လှမ်းချလိုက်။ တစ်ယောက်ကိုတစ်ယောက် စ,လိုက်အော်ဟစ်လိုက်။



www.burmeseclassic.com

www.burmeseclassic.com

မကျယ်လှတဲ့ လမ်းလေးထဲ လေးယောက်သား လျှောက်ချင်သလိုလျှောက်ကာ လမ်းပြည့်နေတာကို ရပ်ကွက်ထဲက အိမ်ပြွတ်ပြွတ်ကလေးတွေမှ လူတွေကလည်း ကြည့်နေကြပါသည်။ တစ်အိမ်ကို ဆယ့်ငါးပေ ပေနှစ်ဆယ်လောက် ခပ်ကျဉ်းကျဉ်း ခြံလေးတွေပေါ်မှာ ဟိုဘက်ဒီဘက် တစ်ပေလောက်စီကွာခြား ဆောက်ထားတာမို့ အိမ်ချင်းတွေလည်းကပ်လို့။

"ဟော့ကောင် ... ဟော့ကောင် ... အဲဒါ ဗွက်အနက်ကြီး"

"ဟာ ..."

"ဟား ဟား ဟား ..."

စုံပြိုး လှမ်းသတိပေးတာ နောက်ကျပြီး ခြေတစ်ဖက်က ခပ်နက်နက်ဗွက်ထဲနစ်ကာ ဒါကို အားလုံး ခွက်ထိုးခွက်လန် ရယ်မောနေကြဆဲ။

"ဖွပ် ... ဖွပ် ... ဖွပ်"

မိုးသက်ထန်ရဲ့နံဘေးမှာ တဖွပ်ဖွပ်နှင့် ခပ်သွက်သွက် [illegible]တဲ့ အသံနှင့်အတူ နင်းလျှောက်သွားသူရဲ့ ခြေတစ် [illegible] ဖွပ်ခနဲ စဉ်လာတဲ့ ရွှံ့နှစ်ခပ်ကြီးကြီး တစ်ဖတ်က [illegible] ခြေခုံပေါ် ဘတ်ခနဲ လာပြီးကပ်နေပါတော့သည်။

"ဟာ ..."

မိုးသက်ထန်ရဲ့နှုတ်မှ အော်ဟစ်လိုက်သံကြီးက အော နှလုံးနာစွာ ထွက်ပေါ်လာပါသည်။ ဖျတ်ခနဲ ဘေးကိုငဲ့ကြည့်လိုက်





လျှင် စုတ်ထေထေ မိန်းကလေးတစ်ယောက်ဟာ ရွှံ့ဗွက်တွေထဲ ပန်းကြီးထားတဲ့လမ်းမအလား သက်သောင့်သက်သာ ခပ်သွက်သွက် နင်းလျှောက်သွားတာ တွေ့လိုက်တာမို့ ...

"ဟေ့ ... ဟေ့"

"......"

"ဟေ့ ... ဟေ့ ... ခေါ်နေတာ မကြားဘူးလား"

မိန်းကလေးက လမ်းလျှောက်[illegible] နောက်ကို ငဲ့ကြည့်ကာ မှုန်တေတေနှင့် ...

"ဘာလဲ ငါ့ကိုခေါ်တာလား"

"ဟင် ... နင့်ကိုမခေါ်လို့ ဒီနားမှာ ဘယ်သူရှိလို့လဲ"

"ဘာကိစ္စခေါ်တာလဲ"

"နေဦး ခဏ"

ရှေ့နားမှာရပ်လိုက်တဲ့ မိန်းကလေးအနား မိုးသက်ထန်က စိတ်တိုတိုနှင့် ရှေ့တိုးသွားလိုက်ကာ ...

"ကြည့်စမ်း ဒီမှာ"

"ဘာလဲ ..."

"ဘာလဲ မတွေ့ဘူးလား"

"ဘာတွေ့ရမှာလဲ၊ နင့်ခြေထောက်ကြီးပဲ တွေ့တယ်"

"အေး ... အဲဒီ ငါ့ခြေထောက်ကြီးပေါ်မှာ ဘာတွေ့လဲ"

"ဘာမှ မတွေ့ပါလား"


www.burmeseclassic.com

www.burmeseclassic.com



"ခြေခုံပေါ်မှာ ရွှံ့ဖတ်ကြီး မတွေ့ဘူးလား"

"ဩော် ... အဲဒါတော့ တွေ့သားပဲ၊ အဲဒါကို ဘာလုပ်ဖို့ ခေါ်ပြနေတာလဲ"

"ဘာလုပ်ဖို့ခေါ်ပြရမှာလဲ၊ အဲဒါ နင်လုပ်သွားတာလေ"

"အောင်မာ စွပ်စွပ်စွဲစွဲ၊ မိုးတွင်းကြီး ဗွက်တောထနေတဲ့ လမ်းပေါ်လျှောက်ရင်းနဲ့ ခြေထောက်ပေါ်လာပေတဲ့ရွှံ့ကို ဘေးဘီတရားခံရှာတပ်ချင်သေးတယ်၊ ငါနဲ့ ဘာဆိုင်လို့လဲ"

"နင့်ခြေထောက်ကြီးနဲ့ ဗွက်ထဲ ဖွပ်ဖွပ်နဲ့ လျှောက်သွားတာ ကနေ လာစဉ်တာလေ၊ လမ်းလျှောက်တာ အောက်ကြည့်ပြီး သေသေသပ်သပ်မလျှောက်ဘူး၊ မိန်းကလေး လမ်းလျှောက် တာကလဲ၊ ဟော့ရမ်းလိုက်တာဗျာ"

"ဘာ ..."

"အောက်လေးဘာလေး ကြည့်လျှောက်မှပေါ့"

"ခလုတ်တိုက်စရာကိုပဲ အောက်ကြည့်နိုင်တယ်၊ ရွှံ့ဗွက် တော့ ရှောင်လို့မှ မလွတ်တာဟဲ့၊ နင်းမိမှာပဲ၊ နင်းရင် စဉ် မှာပဲ၊ ဘေးကိုတော့ ငါက ဘာကိုကြည့်ရမှာလဲ"

မိုးသက်ထန်သည် ရန်စွာနေတဲ့ ပုပ်သိုးသိုးမျက်နှာကို တအံ့တသြကြည့်မိကာ ဒီလောက်အပေါက်ဆိုး မယဉ်ကျေးတဲ့ မိန်းကလေး မတွေ့ဖူးပါဘူးလို့ တွေးနေမိပါသည်။

"ဘေးမှာရှိတဲ့လူတွေကို ကြည့်ရမှာပေါ့"





"ဘုရားရေ ... နင်တို့ကို ငါက ကြည့်ရမယ်လို့ ဆိုလိုတာ လား"

"အေးပေါ့"

"ဘာအတွက် ကြည့်ရမှာလဲ"

"ဘေးလူကို အနှောင့်အယှက် သွားမဖြစ်အောင်ပေါ့"

"နင်က ဘာတွေ အနှောင့်အယှက် ဖြစ်သွားလို့လဲ"

"ဒီမှာ စဉ်ကုန်တယ်လေဟာ"

"နင် ရူးနေလား"

"ဘာ ..."

"ဒီလိုမိုးတွင်း ဒီလိုလမ်းထဲမှာ လမ်းလျှောက်ရင် ရွှံ့စဉ်မှာ ရွှံ့ပေမှာဟာ ရှောင်လွှဲလို့မရတဲ့ ပုံသေနည်းပဲ ဒါကို နင်က ထူးပြီး အနှောင့်အယှက်ဖြစ်တယ်ထင်နေရင် အပြင်မထွက် နဲ့ ဒါပဲရှိတယ်၊ အံ့သြပါရဲ့၊ မိုးတွင်းရွှံ့[illegible]ကို များ စာဖွဲ့နေတယ်"

တပြန်စီး သူကပဲ ဘာတွေ စိတ်ဆိုးနေတယ်မသိတဲ့ ကောင်မလေးက မိုးသက်ထန်ကို မျက်စောင်းတစ်ချက်ထိုးကာ ဆက်လျှောက်ဖို့ပြင်သည်။

"မိုးတွင်း အပြင်ထွက်လို့ မိုးစိုတာ ရွှံ့ပေတာကို ဘာမှ မဖြစ်ဘူး၊ ခုဟာက နင့်တမင်တကာ ဆောင့်ကြီးအောင့်ကြီး နင်းလျှောက်နေလို့ ရွှံ့စက်တွေက ငါ့ကို လာစဉ်တာကို ပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



မိုးသက်ထန်က ထပ်အော်ပြောလိုက်လျှင် ကောင်မလေးက ပြန်လှည့်ကာ ခါးနှစ်ဖက်အကျအနထောက်ရင်း နဲ့ဆောင်းဆောင်းပုံစံနှင့် ...

"ကဲ ... နင် ဒီလောက် မပြီးနိုင်အောင်ပြောနေတာက ဘာဖြစ်ချင်နေတာလဲပြော၊ နင့်ခြေထောက်က ရွှံ့တွေကို ငါက ပြန်သုတ်ပေးစေချင်နေတာလားပြော"

မိုးသက်ထန်က သူ့ဘက်တည့်တည့် လှည့်ရပ်လိုက်တဲ့ ကောင်မလေးရဲ့မျက်နှာကို ခုမှ သေသေချာချာ စိုက်ကြည့်မိပါသည်။ စုတ်ထေထေ တွန့်ကြေကြေ လူပုံစံ အဝတ်အစားတို့နှင့် မလိုက်မဖက် သူမ မျက်နှာကလေးက ဝင်းဝါနုဖပ်နေပါသည်။

ဆေးတင်ထားသလို မည်းနက်ထင်ပေါ်တဲ့ မျက်ခုံး မျက်လုံးလေးတွေက သူမရုပ်ကို ထင်းလင်းပြတ်သားစေကာ သွေးရောင်လျှမ်းနေတဲ့ နှုတ်ခမ်းထူထူဖူးဖူးလေးက သူမမျက်နှာလေးကို နုနယ်ကလေးဆန်စေသည်။

နက်မှောင်စင်းပျော့တဲ့ ဆံပင်တွေကို ဖြစ်သလို စုလိမ်ခေါက်တင်မထားဘူး ဖြစ်ကတတ်ဆန်း ကပိုကယိုဝတ်ဆင်မထားဘူးဆိုရင် သူမဟာ ကြည့်ကောင်းမယ့် ကောင်မလေးတစ်ယောက်ပါ။

"တင့်တင့် ... ငါ့သူငယ်ချင်းတွေပါဟာ"



ကျော်စံဖြိုးက ဝင်ပြောလိုက်၍ ကောင်မလေးက စံဖြိုးဘက် စွေကြည့်ကာ ...

"နင့်သူငယ်ချင်းတွေဖြစ်တော့ ဘာလုပ်ရမှာလဲ"

"မဟုတ်ဘူးလေဟာ၊ ပြေပြေလည်လည်ပေါ့၊ သူကလည်း တော်တော်ပေကုန်လို့ ပြောတာပါဟာ"

"မပေချင်ရင် ဒီလိုလမ်းမျိုးထဲ မလာနဲ့ပေါ့"

"နင်ကလည်းဟာ ငါ့အမေနေမနားအောင်လို့ သတင်းလာမေးကြတာဟ၊ ဧည့်သည်တွေပါဟာ၊ သိပ်ရှုပ်ထွေးပါနဲ့"

"နင့်ဧည့်သည်တွေ ငါ့ကို အလကားနေရင်း ပြဿနာလာမရှာစေအောင် နင် ထိန်းထားပေါ့၊ ငါက ငါ့ဟာငါသွားနေတာ၊ သူလှမ်းခေါ်ပြီး သူ ပြဿနာရှာတာ"

"သူက ပေသွားလို့ ပြောတာပါဟာ"

ကောင်မလေးက ရှုပ်ပုပ်ပုပ် ရှုပ်ယှက်တွန့်ချိုးမှုနှင့် မိုးသက်ထန်ကို ခြေဆုံးခေါင်းဖျား ကြည့်လိုက်ရင်း —

"နင့်သူငယ်ချင်းပုံစံကြည့်ရတာ ခုလို ဘာစီးခါမှ ရွှံ့မပေဖူးဘူးနဲ့တူပါတယ်၊ ကြည့်လိုက်တာနဲ့ ဘာပေါကမဆင်းတဲ့ လူတန်းစားမှန်း သိသာပါတယ်ဟာ၊ နင်ကလည်း ဒီလို သူငယ်ချင်းမျိုးကို ငါတို့လမ်းထဲကို မဖိတ်ခေါ်သင့်ပါဘူး၊ ရွှံ့လေးပေမိတာကို ဖြစ်နေလိုက်တာ၊ ရွှံ့ပေတာလောက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ထမင်းမငတ်လောက်ပါဘူးလို့ ပြောပြလိုက်စမ်းပါဦး၊ အလွန်ဆုံးဖြစ် ဝဲပေါက်ရုံလောက်ပေါ့ဟာ ... အဟား"

ကောင်မလေးက ခေါင်းတစ်ချက်မော့ကာ ရယ်သံအဆန်းတစ်မျိုးနှင့် တစ်ခွန်းတည်း ရယ်လိုက်ပြီး ကျောခိုင်းလျှောက်ထွက်သွားပါတော့သည်။ မိုးသက်ထန်သည် စိတ်လည်းတို အောင့်သက်သက်နှင့် ဘာပြောရမှန်းမသိဘဲ ဆွံ့အ စုံရပ်ပြီး ကျန်ရစ်ခဲ့ပါသည်။ ဘယ်လိုမိန်းကလေးပါလိမ့်။ ကြွပ်ဆတ်ဆတ်နှင့်။

"ဟေ့ကောင် စံဖြိုး၊ ဘာကြီးလဲကွ၊ ဒီကောင်မလေးက"

"သူက ဒီလိုပဲ ဉာဏရ"

"ဒီလိုပဲဆိုတာ ဘာလဲ၊ ဒီလိုပဲ အမြဲခပ်ရိုင်းရိုင်းနဲ့ ရန်လိုနေတာလား"

"အေး ... အဲဒီသဘောပဲ"

"ခေါင်းရော ကောင်းရဲ့လား"

"ခေါင်းတော့ ကောင်းပါတယ်၊ ဒါပေမဲ့ သူက ဒီလိုပဲဂေါက်တယ်"

"သူ့ကြောင့်လည်း စဉ်သေး၊ တစ်ခွန်းလှည့်ပြီး ဆောရီးလေးတစ်လုံး ပြောလိုက်ရင် ဒီလောက်တောင် စကားများများ ပြောစရာမလိုဘဲ ပြီးနေတဲ့ကိစ္စကို မတောင်းပန်တဲ့အပြင် သူကတောင် ရန်ပြန်လုပ်လိုက်သေးတယ် ... ကျွတ်"





ဉာဏနှင့် လင်းထိုက်သာ တစ်ယောက်တစ်ခွန်း ပြောနေကြပြီး မိုးသက်ထန်မှာ ဘာမှပင် ဝင်မပြောနိုင်အောင် အံ့အားတသင့် အောင့်သက်သက် ဖြစ်နေတာပါ။ စုတ်တီးစုတ်ဖတ်နဲ့များ သူ့ကို ရိသွားလိုက်သေးတာ၊ ကျွတ်။

"ထန်ကြီး ... လာကွာ၊ လက်ဖက်ရည်ဆိုင်ကျမှ ရေတစ်ခါပြန်ဆေးလိုက်ပါတော့ကွာ ... နော်"

မိုးသက်ထန်က စံဖြိုးနောက်က ဆက်လိုက်လာပေမယ့် နှုတ်ဆိတ်ပြီး မကျေမချမ်း ဖြစ်နေမိပါသည်။ သူ့ကိုဘယ်တုန်းက ဘယ်သူက ဒီလောက် ရမ်းရမ်းကားကား ပြောဆိုဆက်ဆံဖူးလို့လဲ။ ဆွေမျိုးတွေရော အပေါင်းအသင်း သူငယ်ချင်းတွေရော ရောက်လေရာအရပ်က သူစိမ်းတွေရော တွေ့ကြုံဖူးသမျှလူတိုင်းကသူ့ကို ဦးစားပေး အရေးထား ဆက်ဆံကြတာကိုသာ သူ့တစ်သက် ကြုံခဲ့ဖူးတာပါ။

"ဒီကောင်မလေးက အဲလိုကွ"

စံဖြိုးက အားနာပါးနာ တောင်းပန်နေပါသည်။ လက်ဖက်ရည်ဆိုင်ရောက်လျှင် စံဖြိုးကပဲ အဆောင်းကာ သူတို့အားလုံး ဆိုင်ပြင်နားမှာ ခြေထောက်ဆေးကြသည်။ မိုးသက်ထန်ရဲ့ခြေထောက်က ယားကျိကျိဖြစ်ကာ နီဆောင်တောင် သမ်းလာပါသည်။ အင်း ... ဟိုဟာမလေး ပြောသလို ငံပဲပေါက်တော့မလားမသိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



နောက် ... သူ ပြောသွားသေးတာ။ "နွဲ့ပေတာ လောက်နဲ့ ထမင်းမငတ်လောက်ပါဘူး"တဲ့။ ဘာမှလဲ မဆိုင်ဘူး။

သူတို့ ခပ်ကုပ်ကုပ် လက်ဖက်ရည်ဆိုင်လေးထဲကို ဝင်ထိုင်လိုက်ကြပါသည်။

"ဆိုင်လေးက မင်းတို့အတွက်တော့ စုတ်နေမှာပေမယ့် လက်ဖက်ရည် အရမ်းကောင်းတယ်ကွ၊ မလိုင်ထည့်လို့ လည်းရတယ်၊ နေရာတကာ မရတော့တဲ့ နံပြားလည်း ရတယ်"

စံပြိုးစကားကို နားထောင်နေရင်း မိုးသက်ထန်ရဲ့ မျက်ဝန်းများက လက်ဖက်ရည်ဆိုင်နှင့် ကပ်လျက်က ဆီးထုပ်၊ အချဉ်ထုပ်၊ မုန့်ထုပ်မျိုးစုံနှင့် တိုလီမိုလီကုန်စုံဆိုင်ကလေးဆီ ရောက်သွားပါသည်။ အဲဒီဆိုင်ရဲ့တံစက်မြိတ်အောက်မှာ ဟိုကောင်မ လေးရပ်နေတာမို့ပင်။ သူတို့ ထိုင်နေတဲ့ နေရာနှင့် အဲဒီကောင် မလေးနေရာက ဆယ့်ငါးပေလောက်သာ ကွာမှာ။

"ဦးညွန့်"

"ဟေး"

"ပဲလှော်ဗေဒင်တစ်ထုပ်ပေးဦး"

"မရှိဘူး"

"ဘာလို့မရှိရမှာလဲ"





"နင့်အမေက မန်ကျည်းသီးနဲ့ ဆပ်ပြာခုန့်ပဲ ဝယ်ခိုင်းလိုက် တာ မဟုတ်ဘူးလား၊ ဆပ်ပြာမှုန့်နှစ်ရာငါးဆယ်၊ မန်ကျည်း သီးတစ်ရာ၊ သုံးရာငါးဆယ် အတိပဲ ညည်းကို ပေးလိုက် တာပဲဟာ"

"ဘယ်မှာလဲ ကျွန်မအမေ၊ ကျွန်မအမေက သင်္ချိုင်းကုန်း မှာ သူ့ဟာနဲ့သူ အေးအေးချမ်းချမ်း အိပ်နေတာကြာပါပြီ။ ဦးညွန့် ထည့်မပြောပါနဲ့"

"အေးပါ ... အေးပါဟာ"

ကောင်မလေးစကားပြောတာ ချောချောကျကျလှပါလား၊ တုတ်ထိုးအိုးပေါက် နိုင်လှပါလားလို့ မိုးသက်ထန်က အံ့သြနား စွင့်နေမိပါသည်။

"ပဲလှော်က ကျွန်မဘာသာဝယ်မှာ"

"ဘယ်မှာလဲ ပိုက်ဆံ"

"နောက်တော့ ပေးမှာပေါ့၊ မပေးတော့ဘာ ရှိလို့လား"

"တစ်ထုပ်ငါးဆယ်နဲ့ နေ့စဉ်နဲ့အမျှ ဒီပဲလှော်ပဲ"

"ဦးညွန့်ရောင်းရတာပဲ မဟုတ်လို့လား"

"ဟဲ့ ... ငါးဆယ်လည်း ပိုက်ဆံပဲ၊ တစ်ခါတလေ နင် စုရှင်းရင် ငါးရာလောက် သွားကျရင် ကျနေတာ၊ ပြီးတော့ နင်တကယ်လည်း စားချင်လှတာ မဟုတ်ဘဲနဲ့ အလဟဿ ပိုက်ဆံကုန်တယ် ကောင်မလေး၊ ငါရောင်းရတာတော့



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပေမယ့် နင့်ကိုတော့ မရောင်းချင်တော့ဘူး၊ နင် အလကားပိုက်ဆံတွေ ကုန်နေတာမြင်လို့ ငါမရောင်းရလည်း နေပစေ၊ နင့်အတွက် ပြောနေတာ"

"ကျွန်မအတွက်ဆိုရင် ပေးပါ ဦးညွန့်ရယ်၊ ရောင်းပါ၊ အကြွေးလည်း နှစ်ရာလောက်ပဲ ရှိပါသေးတယ်"

"ကျွတ် ... ပြောရဆိုရကို ခက်တယ်၊ အလကား ငွေဖြုန်းနေတာပဲ၊ ကဲ ... ရော့ ... ရော့"

ကောင်မလေးဟာ ဆိုင်ရှင်ကြီး ဖြုတ်ပေးလိုက်တဲ့ ပဲလှော်ထုပ်လေးကို ဝမ်းသာအားရ လှမ်းယူလိုက်ရင်း ချက်ချင်းပဲ ကိုက်ဖောက်လိုက်ပါသည်။ အဲဒီနောက်တော့ ခြေစုံရပ်ကာ ပဲလှော်ထုပ်ထဲက တစ်စုံတစ်ရာကို ဆွဲထုတ်ယူနေပါသည်။ သူမလက်ထဲ ပါလာတာက စက္ကူလိပ်ခေါက်လေးတစ်ခု။

မိုးသက်ထန်က စိတ်ဝင်တစား ကြည့်နေမိဆဲ ကောင်မလေးက စက္ကူခေါက်လေးကို ဖြေလိုက်ပါသည်။ သဲကြီးမဲကြီး ငုံ့ကြည့်ဖတ်ရှုလိုက်ပြီးနောက် ...

"ဟား"

စိတ်ပျက်လက်ပျက် ခေါင်းတစ်ချက် ယမ်းအော်လိုက်ပြီး စက္ကူလေးကိုလုံးပြီး ပစ်လွှင့်လိုက်သည်က မတော်တဆ မိုးသက်ထန်အနား လာကျလေသည်။ စိတ်ပျက်ရှုံ့မဲ့သွားတဲ့ ကောင်မလေးမျက်နှာလေးက မကျေမနပ်လေး မဲ့နေသည်မှာ သိသာလှ



သည်။ ခေါင်းလေးငိုက်စိုက်နှင့် ခြေပစ်လက်ပစ်ဆံနှင့် စိတ်မပါ လက်မပါ လျှောက်လှမ်းထွက်ခွာသွားပုံက ခုနကနှင့်ကိုမတူ။

မိုးသက်ထန်က သူ့နားလာကျနေတဲ့ စက္ကူလုံးလေးကို လှမ်းကောက်ယူလိုက်ပြီး ဖြန့်ကြည့်လိုက်မိပါသည်။

"သင့်ဆန္ဒများ ပြည့်ဝဖို့ ဝေးနေပါဦးမည်"

ဗေဒင်ဟောစာတမ်းလေးတစ်ကြောင်း ရိုက်နှိပ်ထားတာပါလား။ ဒီဟောစာတမ်းလေးကြောင့် ဒီလောက်ပျက်သွားတဲ့ မျက်နှာလေးကို နားမလည်ချင်အောင် မိုးသက်ထန် အံ့အားသင့်နေမိပါသည်။ ဒါလေးကို ဒီလိုဖြစ်စရာလား။ ကြံသလိုရေးထားတာကို ယုံကောယုံကြည်စရာလား။

တော်တော်ထူးဆန်းတဲ့ ကောင်မလေးလို့ မိုးသက်ထန် တွေးမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂

"မနု"

"ရှင်"

"ရှင်မှန်း သိတယ်၊ မသေမှန်းသိလို့ ခေါ်တာ၊ မြန်မြန်လာ"

"ဟုတ်"

အိမ်အဖော် ကောင်မလေးက မိုးသက်ထန်ရှေ့ အပြေးအလွှား ရောက်လာပါသည်။ အောက်ထပ် ကွန်ပျူတာခန်းမှာ လက်ပ်တော့ပ်ရှေ့ထိုင်ပြီး အလုပ်ရှုပ်နေတဲ့ မိုးသက်ထန်ရှေ့ လက်လေးနောက်ပစ်ရပ်ကာ ခပ်ယို့ယို့လေးရပ်ရင်း ...

"ရောက်ပါပြီ ထန်လေး"

အိမ်က အလုပ်သမား အိမ်ဖော်တွေ အားလုံးထဲ အငယ်ဆုံး မနုပင် အသက်အစိတ်မို့ မိုးသက်ထန်ထက် လေးနှစ်





ကြီးရာ အဘိုးသွန်သင်မှုအရ "အစ်ကိုလေး"တွေ ဘာတွေ မခေါ်ရဘဲ အဘိုးခေါ်သလို "ထန်လေး"လို့သာ အားလုံးက ခေါ်ကြရပါသည်။

"မေးစရာရှိတယ် သေချာဖြေ"

မနုက မျက်လုံးဝိုင်းသွားကာ ...

"ဟင် ... ကျွန်မ ... ကျွန်မ ဘာအမှားလုပ်မိလို့လဲ ထန်လေး"

"ဘာမှမလုပ်ပါဘူး၊ နေရင်းထိုင်ရင်း အလကားနေ ကိုယ့်ဟာနဲ့ကိုယ် မလုံမခြုံ ဖြစ်နေတာချည်းပဲ ဘာအပြစ်တွေရှိနေလဲကို မသိဘူး"

"မရှိပါဘူး ထန်လေး၊ မရှိပါဘူး"

စိတ်မထင်ရင် မထင်သလို အော်ဟစ်ဆဲဆိုကြိမ်းမောင်းတာ လူကိုမထိရုံတမယ် ပစ်ပေါက်တာမျိုးတွေ လုပ်တတ်ပြီး စိတ်ထင်ရင် ထင်သလို သူ့ သဘောကျ ကျေနပ်သွားရင် အဝတ်အစားတွေ ဝယ်ပေး၊ မုန့်ဖိုးတွေပေး လုပ်တတ်တဲ့ မိုးသက်ထန်ကို အရိပ်အကဲ ကြည့်ပြီး နေရတာပါ။

"ပဲလှော်ဗေဒင် သိလား"

"ရှင်"

"ရှင် ... ရှင်နဲ့ မကြေငြာနဲ့လို့ ပြောထားတယ်လေ၊ ခင်ဗျား မရှင့်ရင် ပုပ်စော်နံနေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကြေငြာတာ မဟုတ်ပါဘူး ထန်လေး၊ ဘာဖြေရမှန်းမသိ ခင် မေးခွန်းကို အတည်ပြုတဲ့သဘောပါ၊ အာမေဋိတ်သဘော လည်း ဆောင်ပါတယ်"

"အမယ်လေးဗျာ ... ခင်ဗျားဆီမှာ မြန်မာစာကျူရှင်ယူပါ ရစေနော်၊ တကယ်ပါပဲ၊ ရှုးချင်တယ်၊ ပဲလှော်ဗေဒင်၊ ပဲလှော်ဗေဒင်၊ အပိုတွေ မဖြေနဲ့၊ သိလား"

"မသိဘူး"

"ဘယ်လိုမသိတာလဲ"

"ကြားတောင် မကြားဖူးဘူး ထန်လေး၊ ခုမှ ကြားဖူးတာ"

"ညံ့လိုက်တာ ... ကျွတ်"

"မညံ့ပါဘူး၊ စာကလေးဗေဒင်တို့ ကြွေဗေဒင်တို့ တုတ် ချောင်းဗေဒင်တို့၊ တားရော့ဗေဒင်တို့၊ လက်ထောက်ဗေဒင် တို့၊ ညောင်ရွက်ဗေဒင်တို့ ..."

"တော်ပြီ"

"ဟုတ်ကဲ့ ... အဲဒါတွေ ကြားဖူးပါတယ်၊ ပဲလှော်ဗေဒင် သာ မကြားဖူးတာပါ"

"ပဲလှော်ဗေဒင်ဆိုတာ ပဲလှော်ထုပ်ထဲမှာ ဗေဒင်ဟောစာတမ်း စာရွက်လိပ်လေးပါတယ်၊ အဲဒါကို ပြောနေတာ၊ မှတ်ထား ဦး"

"သြော် ... ဒါက အာပလာပါ"





"ဘာအာပလာလဲ"

"သေချာမေးတာ ဖြေတာမျိုးမှ မဟုတ်တာ၊ ကြုံရာထည့် ထားတာကို ကြုံရာလူက ရသွားတာပဲလေ၊ ဗေဒင်ရယ်လို့ တောင် နာမည်မတပ်သင့်ပါဘူး"

"နာမည်တပ်သင့်သင့် မသင့်သင့် ပဲလှော်ဗေဒင်ဆိုတဲ့ မုန့်ထုပ်လေးတွေရှိတယ်၊ မုန့်ဆိုင်တွေမှာရောင်းတယ်၊ အဲဒါ ကို မနေ့ ဒီနားတစ်ဝိုက်က မုန့်ဆိုင်တွေမှာ သွားပြေးရှာပြီး ဝယ်ခဲ့"

"ရှိမယ် မထင်ဘူး ထန်လေး"

"ဟာ ... ခင်ဗျားက သွားရှာမကြည့်သေးဘဲနဲ့"

"ပညာရှိများ တွေးကြည့်ရင် ပြေးကြည့်တာထက် မှန်တယ် ဆိုတာလေ ထန်လေး၊ ပြေးကြည့်မှ မသိပါဘူး ဆိုတာ သေချာပါတယ်"

"ဒါပေမဲ့ ခင်ဗျားက ပညာရှိဆိုတာ မသေချာဘူးလေ"

"ထန်လေး ... ဒီနားတစ်ဝိုက်မှာက မုန့်ဆိုင်ဆိုတာ ပက် ကင်မုန့်လေးတွေရောင်းတဲ့ မီနီဘေဒိုးလိုဟာမျိုးတွေပဲ ရှိတာ လေ။ ဟိုလိုတိုးလိုးတွဲလောင်း မုန့်ထုပ်ချိတ်ဆွဲထားတဲ့ မုန့်ဆိုင်မျိုးဆိုတာက ဒီနားမှာ ဘယ်ရှိမလဲ၊ ဆင်ခြေဖုံး ရပ်ကွက်တွေမှာပဲရှိတာ ထန်လေးရဲ့"

"ဘာပဲဖြစ်ဖြစ်ဗျာ၊ သွားရှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ထန်လေး စားချင်ရင် အကောင်းစားဘူးနဲ့လာတဲ့ ပဲလျော်ပဲကြော်၊ အစေ့အဆန် အကြော်အလျော်တွေ ဝယ်ပေးမယ်လေ"

"မစားချင်ပါဘူး မနရာ၊ ခင်ဗျားက သိပ်စကားများတာပဲ၊ ကြည့်ရုံ ကြည့်ချင်တာ၊ သွားရာဝယ်ခဲ့ ... အခု"

မနက ခေါင်းကိုကုတ်ကာ ရှုံ့တုံ့တုံ့ မဲ့တဲ့တဲ့နှင့် အပြေးပြန်ထွက်သွားပါသည်။ မိုးသက်ထန်သည် သူ ဆော့နေတဲ့ ဂိမ်းထဲ သိပ်စိတ်မပါ မဝင်စားနိုင်ဘဲ လက်ကသာဆော့နေပေမယ့် ခေါင်းထဲမှာ ဟိုကောင်မလေးကို မြင်ယောင်နေပါသည်။

နေပါဦး။

ဒီအစုတ်အပေမကို သူ ဘာကြောင့် စိတ်ဝင်တစား တွေးနေတာလဲ။ သင်းကို စိတ်ဝင်စားတာတော့ မဟုတ်လောက်ပါဘူး ထင်ပါရဲ့။ ပဲလျော်ဖေဒင်ကို စိတ်ဝင်စားတာနေမှာပါ။ သူ့ကို ခပ်ရိုင်းရိုင်း ရန်စွာသွားတဲ့ ဒီလိုအပေအတေမကို ဘာများ စိတ်ဝင်စားစရာရှိလို့လဲ။

စိတ်တိုဖို့တောင် ကောင်းသေးတာ။ ဒါပေမဲ့ ဘာကို မှန်းမသိ မနေ့က အဖြစ်အပျက်ထဲက တစ်စုံတစ်ရာကိုတော့ သူ သွားငြိနေပါသည်။ အတွေးထဲ နစ်မျောကာ အတော်လေး မေ့သလောက်ရှိသွားချိန်မှာ သူ့အနား မန ပြန်ရောက်လာသည်။

"ထန်လေး"





"ဟား ... မေ့တောင်နေတယ်ဗျာ၊ ကြာလိုက်တာ"

"ကြာဆို နေရာခပ်နှံ့နှံ့ မပတ်ရှာနေတာပါ ထန်လေးရဲ့"

"ပေး"

"မပါဘူး ... မရှိဘူး ထန်လေး"

"ဟာ ... ဒီလောက် အနှံ့ပတ်ရှာပြီးတော့"

"ဟုတ်တယ်၊ ဘယ်မှာမှကို မရှိဘူး။ ကျွန်မ ညီမလေး ပုပုက စမ်းချောင်းက အိမ်တစ်အိမ်မှာနေတာ၊ သူ့ဆီတောင် ဖုန်းလှမ်းဆက်ပြီး နင်တို့ရပ်ကွက်ထဲက မုန့်ဆိုင်တွေမှာ ပဲလျော်ဖေဒင်ဆိုတာ ရှိလား လှမ်းမေးကြည့်သေးတယ်"

"ဘာတဲ့လဲ"

"သူလည်း မုန့်ဖိုးရရင် မုန့်ဆိုင်တွေမြင်ပြီး ဝယ်ဝယ်စား နေတာပဲတဲ့၊ ပဲလျော်ဖေဒင်တော့ ဘာမှန်းနေသာသာ ကြားတောင် မကြားဖူးဘူး"

"ကျွတ်"

"ဟို ... ထန်လေး ဘယ်ကများ ကြားဖူးတာလဲဟင်"

"ဒီလိုပဲ ကြားဖူးတာပေါ့ဗျ"

"အဲ ... အဲဒီ ကြားဖူးခဲ့တဲ့ နေရာမှာပဲ သွားပြန်ရှာပါလား ထန်လေးရဲ့"

"ဒါတော့ ခင်ဗျား ပြောမှလား၊ သွားတော့"



www.burmeseclassic.com

www.burmeseclassic.com



မနု လှည့်ထွက်သွားလျှင် မိုးသက်ထန်က စိတ်မဝင်စားတော့တဲ့ ဂိမ်းကို ရပ်ပစ်လိုက်ကာ လက်ပ်တော့ပ်ကိုလည်း ပါဝါပိတ်လိုက်ပါသည်။

"ကိုညီ"

"ခင်ဗျာ ... ထန်လေး"

"အပြင်သွားမယ်ဗျာ၊ ကားထုတ်ထားပါ"

"ကားသုတ်နေတုန်းမို့လို့ ထုတ်ပြီးသား အဆင်သင့်ပါပဲ ထန်လေး"

မိုးသက်ထန်က ကားကို ကိုယ်တိုင်မောင်းတာ နည်းပါသည်။ အဘိုးက အမောင်းကြမ်းမှာ စိုးလို့ရော၊ မိုးသက်ထန် ဘယ်သွား၊ ဘာလုပ်နေတယ်ဆိုတဲ့ အခြေအနေအရပ်ရပ်တွေကို ပြန်စစ်လိုတာကြောင့်ရော၊ ဒရိုင်ဘာကိုညီနှင့်သွားမှ သဘောကျသည်။

မိုးသက်ထန်က ခြေထောက်လုံပြီး ခြေကျင်းဝတ်လောက်ထိ လည်ရှည်တဲ့ ဝေါ့ကင်းရှူးစ်တစ်ရန် ထုတ်ဝတ်လိုက်ကာ စံမြိုးတို့ရပ်ကွက်လေးဆီ ထွက်လာခဲ့ပါသည်။ လမ်းထိပ်မှာ ဟိုတစ်နေ့က သူတို့ထိုင်တဲ့ လက်ဖက်ရည်ဆိုင် ရှိတာမို့ ဆိုင်နဲ့ မလှမ်းမကမ်းမှာ ကားရပ်စေပြီး သူက လက်ဖက်ရည်ဆိုင်ဆီ ဆင်းလာသည်။





ဒီဘက်က ကပ်လျက်က မုန့်ဆိုင်ကုန်စုံဆိုင်လေးမှာ ပဲလှော်ဗေဒင်ကိုဝယ်ပြီး လှေလာဖို့ ကြံရွယ်ကာ လှမ်းအကြည့် ...

"ဟာ"

ကုန်စုံဆိုင်လေးရှေ့က ခနော်ခနဲ့ တန်းလျားလေးမှာ လား လား ... ဟိုအပေအတေမ ထိုင်နေတာပါလား။ Stone wash လုပ်ထားတာ မဟုတ်ဘဲနဲ့ကို တအားပွတ်တိုက် ပေရေ လျှော်ဖွပ်ဖန်များလို့ မွဲစုတ်ဖြူရော်နေတဲ့ ဂျင်းဘောင်းဘီဒူးကျော်ကျော်စကနှင့် အပေါ်က စုတ်ပြတ်အရောင်လွင့်နေတဲ့ ရှပ်အင်္ကျီကွက် ခပ်ဖားဖားကြီးတစ်ထည်နှင့် တွဲဝတ်ထားပါသည်။

ကြည့်ရတာ သူ့အဖေရဲ့အကျ ရှပ်အင်္ကျီဖြစ်ပုံရပြီး သူနဲ့အတော်ကို ကပိုကရိုဖြစ်နေတာ။ ဆံပင်ကိုလည်း ဖြစ်ကတတ်ဆန်း ချည်ထားသေးတာပင်။ သူ့ကို မိုးသက်ထန် လှမ်းမြင်လိုက်သလို သူကလည်း မိုးသက်ထန်ကို လှမ်းမြင်ကာ ခြေဆုံးခေါင်းဆုံးအထိ ခပ်မဲ့မဲ့ တစ်ချက်ကြည့်ပြီး မျက်စောင်းတစ်ချက်ထိုး၍ မျက်နှာလွှဲလိုက်သည်။

ဟာ ...။

အတော်ရိုင်းတဲ့မိန်းမ။ နေရင်းထိုင်ရင်း လူကို ရန်လိုနေတာပဲ။ မိုးသက်ထန်က ချဉ်ချဉ်တူးတူး တွေးရင်း ကုန်စုံဆိုင်ဆီ မဝင်နိုင်တော့ဘဲ လက်ဖက်ရည်ဆိုင်ထဲ ဝင်လာလိုက်ပါသည်။ လမ်းထဲတော့ ဆက်မဝင်ချင်တော့ဘူးလေ။ လမ်းက ထုံးစံအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဖွက်မည်းတို့နှင့်သာ အတိပြီးနေသည်။ ဒီရက်တွေ မိုးဆက်တိုက် ရွာနေတာကိုး။

"အစ်ကို ဘာသောက်မလဲ"

ဆယ်နှစ် ဆယ့်နှစ်နှစ် ကလေးတစ်ယောက်က လာမေးလျှင် ...

"ဟော့ကောင် ... ဒီလမ်းထဲက ကျော်စံဖြိုး သိလား"

"ဟုတ်ကဲ့ ... သိတယ်"

"အေး ... သူ့အိမ်သွားပြီး ပြောပေးစမ်း၊ လမ်းထိပ်မှာ ငါ ရောက်နေတယ်လို့"

"ငါက ဘယ်သူလဲ"

"ထန်ကြီးလို့"

ဟိုကောင်မလေး ကြည့်ရတာ ဒီဘက်ကို နားစွင့်နေပုံရ၍ မိုးသက်ထန်က အသံနိမ့်ကာ ပြောပါသည်။

"ထွက်ခဲ့လို့ ... နော်၊ ရော့ ... မင်း မုန့်ဖိုး"

ဘောင်းဘီအိတ်ထဲနှိုက်ကာ နှစ်ရာတန်တစ်ရွက် ကလေးကို ပေးလိုက်တော့ ကလေးက ဝမ်းသာအားရနှင့် လမ်းထဲကို ပြေးဝင်သွားလိုက်တော့သည်မှာ တစ်လမ်းလုံး ဗတ် ဗတ် နှင့် ရွှံ့တွေစင်စင်ကျဲသွားတော့တဲ့ အထိပင်။

"ဦးညွန့်"

"ဟေး"





"ခုနေများ ကျွန်မတို့လမ်းကို ဘုရင်ခံ လာမယ်ဆိုရင် ဒုက္ခပဲနော်၊ သူက ခြေချပြီး လျှောက်ရဲမှာ မဟုတ်တော့ ချက်ချင်းလက်ငင်း လမ်းခင်းပေးရမှာပဲနော်"

"ဘယ်က ဘုရင်ခံက နင်တို့လမ်းထဲ လာမှာလဲ"

"လာခဲ့ရင် ပြောတာပါ၊ ဘုရင်ခံ မဟုတ်တောင် လောကမှာ ရွှံ့ပေမခံနိုင်ဘဲ အောက်ခြေလွတ် ဘဝင်မြင့်နေတဲ့ သူဌေးမင်းတွေလည်း ရှိတာပဲလေ"

ကြည့်စမ်း။

ဒီကောင်မလေး ငါ့ကို ဆောင်းပြောနေတာပဲ။ မိုးသက်ထန်က မျက်နှာကို ခပ်တင်းတင်း ခပ်တည်တည်ထားကာ ကောင်မလေးကို ကြည့်နေလိုက်ပါသည်။ ဒါပေမဲ့ သူကတော့ မိုးသက်ထန်ကို လှမ်းမကြည့်။ ဘာများထိုင်လုပ်နေပါသလဲမှ မိုးသက်ထန်က လည်းပင်းကိုရှည်ပြီး လှမ်းမျှော်ကြည့်မိသည်၊

သူမက လက်ဖက်အသားဆောင်းငယ် တစ်တောင်းကို ရှေ့ချပြီး ပလတ်စတစ်အိတ် ခပ်သေးသေးလေးတွေထဲကို လက်ဖက်အသားတွေ ဇွန်းနဲ့ နည်းနည်းစီခပ်ထည့်ပြီး အပေါ်က သားရေကွင်းနှင့် ချည်နှောင်ပိတ်ပေးနေတာ ဖြစ်လေသည်။

"ဟဲ့ ... တင့်တင့်"

"ရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"မိုးတောင် ညိုလာပြီ၊ တော်ကြာ မိုးရွာချလာဦးမယ်၊ ပြန်ရင်လည်း ပြန်တော့၊ ညည်း ဒီမှာကြာနေပြီ၊ ညည်းအမေ စိတ်တိုနေရင် အလကား အသံတွေ ကြားနေရဦးမယ်"

"ဦးညွှန့်နဲ့တော့ ခက်နေပါပြီနော်၊ ကျွန်မအမေ ကျွန်မအမေနဲ့ ဘယ်သူ့ကို ပြောနေတာလဲ၊ ကျွတ် ... တကယ်စိတ်ပျက်တယ်"

ဦးညွှန့်ဆိုတဲ့ ဦးလေးကြီးက ခေါင်းပြောင်ပြောင်ကြီးကို ပွတ်လိုက်ရင်း ...

"ကဲ ... ပြန်ရင် ပြန်တော့"

"ဟာ ... ကူလည်း လုပ်ပေးနေရသေးတယ်"

"ညည်း ကူလုပ်ပေးနေတာတွေ ကျေးဇူးတင်ပါတယ်၊ ညည်း အဆူခံနေရမှာစိုးလို့ ပြောနေတာ သွားတော့"

"အကောင်းလုပ်ပေးနေတာ မဟုတ်ဘူးနော် ဦးညွှန့်၊ လောကကြီးမှာ အသွားရှိရင် အပြန်လည်းရှိတယ်၊ အပေးရှိရင် အယူလည်း ရှိတယ်ဆိုတာ ကြားဖူးတယ်မဟုတ်လား"

"ကဲ ... ကဲ ... ဘာပေးရမှာလဲ၊ ပြော"

ကောင်မလေးက ပြုံးစိစိ လုပ်နေပါသည်။ ပြုံးစိစိလုပ်လိုက်တဲ့အတွက် နနယ်ချိုမြသွားတဲ့ သူ့မျက်နှာကို မိုးသက်ထန်ကအံ့အားတသင့် ကြည့်နေမိဆဲ။





"ဟော့ကောင် ... ထန်ကြီး၊ မင်းဘာလာလုပ်တာတုံး၊ ဘယ်တုန်းက ရောက်နေတာလဲ"

"ခုနကပဲကွ၊ ငါ တမင်မဝင်တော့တာကွာ၊ မင်းကိုပဲ သွားခေါ်ခိုင်းလိုက်ရတာ၊ ဆောရီး စံဖြိုးရာ"

"ရပါတယ်ကွ၊ ဘာကိစ္စရှိလို့လဲ ... ပြော"

"နေဦးကွာ၊ ပြောရမှာ ရှည်တယ်၊ ဘာပြောရမှန်းတောင် ငါလည်း မသိသေးဘူး"

"ဟေ ... မင်းဟာက တစ်မျိုးကြီးပါလားကွ"

မိုးသက်ထန်က စံဖြိုးကို စကားမပြောနိုင်သေးဘဲ တစ်ဖက်ကိုသာ အာရုံဆက်ရောက်နေမိပါသည်။

"ဘာပေးရမှာလဲဆို၊ ဒီကောင်မလေး"

"ဦးညွှန့်ကလည်း ဝေးလိုက် ပိန်းလိုက်တာနော်၊ ဘာပေးရမှာလဲ၊ ပဲလှော်ဆေးဒင်ပေါ့ဗျ"

"ညည်းကတော့ ဒီပဲလှော်ပဲ"

"ဟုတ်တယ်လေ၊ အခုကတော့ ဦးညွှန့် ထုတ်ရမယ့် လက်ဖက်တွေ ကူထုပ်ပေးထားလို့ အလကား ကျွေးရမှာနော်"

"ငါ့လက်ဖက်တွေ ညည်းကို ထုပ်ခိုင်းမိလို့လား"

"ဟာ ... ဦးညွှန့်၊ လက်ဖက်တွေ တစ်ဖက်ကထုပ်၊ ဈေးက တစ်ဖက်ကရောင်း လုပ်နေလို့ ဈေးဝယ်ကျတုန်း



www.burmeseclassic.com

www.burmeseclassic.com



စေတနာနဲ့ ကူထုပ်ပေးနေတာလေ၊ စေတနာဆိုတာ ရောင်ပြန်ဟပ်ရတယ်"

"ဖွတ်ပဲ ညည်းကတော့၊ ရော့"

"ဟင် ... တစ်ထုပ်တည်း"

"ဘယ်နှထုပ်ပေးရမှာလဲ ငါက"

"ရပါတယ်၊ တစ်ထုပ်ပဲပေးပါ ... ဟွန်း"

မိုးသက်ထန်က ပဲလှော်ထုပ် လှမ်းယူလိုက်တဲ့ တင့်တင့်ရဲ့မျက်နှာပေါ်က တောက်ပဝင်းလက်တဲ့ မျှော်လင့်ချက်ရောင်ခြည်လေးကို အံ့အားတသင့် ကြည့်နေမိပါသည်။ ဒီကောင်မလေးဟာ ဒီပဲလှော်ထုပ်ထဲက ဒီဗေဒင်အပေါ် တကယ်ကိုမျှော်လင့်ကိုးစားမှု ရှိနေတာပဲ။

- "ဟော့ကောင် ... ထန်ကြီး"

"စံဖြိုး ... လာ ... လာ၊ သူ့နောက်လိုက်ရအောင်"

"တင့်တင့်နောက် !! "

"........."

"ဟော့ကောင် ... မင်း ဘာလုပ်မလို့လဲ"

စံဖြိုးသည် သူ့ကို ပြန်မဖြေဘဲ တင့်တင့်နောက်လိုက်ပါသွားတဲ့ မိုးသက်ထန်ကို အံ့သြတကြီးနှင့် နောက်ကပြေးလိုက်ရင်း ...

"ဟော့ကောင်"





"စံဖြိုး ... သူ ပဲလှော်ထုပ် ဖောက်နေတာ မြင်လား"

"အဲဒါ ဘာဖြစ်လဲ"

"အဲဒီထဲက ဗေဒင်စာရွက်ကို သူ ဖတ်ပြီး လွှင့်ပစ်လိုက်ရင် ရအောင်ကောက်"

"ဘာ"

မိုးသက်ထန် ပြောနေတုန်းပဲ တင့်တင့်က ဗေဒင်စာရွက်ကို ဖွင့်ဖတ်လိုက်ကာ ...

"သေလိုက် ... သေလိုက်"

အသံထွက်အောင် ရွတ်မြည်ခေါ်လိုက်ပြီး သူ့ခေါင်းသူ နှစ်ချက်လောက် ထုလိုက်ပါသေးသည်။ သို့သော် ဗေဒင်စာရွက်ကို လွှင့်တော့မပစ်။ .

"မပစ်ဘူး၊ ကိုင်ထားတယ်"

"ရအောင်တောင်းလိုက်"

"ကျွတ် ... မင်းကတော့ တကယ်ပဲ"

စံဖြိုးက ခေါင်းကုတ်ရင်း ...

"ဟဲ့ ... ဟဲ့ .. တင့်တင့်"

ကောင်မလေးက ခပ်တောင်းတောင်း ငဲ့ကြည့်လိုက်ရင်း ...

"ဘာလဲ"

"ဟဲ့ ... တင့်တင့်၊ ဒါလေ ငါ့သူငယ်ချင်း မိုးသက်ထန်တဲ့ ... ဟ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ငါက ဘာလုပ်ရမှာလဲ"

"ဩော် ... ဘာမှ မဟုတ်ပါဘူးဟာ၊ ဒီလိုပဲ၊ ဟဲ ဟဲ ... မိတ်ဆက်ပေးတာပါ"

"မလိုပါဘူး ... ရှပ်ရှပ်ယှက်ယှက်"

တင့်တင့်က ခေါင်းမော့ကာ ပဲလှော်တွေ ပါးစပ်ထဲ ပစ်ထည့်ရင်း ခပ်မဲ့မဲ့ပြောသည်။

"ဟဲ့ ... တင့်တင့်၊ နင် အိတ်ခွံတွေ အမှိုက်တွေ ဘတ်ကနဲ မပစ်နဲ့ဦး"

"ဘာဖြစ်လို့လဲ"

"လမ်းမှာ အမှိုက်လျှောက်ပစ်နေတာ လူစိမ်းမြင်ရင် အထင် သေးခံရမှာစိုးလို့ပါ"

"အောင်မာ"

တင့်တင့်က မီးသက်ထန်ဘက် ခွေစောင်းစောင်း တစ်ချက်ကြည့်လိုက်ရင်း ...

"ဘယ်သူ အထင်သေးသေးဟယ်၊ ပစ်တော့ ဘာဖြစ်လဲ၊ ကဲ ... ကဲ"

ပလတ်စတစ်အိတ်ထုတ်ရော ဗေဒင်စာရွက်ရော တင့်တင့်က နောက်ပြန်လွှင့်ပစ်လိုက်ပြီး လှည့်မကြည့်ဘဲ အပြေး တစ်ပိုင်း ထွက်ခွာသွားပါသည်။ စံဖြိုးက ရွံ့စပ်စပ်ထဲ ကျသွားတဲ့ ဗေဒင်စာရွက်ကို လိုက်ကောက်ရင်း ...





"မင်း တွေ့တယ်မဟုတ်လား၊ လောကကြီးမှာ အထာလေး တွေ ရှိတယ်ကွ ထန်ကြီးရ၊ ဒီကောင်မလေးကိုဆိုရင် ကိုယ်လိုချင်တာနဲ့ ပြောင်းပြန်ဆက်ဆံရတယ်၊ သူက သိပ် ရွဲ့တတ်တာ"

"အေး ... မင်း တော်တယ်"

"ဟဲ ဟဲ"

စံဖြိုးက စာရွက်ကိုဖြန့်ပြီး သူတို့နှစ်ယောက် ခေါင်း ချင်းဆိုင် ဖတ်လိုက်ပါသည်။

"အိမ်တွင်းရေးပဋိပက္ခများ ရှိလိမ့်မည်။

ထိပ်တိုက်ရင်ဆိုင်ခြင်း မပြုပါနှင့်။"

စံဖြိုးက စာရွက်ကို မီးသက်ထန် လက်ထဲ ကမ်းပေး လိုက်ကာ ...

"ကဲ ... ရော့၊ မင်း ဒါကို ဘာလုပ်ချင်လို့လဲ"

"ဘာမှမဟုတ်ပါဘူးကွာ၊ ဟိုတစ်နေ့ကတည်းက ဒီကောင် မလေးဝယ်တဲ့ ဒီပဲလှော်ဗေဒင်ဆိုတာကို ငါ စိတ်ဝင်စား သွားတယ်ကွ၊ ဗေဒင်စာရွက်ဖတ်ပြီး သူ ရှုံ့မဲ့ခိတ်ပျက်သွား တာကိုမြင်ပြီး အံ့ဩနေတာ၊ ငါလည်း ဒီဗေဒင်ဖတ်ချင်လို့ ရှာဝယ်ဖို့တောင် ကြိုးစားသေးတယ်၊ မရဘူး"

"မင်းက ဘယ်နား သွားရှာနေတာလဲ၊ ဒါလေးတွေက တံဆိပ်မရှိ ဘာမရှိ ရပ်ကွက်ထဲက တစ်အိမ်အိမ်က လှော်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ထုပ်ရောင်းတဲ့ ပဲလှော်ထုပ်လေးတွေပါကွာ၊ ဒီလိုပဲ လူစိတ်ဝင်စားအောင် ရမ်းရေးထားတာတွေပေါ့၊ မင်းက ဘာဖြစ်လို့ စိတ်ဝင်စားရတာလဲ"

"ဒီဗေဒင်ကြောင့် သူက စိတ်ပျက် စိတ်ညစ်သွားပုံရလို့ပါ။ ဘာရယ်မဟုတ်ပါဘူး။ ဟောစာတမ်းတွေကလည်း ကောင်းတာမှ မပါတာ၊ စိတ်ပျက်ပျက် သွားမှာပေါ့၊ ဟိုနေ့ကဆိုလည်း ဆန္ဒတွေပြည့်ဝဖို့ ဝေးဦးမယ်တဲ့၊ ဒီနေ့ကျတော့ ပင်ပန်း ရှိမယ်တဲ့ ... ဟား ဟား၊ ဒီပဲလှော်ကို စွဲလမ်းနေတဲ့ သူလိုကောင်မလေးမျိုးကလည်း ရှိသေး ... ဟားဟား"

"တင့်တင့်က သနားတော့ သနားဖို့ကောင်းတယ်ကွ"

"မင်းနဲ့ ခင်တာလား"

"နှစ်ပေါင်းအတော်ကြာကြာ ရပ်ကွက်ထဲ မြင်တွေ့အတူ နေနေတော့ မရင်းနှီးလို့ မရဘူးပေါ့ကွာ၊ တကူးတက ခင်မင်ပေါင်းသင်းတာမျိုးတော့လည်း မရှိပါဘူး၊ သူကလည်း ကန့်လန့်၊ ရပ်ကွက်ထဲမှာ ဒီလိုပဲ ဟိုလူနဲ့ဘုကျ၊ ဒီလူနဲ့ ဘုကျပဲ၊ ဒါပေမဲ့ စိတ်ရင်းက ဆိုးတာမဟုတ်ပါဘူး၊ မိထွေးနဲ့ နေရရှာတာကွ"





၂

"တင့်တင့်"

"........."

"ဟဲ့ ... တင့်တင့်၊ ခေါ်နေရင် မထူးဘူး"

"ဒီနား လာရုပ်နေမှပဲ ခေါ်နေစရာလား အန်တီရယ်၊ ပြောစရာရှိတာ တန်းပြောလိုက်ပေါ့၊ ခေါ်နေတာကိုက အပိုဖြစ်နေလို့ မထူးတာ၊ ပြောစရာရှိတာပြော"

အိမ်ရှေ့ရေစည်နံဘေး အဝတ်တွေလျှော်နေရင်းက မော့မကြည့်ဘဲ တင့်တင့်က ဘုဆောင်ပြိုက်တာပင်။ ဟုတ်တယ်လေ။ အငယ်ကောင် လေးနှစ်သားက ခုထိအိပ်ရာထဲ ရှူးမလွှတ်သေးဘဲ ရှူးပေါက်ချတုန်း။ သူ့ရဲ့လျှော်စရာ အဝတ်ပုံထဲ အမြဲ ပိုလို စောင်တွေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စောင် လျှော်ရတယ် ဆိုတဲ့ကိစ္စက လွယ်တယ်မှတ်လို့၊ မောသည်။ တပင်တပန်း ကျောက်ပြားမှာ ရိုက်ဆောင့်ဖွပ်နေရတုန်း အနားလာရပ်ပြီး ပြောစရာကို တန်းမပြောဘဲ ခေါ်နေသေးတာကို "ရှင်"ဟု ထူးမနေနိုင်တော့ပါ။

"စကားပြောရင် ရိုက်ပေါက်။ နည်းနည်းမှ ယဉ်ကျေးချိုသာတယ် မရှိဘူး၊ ဆယ့်နှစ်ရာသီ မိုက်ရိုင်းနေတာပဲ"

တင့်တင့်က ဘာမှပြန်မပြောဘဲ အဝတ်ပဲ ဆက်လျှော်နေလိုက်ပါသည်။ အဖေ၊ မိထွေး၊ တင့်တင့်၊ အကြီးမ မသီတာ၊ အငယ်ကောင်ကျော်စွာ ငါးယောက်စာ အဝတ်အစားတွေအပြင် ဇလုံကြီးတစ်ခုထဲမှာ ခန်းဆီးတွေ လက်သုတ်ပဝါတွေ သတ်သတ်ရှိသေးသည်။ ဒီနေ့ ရှူးစိစောင်က ဝမ်းစောင်အထူမို့ မောဟိုက်ကာ စိတ်ကတိုနေပါသည်။ မလျှော်ဘဲ ထားပြန်ရင်လည်း အိပ်ရာထဲက ရှူးစော်က တစ်အိမ်လုံး ပျံ့နှံ့နေတာမို့ ထားလို့မဖြစ်။

"ဒီမှာ ... ကြောင်အိမ်ထဲက ငါးကြော်က နေ့လယ်ကျ ကျော်စွာ့ကို အရိုးနွှင်ပြီး ထည့်ကျွေးလိုက် ကြားလား၊ နင်တော့ ဘူးသီးဟင်းချိုနဲ့ပဲ စားလိုက်တော့ တစ်နပ်တလေ"

တင့်တင့်က အဝတ်လျှော်ရပ်ကာ မိထွေးတော် ဒေါ်အမာကို မော့ကြည့်လိုက်ပါသည်။ မောမောနှင့် ဒေါသကလည်း ထွက်လာကာ ...





"ဘူးသီးဟင်းချိုနဲ့ ထမင်းဘယ်လိုလုပ် သွားစားမလဲ၊ ချဉ်ရည်ဟင်းတို့ ဘာတို့ဆိုရင် ဟင်းရည်နဲ့ချည်းပဲ ထမင်းစားလို့ ဖြစ်သေးတယ်၊ ဘူးသီးဟင်းချိုကတော့ ဘယ်လိုလုပ် ထမင်းနဲ့စားလို့ ရမှာလဲ"

"ဟင်းကုန်သွားလို့ ပြောနေတာပေါ့ဟဲ့"

"ဟင်းက ဘာလို့ ကုန်ရတာလဲ"

"နင့်အဖေထမင်းဘူး၊ သီတာ့ထမင်းဘူး လှအောင်ထည့်ရတာလေ၊ ငါလည်း ဒီနေ့ အိမ်ပြန်ဖို့ကိစ္စ ချိန်းထားလို့ စောစောစီးစီး စားသွားပြီ၊ ကျော်စွာဖို့ ငါးကြော်တစ်တုံးပဲ ကျန်တယ်"

"အန်တီတောင် ဘူးသီးဟင်းချိုနဲ့ချည်းပဲ ထမင်းစားနိုင်လို့လား၊ ဟင်းက ကျွန်မအတွက်မှ ကြော်ကုန်သွားတာ မဟုတ်လား"

"ဖြစ်နေလိုက်တာဟယ်၊ ညည်းက ဘာမှန်းလို့လဲ၊ တစ်နေ့တလေ ဟင်းရည်နဲ့ ..."

"တစ်နေ့တလေမှ မဟုတ်တာ ဟင်းမလောက်တာက နေ့တိုင်းပဲ၊ မကျန်တာက တစ်အိမ်လုံးမှာရှိရက်၊ အဲဒါတစ်နေ့တလေလား"

"ဟဲ့ ... အသံပြဲနဲ့ နင် မရှက်ဘူးလား၊ တကတည်းမှပဲ ဖြစ်နေလိုက်တာ ငါးကြော်မကျန်လို့ ရန်လိုနေတာ၊ ဘူးသီးဟင်းရည် ဆမ်းစားလိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်လေ၊ ငါးကြော်တစ်တုံးပဲ ကျန်တာ ကျွန်မ စားလိုက်မယ်၊ ကျော်စွာ့ကို ဘူးသီးဟင်းရည်နဲ့ အန်တီပြောသလို ဆမ်းကျွေးလိုက်မယ်၊ တစ်နေ့တလေပဲ"

"ဟဲ့ ... နင် သူ့အစ်မရင်းမှ ဟုတ်ရဲ့လား၊ ဒီလောက် ရက်ရက်စက်စက် စိတ်ထား မွေးရသလား"

တင်တင့်က စိတ်နာနာနှင့် ခပ်တိုးတိုး ရယ်လိုက်မိပါသည်။

"ဘူးသီးဟင်းချိုနဲ့ ထမင်းနဲ့ကျွေးတာ ရက်ရက်စက်စက် စိတ်ထားလို့ အန်တီသတ်မှတ်ရင် ပြီးတာပဲ၊ ကျော်စွာ့ကို အန်တို့ဘာသာ ဆောင့်ကျွေးရင်ကျွေး၊ ကျွန်မကျွေးရမယ်ဆိုရင်တော့ ရှိတဲ့ငါးကြော် ကျွန်မပဲ စားပစ်မှာ"

"ဟဲ့"

ဒေါ်အမာက ဒေါသတွေ အကြီးအကျယ် ထွက်နေကာ ...

"ငါက အလုပ်ကိစ္စသွားရမှာ နားမလည်ဘူးလား၊ ငါဒီလို ပွဲစားလုပ်တာလေး ခုနေလို့ နင်တို့ ထမင်းနပ်မှန်နေသေးတာ သဘောပေါက်လား၊ နင့်အဖေဆီက ရတာလောက်နဲ့တော့ တင်နေ့တစ်နပ်စာပဲရှိတယ်၊ ဘာအလုပ်မှ မလုပ်ရဘဲ အချိန်တန် ခူးစားနေရတဲ့သူက လူပါးဝနေစရာလား ... ဟင်"





တင့်တင့်က ဖင်ထိုင်ခုံပုလေးပေါ် ထိုင်နေရာမှ ဝုန်းခနဲ ထ,ရပ်လိုက်ကာ ရေ့ဘာအဝတ်တွေစိမ်ထားတဲ့ ဇလုံကို ခြေထောက်နှင့် ကန်ပစ်လိုက်ရင်း ...

"ဒါဘာအလုပ်မှ မလုပ်ရတာလား၊ ဒါဖြင့် ဒါတွေ ရှင်လျှော်ပါလား၊ အိမ်ပွဲစားလုပ်တာများ ခက်ခက်ခြားခြား၊ ပါးစပ်ပါရင် လူတိုင်းလုပ်နိုင်တယ်၊ ကျွန်မ အိမ်ထွက်ပြမယ်၊ အန်တီ ဒါတွေလုပ်လေ၊ ဒါဆိုရင် ကျွန်မလည်း အလုပ်မလုပ်ဘဲ ထိုင်စားတယ် စွပ်စွဲမခံရတော့ဘူး"

"အောင်မာ ... နင်က ငါ့ကို ခြေရာတိုင်းနေတာလား"

"တိုင်းစရာကို မလိုဘူး၊ ကျွန်မခြေထောက်ရော ခြေရာရော ရှင့်ထက်ကြီးတယ်"

"တောက်"

"ဒီလောက် တစ်အိမ်လုံးအလုပ်တွေ ဒိုင်ခံလုပ်ပေးနေတာကို ကျေးဇူးမတင်ရင်တောင် အသိအမှတ်တော့ပြုပေါ့၊ ဒါမျိုးတွေ သူစိမ်းအိမ်သွားလုပ်ရင် ထမင်းအလကားစားရတဲ့ အပြင် တစ်လ နှစ်သောင်းခွဲ သုံးသောင်း လခရဦးမယ်၊ ကျွန်မ အပြင်ထွက် အလုပ်မလုပ်ရတာ အဖေ့ကို ရှင် ကုန်းတိုးထားလို့လေ၊ ကျွန်မ အလုပ် လုပ်ပါရစေလို့ အဖေ့ကို ပူဆာတာကို ရှင်က ကန့်ကွက်ထားလို့လေ ..."

ဒီအိမ်မှာ ဒါတွေလျှော်မယ့်သူ မရှိမှာစိုးလို့၊ ချက်ပြုတ်ဆေးကြော၊ သန့်ရှင်းရေးလုပ်မယ့်သူ မရှိမှာစိုးလို့



www.burmeseclassic.com

အန်တီက အလုပ်မလုပ်ခိုင်းပါနဲ့၊ အပြင်မှာ ပျက်စီးမယ်၊ ဘာဖြစ်မယ် ညာဖြစ်မယ် လျှောက်ပြောလို့ ကျွန်မ အလုပ်မလုပ်ရတာလေ၊ ဒါကို အပြစ်လို အားနည်းချက်လို လာမပြောနဲ့ ..

အန်တီ ကျွန်မကို အလုပ်မလုပ်ဘဲ ထိုင်စားတယ်လို့ တစ်ခွန်းထပ်ပြောရင် ခုချက်ချင်း ဒါတွေထားခဲ့ပြီး အလုပ် ထွက်ရှာမယ်၊ ဒီအိမ်အလုပ်တွေ ဒီနေ့ကစပြီး မလုပ်တော့ဘူး ... ဒါပဲ"

"အမယ်လေး ... အမယ်လေး ... နှုတ်သီးကောင်းလှချည်ပါလား၊ ငါ့အမေတောင် ငါ ဒီလင်ပါသမီးပဲ ကြောက်နေရတယ်၊ ငါ့အမေတောင် ငါ ဒီလောက်မကြောက်ရဘူး ... ဘုရား ... ဘုရား၊ လူကြီးကို ပြန်ပြောတဲ့ လေသံတဲ့တော်၊ မိထွေးဆိုတာလည်း မအေ အစားဟဲ့၊ နားလည်ရဲ့လား"

"လူကြီးက လူကြီးစိတ် မွေးလို့လား၊ ငါးကို ခုတ်ကတည်းက လေးယောက်စာပဲ မှန်းတုံးထားပြီး ကျွန်မအတွက်ပဲ ဟင်းကိုကွက်ပြီး မချန်တာ၊ ဘယ်နနပ် ဘယ်နရက် ဘယ်နလရှိပြီလဲ ဟင်းမရှိဘဲ စားခဲ့ရတာ၊ မိထွေး ဆိုတာ မအေအစားဆိုရင် မအေရင်းလို အနစ်နာခံပြီး အန်တီအငတ် ခံပေါ့၊ အန်တီစားမယ့်ဟင်းတုံး ကျွန်မကိုကျွေးပေါ့"

"အမယ်လေး ... အမယ်လေး ... ကြောက်ဖို့ကောင်းလိုက်တာ၊ အစားတစ်လုတ်အတွက် ရန်လိုမောင်းမဲနေလိုက်တာ၊





ရော့ ... ပိုက်ဆံတစ်ရာငါးဆယ်၊ ဘဲဥတစ်လုံးဝယ်ကြော် စားလိုက်၊ တကတည်းတော် မကြုံဖူးပါဘူး"

ရေစည်အဖုံးပေါ် လှမ်းတင်လိုက်တဲ့ ပိုက်ဆံလေး တစ်ရာ့ငါးဆယ်ကို တင့်တင့်က ရင်နာနာနှင့် အံကြိတ်စိုက်ကြည့် နေမိပါသည်။ ဘဲဥကြော်လေး တစ်လုံးလောက်နှင့် ထမင်းစားခွင့် ရဖို့ အရေးဆိုတိုက်ပွဲဝင်နေလိုက်ရတာများ ရှက်ဖို့ ဝမ်းနည်းဖို့ ကောင်းလိုက်တာ။

ဒီလိုမှ မိုက်မိုက်ရိုင်းရိုင်း မတောင်းဆိုရင်လည်း ဟင်းရည်နဲ့ချည်း နစ်ပါးသွားကာ လူနဲ့ သူနဲ့ တူတူတန်တန်မှ ထမင်းမစားရတာ။ မုန့်ဖိုးတောင် အဖေ့ဆီက ကုပ်ကပ်တောင်း လို့ရသမျှလေး သုံးရတာ။ အဖေဆိုတာကလည်း လကုန်ရင်ရတဲ့ လခ မိထွေးလက်ထဲ အားလုံးနီးပါး အပ်လိုက်ရတော့ သူသုံးဖို့ တောင် အနိုင်နိုင်ချန်ရတာ။

ဒါတွေကြောင့် ဘယ်သူ့မျက်နှာမှ မကြည့်ရ ဘယ်သူ့ ကိုမှ လက်မဖြန့်ရအောင် ကိုယ့်ဟာနဲ့ကိုယ်လေး ဘာအလုပ်ရရ ထွက်လုပ်ချင်ပါသည်ဆိုတော့လည်း အပြင်ထွက် အလုပ်လုပ်ရင် ပဲ ကနေ့နက်ဖြန် ပျက်စီးလေလွင့်ပြီး ကြုံကရာလူနှင့် ကော်က် ကက်ညားတော့မှာလိုလို ပုံကြီးချဲ့ အခိုးငိုမ်ပိုပြတော့ အဖေက မိထွေးစကား နားဝင်ကာ ပူပူပင်ပင် တားမြစ်ကန့်ကွက်တော့သည်။

တင့်တင့် အပြင်ထွက်လုပ်ရင် အိမ်အလုပ်တွေ သူ လုပ်ရတော့မှာလေ။ သူ အပြင်ထွက်လို့ မရတော့ဘူးလေ။

www.burmeseclassic.com



"အပျိုကလေးတဲ့၊ အပေါက်ကလည်း ဆိုးသလားမမေးနဲ့၊ လှုပုံကြည့်တော့လည်း ကဗျစ်ကညစ်နဲ့၊ ဒီအချိန်ထိ ခေါင်း မွေးစုတ်ဖွား၊ အိပ်ရာထ,ကတည်းက ခေါင်းတောင်မဖြီးတဲ့ မိန်းမစား"

ဒေါ်အမာက မကြားတကြား ဗျစ်တောက် ဗျစ်တောက် ဆက်လက်ရေရွတ်နေပါသည်။

"ဒီခေါင်းမွေးစုတ်ဖွားကို ဖြီးအားဖို့အချိန် ဘယ်မှာလဲ၊ မိုးမလင်းခင်ကတည်းကထ,ပြီး ချက်ပြုတ်ဆေးကြောထည့်သိ ရှင်းလင်းလျှော်ဖွပ်နေရတာ ခုထိ ပြီးသေးလို့လား"

"ဟဲ့ ... မိတင့်တင့်၊ နင် ငါ့ကို တစ်ခွန်းမခံ ပြန်မပက်နဲ့နော်၊ နင် တော်တော်မိုက်ရိုင်းနေပြီ"

"တစ်ခွန်းမခံ ပြန်မပက်အောင် အန်တီကလည်း တစ်ခွန်းမှ ထပ်မသွက်နဲ့တော့ပေါ့၊ ဘာဖြစ်လို့ သူများမခံချင်အောင် ပြောနေလဲ၊ ကျွန်မ ဒီပုံဖြစ်နေတာ မိထွေးနဲ့နေရမှ ဖြစ်လာတာ"

"အောင်မယ်လေးတော်"

"ဟုတ်တယ်၊ ကိုယ့်အမေရှိတုန်းက ကြော့မော့ပြီး ဖူးဖူး မှုတ်ထားခံရတာပဲဟာ၊ အန်တီ ဒီအိမ်ရောက်လာတုန်းက တောင် အဖေ့ကို ဘာပြောခဲ့လဲ၊ သမီးလေးက ချစ်စရာလေးဆို ချောလိုက်တာဆို ရုပ်လေးက သန့်လိုက်တာဆို၊ အဲဒီရုပ်ချော ရုပ်သန့်ကို ပျက်အောင် အန်တီပဲ တတိတတိ





ဖျက်လာတာ၊ လှရုပ်မပေါ်အောင် မဝမလင်ကျွေး၊ အဝတ်အစားမဆင်၊ အလုပ်နဲ့လက်နဲ့ မပြတ်ခိုင်းပြီး အန်တီပဲ ဒီပုံမပေါက် ပေါက်အောင် ပုံဖျက်ထားတာ မဟုတ်လား"

"ဟဲ့ ... မိတင့်တင့်၊ နင် လွန်လာပြီနော်၊ ငါကိုသွားကာနီး လာခါနီး စိတ်ဆင်းရဲအောင် လုပ်နေတာလားဟင်"

"ဟုတ်တယ်"

"ဘာ"

"ကျွန်မလည်း စိတ်ဆင်းရဲနေရတာပဲ၊ အန်တီလည်းစိတ်ဆင်းရဲပစေ"

"တောက် ... ငါနော်၊ တော်ပြီ တော်ပြီ နင်နဲ့ဆက်မျက်နှာချင်းဆိုင်နေရင် ငါထလုပ်မိရင် မိထွေးမို့ လုပ်တယ်ဖြစ်ဦးမယ်"

ဒေါ်အမာက ပြောပြောဆိုဆို အိမ်ထဲကနေ ခပ်သွက်သွက် ထွက်သွားပါတော့သည်။ တင့်တင့်က အဝတ်ဇလုံရှေ့ ဖြည်းညင်းစွာ ပြန်ထိုင်ချလိုက်ပါသည်။ မျက်လုံးထဲ ပြည့်အိုင်လာသော မျက်ရည်တို့ကို မျက်တောင်ပုတ်ခတ်သွင်းနေစဉ် ...

"မမကြီး"

တင့်တင့်က မော့ကြည့်လိုက်လျှင် အိမ်ခါးပန်းအဆင့်လေးမှာ လာထိုင်နေသော ကျော်စွာကို တွေ့လိုက်ရပါသည်။

"ဘာလဲ"

"ကျော်စွာ နားရှော်ကို ချားလိုက်နော်၊ ကျော်စွာ ဘူးဒီးဟင်းညိုနဲ့ပဲ ချားလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



တင့်တင့်က ငိုချင်သွားကာ ကျိတ်ပြီးရှိုက်လိုက်မိပါသည်။ မိထွေးက ဆိုးသလောက် သူမရဲ့ အဖေတူ မအေကွဲမောင်လေးနဲ့ ညီမလေးတို့က သူ့ကိုချစ်ခင်ကြရှာသည်။ အားကိုးကြရှာသည်။ တင့်တင့်ကလည်း သူတို့ကို ချစ်ပါသည်။ ဒါကြောင့်လည်း အဖေ့ရင်ခွင်ကို ခြေစုံကန် ထွက်မသွားရက်တာပေါ့။

အဖေက အသက်ငါးဆယ်နားတောင်နီးပြီ။ မိထွေးက ခုမှသုံးဆယ့်ငါးနှစ် ရှိသေးတာ။ ဒီတော့ အဖေ့ခမျာ သူ့လိုကလေးတစ်ယောက်အဖေ မုဆိုးဖိုကို ယူထားရှာတဲ့ ငယ်ရွယ်တဲ့ ဇနီးလေးကို ချစ်ရ အလိုလိုက်ရရှာပေသည်။ သိပ်လည်း မလွန်ဆန်နိုင်ရှာပေ။

တကယ်တော့လည်း ဒီမိထွေးဟာလည်း ထမင်းမငတ်အောင်သာ အဖေ့လို မုဆိုးဖိုကို ယူခဲ့တာပေါ့။ အင်မတန်ဆင်းရဲလှစွာသောအခြေအနေနှင့် ငုံ့ငုံ့လျှိုးလျှိုးဝင်လာခဲ့တာဖြစ်တဲ့ မိထွေးဟာ ဆယ်နှစ်နီးပါး အချိန်အတွင်း လုံးဝပြောင်းလဲသွားခဲ့ပြီလေ။

"မမကြီး ... နော်လို့"

"တကယ်လား"

"တကယ်"

"ငါ တကယ်စားမှာနော်"

"ချား"

တင့်တင့်က အပြုံးချွန်းချွန်းလေးနှင့် ကျော်စွာကို ကြည့်ရင်း ...





"အလကားပြောတာပါ ကျော်စွာရယ်၊ မမကြီးက ငါးကြော်မကြိုက်ဘူး"

"မမကြီးက ဘာကြိုက်လဲ"

"ပဲလှော် ... အဟီး"

တင့်တင့်ရယ်၍ ကျော်စွာကလည်း လိုက်ရယ်ပါသည်။

အဲဒီပဲလှော်ထုပ်ထဲက ဗေဒင်ဟောစာလေးတွေကို တင့်တင့် ဘာကြောင့် စွဲလမ်းနေမိမှန်း မသိပါ။ အဲဒီတည်းက စာတန်းလေးတွေက တင့်တင့်ဘဝ တင့်တင့်အဖြစ်အပျက်တို့နှင့် အမြဲဒက်ထိ မှန်ကန်နေသည်။ အကောင်းရယ်လို့တော့ မပါတတ်လှ။ စိတ်ညစ်စရာသာများသည်။

တင့်တင့်ဘဝမှာလည်း ဘာများအကောင်းရှိလို့လဲ။ စိတ်ဓာတ်ကျဖွယ် ဟောစာလေးတွေကိုသာ တွေ့တွေ့နေရပေမယ့် ဒါတွေက မှန်နေတာမို့ တစ်နေ့သောအခါ စိတ်တက်ကြွဖွယ် အားတက်ဖွယ် ဟောစာကလေးများ တွေ့ရကြုံရမလားလို့ မျှော်လင့်ချက် ထားနေမိတာ။ ဒီဗေဒင်လေးတွေက မှန်တော့ တကယ်လို့များ ဟောစာကောင်းကောင်းကလေး ပါလာရင်လည်း အဲဒီအကောင်လေးဟာ မှန်လိမ့်မည် တကယ်ဖြစ်လိမ့်မည်ဟု တင့်တင့်က မျှော်လင့်နေမိတာပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၄

မိုးသက်ထန်က အဘိုးရဲ့ကုမ္ပဏီရုံးခန်းကို အလည်အပတ် ဝင်လာပါသည်။ အစည်းအဝေး ရှိနေတယ်ဆို၍ အပြင်ဘက် ဧည့်သည်တွေ့တဲ့ ဧည့်ခန်းမှာ ထိုင်စောင့်နေရပါသည်။

"ကိုမိုးသက်ထန် ကော်ဖီသုံးဆောင်ပါရှင်"

ဝန်ထမ်းမိန်းကလေးတစ်ဦးက ကော်ဖီပန်းကန်ကို ကျို့ကျို့ယို့ယို့လေး လာချပါသည်။ ကုတ်အနက်၊ ဒူးကျော်တဲ့ စကတ်နက်၊ အတွင်းအင်္ကျီက ပန်းနုရောင်ဖျော့ဖျော့ ဝတ်စုံလေးတွေ ဆင်တူဝတ်ဆင်ထားသည့် ရုံးဝန်ထမ်းမ,လေးတွေကို မိုးသက်ထန်က အမှတ်တမဲ့ ကြည့်မိရင်းက မျက်စိထဲမှာ စုတ်တီးစုတ်ဖတ် ဝတ်စားဆင်ယင်မှုတစ်ခုကို မြင်ယောင်လာသည်။

ဘယ်လိုလုပ်ပြီးတော့ ဒီမိန်းကလေးကိုပဲ မကြာမကြာ ခေါင်းထဲ သတိတရရှိနေပါလိမ့်။ အံ့သြစရာကောင်းလိုက်တာ





...းသက်ထန် တစ်သက်နဲ့တစ်ကိုယ်မှာ သူ့ပတ်ဝန်းကျင်၌ အသန့်...စား အမိုက်စား အပျံစား အကောင်းစား ကောင်မလေးတွေနှင့်...နည်းသာ ကြုံဆုံဆက်ဆံခဲ့ဖူးတာပါ။

ဘယ်မိန်းကလေးတစ်ယောက်ကိုမှ တစ်ထိုင်တည်း...ဆက်ပိုပြီး မျက်စိထဲစွဲနေရအောင် လုပတယ်မထင်။ ဘယ်သူ့...အကြောင်းမှ တစ်ရက်ထက်ပိုပြီး ခေါင်းထဲမရောက်။ တသသ...ရရ တွေးတော အမှတ်ရနေရလောက်တဲ့ မိန်းကလေးမျိုးလည်း...မရှိခဲ့။ စွဲလမ်းတဲ့ စိတ်ဝင်စားတဲ့ မိန်းကလေးရယ်လို့လည်းမရှိခဲ့။

ပြီးပြည့်စုံနေတဲ့ဘဝမှာ သူငယ်ချင်းတွေနှင့်သုံးကာ...ဖြုန်းကာ လည်ကာ ပတ်ကာသာ ပျော်ပျော်ကြီး နေလာတာ။ ဝန့်...ရရင် ကိုယ့်မာနလေး ကိုယ့်ဘဝင်လေးနှင့်ကိုယ် မိန်းကလေး...တစ်ယောက်ကို အရေးတယူ စိတ်ကူးယဉ်လောက်စရာရယ်လို့ကို...အလေးအနက် မထားခဲ့သေးတာပါ။

အခုတော့ ...။

သပ်သပ်ရပ်ရပ် ဝတ်စားထားတာလေးတွေ တွေ့ရင်...လည်း ဖရိုဖရဲ ဖြစ်ကတတ်ဆန်း ဝတ်ထားတဲ့ သူမကို မြင်ယောင်...တာ အပြုံးချိုချိုကလေးတွေ တွေ့ရင်လည်း ခုပုပ်ထော်လန်နေတဲ့...မျက်နှာထားကို သွားမြင်ယောင်သည်။ လှုပ်လီလှုပ်လဲ့ လမ်းလျှောက်...လေးတွေကို မြင်ပြန်တော့ ရွံ့ဗွက်တွေစင်အောင် တဗြတ်ဗြတ်...ငံ့ ပစ္စလက္ခတ် နင်းလျှောက်ပုံကို သွားတွေးမိကာ ချိုသာသည်



www.burmeseclassic.com

www.burmeseclassic.com



ကျေးတဲ့ အသံကလေးတစ်ခု ကြားရင်တော့ အာကျယ်ကျယ်နှင့် ရိစ္ဆိုသံ ရှာတာတာ ပြောဆိုနေသော စကားတွေကို အမှတ်ရနေတော့တာပါပဲ။

“အဘိုးတို့ အစည်းအဝေးက ကြာဦးမှာလားဗျ”

“နာရီဝက်လောက်တော့ ရှိပြီဆိုတော့ မကြာတော့ဘူး ထင်ပါတယ်ရှင့်”

ဆိုဖာပေါ် ခြေချိတ်စောင်းမှီပြီး ခိမ်ကျကျထိုင်ကာ သူ့အိုင်ဖုန်းထဲက ဂိမ်းမ်တစ်ခုကို ဖွင့်ကစားနေလိုက်ပါသည်။

“တွီ ... တွီ”

ဖုန်းရဲ့ Ring သံကို စက်ရုပ်သံလိုမျိုး ထည့်ထားတာမို့ စက်ရုပ်သံ တတွီတွီမြည်လာလျှင် ဂိမ်းကိုရပ်ပြီး ဖုန်းကို ဖွင့်နားထောင်လိုက်ပါသည်။

“ဟယ်လို”

“မိုးသက်”

“ဘယ်သူပါလဲ”

“ဖူးပြည့်လေ ... မိုးသက်ကလည်း၊ ဘယ်တော့မှ အသံမမှတ်မိဘူး၊ အမြဲမေးတယ် တကယ်ပဲ”

“အော် ... မှတ်မိပါတယ်၊ အသံက တိုးနေတော့ ရုတ်တရက်မို့လို့ပါ”

“အခု ဘယ်မှာလဲ”





“ဘာလုပ်ဖို့ မေးတာလဲ”

“ဒီလိုပဲ အာလာပသလ္လာပ မေးတာပေါ့၊ မမေးရဘူးလား၊ လေသံက တင်းလိုက်တာ တစ်ခါတည်း”

“မတင်းပါဘူး၊ ငါ အပြင်မှာ နင် ဘာပြောမလဲ၊ ပြောလေ ဖူးပြည့်”

“ညနေရှိုးပွဲ လိုက်မှာလား”

“ဘာရှိုးပွဲလဲ”

“ဟော ... ကြည့်ပါလား၊ လေးငါးရက် ကြိုပြောထားသားနဲ့ မေ့နေပြန်ပြီ”

အဲဒီလေးငါးရက်အတွင်းမှာ ဒီထက်အရေးပါတာတွေကိုတောင် မေ့နေတာ။ စိတ်တွေက အုံ့သြစရာကောင်းအောင် တစ်နေရာတည်းမှာ သွားသွားကပ်ငြိနေတာ။ ဒီလေးငါးရက်မို့လို့ကို မေ့နေတာပေါ့။

“ဟုတ်တယ်၊ ငါ မမှတ်မိတော့ဘူး၊ မျှော်စင်ကျွန်းလား”

“အမ်စီစီပါ မိုးသက်ရယ်၊ နင်ကလည်း တကယ်ပဲ”

“အေးလေ ... မမှတ်မိဘူးလို့ ငါပြောသားပဲ”

“ကဲ ... အဲဒီတော့ လိုက်မှာလား၊ မလိုက်ဘူးလား”

“ငါ ဘော်ဒါတွေကိုတောင် မပြောရသေးဘူးဟ၊ မချိန်းရသေးဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှ မအားရင်လည်းပဲ နင်တစ်ယောက်တည်းလာလို့ ရတယ်၊ ဟိုကျ ငါတို့နဲ့ တွေ့မှာပဲဟာ"

"နင်တို့က ဘယ်သူတွေပါလဲ"

"ငါနဲ့ ပပ နှစ်ယောက်တည်း၊ ဒါကြောင့် နင့်ကိုခေါ်နေတာ"

မှုးပြည့်တို့ ပပတို့ဟာ ဆယ်တန်းတုန်းကတည်းက တစ်ဝိုင်းတည်း တက်ခဲ့ကြတဲ့ သူငယ်ချင်းတွေ။ သိပ်အရင်းနှီးကြီး အတွဲကြီး မဟုတ်ပေမယ့် အသီးသီး တက္ကသိုလ်ရောက်ကြချိန်မှာတော့ မှုးပြည့်က အဆက်အဆံ မပြတ်အောင် မကြာမကြာလေး ချိန်းတာ သွားလာတာ စားသောက်တာလေးတွေ စီစဉ်လေ့ရှိသည်။ ရေထွက်ပစ္စည်း၊ ငါးပုစွန် ဂဏန်းလုပ်ငန်းရှင်သူဌေးတစ်ဦးရဲ့ သမီးဖြစ်ပြီး သူလည်း သူ့ဟာနဲ့သူ မာန်ကလေးချိချိနေတဲ့သူပါ။

မိုးသက်ထန်ကိုတော့ အဆက်အဆံ အပတ်အသက် မပြတ်စေရဘဲ ကြိုးကလေးတစ်ချောင်းလောက် တည်းထားတဲ့ သဘောလို့ မိုးသက်ထန်က ယူဆပေမယ့် လင်းထိုက်တို့ကတော့ မှုးပြည့်ဟာ မိုးသက်ထန်အပေါ် သာမန်နှောင်တဲထားမှုမျိုးထက် ပိုတဲ့ သံယောဇဉ်သက်ရောက်မှု ရှိတယ်လို့ မှတ်ချက်ချကြပါသည်။

အင်း ... တကယ်တော့လည်း မှုးပြည့်လို အစစ ပြည့်စုံပြီး လုပကြော့ရှင်းမှုနဲ့ပါ ထင်ပေါ်ကျော်ကြား လူကြိုက်များတဲ့ မိန်းကလေးတစ်ယောက်ကို ရင်းနှီးပတ်သက်ရသည်မှာ သူ့





အတွက် ထိခိုက်စရာ အရှုံးဘာမှမရှိပါ။ ယှဉ်တွဲလျှောက်မိလျှင် ကြည့်ကောင်းတဲ့ အတွဲလေးတစ်တွဲအဖြစ် ဘေးလူတွေ ခိုးကြည့်ရ အားကျရတဲ့ အနေအထားမျိုး အမြဲရှိပါသည်။

"အေးလေ ... ငါ လာခဲ့ပါ့မယ်"

"နင် ဉာဏတို့၊ လင်းထိုက်တို့ရော ခေါ်လာမှာလား"

"မသေချာဘူးလေ၊ ကျော်စံဖြိုး ဖြစ်ဖြစ်၊ ဉာဏ ဖြစ်ဖြစ်၊ လင်းထိုက် ဖြစ်ဖြစ် ပါချင်တဲ့သူ ပါလာမယ်"

မှုးပြည့်က နှမ်းပါးတဲ့ ကျော်စံဖြိုးကို များသောအား ဖြင့် စကားထဲ စာရင်းထဲ မထည့်တတ်ပေမယ့် မိုးသက်ထန်ကတော့ အားလုံးထဲ ကျော်စံဖြိုးကို အခင်မင်ဆုံးဖြစ်ကာ သွားလေရာကိုလည်း ဆွဲခေါ်တတ်တာပါ။

"ဘယ်သူမှ မအားရင်ရော နင် လာဦးမှာလား"

"အင်း ... လာခဲ့ပါ့မယ်၊ လာဖြစ်အောင် လာခဲ့လိုက်မယ်"

"တကယ်နော်"

"အေးပါ"

"ဒါဖြင့် ညနေမှ အဲဒီရှေ့ဆုံပို့ နေရာချိန်းမယ်"

"အိုကေ ... ဘိုင်"

မိုးသက်ထန်က သူထိုင်နေတဲ့ နေရာနှင့် တည့်တည့် အစည်းအဝေးခန်းတံခါး ပွင့်ဟလာပြီကိုမြင်၍ ချက်ချင်းစကားဖြတ် ပြီး ဖုန်းပိတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆုံးကထွက်လာသော အဘိုးက မိုးသက်ထန်ကို မြင်လျှင် သူ့အခန်းဘက် မသွားသေးဘဲ တည့်တည့်လျှောက်လာကာ ...

"ဟော့ကောင် ... မင်း ဘာလာလုပ်တာတုံး"

"စံဖြိုးဆီလာတာ အဘိုး ... ဟဲဟဲ"

စံဖြိုးက ခုမှ အလုပ်ဝင်တာ နှစ်ရက်ပဲ ရှိသေးပါသည်။

"ဘာကိစ္စလဲ၊ ဒါ အလုပ်ချိန်နော်"

စံဖြိုးက အဘိုးနောက်နားမှာ ကုပ်ကုပ်ယို့ယို့လေး ရပ်နေသည်။

"အာ ... အဘိုးလုပ်တာနဲ့ စံဖြိုး သားကိုတောင် နှုတ်မဆက်ရဲတော့ဘူး၊ အဘိုးကလည်းဗျာ"

"ကျော်စံဖြိုးတောင် အလုပ်လာဝင်တယ်၊ မင်း ဘယ်တော့ ဝင်မှာလဲ ထန်လေး၊ တာဝန်တစ်ခုကို မင်း ဘယ်တော့ယူမှာလဲ"

"ဖြည်းဖြည်းပေါ့ အဘိုးရာ၊ ကျောင်းတောင် ခုမှပြီးကာစ၊ အသက်လည်း နှစ်ဆယ်ပဲ ရှိပါသေးတယ်၊ နောက် လုပ်ရမယ့် အလုပ်လုပ်ရမယ့်နှစ်တွေ အများကြီး ကျန်ပါသေးတယ်ဗျာ"





"အသက်နှစ်ဆယ်မို့လို့ အလုပ်လုပ်ရမယ့်နှစ်တွေ အများကြီး ကျန်သေးတယ်၊ သေဖို့နှစ်ငါးဆယ်လောက် လိုပါသေးတယ်လို့ မင်း ပုံသေတွက်လို့ရလား ... ဟော့ကောင်၊ ကျော်စံဖြိုးလည်း မင်းနဲ့ရွယ်တူပဲဟာ၊ ဒါပေမဲ့ ဘဝရဲ့အခြေခံအသိတရားလေးနဲ့ ကြီးပြင်းခဲ့ရတဲ့သူဖြစ်တော့ မင်းလို လသောက်ကြော့စိတ်ဓာတ် မရှိဘူး၊ ကိုယ့်ဘဝအတွက်ကိုယ် အသိစိတ်ဓာတ်ရှိတယ်၊ နားလည်မှု ရင့်ကျက်မှုရှိတယ် ...

မင်းသာ ငယ်ငယ်ကတည်းက အမေကမရှိ အဖေက အဝေးမှာလေ ဆိုပြီး အထိန်းတော်၊ အချိတော် အချော့တော် တပည့်တပန်းတွေနဲ့ အောက်ခြေလွတ်ပြီး ကြီးပြင်းလာလို့ ဘဝအကြောင်းကို နားမလည်သေးတာ ထန်လေး၊ မင်းအနားယူလည်း ခဏပေါ့ကွာ၊ မကြာခင်တော့ အလုပ်ဝင်တော့"

"ဟား ... အဘိုးကလည်း"

"ဘာအဘိုးကလည်းလဲ၊ ဘယ်တော့ အလုပ်ဝင်မလဲ"

"အဘိုးကလည်း သားက အဘိုးကုမ္ပဏီကြီးမှာ လက်တင်လေး ဝင်မလုပ်ချင်ပါဘူး၊ ကမ္ဘာပတ်ပြီး လုပ်ချင်တာ"

"ကမ္ဘာပတ်ပြီး ဘာလုပ်ချင်တာလဲ၊ မင်းက ဘာများကြီးတောင့်ကြီးကျယ် လုပ်မှာမို့ ကမ္ဘာပတ်စရာ လိုသလဲ၊ ပြောစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"စားပွဲတစ်လုံးမှာ ကုလားထိုင်တစ်လုံးနဲ့ ထိုင်နေရတာ ပျင်းတယ် အဘိုးရ"

"ဟကောင် ... ငါတောင် ရုံးချိန်အပြည့် ထိုင်နေရတာ မဟုတ်ဘူး၊ ပြေးရလွှားရ သွားရလာရတာတွေ ရှိတာပဲ၊ မင်း ဆင်ခြေတွေ လျှောက်ပေးမနေနဲ့"

"အဘိုးကလည်း"

"မင်း တော်တော်စိတ်ပျက်ဖို့ ကောင်းတဲ့ကောင်၊ ကျောင်းပြီးသွားတာတောင် အလုပ်မလုပ်ချင်ဘူး၊ ရှက်လည်းမရှက်ဘူး ... တောက်"

"အဲဒါကြောင့် အဘိုးရုံးကို မလာချင်တာ"

"မလာချင် မလာနဲ့ပေါ့ကွ၊ ခုလည်း ကျော်စံဖြိုးရှိလို့လာတာ ငါသိတယ်၊ ကျော်စံဖြိုးက ဒီအလုပ်ခွင်မှာ အလုပ်လုပ်နေတာနော် ဟေ့ကောင်၊ ဧည့်သည်တွေ့တယ်ဆိုတာ အတိုင်းအတာတစ်ခုပဲ၊ မင်းလာလာနှောင့်ယှက်မနေနဲ့၊ ခဏခဏ မလာနဲ့"

"အင်းပါ အဘိုးကလည်း၊ ခုက သူ အလုပ်ဝင်စမို့လို့ အားငယ်မှာစိုးလို့ လာတာပါ၊ နောင်လည်း မလာပါဘူး"

"ဘာကိစ္စ သူက အားငယ်ရမှာလဲ၊ ဘာမှ အားငယ်စရာ အကြောင်း စဉ်းစားမရဘူး၊ ဟေ့ ... ကျော်စံဖြိုး ... မင်း အားငယ်နေသလား"





"မ ... မငယ်ပါဘူး ခင်ဗျ"

"အေးလေ ... ကလေး မူကြိုစတက်တာမှ မဟုတ်တာ၊ အားငယ်စရာလား။ ဟေ့ကောင် ထန်လေး၊ မင်း ပေါက်ကရတွေ လျှောက်ပြောမနေနဲ့၊ ပြောစရာရှိတာ ခဏတဖြုတ်ပြောပြီး မြန်မြန်ပြန်၊ ကျော်စံဖြိုးကို ငါ သင်စရာတွေရှိသေးတယ်"

အဘိုးက ပြောပြောဆိုဆိုနှင့် သူ့အခန်းဘက် ထွက်ခွာသွားပါသည်။

"ထန်ကြီး ... ဟုတ်တယ်ကွ၊ အလုပ်ချိန်ဆိုတော့ ငါက သူငယ်ချင်းလာတွေ့တာကို ဧည့်ခံစကားပြောနေလို့ ဘယ်ကောင်းပါ့မလဲ၊ အဘိုး စိတ်ဆိုးနေဦးမယ်ကွာ၊ မင်းလည်း မြန်မြန်ပြန်"

"ဟာ ... မင်းကပါ ဘာဖြစ်နေတာလဲ၊ အဘိုး အလုပ်ထဲဝင်လိုက်လို့ မင်းနဲ့တွေ့ရဆုံးဖို့ လွယ်သွားမလားမှတ်တယ်"

"စိတ်မဆိုးပါနဲ့ကွာ၊ ဝန်ထမ်းဖြစ်သွားပြီဆိုတော့ အလုပ်ကို လေးစားရမယ်ကွ ထန်ကြီးရဲ့ ဒါကြောင့်ပါ"

"ကျွတ် ... ရောဂါပဲ၊ မင်းကတော့"

"မင်း ဘာပြောမလို့လဲ၊ ပြောလေ"

"ပဲလှော်ထုပ်တွေ ဝယ်ခဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ရုံးလာတာ ဘယ်ပါမလဲကွ၊ ဒီနေ့ရယ်လို့လည်း မင်းက အတိအကျ မပြောဘဲ ကြုံရင်ဝယ်ခဲ့ဆိုတော့ မဝယ်ဖြစ်သေးဘူး၊ မပါဘူး"

"ဒါဖြင့် ရုံးဆင်းတာနဲ့ဝယ်"

"ရုံးဆင်းရင်ဝယ်ပြီး ငါက ဘာလုပ်ရမှာလဲ၊ မနက်မှဝယ်လည်း မရဘူးလား"

"မရဘူး ပေါ့ကောင်၊ မင်းကို ငါ ခြောက်နာရီခွဲလောက် လာခေါ်မယ်"

"ဘာလုပ်ဖို့လဲ"

"အမ်စီစီရှိုးပွဲ ခေါ်သွားမလို့ လိုက်ခဲ့ကွာ၊ လင်းထိုက်က IELTS သင်တန်းက ညနေဘက်ရှိတာ၊ ဉာဏတော့ မဆက်ရသေးဘူး၊ သူအားရင် သူလည်းပါမယ်"

"အေး ... ဒါဆိုလည်း လာခေါ်လေ၊ ရုံးကတော့ ငါးနာရီ ထိုးရင် ဆင်းရတယ်ကွ၊ ငါ ငါးနာရီခွဲကျော်ရင် အိမ်ရောက်ပါပြီ"

"အေး ... အဲဒါကြောင့် ပဲလှော်ထုပ် ဝယ်ထားလို့၊ ငါလာခေါ်ရင် ပေးနိုင်အောင်"

"အေးပါကွာ၊ မင်းလည်း ရောဂါပဲ၊ ပဲလှော်ထုပ်ရတော့ ဘာလုပ်မှာလဲ"

"ဗေဒင်ဖတ်ဖို့ပါဆို"





"အေးလေ ... ဖတ်လည်း ဘာလုပ်မှာလဲလို့၊ အရေးမပါတာ"

"မသိဘူးကွာ၊ ဘာမှတော့ မလုပ်ဘူးပေါ့၊ ဒါပေမဲ့ ငါအဲလို လုပ်ချင်နေလို့ လုပ်တာကွာ ရှင်းပြီလား"

ကျော်စံဖြိုးက သက်ပြင်းချကာ မိုးသက်ထန်ကို အကဲခတ်မိပါသည်။ ဒီကောင် တင့်တင့်ကိုများ စိတ်ဝင်စားနေလားလို့ ထင့်ခနဲ တွေးမိပါသည်။ ဘယ်လိုမှ မအပ်စပ်တဲ့ကိစ္စ။ မဖြစ်နိုင်တဲ့ကိစ္စ။ ကျော်စံဖြိုးက ခေါင်းကြီးသလို ခံစားရလေသည်။

❥ ❦ ❥



www.burmeseclassic.com

www.burmeseclassic.com



## ၁

အမ်စီစီအဆောက်အအုံထဲ ရှိုးပွဲရှိတဲ့အတွက် အပြင်ဘက် မင်းဓမ္မလမ်းမကြီးတစ်လျှောက် မုန့်ဆိုင်တန်းဖြစ်ကာ ဈေးသည်တွေ တန်းစီရောင်းနေကြပါသည်။

"ဟေ့ကောင် စံဖြိုး ... အဲဒါ ဘာမုန့်လဲကွ"

"အဲဒါ ရေမုန့်၊ ဒီမှာ ဆိုင်းဘုတ်ကြီးလေကွာ၊ မမြင်ဘူးလား"

"သြော် ... အေး၊ ဒီပဲ့ကကော"

"ဒါတော့ ငါလည်း သေချာမသိဘူး၊ မုန့်လိပ်ပြာလား မုန့်သိုင်းခြိလား ဘာလား"

"ဟား ဟား ... မင်းလည်း မသိပါဘူးကွာ၊ ဖြီးမနေပါနဲ့"

"မင်းမုန့်စားချင်လို့လား၊ ဗိုက်ဆာလို့လား"





"ဗိုက်မဆာပါဘူး၊ မစားဖူးတာတွေတွေ့လို့ စားကြည့်ရင် ကောင်းမလား စဉ်းစားနေတာပါ"

နည်းနည်းစောနေသေး၍ မိုးသက်ထန်နှင့် ကျော်စံဖြိုးက အပြင်ဘက်လမ်းမက ဆိုင်တန်းလေးတစ်လျှောက် လျှောက်ငေးနေတာပါ။

"ဗိုက်ဆာရင် ခုန ငါဝယ်လာတဲ့ ပဲလှော်တွေ ကားပေါ်မှာ စားလို့ရတာပဲ"

"ထွတ် ... မင်းကတော့၊ ပဲလှော်စားစရာလားကွ၊ သွားကြားညပ်ကညပ်နဲ့၊ မစားချင်ပါဘူး"

"ငါ နှစ်ထုပ်တောင် ဝယ်လာတာ"

"သြော် ... အေး ... အေး၊ တော်တော်စေတနာသဒ္ဓါတရားပေါက်တဲ့ သူငယ်ချင်းကွာ ... နော်၊ ငါးဆယ်တန်နှစ်ထုပ် တစ်ရာဖိုးများတောင် ဝယ်လာတယ်၊ ဟင်း ... ဝယ်လာပါလားကွ ဆယ်ထုပ်လောက်၊ ငါးရာဖိုးလောက်ဝယ်တော့ ဘာဖြစ်သွားမှာမို့လို့လဲ"

"မင်းက ပြီးရင် စားမှာလည်း မဟုတ်ဘဲ လွှင့်ပစ်မှာသိနေတော့ နမြောလို့ နှစ်ထုပ်ပဲ တမင်ဝယ်လာတာပေါ့၊ အဲဒီပဲလှော်တွေ အလကားဖြစ်မှာပဲဟာ၊ မင်းက အထဲကဗေဒင်ပဲ ဖတ်မှာမဟုတ်လား"

"အေး"



www.burmeseclassic.com

www.burmeseclassic.com



"အဓိပ္ပာယ်မရှိတာကွာ၊ မင်းကတော့"

"အဓိပ္ပာယ်ရှိရှိ မရှိရှိကွာ၊ ငါ ဒီပဲလှော်ထုပ် ဝယ်တာ ဘယ်သူ့အကျိုး ထိခိုက်လို့လဲ ... ပြော၊ ငါဟာငါဝယ်ချင်လို့ ဝယ်ပါတယ်ဆို"

"အေးပါ ... ဝယ်ပါ၊ မပြောတော့ပါဘူး"

စိတ်ရင်းစေတနာလည်း ကောင်းပြီး၊ နှမ်းပါးတဲ့သူ့အပေါ်လည်း အမြဲကြည့်ရှုစောင့်ရှောက်တတ်တဲ့ သူငယ်ချင်း မိုးသက်ထန်ကို ကျော်စံဖြိုးက အခင်ဆုံးပါ။ ခုလည်းပဲ သူ့စိတ်ထဲမှာ တင့်တင့်အပေါ် မိုးသက်ထန် တစ်ယောက် လိုတာထက်ပိုစိတ်ဝင်စားမှု ချည်နှောင်လာမှာကို စိုးရိမ်မကင်း ဖြစ်နေမိလို့ပါ။

အဲဒီ တင့်တင့် ဆိုတဲ့ ကောင်မလေးက တကယ့်လူကြမ်းစိတ်ကြမ်း စွာပလန်တန်မ။ ကျော်စံဖြိုးနှင့်တောင် အခါခပ်သိမ်း အဆင်ပြေတာမဟုတ်။ ဒါတောင် စံဖြိုးက ရပ်ကွက်ထဲ ခပ်အေးအေးနေလို့။ ရပ်ကွက်ထဲက အခြားသော လူစွာတွေနှင့်ဆိုလျှင် တကျိမ်းကျိမ်း တကျက်ကျက် ပြဿနာတက်နေတတ်တဲ့ တင့်တင့်ဟာ မိုးသက်ထန် စိတ်ဝင်စားရမည့်သူမျိုး မဟုတ်။

တင့်တင့် မိထွေးကလည်း လွယ်တာမဟုတ်။ အရှင်းဆုံး ပြောရရင် လူလည်မကြီး။ တကယ်တော့လည်း သူ့ကြောင့် တင့်တင့်ဟာ ဒီပုံထွက်နေတာပင်။ ဘယ်ဘက်ကကြည့်ကြည့် မိုးသက်ထန်နှင့် တင့်တင့်တို့ဟာ မနီးစပ်အပ်တဲ့ လူသားနှစ်ဦးဖြစ်





ဘာ သေချာသည်။ မိုးသက်ထန်ထံမှ တခြား ဘယ်ကောင်မလေးအကြောင်းမှ စကားလုပ် ပြောဖူးတာ မကြားရတတ်၍ ခုလိုဘင့်တင့်နှင့် ပတ်သက်ပြီး ပဲလှော်ဗေဒင်ကိုတောင် စိတ်ဝင်စားနေဘာကို စံဖြိုး စိတ်စနိုးစနောင့် ဖြစ်နေတာပါ။

"တွီ ... တွီ ... တွီ တွီ"

"ဟယ်လို"

"မိုးသက်လား"

"အေး"

"နင် နောက်မကျနဲ့နော်"

"ဟား ဟား ... ငပြူးက ပြနေပြန်ပြီ၊ ငါနဲ့ စံဖြိုး ရောက်နေတာကြာပြီ၊ နင်တို့သာ ခုထိ အိမ်ကမထွက်သေးဘူးလား"

"ငါတို့လည်း လာနေပါပြီဟဲ့ လမ်းပေါ်မှာ၊ နင် တကယ်ရောက်နေတာ ဟုတ်လို့လား"

"ဩော် ... ဒီနားက မုန့်ဆိုင်တန်းကြီးမှာ ဘာမုန့်စားရကောင်းမလဲတောင် ကြည့်နေတာ၊ ဒီနားမှာ လမ်းလျှောက်နေတယ်"

"နင် ပေါက်ကရတွေ လျှောက်မစားနဲ့ ဗိုက်ပျက်မယ်နော်"

"စားချင်စရာတွေဟ၊ ငါ မစားဖူးတာတွေ"



www.burmeseclassic.com

www.burmeseclassic.com

"အမဲအူသုပ်တို့ ဝက်ခေါင်းသုပ်တို့ဆို အရမ်းညစ်ပတ်တယ်၊ အကြော်ဆိုင်တွေဆိုလည်း အချဉ်ရည်က ဘယ်တော့မှ မသန့်ဘူး၊ စားပြီး အီးပန်းရော"

"ဟား ... ပြောရင်း ဆိုရင်း ဘူးသီးကြော်ဆိုင်တွေ့နေပြီ၊ ဟာ ... ဘူးသီးကြော်လေးတွေက ဝါဝင်းပြီး မွှေးပျံ့နေတာပဲ၊ စားချင်စရာလေးတွေဟ"

"ဟဲ့ ... မစားနဲ့"

"အေး ... နင်တို့သာ မြန်မြန်လာ၊ ဒါပဲ"

မိုးသက်ထန်က ဖုန်းကိုပိတ်လိုက်ရင်း ...

"စံဖြိုး ... ဘူးသီးကြော် စားရအောင်"

"အေး ... စားတာပေါ့၊ ငါလည်း ရုံးအပြန် ဗိုက်ဆာနေတာ၊ ပြီးတော့ ဘူးသီးကြော်လေးတွေက ပူပူလေးတွေ၊ စားပွဲတွေ ခင်းထားတယ်၊ လာ ... လာ ... ဟိုမှာ စားပွဲ တစ်ခုရှိတယ်"

လမ်းဘေးအစပ်လေးက ဘူးသီးကြော်ဆိုင်တန်းလေးမှာ စားပွဲပေါက်စလေး လေးလုံးလောက် တန်းစီချထားသည်။ လွတ်တဲ့စားပွဲမှာ ဝင်ထိုင်လိုက်တဲ့အခါ ခွေးခြေပုပုကလေးတွေမှာ အရပ်ရှည်တဲ့ သူတို့နှစ်ယောက် ဒူးတွေထောင်ကာ ကိုးရိုးကားရား ဖြစ်နေ၍ ရယ်ရပါသေးသည်။





"ဟာ... ဖင်ထိုင်ခုံ ခွေးခြေလေးတွေကလည်းကွာ၊ လူကြီး ထိုင်ဖို့မှ ဟုတ်ရဲ့လား၊ ဖင်တစ်ခြမ်းတောင်မဆန့်ဘူး ... ဟား ဟား"

"ခုံရတာပဲ တော်သေးတယ် ထန်ကြီးရ"

သူတို့နှစ်ယောက် ပြောဆိုရယ်မောနေကြဆဲ ...

"ဘာစားမလဲ"

ခပ်ပြတ်ပြတ် မေးသံကြောင့် မော့ကြည့်လိုက်ကြလျှင် ...

"ဟင်"

"ဟင်"

မိုးသက်ထန်တို့ကလည်း တင့်တင့်ကိုအမြင်၊ အံ့အားသင့် ဖြစ်သွားသလို၊ တင့်တင့်ကလည်း သူတို့မှန်း ခုမှသိကာ အံ့တသြနှင့် ရပ်က ချက်ချင်းပြောင်းသွားပါသည်။ အစကတည်းက ခပ်တည်တည်ကနေ ခပ်ပုပ်ပုပ် မျက်နှာထား ဖြစ်သွားတဲ့ တင့်တင့်ကို မိုးသက်ထန်က လက်ညှိုးညွှန်ကာ ...

"ဩော် ... သူ့ဆိုင်ကိုးကွ"

"တင့်တင့် ... နင့်ဆိုင်လား၊ ဟုတ်လား"

"ဘာလဲ ... နင်တို့ စားမှာလား မေးမှာလား"

"ဟ ... စားဖို့လာရင်း တွေ့လို့ မေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“ဒီမှာ ... ငါ ကျော်စံဖြိုးကို ပြောနေတာနော်၊ နင့်ကိုပြောနေတာ မဟုတ်ဘူး သူဌေးသားရဲ့”

“ဘာ”

သူ့ကို သူဌေးသားခေါ်၍ မိုးသက်ထန်က ရှက်သွားပါသည်။

“ငါက ဘာဖြစ်နေလို့ နင်က နင့်ဆိုင်လာစားတာတောင် စကားမပြောနိုင်သလိုလို ဖြစ်နေတာလဲ”

“ကြည့်မရလို့ပေါ့ဟဲ့”

“ဘာ ... ငါက ဘာလုပ်နေလို့လဲ”

“သူဌေးသား လုပ်နေလို့လေ”

“ဘာ ... ကျွတ် ... နင်တော့၊ ကျွတ် ... မိန်းကလေးဖြစ်နေလို့ကွာ”

“မိန်းကလေးပေမယ့် ငါတို့က ဒေါင်ကျကျ ပြားကျကျ တုံးတိုက် ကျားကိုက်ပဲ၊ နွဲ့စင်တာကို စာရဲ့စာပွဲ့နေတဲ့ နင်တို့လို သူဌေးသား ပျော့တွေကို မြင်ပြင်းကတ်လို့ အဖက်မလုပ်ချင်တာဟေ့၊ ရှင်းပြီလား”

ကျော်စံဖြိုးသည် ကြားက မျက်နှာပူ အားနာလာကာ ...

“တင့်တင့်ကလည်းဟာ၊ ထန်ကြီးက နင်ပြောသလို မဟုတ်ဘူးဟ”





“ဘာလို့ မဟုတ်ရမှာလဲ၊ ငါ့မျက်စိနဲ့ မြင်တွေ့နေရတာပဲဟာ”

“ငါတို့လမ်းက နွဲ့ဗွက်တွေကလည်းဟာ နင်ပြောသလို သူဌေးသားမပြောပါနဲ့၊ ရပ်ကွက်ထဲ နေနေကျ လက်လုပ်လက်စား ဆင်းရဲသားတွေတောင် စိတ်အနှောင့်အယှက်ဖြစ်ရတာပဲဟာ၊ သူက ထူးပြီး နုနေတာ မဟုတ်ပါဘူးဟာ”

“မသိဘူးလေ၊ နုနေတယ် ထင်လို့ပေါ့”

“ကဲပါဟာ၊ နင်လည်း ကိုယ့်ဆိုင်လာစားတဲ့လူကို၊ နင်ဆိုင်ထွက်တာလား၊ ဟုတ်လား”

“ငါ တစ်ယောက်တည်း မဟုတ်ပါဘူး၊ နုနုဝေတို့ ညီအစ်မရယ်၊ မတူးက ကြော်ပေးတယ်လေ၊ ငါတို့လေးယောက် ပေါင်းပြီး ဆိုင်လာထွက်ကြည့်တာ”

စံဖြိုးကို ကောင်းကောင်းမွန်မွန် ပြန်ပြောနေတဲ့ တင့်တင့်ရဲ့အသံဟာ မိုးသက်ထန် ထင်သလောက် မဆိုးဝါးပါ။ နဂိုသံလေးက ချိုသားပင်။ ဒီနေ့တော့ ဈေးရောင်းမှာမို့ထင်သည်။ သနပ်ခါးပါးပါးလူးကာ ဆံပင်ကို နှစ်ဖက်ခွဲ၍ သပ်သပ်ရပ်ရပ် ချည်နှောင်ထားတဲ့အတွက် ဟိုတစ်နေ့က ရုပ်သွင်နှင့် ယှဉ်လျှင်တော့ အကွာကြီး ကွာခြားနေပါသည်။

လုံချည်အပြာနု အပွင့်လေးနှင့် အင်္ကျီဖြူဆွတ်ဆွတ်လေး ဝတ်ထား၍ အံ့သြရလောက်အောင် သန့်ပြီးတောက်ပြောင်



www.burmeseclassic.com

www.burmeseclassic.com



နေတာပါ။ ရွှေငွေလက်ဝတ် တစ်စုံတစ်ရာမပါဘဲနှင့် တောင်းမှာ အကွပ် လူမှာအဝတ်ဆိုသလို သပ်သပ်ရပ်ရပ်လေး ဝတ်စားလိုက်တာနှင့် ရုပ်လေးက သန့်ထွက်လာသည်မှာ မယုံနိုင်စရာပါ။

"ကဲ ... ပြော၊ ဘာကျွေးမှာလဲ"

"ထန်ကြီး ... ဘာကြော်စားမလဲ"

"အင်း ... ဟို ... ဘူးသီးကြော်ပဲ စားမယ်"

"ဘူးသီးကြော်တစ်ပွဲ ဘယ်လောက်လဲ တင့်တင့်"

"အမယ်လေး ကျော်စံဖြိုးရယ်၊ သူဌေးသားတစ်ယောက်လုံး ပါတာ ဈေးမေးနေစရာ လိုလို့လား၊ ပြီးမှပဲ ဘယ်လောက် ကျလဲ တန်းမေးတော့ပေါ့"

"အာ ... နင်ကလည်းဟာ"

စံဖြိုးက ကြားက အနေခက်နေကာ တင့်တင့်ကတော့ မိုးသက်ထန်ကို အလကားနေရင်း ကြည့်မရသလို မျက်စောင်းတစ်ချက်ကလည်း အခြောက်တိုက် ချိတ်လိုက်ရသေးသည်။ မိုးသက်ထန်ကလည်း စိတ်တိုတဲ့ရုပ်နှင့်ပင်။

"ပူတာယူခဲ့"

"အောင်မာ ... အားလုံးပူတယ်၊ အိုးထဲက ချက်ချင်းဆယ် ချက်ချင်းချတာ၊ အလျှင်တောင်မမီဘူး၊ နင်တို့စောင့်တောင် စောင့်ရမှာ"

နည်းနည်းတော့ ပြန်ပက်ပြီးမှ ထွက်သွား၍ မိုးသက်ထန်က စံဖြိုးကို စဉ်းစားမရတဲ့ ပဟေဠိအကြည့်နှင့်ကြည့်ကာ ...





"သူက ငါ့ကို ဘာတွေ အမြင်ကတ်နေတာလဲ"

"ဟိုနေ့က သူ့ဟာသူ ဘာမပြေလည်မှန်း မသိတဲ့အချိန်မှာ မင်းက ရွှဲ့စင်တာပြောမိလို့နဲ့ တူပါရဲ့ကွာ"

"အဲဒါ သူလုပ်လို့ စဉ်တာလေ၊ သူလည်းလုပ်သေး သူကပဲ ပြောတဲ့သူကို နုသလေး ရွသလေး ပျော့သလေးနဲ့၊ သူဌေးသားလေး ဘာလေး ရိသဲ့သဲ့က ပြောသေးတယ်"

"ထားလိုက်စမ်းပါကွာ"

"ရုပ်ကတော့ အရမ်းပြောင်းသွားပါလား၊ သနားကမား ရှိရဲ့သားနဲ့ ဟိုနေ့တွေကတော့ ညစ်တီးညစ်ပတ်ကို နေတတ်တာနဲ့တူတယ်၊ တွန့်ကြေရှုတ်တွနေတာ"

"ဟဲ့ ... နင် ယောကျ်ားလေးဖြစ်ပြီး အတင်းတော်တော်ပြောတတ်ပါလား ... ဟင်၊ ငါဟာငါ၊ ညစ်ပတ်ပတ် နှင့် အပူလား၊ ငါတွန့်ကြေနေတော့ရော နင် မီးပူတိုက်ပေးရလို့လား၊ ငါရှုတ်တွတော့ရော နင်ဆွဲဖြန့်ပေးရလို့လား၊ ငါ့ အတင်းပြောတာ မကြိုက်ဘူး"

ချက်ချင်းပြန်ရောက်လာတဲ့ တင့်တင့်က တဗြဲဗြဲစွာ လိုက်ပြန်၍ မိုးသက်ထန်မှာ ခပ်ရှက်ရှက် ငြိမ်ကုပ်နေလိုက်ရပါသည်။

"ရော့ ... ဆလပ်ရွက်၊ ရော့ အချဉ်ရည်၊ ဟွန်း၊ ပါးစပ်ကို အတင်းပြောဖို့ မဖွင့်နဲ့၊ စားခါနီးမှဖွင့်၊ အရေးပါတာ ပြောမှဖွင့်"



www.burmeseclassic.com

www.burmeseclassic.com



"နင့်အချဉ်ရည်က သန့်ရဲ့လား"

မိုးသက်ထန်က အချဉ်ရည်ခွက်ကို မ,ယူပြီးကြည့်ကာ မေးလိုက်သဖြင့် ...

"နင့်ထက်သန့်တယ်"

"ဘာ"

"လူ့ကိုယ်ခန္ဓာ သုံးဆယ့်နှစ်ကောဋ္ဌာသဆိုတာ အပုပ်ကောင်ရုပ်ဆောင်ပြီး အညစ်အကြေး အရိအရွဲတွေနဲ့ ဖွဲ့စည်းထားတာ၊ ငါ့အချဉ်ရည်က ရေတ်သီး၊ မန်ကျည်းသီး၊ ကြက်သွန်ဖြူ၊ နံနံပင် သန့်ရှင်းတဲ့ ဟင်းသီးဟင်းရွက်တွေနဲ့ ရောစပ်ဖျော်ထားတာနော်၊ အဲဒါကြောင့် နင့်ထက်သန့်တယ်လို့ ပြောတာ၊ သဘောပေါက်"

တင့်တင့် လှည့်ထွက်သွားလျှင် စံဖြိုးက မအောင့်နိုင်ဘဲ တဟိဟိ တခွိခွိ ရယ်လေရာ မိုးသက်ထန်လည်း အောင့်သက်သက်နှင့် လိုက်ရယ်မောရပါသည်။

"ဘာကောင်မလေးမှန်း မသိဘူး ... စံပဲ"

"အေးကွ၊ မင်းကိုပဲ ရန်လိုနေတာ"

"အဲဒါ ငါ့ကို ကျိတ်ကြိုက်နေလို့ပဲ ဖြစ်ရမယ်"

"ဟား ဟား"

ပြောပြီး မိုးသက်ထန်က နောက်ကြောင်းမလုံသလို လှည့်ကြည့်လိုက်လျှင် သူ့ကို အတင်းမပြောနဲ့နော် ဆိုတဲ့ပုံစံနှင့်





ဆောင်ပေပေ ပြန်ကြည့်နေတဲ့ တင့်တင့်ကို အသည်းယားစဖွယ် တွေ့ရပါသည်။

"ရုပ်ကိုက လူတကာကို သူ ရှာကျွေးနေတာ ကျနေတာပဲ"

"သူက သနားတော့ သနားဖို့ကောင်းပါတယ် ထန်ကြီးရာ"

"မင်း သူ့ကို ကြိုက်နေလား"

"ဟား ... တော်စမ်းပါကွာ၊ အဓိပ္ပာယ်မရှိ၊ ကြောက်တောင်ကြောက်လို့ ခပ်လှမ်းလှမ်းက ရှောင်ရတာ"

မိုးသက်ထန်က သဘောတကျ ရယ်မိသည်။

"ဒါဖြင့် ဘာကိုသနားတာလဲ"

"မိထွေးက ခပ်ဆိုးဆိုးကွ၊ သူကလည်း ကတ်ဖိုးကတ်ဖဲ့ဆိုတော့ ထိပ်တိုက်ပေါ့ကွာ၊ ပြဿနာတက်ရင် ဆူညံနေတာပဲ၊ သူနဲ့ သူ့မိထွေးက ရပ်ကွက်ထဲမှာတော့ ကိုရီးယားအခန်းဆက် ဇာတ်လမ်းပဲ၊ ရင်နာစရာတွေလည်း ပါတယ်၊ ရင်မောစရာတွေလည်းပါတယ်"

"အဖေကော"

"သူ့အဖေကလည်းကွာ ဆယ့်သုံးလေးနှစ်ငယ်တဲ့ မိန်းမကို ယူထားတော့ ဘာမှသိပ်ပြောရဲဆိုရဲ မရှိပါဘူး၊ အလျှော့ချည်း ပေးရတာ၊ သူ့အောက်မှာ ခပ်ငယ်ငယ်နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်မွေးထားတယ်လေ၊ အဖေက မိုးလင်းထွက် မိုးချုပ်ပြန် ဆိုတော့ တစ်နေကုန် မိထွေးနဲ့ပဲ နှစ်ပါးသွားရတာ မိထွေးက မကောင်းတော့ သူ့ခမျာ ဝဝလည်းမစားရ သပ်သပ်ရပ်ရပ်လည်း မဝတ်ရ ...

သူ့ကိုယ်သူ အမြဲခုခံကာကွယ် ရပ်တည်နေရတော့ သူ့ပုံစံက ဒီလိုပဲ ရန်လိုတဲ့ပုံ ဖြစ်နေတာပါ။ သူ့ဘဝဇာတ်လမ်း သိနေတဲ့သူတွေကတော့ သူ့ကို စာနာတော့ ပြဿနာမဖြစ်ကြဘူးပေါ့၊ သူ့အကြောင်း မသိရင်သာ အမြင်ကတ်စရာပုံ ဖြစ်နေတော့ ရန်များနေတာပေါ့"

မိုးသက်ထံက စံဖြိုး ကောအတွေကို သေချာနားစိုက်ထောင်ရင်း အနည်းငယ် ငိုင်ဆေးသွားရပါသည်။ သနားကြင်နာတတ်တဲ့သူပီပီ ခုလိုကြားရတော့ ချက်ချင်းလက်ငင်းပင် ရင်ထဲကရုဏာတရားတွေ စီးမျောဝင်လာသည်။

"ရော့ ... ရပြီ"

ဘူးသီးကြော်ပန်းကန်ကို စားပွဲပေါ် ခွပ်ခနဲလာတင်လိုက်၍ ...

"မြန်းမြန်းလုပ်ပါဟာ"

ကျော်စံဖြိုးက လှမ်းပြောလိုက်ရပါသေးသည်။

မိုးသက်ထန်ကတော့ သူ့အဖို့ စားရခဲတဲ့ ဘူးသီးကြော်ပူပူနွေးနွေး ကြွပ်ကြွပ်ရွရွလေးကို တဖူးဖူးမှုတ်ကာ အားရ





ပါးရစားရင်း အရသာတွေ့နေပါသည်။ သူ့အဖို့ အမြဲတမ်း ထိုင်ဖြစ်နေတဲ့ အစားအသောက်ဆိုင်တွေမှာ ခုလို အစားအစာတွေ မရပါ။

"ကောင်းတယ်ကွ"

"အချဉ်နည်းနည်းပဲစား၊ ဘယ်လောက်သန့်တယ်ပြောပြောမင်းအူတွေ အစာအိမ်တွေက ဒီလိုအချဉ်ရည်တွေနဲ့ ထိနေကျမဟုတ်တော့ မိုက်ပျက်မယ်"

"အချဉ်ကလည်း မိုက်တယ်ကွ၊ မွှေးမွှေးလေး"

မိုးသက်ထန် အားရပါးရ ငုံ့စားနေဆဲပင် ...

"ဟယ် ... မိုးသက်"

"ဟာ ... ဖူးဖြည့် ... ပပ ... လာ၊ ထိုင်မလား၊ ငါခံ့သယ်ပေးမယ်"

"မထိုင်ပါဘူးဟာ၊ နေပစေ စံဖြိုး၊ နင်တို့ ဘာလုပ်နေတာလဲ ဒါ"

"ဟာ ... ဘူးသီးကြော် စားနေတာလေ"

မိုးသက်ထန်က ဝင်ဖြေလိုက်ပါသည်။

"ကြည့်စမ်း ... အချဉ်တွေတို့တို့ပြီးတော့"

ဂျင်းစကတ်တိုလေးတွေကိုယ်စီနှင့် ဖူးပြည့်နှင့် ပပသည် စံဖြိုး လှမ်းဆွဲယူပေးတဲ့ ခွေးခြေလေးတွေမှာ သူတို့စကတ်လေးတွေနှင့် ထိုင်မရတာမို့ မိုးတိုးမတ်တတ်ပဲ ရပ်နေရကာ



www.burmeseclassic.com

www.burmeseclassic.com



ဖူးပြည့်ကတော့ ရင်လေးဖိကာ ပါးကလေးဖိကာ မသက်မသာ အမူအရာနှင့် ရှိနေလေသည်။

"မစားလည်း ထိုင်ဦးလေ၊ စောင့်ရဦးမှာကို"

"မထိုင်တော့ဘူး၊ နင်သာ ဆက်မစားနဲ့တော့ မိုးသက်၊ တော်တော့၊ ငါ ပိုက်ဆံရှင်းလိုက်မယ်"

"ဟာ ... နင်ကလည်း စားလို့ကောင်းနေတာကို"

"ငါ ဖုန်းထဲကနေ မစားပါနဲ့လို့ သေချာပြောနေတဲ့ဟာကို ကျွတ်"

"ဘာဖြစ်လို့လဲဟ"

ဂျင်းစကတ်တို၊ အဆန်းတကြယ်အင်္ကျီတိုပြတ် ရွဲ့စောင်း အရောင်တောက်တောက်လေးနှင့် ဆံပင်က ရွှေရောင်ဒစ်ဂျစ်တယ်ရွှေကောက်။ လူကသေးသေး လက်ကရိုက်ထားတဲ့အိတ်က ကြီးကြီး။ ပဲင်ဆယ်ဟီးလ်ဒေါက်က ခြေဖျားထောက်ထားသလို ကော့ကြွနေစေကာ ဖုန်းတစ်ဖက်ကိုင်ကာ နောက်တစ်ဖက်က ခါးထောက်လိုက် ရင်ဖိလိုက် အမူအရာပါပါနှင့်။ အပွင့်တွေကျောက်တွေ ကပ်ထားတဲ့ လက်သည်းတုရှည်ရှည်တွေ တယမ်းယမ်း လက်ဟန်နှင့် စကားပြောကာ မျက်တောင်တုတပ် မျက်ဝန်းကြီးတွေနှင့် ဖူးပြည့်တို့ပပတို့ ပုံစံက လူနဲ့မတူဘဲ အဝတ်အစားဝတ်ထားတဲ့ ကော်ပတ်ရုပ်လေးတွေနှင့်သာ တူနေပါသည်။

"တော်ပါတော့ဆိုဟာ ကောင်းလည်းမကောင်းဘဲနဲ့"





"ကောင်းတယ်ဟ"

"ဘယ်လိုလုပ် ကောင်းမှာလဲ၊ အချဉ်ရည်တွေက ကြည့်ပါဦး၊ ဘယ်နရက်ကတည်းကဖျော်ပြီး မကုန်မချင်း ရောင်းနေလည်းမသိ၊ ရွှံ့စရာကြီးတွေ၊ ဝေါ့ ... မသန့်ရှင်းတဲ့ဟာကြီးတွေ စားနေလိုက်တာ မိုးသက်ရယ်၊ တော်တော့ဟာ၊ မစားနဲ့တော့"

ဖူးပြည့်က စိတ်ရှိလက်ရှိ ရွံ့မဲ့ရင်ဖိ ပြောနေဆဲအနား ကို တင့်တင့် ရောက်လာကာ အသာအယာ လက်ပိုက်ရပ်လိုက်ပါသည်။

"မိုးသက် ... တော်တော့ဆိုနေမှ၊ နင်မို့ ဒါတွေစားတယ်ဟာ"

"ကဲ ... သူဌေးသား၊ နင့်ဘော်ဒါကို ဒီအချဉ်ရည် ဘယ်လိုသန့်တယ်ဆိုတာ ပြောပြလိုက်ဦးလေ၊ အမွေးအကြိုင်တွေအုပ်လာတဲ့ သူ့ထက် ငါ့အချဉ်ရည်က သန့်တယ်ဆိုတာကို"

ဖူးပြည့်က တင့်တင့်ကို မျက်ခုံးလေးတွန့်ကာ ခပ်နှိမ်နှိမ် အထက်စီးမှကြည့်ရင်း ...

"ဘာတွေ လာပြောနေတာလဲ"

"ဘာတွေလာပြောနေလဲ၊ သူ့ကို မေးကြည့်လိုက်"

"မိုးသက် သူက ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူလား၊ ဒီအကြော် သူ ရောင်းနေတာလေ၊ ဒါ သူ့ဆိုင်"

"သြော် ... အကြော်သည်လား၊ ဘာတွေလာပြောနေတာလဲ သူက"

"ဒီအချဉ်ရည်ကို သူက သန့်ပါတယ်တဲ့၊ နင်တို့ ငါတို့ ထက်တောင် သန့်တယ်တဲ့၊ ငါတို့ နင်တို့က အပုပ်ကောင် ရုပ်ဆောင်တွေတဲ့၊ သူ့အချဉ်ရည်က ဟင်းသီးဟင်းရွက်မို့ အရမ်းပိုသန့်တာတဲ့"

"ဘာ"

တင့်တင့်က ခပ်အေးအေး ခေါင်းညိတ်လိုက်ရင်း ...

"အေး ... ဟုတ်တယ်ဟ၊ အခုဆိုရင် နင့်ဗိုက်ထဲမှာ ညစ်ပတ်တဲ့ အစာဟောင်း အကြွင်းအကျန်တွေ ရှိနေတယ်၊ ပုပ်ဟောင်နေမှာ၊ ငါ့အချဉ်ရည်ထဲမှာ ဒါမျိုးတွေမပါဘူး"

"နင် မိုက်ရိုင်းလှချည်လား၊ နင်က ဘာမို့လို့ ငါ့ကို ဒီလို လာပြောနေရတာလဲ"

"ဒါ ငါ့ဆိုင်၊ ငါ့အကြော်၊ ငါ့အချဉ်ရည်လေ၊ ဒါကို ညစ်ပတ်တယ် ရွံစရာကောင်းတယ်နဲ့ အရင်လာပြီး မိုက်ရိုင်းနေတာက နင်လေ၊ ငါ့ကို လာမိုက်ရိုင်းနေတဲ့သူကို ငါက ယဉ်ကျေးဖို့လိုလို့လား"

"တော်ပြီ၊ ကျွတ် ... အောက်တန်းကျလိုက်တာ အရမ်းပဲ"





မှုးပြည့်က ပိုက်ဆံအိတ်ကြီးကို ဖွင့်လိုက်ရင်း ...

"မိုးသက် ... ထ,ပါတော့ဆိုနေ တကယ်ပဲ"

"ကုန်ပါပြီဟ"

"ဒီမှာ ... နင့်အကြော် ဘယ်လောက်ကျတာလဲ အကြော်သည်မ၊ ဒီမှာ တစ်ထောင်ရှော၊ တစ်ပွဲတစ်ထောင်ထက်တော့ ပိုမတန်ပါဘူး မဟုတ်လား"

မှုးပြည့်က ထောင်တန်အသစ်လေးကို စားပွဲပေါ် ပစ်ချလိုက်ပါသည်။ တင့်တင့်က ခပ်အေးအေး ကောက်ယူလိုက်ရင်း သူ့လက်ထဲက အမ်းစရာ အကြွေအထပ်ထဲက ငါးရာတန် နွမ်းနွမ်းတစ်ချပ် ဆွဲထုတ်ပြီး စားပွဲပေါ်ကို မှုးပြည့်ပစ်တင်တဲ့ ပုံအတိုင်း ပစ်တင်လိုက်ကာ ...

"ငါးရာပဲကျတယ် ဒုံးခေါင်းကြီးမ,ရဲ့၊ ဒီမှာ စေတနာနဲ့ အကြံပေးလိုက်မယ်နော်၊ နင်က လူသေးပြီး ဒုံးခေါင်းက ကြီးနေတယ်၊ စကတ်တိုနဲ့ နင်နဲ့ မလိုက်ဘူး မလှဘူး သိလား၊ ပြောပြတာပါ"

တင့်တင့်က သူတို့စားပွဲနားက ပြန်လှည့်ထွက်သွားလျှင် မှုးပြည့်ကို အားနာသော်လည်း မိုးသက်ထန်ရော ကျော်စံဖြိုးပါ မရယ်ဘဲမနေနိုင်အောင် တခွီးခွီးရယ်မောမိကြလေရာ မှုးပြည့် တစ်ယောက် နီရဲတင်းမာသော ရှက်ဒေါသမျက်နှာနှင့် တောက်တစ်ချက် ပြင်းစွာခေါက်ပစ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၆

အဲဒီညနေက မိုးသက်ထန်ရဲ့ကြီးကြီး မွေးနေ့လည်းဟုတ်၊ ကြီးကြီးနှင့် ဘဘတို့ရဲ့ မင်္ဂလာနှစ်ပတ်လည် အနှစ်သုံးဆယ်ပြည့်လည်းဖြစ်။ ကြီးကြီးက မိုးသက်ထန်အမေရဲ့ အစ်မရင်းဖြစ်ပါသည်။ မေမေ့ဘက်မှာသာ ကြီးကြီးရယ် မေမေ့မောင်အငယ်လေးလေးရယ် မောင်နှမရင်းချာရှိတာမို့ မိုးသက်ထန်မှာ တစ်ဝမ်းကွဲမောင်နှမတွေ ရှိရတာဖြစ်သည်။

အဘိုးကတော့ မေမေ့တစ်ယောက်ကိုသာ မွေးခဲ့တာမို့ ဒီဘက်မှာ ဝမ်းကွဲမရှိပါ။ ဒီတော့ မိုးသက်ထန်ဟာ မေမေ့ဘက်က ဝမ်းကွဲတွေကိုသာ မောင်နှမအဖြစ် ချစ်ခင်ရင်းနှီးရပါသည်။ အသက်အရွယ်တွေကလည်း အရမ်းမကွာခြားလှဘဲ မတိမ်းမယိမ်းလောက် ရှိကြတာမို့ တစ်ခါတစ်ရံ သူငယ်ချင်းပေါင်းပေါင်းလို့လည်းရသည်။





ကြီးကြီးမွေးနေ့နှင့် မင်္ဂလာနှစ်ပတ်လည်အတွက် ညစာစားပွဲခင်းနှင့်ဆုတောင်းပွဲလုပ်ဖို့ စီစဉ်ထားရာ ကြီးကြီးတို့မိသားစု လေးလေးတို့မိသားစု မိုးသက်ထန်ကတော့ တစ်ယောက်တည်း အားလုံး စုဆုံစားသောက်ကြမှာဖြစ်သည်။ ညနေငါးနာရီလောက် မိုးသက်ထန် ခပ်စောစောရောက်သွားတော့ လူမစုံသေးပါ။

ကြီးကြီးရဲ့သားအငယ်ဆုံး ဥက္ကာက မိုးသက်ထန်ထက် လပိုင်းလောက် ကြီးပါသည်။ ဆေးတက္ကသိုလ်တက်နေတာ ကျောင်းမပြီးသေးပါ။ သားလတ် ကိုသီဟက ကွန်ပျူတာနှင့် ကျောင်းပြီးကာ အပြင်မှာ ပရိုဂရမ်မင်း ဆက်တက်နေသည်။ ကြီးကြီးရဲ့သမီးအကြီးဆုံး မကြီးနွယ်နွယ်ကတော့ ဆရာဝန်ဖြစ်ပြီးသူပါ။ ရန်ကုန်ဆေးရုံကြီးမှာ အလုပ်ဝင်ကာ အပြင်မှာလည်းဆေးခန်းထိုင်သည်။

လေးလေးရဲ့သားတစ်ယောက် သမီးတစ်ယောက်ကတော့ မိုးသက်ထန်ထက် ငယ်ကြ၍ ကျောင်းတက်နေကြဆဲတွေပါ။ လေးလေးသား "ညီလတ်"ရယ်၊ "ဥက္ကာ"ရယ် မိုးသက်ထန်ရယ် ဂိမ်းမ်ထိုင်ဆော့နေကြတုန်း ...

"ဥက္ကာရေ ... ခဏနေ မကြီးကို သွားကြိုနော်၊ ကိုကိုက ဒီညနေ ခုနစ်နာရီကျော်မှ ရောက်မှာတဲ့၊ သားငယ်ပဲသွားကြိုရမယ်"

"အာ ... မေမေကလည်း၊ ဒီမှာ ဂိမ်းကောင်းနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... မရဘူး၊ ထန်လေးနဲ့ ညီလတ် သူ့ဟာသူ ဆက်ဆော့နေကြပစေ၊ မင်းကတော့ မကြီးကို သွားကြို့ရမယ်"

"အာ ..."

ဥက္ကာက သူတစ်ယောက်တည်း သွားရမှာ ပျင်းရိဂျစ်တိုက်နေ၍ ...

"ငါတို့အားလုံး တူတူသွားကြိုလိုက်မယ်လေကွ ဥက္ကာ၊ လာပါ ထ,၊ ကြီးကြီး အခုသွားရမှာလား"

"အေး ... ခြောက်နာရီခွဲ သူ့ဆေးခန်းက ပြီးမှာလေ၊ ဘာလဲ ... ထန်လေးတို့ပါ လိုက်ကြမလား"

"ဟုတ်ကဲ့ ကြီးကြီး၊ ဥက္ကာ အဖော်ရအောင်"

"အေး ... သွားကြစမ်းပါကွယ်၊ ဒီဥက္ကာတစ်ယောက်ကသားတို့ညီအစ်ကိုတွေ ရောက်နေတော့ သူက မထွက်ချင်တော့ဘူး ဖြစ်နေတယ်"

ဒီလိုနှင့် သူတို့သုံးယောက်သား ဂိမ်းမ်ကိုရပ်ကာ ဥက္ကာက ကားမောင်း၍ ထွက်ခဲ့ကြပါသည်။

"ကိုဥက္ကာကို ဟိုတစ်နေ့က ကျွန်တော် လှမ်းမြင်လိုက်တယ်"

"ဟုတ်လား၊ ဘယ်နားမှာ မြင်လိုက်တာလဲ"

" '......'ကော်ဖီဆိုင်မှာ ကောင်မလေးနဲ့၊ ဟား ဟား နှစ်ယောက်တည်း"





"ဩော် ... အေး ... ဟုတ်လား၊ ငါတော့ မင်းကိုမမြင်ပါဘူး"

"ဘယ်မြင်မလဲ၊ ကိုဥက္ကာက တခြားကို အာရုံမှမရှိဘဲ၊ လှတယ်ဗျ ကိုဥက္ကာ၊ အရမ်းမိုက်တယ်"

"အေး ... ဟုတ်လား၊ ဟား ဟား ... မင်း တော်တယ်"

"ကိုထန်လေးရော"

"ဘာလဲ"

"ကောင်မလေး မရှိဘူးလား၊ ကိုထန်လေးကိုတော့ ဟိုနားတွေ့လိုက်၊ ဒီနားတွေ့လိုက် ခဏ ခဏ တွေ့ပါတယ်၊ တွေ့လိုက်တိုင်း ဘော်ဒါတွေနဲ့ချည်းပဲ၊ ကောင်မလေးနဲ့တွဲပြီးတော့ တစ်ခါမှကို မမြင်ဖူးဘူး"

"ရည်းစားများကွာ၊ မထားချင်ပါဘူး အလုပ်ပိုတယ်"

"ဟော့ကောင် ညီလတ်၊ မင်း သိထားဖို့က ထန်လေးကအေးအေးဆေးဆေးနေရ ပြီးရော၊ ဘာမှမလုပ်ချင်တဲ့ထဲမှာရည်းစားထားတာလည်း ပါတယ်၊ ရည်းစားတစ်ယောက်ရဖို့ လိုက်ရမှာလည်း သူက ပင်ပန်းတယ်ကွ ... ဟားဟား"

"ကိုထန်လေးကတော့ စံပဲဗျာ"

"ဒါပေမဲ့ မင်းမပူနဲ့၊ သူ့အဘိုးက သူ့ကို အလုပ်ထဲလည်းဝင်ရမယ်၊ မိန်းမလည်း ယူရမယ်လို့ အတင်း push လုပ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမက ဘာလို့ ယူခိုင်းတာလဲ"

"ဒီကောင် တာဝန်ယူလိုစိတ် မရှိလွန်းလို့တဲ့ ... ဟားဟား၊ မိန်းမရသွားရင် ကိုယ့်တာဝန်လေး ကိုယ်သိ၊ ကိုယ့်မိန်းမကို ရှာကျွေးရမှာမို့ တာဝန်ယူစိတ်လေးလည်း ရှိလာမယ်ပေါ့ကွာ၊ သူ့ဟာသူ ရည်းစားမထားရင် သူ့အဘိုးက ရှာပြီး ပေးစားလိမ့်မယ်"

"အာ ... အဲဒါတော့ ဘယ်မိုက်မလဲ၊ ကိုထန်လေးအဘိုးက ပေးတဲ့ မိန်းမကို ကိုထန်လေး မကြိုက်ရင် ဖီလင်မလာ ဘယ်လိုလုပ်မလဲ၊ မကောင်းပါဘူး၊ ကိုယ့်ဟာကိုယ် ရှာကြိုက်ရတာမှ ကောင်းဘာ"

"အေးပင်မာ ... ဟား ဟား၊ မင်းက တွေ့နေပြီလား လက်"

"မတွေ့သေးပါဘူး၊ ဒါပေမဲ့ ကျွန်တော်က ကြိုက်တဲ့မိန်းကလေးကို ကိုယ့်ဘာသာရှာပြီး ပရိုပို့စ်လုပ်မှာပေါ့၊ ကိုထန်လေးက ရည်းစားမထားချင်သေးတောင်မှ ကြိုက်တာလေးရော မတွေ့သေးဘူးလား"

"ဟင့်အင်း"

မိုးသက်ထန်သည် ခေါင်းကို ယမ်းခါလိုက်ရင်း တန်းလန်းက ဖျတ်ခနဲ တင့်တင့်ကို မြင်ယောင်လိုက်မိပါသည်။ သူ့ကြောင့် ရှုံ့စဉ်လို့ လှမ်းခေါ်တာကို ငဲ့ကြည့်လိုက်တဲ့ ပေစောင်း





ဆောင်းရုပ်၊ ဦးညွှန့်ဆိုင်ကနေ သူ့ကိုစောင်းမြောင်းပြောနေတဲ့ သွဲ့သွဲ့ရုပ်၊ အမ်မ်စီစီရှေ့ အကြော်ဆိုင်လေးမှာ အချဉ်ရည်နှက်ဘာဆောင့်ချတဲ့ရုပ်၊ ဖူးပြည့်ကို လက်ပိုက်ကာ သာသာနာနာနက်နေတဲ့ရုပ်။

မျက်နှာပေးလေးတွေကို ဖျတ်ခနဲ ဖျတ်ခနဲ တစ်ခုပြီးတစ်ခု အာရုံထဲ အမှတ်တရ ထင်မြင်လိုက်မိပါသည်။

"ကိုထန်လေးကလည်းဗျာ၊ အသက်ပဲကြီးလှပြီ"

"ဟေ့ကောင် ... ငါ့အသက် နှစ်ဆယ့်တစ်ပဲ ရှိသေးတယ်၊ ငါ့ဟာငါ ဘယ်သူ့မှ မကြိုက်တာ ဘာဖြစ်လဲ"

"မေမေက ပြောပြတယ်ကွ ထန်လေး၊ မင်းအမေက ဟင်းချက်အရမ်းတော်တာတဲ့၊ လက်ရာအရမ်းကောင်းတာတဲ့၊ မင်းအဘိုးက ဇနီးလည်း မရှိတော့ဘူး၊ သားတစ်ယောက်နဲ့ အလုပ်သမားတွေနဲ့ပဲ နေတော့ မင်းအဘိုးက နေ့သိပ်မကောင်းတော့ ဆရာဝန်ကြီးတစ်ယောက်နဲ့ အမြဲပြနေရတာ အဲဒီဆရာဝန်ကြီးက တစ်ပတ်တစ်ကြိမ် အိမ်လိုက်ပြီး Check-up လုပ်ဖို့ မေမေ့ကို ဘာဝန်ပေးထားတာကနေ မင်းအဘိုးက ငါတို့အမေနဲ့ ခင်သွားတာ"

"အဲဒါ သိတယ်လေ"

"ဪ ... သိလား၊ ဒါဖြင့် ငါတို့အဒေါ် မင်းအမေကို ဘာဖြစ်လို့ ချွေးမရွေးလည်းရော သိလား"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး"

"တစ်ရက်မှာ ဖေဖေက မင်းအဘိုးကို အိမ်ကို ထမင်းဖိတ်ကျွေးတာ၊ မေမေက ချက်တာပြုတ်တာ သာမန်ဆိုတော့ အန်တီလေးကို အကူအညီခေါ်တယ်၊ အန်တီလေးလက်ရာက ဖွင့်ထားတဲ့ မြန်မာထမင်းဆိုင်တွေတောင် အရှုံးပေးရလောက်အောင် ကောင်းတာတဲ့ကွ၊ အဲဒီနေ့က အန်တီလေးက အိမ်မှာလာချက်ပေးတာ၊ မင်းအဘိုးက စားလည်းပြီးရော ကောင်းလွန်းလို့ အရမ်းချီးမွမ်းတာ ...

ဘယ်သူချက်တာလဲဆိုတော့ မေမေကလည်း သူ့ညီမလေးက ဟင်းချက်ကောင်းလို့ လာချက်ပေးတာပါဆိုပြီး မင်းအမေကိုခေါ်ပြီး မိတ်ဆက်ပေးတာပေါ့၊ အဲဒီမှာ အဘိုးက အန်တီလေးကိုတွေ့ပြီး စကားတွေပြောရင်း တစ်ခါတည်း သဘောကျပြီးတော့ မင်းအဖေနဲ့ စပ်တော့တာ"

"ဩော် ... ဟုတ်လား၊ အဲဒီလိုလား ... ဟား ဟား၊ အဘိုးရော အဖေရော မပြောဖူးတော့ ငါတောင်မသိဘူး"

"မေမေကတော့ မိန်းမဆိုတော့ ရှေးဟောင်းနှောင်းဖြစ်တွေ သိပ်ပြောတတ်တာ၊ ဒီအဖြစ်အပျက်တွေဆိုရင် အပ်ကြောင်းတောင် ထပ်နေပြီ၊ အန်တီလေးက ချောလည်းချော၊ လိမ်လည်းလိမ္မာ၊ သိမ်သိမ်မွေ့မွေ့လေးတဲ့၊ ဒါကြောင့် သိပ်ကြီးကြွယ်ကြွယ်ဝဝလည်း မဟုတ်ဘဲ မရှိမရှား သာမန်လူတန်း





စား သားသမီးဖြစ်တဲ့ အန်တီလေးကို အဘိုးက သမီးလေးလို ချစ်သွားတာတဲ့ကွ"

"အဘိုးပေးစားလို့ ယူကြပေမယ့် ဖေဖေက မေမေ့ကို သိပ်ချစ်တာတော့ ငါသိတယ်"

"အေး ... မေမေကလည်း ပြောတယ်၊ အန်တီလေးရဲ့နူးညံ့သိမ်မွေ့ လိမ္မာယဉ်ကျေးပုံလေးကို လူတိုင်းချစ်ခင်ကြတာတဲ့၊ ယောက္ခမရော ယောက်ျားရောကလည်း အရမ်းချစ်ကြတာတဲ့"

တစ်ဖက်က ကိုသိုလ်ကောင်းပြန်တော့လည်း အခြားတစ်ဖက်က ကုသိုလ်က မကောင်းပြန်တာပါ။ မေမေက အစာအိမ်ကင်ဆာကို အတော်နောက်ကျမှ သိခဲ့ရပြီး သိပြီးမကြာမတင်မှာပဲ ဆုံးပါးကွယ်လွန်ခဲ့ရတာ။

"ဒီတော့ ငါဆိုလိုတာက မင်းအဘိုးက ရွေးမရွေးတော့ တော်ပါတယ်၊ မင်းအတွက် ခြေးရွေးမရွေးရင်လည်း အကောင်းစားလေး ချစ်စရာလေးကိုပဲ ရွေးမှာပါ၊ ဆိုးဆိုးဝါးဝါးတော့ မလာပါဘူး စိတ်ချ"

မိုးသက်ထန်သည် တင့်တင့်ကိုသာ နောက်တစ်ကြိမ် မြင်ယောင်ပြန်သည်။ မေမေ့ကို ဘိုးဘိုးက ချွေးမအဖြစ် တစ်ထိုင်တည်း ချစ်ခင်သဘောကျသွားသည်မှာ နူးညံ့သိမ်မွေ့ လိမ်မာယဉ်ကျေးပြီး မိန်းမပီသပုံကလေးကြောင့်တဲ့။ တင့်တင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကတော့ ဗောလောကြမ်းတော ရန်လိုရိုင်းပျ ရွဲ့စောင်း နေတဲ့သူ။ အင်း ... ဘယ်လိုမှ အဘိုးမေတ္တာမရှိချင်စရာ။

နေပါဦး ...

ငါကကော ဒီကိစ္စထဲမှာ ဒီတင့်တင့်ကိုပဲ ဘာလို့ အစားထိုး ထည့်သွင်းပြီး တွေးတွေးနေမိတာလဲ။ ဒီတင့်တင့်ကို ငါက ကြိုက်နေတာမို့လို့လား။ အမယ်လေး ... စဉ်းစားကြည့်တာ တောင် ကျောချမ်းလိုက်တာ။ ဘာကြောင့်များ သူ့ကိုထည့်ထည့် စဉ်းစားနေရမှာတုန်း။

ကျွတ် ... ခက်လိုက်တာ။

"ဒီဆေးခန်းလား ကိုဥက္ကာ"

"အေး ... ဆယ်မိနစ်လောက်တော့ စောင့်ရမယ်ကွ"

ဥက္ကာနှင့် ညီလတ်ခကားကြားမှ မကြီးနွယ်နွယ်ကို ကြိုရမယ့်ဆေးခန်းဆီ ရောက်ပြီဆိုတာ သတိပြုမိပြီး ဘေးဘီကို အကဲခတ်မိသည်။ ရပ်ကွက်ညှံညှံလေးတစ်ခုရဲ့ အိမ်တစ်လုံးဘေး မှာ ဂိုဒေါင်လေးသဖွယ် ဖွင့်ထားတဲ့ ဆေးခန်းနဲ့တွဲရက် ဆေးဆိုင် ကလေးက ပုံစံခပ်နွမ်းနွမ်းလေးပင်။

"ဗြော် ... မကြီးဆေးခန်းက ဒီရပ်ကွက်ထဲမှာလား"

"အေး ... ဘာဖြစ်လို့လဲ"

"ဟိုဘက်နှစ်လမ်းကျော်လောက်မှာ ငါ့သူငယ်ချင်းတစ် ယောက်နေလို့၊ ဒီနားကို မကြာမကြာ ဖြတ်ဖြစ်တယ်"





"ဒီနားက လက်လုပ်လက်စား ပတ်ဝန်းကျင်ပဲကွ၊ စီးပွား ရေးလည်း ချို့တဲ့သူများတယ်၊ ဒီနားကလူတွေကို မကြီးက သနားပြီး မြို့ထဲဘက်က နေရာတစ်ခု လစ်လပ်လို့ခေါ်တာ တောင် မသွားဖြစ်တော့တာ"

ကားကို ဆေးခန်းကို လှမ်းမြင်ရတဲ့ မလှမ်းမကမ်း နေရာလေးမှာရပ်ပြီး သူတို့စောင့်နေကြစဉ် မျှော်လင့်မထားတဲ့ တိုက်ဆိုင်မှုတစ်ခုနှင့် မိုးသက်ထန် ကြုံကြိုက်လိုက်ရပါသည်။

မြင်ကွင်းထဲကို သည်းထိတ်ရင်ဖို ပြေးဝင်လာတာ ကတော့ ကလေးတစ်ယောက်ကို ချီပွေ့ထားတဲ့ တင့်တင့်ပင်။ သုံးစံအတိုင်း သူ့ရဲ့အိမ်နေရင်းပုံစံဟာ မိုးသီဖတ်သီ နိုင်လှတဲ့ကြား သဲ ပြေးရလွှား၍ လွယ်ကူအောင် လုံချည်ကို တိုကိုဝတ်ထားလိုက် သားတော့ ပိုပြီးဖြစ်ကတတ်ဆန်း နိုင်နေသည်။

ပြေးလာနေတာကို ဆေးဆေးက လှမ်းမြင်နေကတည်း က တင့်တင့်ပဲ ဆိုတာ မှတ်မိပြီး မိုးသက်ဘန်က မတ်ခနဲ ဖြစ် သွားပါသည်။ ဆံပင်တွေက ဖရိုဖရဲ။ မျက်နှာက သနပ်ခါးမပါ ဘာမပါ ပြောင်တလင်းခါတဲ့အထဲမှာ ငိုကြွေးထားရပုံနှင့် ပိုပြီး ဘင်းပြောင်မို့အမ်းနေသည်။

ပြေးလာနေတဲ့ မျက်နှာသွင်ပြင်ဟာ လောကခံဖိစီး နေတဲ့ မိန်းမကြီးတစ်ဦးနှယ် နွမ်းနယ်ညှိုးသျှော်လှသည်။ ဒီလောက် ဆုငေါ်ငေါ် ရိသဲ့သဲ့ ဂျစ်ကန်ကန် ထိမထင်နဲ့ ပတ်ဝန်းကျင်ကို



www.burmeseclassic.com

www.burmeseclassic.com



ရွဲ့ဖို့စောင်းဖို့ အမြဲအသင့်ရှိပုံရတဲ့ မိန်းကလေးကို ဤမျှညှိုးလျော်နာကျင်တဲ့ရုပ်နှင့် တစ်ကြိမ်မှ မမြင်ဖူးသေးတာကြောင့် မိုးသက်ထန် အံ့အားတသင့် ကြောင်ငေးနေမိသည်။

အနားနီးလာလေ တင့်တင့် ရုပ်သွင်ကို မိုးသက်ထန် စိတ်မသက်မသာ ခံစားရလေ။ ကိုယ်က အချိန်နှင့်အမျှ ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါး ရှိနေချိန်မှာ ဤတင့်တင့်ဆိုတဲ့ မိန်းကလေးဟာ တစ်ခုမဟုတ် တစ်ခုသော နာကြည်းချက်တွေ လောကံရဲ့ ရိုက်ပုတ်ထုထောင်းမှုတွေ အခက်အခဲ ပဋိပက္ခတွေနှင့် ထွေးလုံးရစ်ပတ်ပြီး မသက်မသာ ကျော်ဖြတ်လျှောက်လှမ်းနေရတာကို အလိုလိုနေရင်း လိပ်ပြာမလုံသလို မဆီမဆိုင် ခံစားရရင်း သူ့ရင်မှာ မောပန်းလာရပါသည်။

"ဟိုမှာ ... မိန်းမတစ်ယောက် ကလေးချီပြေးလာတယ်ကွ၊ ဘာဖြစ်လို့လဲ မသိဘူး"

ဥက္ကာက တင့်တင့်ကို ပုံစံကြည့်ပြီး အသက်ကြီးကြီးကလေ;အမေ ထင်နေပုံပင်။ တကယ်တော့ တင့်တင့်ဟာ မိုးသက်ထန်တို့ထက် တစ်နှစ်လောက်ငယ်သေးတာကို မိုးသက်ထန်ကတော့ စံဖြိုး ပြောပြလို့ သိထားပါသည်။ သို့သော် သူ့ရဲ့အခုပုံစံကို ဘယ်သူကမှ ငယ်ရွယ်သေးတဲ့ အပျိုကလေးလို့ ထင်မှာမဟုတ်။

မိုးသက်ထန်သည် စိတ်ထဲ မသက်မသာ မောပန်းကာ တင့်တင့်အတွက်လည်း စိုးရိမ်ပူပန်စိတ်နှင့် ကားပေါ်မှဆင်း





လိုက်မိပါသည်၊ မိုးသက်ထန် ကားပေါ်ကဆင်းတော့ ဥက္ကာတို့ ညီလတ်တို့ပါ အတူလိုက်ဆင်းကြသည်။ တင့်တင့်က အေးခန်းထဲ ပြေးဝင်သွားတဲ့အတွက် မိုးသက်ထန်ပါ ဆေးခန်းထဲ လိုက်ဝင်သွားမိပါသည်။

"ဒေါက်တာ ... ဒေါက်တာ ရှိပါသလား၊ ရှိသေးလားဟင်"

မကြီးနွယ်နွယ်ရဲ့ နာ့စ်လေးက ...

"ရှိပါတယ်၊ ခဏစောင့်ပါဦး ... ထိုင်ပါ"

"ကျွန်မ အခုဝင်ပြပါရစေရှင်၊ ကျွန်မ ... ကျွန်မမောင်လေး"

"အားလုံး လူနာတွေချည်းပဲလေ၊ အလှည့်ကျပေါ့၊ ကိုယ့်အလှည့်စောင့်ပေါ့"

လူနာအမျိုးသမီးကြီး တစ်ယောက်က ပြောလိုက်တာဖြစ်ပါသည်။

"အန်တီရယ် ... ကျွန်မမောင်လေးက အပူလောင်သွားလို့ပါ၊ အရမ်းပူနေတာမို့လို့ပါ၊ အရင်ဝင်ပြလိုက်ပါရစေနော်၊ ကလေးက ပူလွန်း နာလွန်းလို့ သတိတောင် လစ်မလိုဖြစ်နေတာပါ"

တင့်တင့်စကားကြောင့် ဆေးခန်းလေးထဲက လူတချို့က ကလေးကို ဝိုင်းကြည့်ကြကာ မျော့မျော့လေး ညည်းညူနေတဲ့ကလေးကို မြင်ကြလျှင်တော့ စိတ်မကောင်းဖြစ်ပြီး ကန့်ကွက်စကား မဆိုကြတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



တင့်တင့်မှာလည်း မျက်ရည်လည်ရွဲ ပွပင်သောက တောက်လောင်နေတာမို့ ...

"ဒါဖြင့်လည်း ဝင်လိုက် ... ဝင်လိုက်"

မိုးသက်ထန်က ရပ်ကြည့်မနေသာတော့ဘဲ ဆေးခန်းထဲ ဝင်သွားလိုက်ကာ ဟောဟဲဆိုက်မတတ် မောပန်းနေသော တင့်တင့်ကို ...

"တင့်တင့် ... ကလေးကို ချီပေးရမလား"

"ဟင်"

တင့်တင့်က မိုးသက်ထန်ကို အံ့အားတသင့် ကြည့်လိုက်ပါသည်။ ခုနက ဇောနှင့်မို့ လမ်းတစ်လျှောက်လုံး ချီပြေးလာခဲ့ပေမယ့် အပြေးရပ်လိုက်ချိန်မှာတော့ လူက ခြေကုန်လက်ပန်းကျကာ အလွန်ပင်ပန်းမောဟိုက်နေပြီ။ ရှေ့ခန်းလေးမှာ ထိုင်စရာခုံပိုလည်း မရှိတော့ဘဲ တင်စရာနေရာလည်း မရှိတာမို့ ငါးနှစ်နီးပါးအရွယ် ကျော်စွာခန္ဓာကိုယ်ဟာ လွတ်ကျတော့လုနီးပါး လျှော့ရိလျှော့ရဲ ကျနေပါပြီ။

"ပေးလေ ... ငါ ကူချီလိုက်မယ်"

"နေပစေ"

အလွယ်တကူ အကူအညီမယူလိုပုံနှင့် ခေါင်းမာမာငြင်းလိုက်ရင်း တင့်တင့်အတွေးထဲ ဒီလူဘယ်လိုလုပ် ရောက်လာတာပါလိမ့်လို့ တွေးနေမိပါသည်။





"ပေးပါ ... အထဲကလူ ထွက်လာမှ နင်ဝင်လို့ရမှာ"

"ရတယ်"

"နင့်ပါးစပ်က ရတယ်ပြောနေပေမယ့် ကလေးကပြုတ်ကျတော့မယ်၊ ဆရာဝန်က ငါ့အစ်မပါ၊ ငါလည်း သူ့ကိုလာကြိုတာ၊ ပေး ... ငါချီသွားပေးမယ်"

မျက်ရည်စတွေ မျက်ဝန်းမှာ ပါးပြင်မှာ ရှိနေသေးတဲ့ တင့်တင့်ဟာ အကြာကြီးတော့ ဆက်မငြင်းနိုင်အားတော့ပါ။ လက်အံသေ ခြေကုန်လက်ပန်း ကျနေပြီမို့ လှမ်းယူလက်ကမ်းနေတဲ့ မိုးသက်ထန် လက်ထဲ ကျော်စွာ ခန္ဓာကိုယ်ကို လွှဲပေးလိုက်ရပါသည်။ အတွင်းခန်းက လူနာလည်း ထွက်လာပြီမို့ မိုးသက်ထန်က ကျော်စွာကိုပွေ့လျက် အခန်းထဲ လှမ်းဝင်လိုက်ပါသည်။

"ဟင် ... ထန်လေး၊ ဘယ်သူ ဘာဖြစ်လာတာလဲ"

"ကျွန်တော့်သူငယ်ချင်းရဲ့ မောင်လေး မကြီး၊ မကြီးကို လာကြိုရင်း သူနဲ့တွေ့လို့"

"ဩော် ... ဘာဖြစ်တာလဲ ညီမ"

"အပူလောင်တာပါ ဒေါက်တာ ကျွန်မ ထမင်းအိုးငှဲ့ထားတဲ့ ထမင်းရည်ပူဇလုံကို ပန်းကန်စင်ပေါ် ခဏတင်ထားမိတာ၊ သူက မီးဖိုထဲဝင်ပြီး ပန်းကန်စင်နား ဘာလာယူတယ် မသိပါဘူး၊ စင်ကိုတိုက်မိပြီး ထမင်းရည်ဇလုံ သူ့အပေါ် မှောက်ကျတယ်။ အဲဒါကို သူက ပူတော့ သူ့ကိုယ်သူ



www.burmeseclassic.com

www.burmeseclassic.com



သုတ်ဖို့ ခါဖို့နဲ့ တူပါတယ်၊ လက်နှီးကိုလှမ်းယူလိုက်တာ ထမင်းအိုးက တစ်ခါထပ်ပြီး ပြုတ်ကျတော့ ခမှုကျက်ကာစ ပူခြစ်နေတဲ့ ထမင်းတွေပါ သူ့အပေါ်ကျကုန်တာ"

ပြောရင်း တင့်တင့်ထံက ရှိုက်သံလေးတွေ ထွက်လာသည်။

"မိုက် ... မိုက်မှာရော၊ ပေါင်တွေမှာရော"

"အိုး ... ကျွတ် ... ကျွတ် ... ဟုတ်တာပဲ"

ဥက္ကာနှင့် ညီထွေးပါ အတွင်းခန်းအဝက ခန်းဆီးစလေးကို ဟ,ကာ လာကြည့်နေကြပါသည်။ မကြီးနွယ်နွယ်က စစ်ဆေးကြည့်ပြီးလျှင် ...

"ညီမလေးရေ အပူလောင်တာတွေက နည်းနည်းများတယ်၊ ကလေးကငယ်တော့ အရေပြားကလည်း နုသေးတယ်ဆိုတော့ လူကြီးလောင်တာထက် ဒဏ်ရာပြင်းတာပေါ့"

"ဟုတ်ကဲ့ ... ဘာလုပ်ရမလဲ ဒေါက်တာ"

"အစ်မကတော့ ဒီတိုင်း ဆေးလေးထည့်ပြီး အိမ်ပြန်မလွှတ်ချင်ဘူး"

"ဒါ ... ဒါဖြင့် ..."

"ဆေးရုံကို သွားလိုက်ပါ ညီမ၊ ဆေးရုံမှာ ခဏတင်ထားဖို့လိုအပ်လိမ့်မယ်"

"ရှင်"





"အိမ်မှာဆိုရင် သေချာမထားတတ် မပြုစုတတ်တာနဲ့ အနာရင်းတာ ပိုးဝင်တာတွေ ဖြစ်နိုင်တယ်၊ ဒီနားလေးတွေ အရေပြားတချို့ ပျက်စီးသွားတယ်၊ တွေ့လား ညီမ၊ ဆေးရုံခဏတင်ထားပြီး လိုအပ်သလို ဆက်လုပ်ရလိမ့်မယ်၊ အစ်မ စာရေးပေးလိုက်မယ်၊ ဒီအညွှန်းစာနဲ့ အရေးပေါ်က နေတစ်ဆင့် ဆေးရုံတင်လိုက်ပါ"

"ရှင်"

တင့်တင့်သည် ဆေးရုံတင်ရမည်ဆို၍ အတော်အခြေအနေ ဆိုးနေပြီလားဟု ပိုပြီးပူပန်စိုးရိမ်ကာ မျက်ရည်တွေ ထပ်ဝိုင်းကျလာပါသည်။

"ဘယ်မှာလဲ ... ဘယ်မှာလဲ၊ ငါ့သားလေး၊ သားလေး၊ အပူလောင်တဲ့ ကလေးလူနာ ဒီထဲမှာလား"

ဆေးခန်းအပြင်ဘက်မှ အသံကျယ်ကျယ်နှင့် အော်ဟစ်မေးမြန်းသံကို အပြင်ဘက်က လူတချို့က ပြန်ဖြေကြတဲ့အသံနှင့် ဆက်တိုက်ကြားလိုက်ရပြီး ရုတ်တရက် ခန်းဆီးစဆွဲဖွင့်ကာ ...်းမတစ်ယောက် ဝင်လာပါသည်။

"ဟင် ... ကျော်စွာ၊ သားလေး ... ငါ့သားလေး"

မိုးသက်ထန်က တင့်တင့်ရဲ့မိထွေး ဖြစ်ဟန်တူတဲ့ ...်းမကို ငြိမ်ကြည့်နေဆဲ ...

www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့သားလေးကို တမင်လုပ်တာ၊ တမင်လုပ်တာ မဟုတ်လား ... ဟင်"

တင့်တင့်မိထွေးက အော်ဟစ် ရန်တွေ့လိုက်လျှင် တင့်တင့်က ...

"ကျွန်မက ဘာဖြစ်လို့ တမင်လုပ်ရမှာလဲ၊ တမင်လုပ်စရာ ဘာအကြောင်းရှိလို့လဲ"

"ဟင် ... နင်က ကလေးကိုလည်းလုပ်သေး၊ ငါ့ကိုလည်း အော်ရဲသေးတယ်ပေါ့လေ၊ သိပ်ကိုလူပါးဝရဲနေတာပေါ့လေ ကဲ ... ကဲ"

တင့်တင့်မိထွေးသည် ရတ်တရက် တင့်တင့်ရှေ့ ဝုန်းခနဲ ရောက်လာကာ တင့်တင့်ရဲ့နဂိုကမှ ဖရိုဖရဲ နိုင်လှတဲ့ ဆံပင်တွေကို ချိုးစောင်းမှ ဆုပ်ဆွဲဆောင့်ယူလိုက်ကာ တင့်တင့်ရဲ့ မျက်နှာ ရှေ့ငိုက်ပါလာသောအခါ လွတ်တဲ့လက်တစ်ဖက်က တင့်တင့် ပါးပြင်ကို ဖြန်းခနဲကြီး မြည်ဟည်းအောင် ရိုက်ချထည့် လိုက်ပါသည်။

"ဟာ"

"ဟယ်"

"အို ... မ ... မလုပ်ပါနဲ့"

အားလုံး အာမေဋိတ်ကိုယ်စီ ရေရွတ်မိကာ မကြီး နွယ်နွယ်ပင် တားမြစ်စကား ဝင်ပြောလိုက်မိသည် အထိပင်။





တင့်တင့်ကတော့ နီရဲသွားတဲ့ ပါးပြင်ကို လက်တစ်ဖက်ဖိအုပ်ပြီး ခေါင်းကို ငိုက်စိုက်ငုံ့ချထားလိုက်ပါသည်။ မိထွေးကိုတော့ ကြောက် ...ပေမယ့် ခုကိစ္စမှာ သူ့ကိုယ်သူကိုယ်တိုင်လည်း ခွင့်မလွှတ် နိုင်သလို အပြစ်ရှိတယ် ယူဆသလို ငုံ့ခံလိုက်တဲ့ ဟန်မူရာလေး ... ခိုက်ဖေးကြည့်ရင်း မိုးသက်ထန် ရင်ထဲ သည်းသည်းနင့်နင့် ထိခိုက်နာကျင်စွာ ခံစားလိုက်ရပါလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၇

တင့်တင့်သည် လမ်းထိပ်မှာရပ်ထားတဲ့ကားကို မြ
လျှင် သက်ပြင်းလေးတစ်ချက် ကျိတ်ချလိုက်မိပါသည်။ မော
လေးကျော်စွာ ဆေးရုံတက်နေစဉ် ကာလတစ်လျှောက် သူနဲ့လည်
မဆိမဆိုင် အကူအညီတွေ လိုအပ်သလိုပေးခဲ့တဲ့ မိုးသက်ထန်
တင့်တင့် ကျေးဇူးတော့ တင်ပေမယ့် သူနဲ့ မပတ်သက် မခင်
ချင်ပါ။

ရေရှည်ပတ်သက်ခင်မင်ဖို့ သင့်တော်တဲ့သူလို့လည်
တင့်တင့် မထင်ပါ။ ဘယ်လိုမှ မနီးစပ် မအပ်စပ်တဲ့ အဆင့်န
က လူချင်းရင်းနှီးခင်မင်လို့ ပျော်စရာကောင်းမယ်လို့လည်း မထ
ပါ။ ဒါပေမဲ့ မိုးသက်ထန်ဟာ စိတ်သဘောထားကောင်းမွန်တဲ့
တစ်ယောက် ဆိုတာတော့ တင့်တင့် သဘောပေါက်ထားခဲ့ပါသ

"တင့်တင့် ... တင့်တင့်"





တင့်တင့်က သူ့ကို မမြင်ဟန်ဆောင်ကာ ခေါင်းငုံ့
ဆက်လာလျှင် နောက်ကခေါ်သံနှင့်အတူ မိုးသက်ထန်က
ပြေးလိုက်လာပါသည်။

"တင့်တင့် ... နေပါဦး၊ ခဏလေး"

တင့်တင့်က အားနာမှုကြောင့် ခြေလှမ်းရပ်လိုက်သော်
ည်း မျက်နှာကိုတော့ ခပ်တင်းတင်းနှင့်ပင် လှည့်ကြည့်လိုက်
င်း ...

"ဘာလဲ"

"တင့်တင့် ... နင် ဘယ်ကပြန်လာတာလဲ"

"ငါ ဘယ်ကပြန်လာတော့ နင်က ဘာလုပ်မလို့လဲ"

"ငါ မနက်က ဆေးရုံရောက်သေးတယ်ဟ၊ နင့်မောင်လေး ထမင်းပို့ချိန် မတိုင်ခင်ကတည်းက ဆေးရုံဆင်းသွားပြီတဲ့"

"အေး ... ဟုတ်တယ်လေ"

"ငါ လက်ဖက်ရည်ဆိုင်က ချာတိတ်လေးကို နင့်အိမ်မှာ နင်ရှိလား သွားကြည့်ခိုင်းသေးတယ် မရှိဘူးဆိုလို့ ငါ မပြန်သေးဘဲ လမ်းထိပ်က စောင့်နေတာ"

"ကဲ ... အခုတွေ့ပြီ၊ ဘာပြောမလို့လဲ"

မိုးသက်ထန်က အိုးတိုးအမ်းတမ်း ဖြစ်သွားရရင်း ...

"ဩော် ... ဟိုဟာပါဟာ၊ နင့်မောင်လေး နေကောင်းလား လည်း သိချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ သိချင်တာများ ငါ့ကို စောင့်နေမို့ လိုလို့လား၊ ငါ့အိမ်မှာ ငါရှိရှိ မရှိရှိ ကျော်စွာနဲ့ သူ့အမေ ရှိနေတာပဲ၊ နင်သတင်းမေးချင်တာဆိုရင် သွားမေးလိုက်ပေါ့"

"အာ ... နင့်အမေဆီ သွားမမေးချင်ပါဘူးဟာ"

တင့်တင့်က မျက်နှာတင်းတင်းနှင့် ...

"ငါ့အမေ မဟုတ်ဘူး၊ ငါ့မိထွေး"

"အေး ... အေးပါ၊ နင့်မိထွေးကို သတင်းမမေးချင်ပါဘူး"

"ဘယ်သူ့မေးမေး သိရဖို့လိုရင်း မဟုတ်လား၊ ကဲ ... ကျော်စွာ နေကောင်းတယ်၊ သက်သာလို့ ဆေးရုံကဆင်းရတာပေါ့၊ ဒါပဲမှလား"

တင့်တင့်က လှည့်ထွက်လိုက်သည်။

"တင့်တင့်"

"...... "

"လက်ဖက်ရည်ဆိုင်မှာ ခဏထိုင်ပါလား"

"ဘာလုပ်ဖို့လဲ"

"စကားလေး ဘာလေး ပြောရအောင်လေ၊ နင်ကလည်း ချက်ချင်းသွားတော့မှာလား"

"ချက်ချင်းမသွားဘဲ ဘာလုပ်စရာရှိလို့လဲ၊ ဒီလက်ဖက်ရည်ဆိုင်လည်း ငါ ထိုင်လေ့မရှိဘူး၊ နင်နဲ့လည်း စကားအထွေအထူး ပြောစရာမှ မရှိတာ"





"နင်ကလည်းဟာ၊ ငါတို့ ရင်းနှီးခင်မင်နေကြပြီပဲဟာ"

"ကျော်စွာ့ကိစ္စနဲ့ အထိုက်အလျောက် ရင်းနှီးသွားတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ခင်တော့ မခင်မင်ပါဘူး၊ နင်လည်း ငါ့ကို ခင်စရာမလိုဘူး"

မိုးသက်ထန်က အောင့်သက်သက် အံ့သြသွားရင်း ...

"ဘာဖြစ်လို့လဲဟာ"

"ဒီမှာ သူဌေးသား၊ နင် အဲဒီလို သူဌေးသား ဖြစ်နေတာကိုက နင်နဲ့ငါ သူငယ်ချင်း အပေါင်းအသင်း မဖြစ်နိုင်ရခြင်းရဲ့ အရေးကြီးတဲ့ အဓိကအကြောင်းရင်းပဲ"

တင့်တင့်စကားကြောင့် မိုးသက်ထန်က မျက်နှာကြီးမဲ့သွားရကာ ...

"အာ ... အဲဒါ ငါလုပ်တာမှ မဟုတ်တာ ငါက မိဘဘိုးဘွားဆီမှာ လာဝင်စားတော့ သူဌေးသားဖြစ်နေတာပေါ့၊ ငါက လူထဲက သာမန်လူပါပဲဟာ၊ ဘာများထူးနေလို့လဲ"

"ဒီမှာ မိုးသက်ထန်၊ ငါတို့က ဆင်းရဲတော့ သူဌေးတွေ ဘာတွေနဲ့ မပတ်သက်ချင် မပေါင်းသင်းချင်ဘူးဟာ၊ မမီတဲ့အဆင့်ကို ခုန်ပေါင်းနေသလို ဘေးလူတွေက ကဲ့ရဲ့မှာ အတင်းပြောမှာလည်း မကြိုက်ဘူး၊ တစ်ခုခု မျှော်လင့်ချက်ထားပြီး ပေါင်းသလို အထင်ခံရမှာမျိုး မခံနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



“မဟုတ်ရင် ပြီးတာပဲ”

“နင်ပြောသလောက် မလွယ်ဘူး၊ လူတိုင်းက အရာရာကို အမှန်အတိုင်းပဲ သိကြမြင်ကြတယ်ဆိုရင် ကမ္ဘာကြီးပေါ်မှာ ပဋိပက္ခတွေ တစ်ခုမှ ရှိတော့မှာ မဟုတ်ဘူး၊ ကမ္ဘာပေါ်မှာ ပဋိပက္ခတွေ အများအပြားတွေ ဒီလောက်များနေတာဟာ လူတွေက အမှန်ကို အမှန်အတိုင်း မမြင်နိုင်ကြလို့ပေါ့ ...

ဘယ်လိုပဲဖြစ်ဖြစ် ဆင်းရဲသားနဲ့သူဌေးပေါင်းရင် လူတွေက ဆင်းရဲတဲ့သူကို တစ်ခုခု မျှော်ကိုးလို့ အခွင့်အရေးမက်လို့ စသဖြင့် နိမ့်ရာကိုပဲနိမ်ပြီး မြင်ကြတယ်၊ အဲသလို အထင်အမြင်ခံရတာမျိုး ငါ မခံနိုင်ဘူး၊ အဲဒါကြောင့် နင့်နဲ့ သူငယ်ချင်းအပေါင်းအသင်းလုပ်ဖို့ ငါ့မှာ စိတ်ကူးတစ်စက်မှ မရှိဘူး”

မိုးသက်ထန်သည် ရင်ထဲနင့်တင်တင့် အောင့်သက်သက်နှင့် ခါးနှစ်ဖက်ကိုထောက်၍ တင့်တင့်ကို ခပ်စိုက်စိုက်ကြည့်နေမိသည်။ ထိုအကြည့်ကြောင့် တင့်တင့် သူ့ကိုအားလည်းနာ အပြစ်လည်းမကင်းသလို ခံစားရပါသည်။

ကျော်စွာ ဆေးရုံတက်နေတဲ့ ရက်တွေတစ်လျှောက်လုံး မိုးသက်ထန်ရဲ့ ကူညီစောင့်ရှောက်မှုတွေကို တင့်တင့်တို့ခံယူခဲ့ရတာတွေ ရှိတယ် မဟုတ်လား။ အဖေနင့်မိတွေး ဒေါ်အမာကို





ညဘက် အိမ်ပြန်ပို့ပေးဖူးတာမျိုးလည်း ရှိခဲ့သည်။ တင့်တင့်က သူ့ကားကို လုံးဝမစီးဖြစ်ခဲ့ပေမယ့် ဆေးရုံမှာ လိုအပ်တဲ့ အချို့အကူအညီတွေကိုတော့ ယူခဲ့ရသည်။

ဆေးရုံမှာ တင့်တင့်တို့လို လူမျိုးတွေက မပြောရဲ မဆိုရဲ မဝင်ရဲ မထွက်ရဲ အခွင့်အရေးမတောင်းရဲ၊ ဆရာဝန်ဆရာမတွေ မျက်နှာကို မရဲတရဲ ကြည့်ကာနေရပေမယ့် မိုးသက်ထန်တို့က အမျိုးထဲမှာ ဆရာဝန်တွေရော ဆေးကျောင်းသားတွေရော မနည်းမနော ပါဝင်ကာ ဟိုဆရာဝန်နဲ့သိ၊ ဒီဆရာဝန်နဲ့သိ၊ လိုအပ်တာတောင်းဆိုဖို့လည်း ပေါ့ပေါ့ပါးပါးနှင့် သူ့ကြောင့်ပဲ ကျော်စွာကို ဆရာဝန် ဆရာမတွေ မကြာမကြာ လာကြည့်ကြ ဂရုစိုက်ကြပါသည်။

အဲသလို အကူအညီမျိုးကိုတော့ တင့်တင့်လည်း မငြင်းဆန်နိုင်တဲ့အတွက် လက်ခံရတာပါပင်။ သူ့ကို အားကိုးစရာရှိတုန်းက အားကိုးခဲ့ပြီး ဆေးရုံကဆင်းကာ လိုလည်းမလိုအပ်တော့ရော ပစ်ပယ်ကျောခိုင်းလိုက်တဲ့ သဘောမျိုး သက်ရောက်နေတဲ့အတွက် တင့်တင့် မျက်နှာပူ အားနာမိတာပါ။

ဒါပေမဲ့ ရှေ့ဆက်၍တော့ သူ့ကို မခင်မင် မဆက်ဆံလို။ ကိုယ့်ထက် အဆမတန် မြင့်မားတဲ့သူကို ပေါင်းသင်းဆက်ဆံခြင်းအားဖြင့် ကိုယ့်မှာ နာကျင်စရာ တစ်စုံတစ်ရာ ပေါ်ပေါက်လာမှာမျိုးကိုလည်း အဖြစ်မခံလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါတွေအပြင် အခုကိုပဲ မိထွေးရဲ့အာရုံတွေက မိုးသက်ထန်အပေါ် အတော်ကျရောက်နေပြီ။ စိတ်ဝင်စားမှုပြင်းထန်နေပြီ။

"အဲဒီ မိုးသက်ထန်ဆိုတာ ညည်းနဲ့ တော်တော်ခင်လား"

"ဟင့်အင်း ... မခင်ဘူး"

"မခင်ဘူးတော့ ဖြစ်နိုင်ပါ့မလား၊ ညည်းအဖေနဲ့ ငါနဲ့ကို တောင် အိမ်ထိ ကားနဲ့လိုက်ပို့သေးတယ်၊ သူ့ကားကြီးက ကောင်းလိုက်တာဆိုတာ၊ ပြီးတော့ ကျော်စွာ့ဖို့လည်း စားစရာ သောက်စရာတွေ ဝယ်ပေးတာ မနည်းဘူး၊ အလကားနေ ရင်း ညည်းနဲ့ မရင်းနှီးပဲ ဒါမျိုးတွေ လုပ်ပါ့မလား"

"ကျော်စွာ့ကို အရင်ဆုံးပြေးပြတဲ့ ဆရာဝန်မက သူ့အစ်မ ဝမ်းကွဲ"

"သူ့အစ်မဝမ်းကွဲဆီ လာပြတဲ့လူနာ ဖြစ်ရုံနဲ့ ဒါတွေကူညီ ပါ့မလား၊ အဓိပ္ပာယ်မရှိတာ၊ သူ့အစ်မနဲ့ မဆိုင်ပါဘူး၊ ညည်းနဲ့ပတ်သက်ပြီး ကူညီတာ၊ ငါသိတယ်"

"ကျွန်မနဲ့ မခင်ပါဘူး"

"ဟဲ့ ... ဘာဖြစ်လို့ ဒီလောက်ပိတ်ငြင်းနေရတာလဲ၊ ညည်း နဲ့ တစ်နည်းနည်းတော့ အဆက်အစပ်ရှိတယ်။ မရှိဘဲနဲ့ ဒီလောက်ထိ ဘာလိုလိုက်ကူညီပေးနေလဲ"

"အဲဒါတော့ မသိဘူး"





"ပလီစိချောက်ချက် လျှောက်ပြောမနေနဲ့ တင့်တင့်၊ အဲသလို မျက်စိမှိတ် ပိတ်ငြင်းနေတာကိုက မရိုးသားဘူး၊ ရိုးရိုးသား သား ခင်တာကိုခင်တယ် ပြောလိုက်တာ ဘာဖြစ်သွားမှာ မို့လို့လဲ"

"ကျွတ် ... ခက်လိုက်တာ၊ ခင်မှမခင်တာ၊ သူ့ဟာသူ လိုက်ကူညီနေတာတော့ တင့်တင့်လည်း ဘယ်သိပါ့မလဲ"

"ဒါဖြင့် နင့်ကို သူက ဘယ်လိုလုပ် သိနေလဲ"

"သူက လမ်းထဲက ကျော်စံဖြိုး သူငယ်ချင်း"

"ကျော်စံဖြိုး ဆိုတာ အခု ကုမ္ပဏီအကြီးကြီးတစ်ခုမှာ အလုပ်ရသွားတဲ့ ချောချောကောင်းလေးမဟုတ်လား၊ ဘာလဲ ဒါ ဒီမိုးသက်ထန်ရဲ့ကုမ္ပဏီလား"

"အဲဒီမိုးသက်ထန်က ကုမ္ပဏီလုပ်ဖို့နေနေသာသာ အလကား အချိန်ဖြုန်းနေတဲ့ သူဌေးသား လူဆော်ကြေ၊ သူ့ဘာအလုပ် မှ မလုပ်တာတော့သိတယ်၊ ကျော်စံဖြိုးကုမ္ပဏီက ဘယ်က ကုမ္ပဏီလဲတော့ ကျွန်မလည်း မသိဘူး"

"ညည်းကလေ ထုံပဲထုံထိုင်းတာလား အ,ပဲအ,တာလား၊ အဲသလို ထုံသလို ဖျင်းသလို အ,သလို အယောင်ဆောင် တာလားတော့ မသိဘူး၊ ဘာပဲဖြစ်ဖြစ် သူဌေးသားတစ် ယောက်နဲ့ သိရကျွမ်းရတယ်ဆိုရင် ခင်ခင်မင်မင် နေလိုက် တော့ ဘာဖြစ်သွားမှာလဲ၊ အကျိုးယုတ်စရာ ဘာအကြောင်း ရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မခင်ချင်ပါဘူး"

"မခင်ချင်ပါဘူး လုပ်မနေနဲ့၊ လူကြည့်တော့ ဘာမှအသုံးကျတာလဲ မဟုတ်ဘဲနဲ့ ဘာတွေဘဝင်မြင့်နေမှန်းကို မသိဘူး၊ မိုးသက်ထန်နဲ့ ခင်ခင်မင်မင်ဖြစ်အောင်နေ၊ ဒါပဲ"

မိထွေးကလည်း ဤသို့ တစ်စခန်းထနေသဖြင့် မိုးသက်ထန်ကိုခင်ဖို့ ပိုပြီးတော့ကို မဖြစ်နိုင်တော့ပါ။ တင့်တင့်နဲ့ မိုးသက်ထန်သာ ရင်းနှီးခင်မင်သွားရင် မိထွေးတော် ဒေါ်အမာကပါ ရောပြီး လည်ပင်းညှစ် အချဉ်ဖမ်းတော့မှာဆိုတာတွေကို မြင်နေပါသည်။

"နင်နဲ့ ငါနဲ့ စမြင်ဖူးတုန်းက ငါ့ကို နင်နင်းလိုက်တဲ့ရွံ့စက် စဉ်သွားလို့ ငါပြောလိုက်တဲ့စကားက သိပ်ကိုတင်တင်စီးစီး နိုင်သွားလို့လား၊ ဟုတ်လား"

"အဲသလို မဟုတ်ပါဘူး၊ ကျွတ် ... ခက်လိုက်တာ၊ မိုးသက်ထန်ရယ်၊ ငါ ဒီလောက် ရှင်းပြနေတာကို နားမလည်ဘူးလား၊ နားဝေးလိုက်တာဟာ"

"ငါနားလည်သလောက်တော့ သူများအတင်းပြော မခံချင်လို့ဆိုတာလေးပဲ"

"အဲဒါပဲပေါ့၊ နင့်လိုသူဌေးသားအတွက် အဲဒါလေးပေမယ့် ငါတို့ဆင်းရဲသားအတွက် အဲဒါကြီး"





"သူများပြောတာ ဆိုတာလေးလောက်က ဘဝမှာအရေးပါလို့လား"

"နင်လို သူဌေးသားအတွက်တော့ အရေးမပါဘူးပေါ့၊ ငါတို့ ဆင်းရဲသား ... "

"တော်စမ်းပါဟာ၊ နင် ဒီစကားလုံးတွေကလွဲပြီး တခြားမပြောတတ်ဘူးလား"

တင့်တင့်က မိုးသက်ထန်ကို ပြုံးကြည့်လိုက်ရင်း ...

"မိုးသက်ထန် ... နင် ငါ့လိုနေရာမျိုး မရောက်ဖူးသေးလို့ပါဟာ၊ နင်က ဘာမှသိပ်မသိပါဘူး"

"ဘာလို့မသိရမှာလဲ၊ အခု နင်ပြောနေတာတွေကို အဓိပ္ပာယ်ရှိတယ်လို့ကို ငါမထင်ဘူး၊ နင် အကြောင်းပြချက်တွေ ဆွဲလွဲပြနေတယ်ပဲ ထင်တယ်၊ ဘာလဲ ... နင့်မိထွေးဆူမှာ စိုးလို့လား"

လွဲလိုက်လေ။

မိထွေးက မဆူတဲ့အပြင် နင်နဲ့တောင် ပေါင်းသင်းခင်မင်စေချင်နေသေးတာ။

"ဘာမှမဆိုင်ဘူး"

"ငါ မယုံဘူး၊ ငါ နင့်မိထွေးကို လိုက်မေးကြည့်မယ်"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"နှင့်မိတွေးကို ငါ မေးကြည့်မယ်၊ နင်နဲ့ခင်လို့ရမရ၊ မရဘူးဆိုရင် ခင်ဗျား ဘာဖြစ်လို့ပိတ်ပင် ..."

"ဟဲ့ ... နင်ရူးနေလား၊ နင့်ကိုခင်တာ မခင်တာ အပေါင်းအသင်းလုပ်တာ မလုပ်တာ ငါပဲဆုံးဖြတ်မှာပေါ့၊ သူနဲ့ဘာမှမဆိုင်ဘူး၊ နင် ဘာဖြစ်နေတာလဲ မိုးသက်ထန်၊ ငါက နင်နဲ့ အပေါင်းအသင်း သူငယ်ချင်း မဖြစ်ချင်ပါဘူးလို့ ငြင်းနေရင် နင့်မှာ မာနမရှိဘူးလား၊ လှည့်မကြည့်နဲ့တော့ပေါ့"

မိုးသက်ထန်က ခေါင်းကို အသာယမ်းရင်း ...

"မရှိဘူး ... ငါ့မှာ မာနမရှိဘူး တင့်တင့်"

"နင် ရူးနေလို့လား"

"နင့်ကို စ,သိတဲ့နေ့ကနေ ဒီနေ့ထိ နင့်ပုံစံကတစ်ရက်မှ ခင်ချင်စရာ မကောင်းဘူး၊ အမြင်ကတ်ချင်စရာပဲ အမြဲကောင်းနေပေမယ့် အဲသလို အမြင်ကတ်တဲ့ကြားက အောင့်သက်သက်နဲ့ပဲ နင်နဲ့အမြဲခင်မင်ချင်စိတ်ရှိခဲ့တာ၊ နင့်မောင်လေး ဆေးရုံကို တစ်ခါတလေ ရောက်လာရင် နင်တို့မိသားစုပုံကို မြင်ရတွေ့ရတဲ့အခါမှာ နင်နဲ့ပိုပြီးတော့တောင် ခင်မင်ရင်းနှီးချင်လာတယ် ...

နင့်ရဲ့အဖော်ကောင်းတစ်ယောက် တိုင်ပင်ဖော်တိုင်ပင်ဖက်တစ်ယောက် နေရာမှာ ငါရှိချင်လာတယ်၊ ငါ





မိန်းကလေးတစ်ယောက်ကို ခင်မင်ရင်းနှီးခွင့်ရဖို့ တစ်ခါမှ ဒီလိုခယယယ မပြောဖူးဘူး၊ နင့်ကို ငါ ဘာဖြစ်လို့ ဒီလောက်"

"တော်တော့"

မိုးသက်ထန်ရဲ့စကားတွေကို တဖြည်းဖြည်း လက်ဖျားခြေဖျားအေးစက်၊ ကြက်သီးမွေးညင်းထကာ ရင်တွေပါ တဆတ်ဆတ်တုန်လာတဲ့အထိ တုန်လှုပ်လာမိတဲ့အခါ တင့်တင့်က စကားကို ဖြတ်ပစ်လိုက်ပါသည်။ ပြောရင်း ပြောရင်းက ခံစားချက်တွေ မွန်းသိပ်တက်လာပုံရတဲ့ မိုးသက်ထန်ကို ဒီစကားတွေဆုံးတဲ့အထိ ပြောခွင့်ပြုလို့ ဘယ်ဖြစ်ပါ့မလဲ။

"ဆောရီးပဲ မိုးသက်ထန်၊ နင်က အဲသလိုတွေ ရှိနေပေမယ့် ငါ့ဘက်မှာ နင့်အတွက် ဗလာပဲ၊ ဘာမှမရှိဘူး၊ ကျော်စွာဆေးရုံတက်နေတုန်းကတော့ ငါတို့လည်း ဆေးရုံမှာ မလုပ်တတ်မကိုင်တတ်နဲ့မို့လို့ အဆိုက်အလျောက် နင့်အကူအညီယူခဲ့ရတယ်၊ အခုတော့ ကျော်စွာလည်း ဆေးရုံကဆင်းပြီ၊ အကူအညီလည်း မလိုအပ်တော့ဘူးလေ၊ နင်လည်း နင့်နေရာနင်နေ၊ ငါလည်း ငါ့နေရာ ငါနေပေါ့ဟာ"

မိုးသက်ထန်သည် ရင်ထဲ အသည်းတွေ တလိပ်လိပ်ယားတက်လာပြီး ဒေါသတွေပွလာပါသည်။ ယောကျာ်းလေးတစ်ယောက်သာဆိုရင်တော့ အဲဒီ တင့်တင့်ကို လက်သီးတစ်လုံးလောက်ပစ်သွင်းလိုက်ချင်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ပါးစပ်ကထွက်တာ လျှောက်ပြောနေတာ ငါသိတယ်၊ ငါမခံချင်အောင် ငါဒေါသထွက်အောင် ပြောနေတာလည်း ငါသိတယ်၊ ဒီလိုတွေပြောလို့ ငါက စိတ်တို ဒေါသထွက် စိတ်ပျက်ပြီး နင့်အနား ရောက်မလာတော့ဘူးလို့ နင်ထင် နေရင် မှားမယ် တင့်တင့်၊ နင်ထင်တာတွေလည်း မှားနေ တယ်၊ ငါနဲ့ခင်လို့သာ အတင်းပြောခံရမယ်ဆိုရင် စံပြိုးရော ဘယ်လိုလုပ်မလဲ"

"ဘာဆိုင်လဲ၊ သူက ယောကျ်ားလေးပဲ၊ ငါကမိန်းကလေး၊ အဲဒါ အပြင် ငါက အမြဲကံဆိုးတတ်တဲ့ ထုံးစံရှိတယ်၊ ငါ့ အလှည့်ကျ အတင်းပြောခံရမှာ"

ဘဝကို နောက်တစ်မျိုး စိတ်ပျက်နာကြည်းချက် ထွက်လာပြန်တဲ့ တင့်တင့်ကို မိုးသက်ထန်က သက်ပြင်းတစ်ချက် နှင့် အသာခေါင်းယမ်းစိုက်ကြည့်နေမိသည်။ ဒီကောင်မလေးဟာ သူ့ဘဝကို အတော်စိတ်ပျက်လက်ပျက် ဖြစ်နေတာ။ အဲဒီစိတ် ပျက်မှုအပေါ်မှာပဲ ဂျစ်ကန်ကန် အရှဲ့တွေ တိုက်နေတာလေ။

သူ့နာကျင်မှု စိတ်ပျက်မှုတွေဟာ သူနှင့်ပတ်ဝန်း ကျင်ကို သဟဇာတမဖြစ်အောင် လှုံ့ဆော်သွေးထိုးနေတာပင်။

"အဓိပ္ပာယ်ကို မရှိဘူး"

မိုးသက်ထန် စကားကြောင့် တင့်တင့်က ဟွန့်ခနဲ မနိုးမခန့် တစ်ချက်ရယ်ရင်း ...





"ငါ့ကို မွေးလိုက်တာနဲ့ ငါ့အမေက ကျန်းမာရေးချို့တဲ့သွား တာဟ၊ ငါ့အဘွားကပဲ ငါ့ကို ပြုစုစောင့်ရှောက်ရတာ၊ အမေက တရှောင်ရှောင်ဖြစ်သွားတာ ဆုံးတဲ့အထိပဲ၊ ငါ့ အမေဆုံးပေမယ့် ငါ့အဘွားသာ ခုထိရှိသေးရင် ငါ့အဖေ လည်း နောက်မိန်းမယူဖြစ်ချင်မှ ယူဖြစ်မှာပေါ့ဟာ၊ အဘွား ကလည်း ဆုံးသွားတော့ အဖေက နောက်မိန်းမယူတဲ့အဖြစ် ကို ရောက်ရော၊ မိထွေးရတော့လည်း ကံမကောင်း၊ ဆယ် တန်းဖြေတော့လည်း ဆက်တိုက်ကျ၊ ငါ့ဘဝတစ်လျှောက် မှာ ကံကောင်းလိုက်တာလို့ပြောစရာ ဘာများရှိလဲ"

"ဒါမျိုးတွေက ဖြစ်လေ့ဖြစ်ထ ရှိတာတွေပဲဟာ"

"နင် မသိလို့ပါဟာ၊ ငါဟာလေ ပဲလှော်ထုပ်ထဲပါတဲ့ ဗေဒင်ဟောစာတမ်းမှာတောင် မကောင်းတဲ့ အဟောတွေ ချည်း ကြုံရတယ်၊ စိတ်ကူးယဉ်ဆန်ရော အပျော်ကောင်း ကောင်းလေးမျိုးများ ပါကိုမပါဘူး"

"ဒါပေမဲ့ ငါနဲ့ခင်ရရင်တော့ နင် ကံကောင်းဖို့ပဲ ရှိမှာပါ တင့်တင့်"

"ဟင့်အင်း ... မယုံဘူး၊ ပိုတောင်ဆိုးမယ်လို့ ငါထင်တယ်"

"မဖြစ်နိုင်တာဟာ၊ ကဲ ... အခု အဲဒီပဲလှော်ဗေဒင်ကို ငါ တို့ အခုကြည့်ရအောင်လေ၊ ငါ တစ်ထုပ်ဝယ်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးသက်ထန်က ပြောရင်းက ဘောင်းဘီအိတ်ထဲ ပိုက်ဆံနှိုက်လိုက်ပါသည်။ ဟိုးတလောက စံပြိုးကို သူဝယ်ခဲ့ခိုင်းတဲ့ ပဲလှော်နှစ်ထုပ်မှာပါလာတဲ့ ဗေဒင်ဟောစာတမ်းတွေကတော့ တစ်ခုက ...

"ခြေနှစ်ချောင်းထွက်မည်"တဲ့။ အတိတ်နိမိတ်သာယူနေရင် ဒီအဟောကြီးက အတော်ဆိုးတာပေါ့။ ခြေနှစ်ချောင်းထွက်မည်ဆိုတော့ အိမ်သားထဲက တစ်ယောက်ယောက်သေတော့မှာလိုလို။ မိုးသက်ထန်ကတော့ အယုံအကြည်လည်းမရှိ၊ စိတ်ကိုပေါ့ပေါ့ပါးပါးလည်း ထားတတ်သူမို့ ...

"ခြေနှစ်ချောင်းက အမြဲ အပြင်ကို ထွက်နေတာပဲဟာ။ အကြာကြီးနေမှ အိမ်ကို တစ်ခါပြန်ကပ်ပြီး အဲဒီခြေနှစ်ချောင်းက ပြန်ဝင်လာတာ၊ ခုလောလောဆယ်လည်း ဖေဖေက သင်္ဘောပေါ်မှာမို့လို့ ခြေနှစ်ချောင်း ထွက်နေတာပဲပေါ့"

အဲသလိုပဲ စိတ်ကတွေးလိုက်မိတာပင်။ နောက်တစ်ခုကကျတော့ ...

"သာသနာပြုရန်ရှိသည်"တဲ့။

ဒါကလည်း ဘာမှအတိတ်နိမိတ်ကောက်နေဖို့မလို။ ပြုရန်ရှိရင် ပြုလိုက်ရုံပေါ့၊ ပြုရန်မရှိလည်း ပြီးတာပဲပေါ့။ ငယ်သေးတဲ့ ယောကျာ်းပျိုတစ်ယောက် ဖြစ်တဲ့အတွက် ဤအဟောကို





ဒီတော်ဝင်စားစရာ မရှိလှ။ အမြဲတမ်းတော့ အားလုံးက အဆိုးချည်းဖြစ်မနေလောက်ပါဘူးဟု မိုးသက်ထန် ထင်သည်။

"နေဦး"

"ဘာဖြစ်လို့လဲ၊ နင်က ကံဆိုးတယ်၊ ကံဆိုးတယ်ချည်းပြောနေတာဆိုတော့ ဒီတစ်ခါ ကြည့်ကြည့်ရအောင်လေ"

"ငါကလည်း အဲဒီပဲလှော်ဗေဒင်လေးကို ဖွင့်ကြည့်ရတာကိုပဲ အစွဲကြီး စွဲနေတဲ့သူဆိုတော့ နင်နှစ်ခါမပြောရဘူး ကြည့်မှာပါ၊ ဒါပေမဲ့ နင်မဝယ်နဲ့လေ မိုးသက်ထန်ရဲ့၊ နင်ဝယ်လိုက်ရင် နင့်ရဲ့ကံ ဖြစ်သွားမှာပေါ့၊ ငါဝယ်မယ်၊ အဲဒါမှ ငါ့ရဲ့ကံကိုတွေ့ရမှာ"

တင့်တင့်က ဦးညွန့်ရဲ့ကုန်စုံဆိုင်ထဲ ဝင်သွားလိုက်ကာ ပဲလှော်ထုပ်တစ်ထုပ် ဝယ်လိုက်ပါသည်။ မိုးသက်ထန်ကလည်း ဆိုင်ထဲကို ဝင်လာသည်။ ဦးညွန့်က ကလေးနှစ်ယောက်ကို အကဲခတ်နေပါသည်။

"ကဲ ... ဖွင့်"

တင့်တင့်က ပဲလှော်ထုပ်ကို လက်သည်းနှင့်ထိုးဖောက်ကာ ပဲလှော်တွေကြားထဲမှ စက္ကူခေါက်လေးကို နှိုက်ယူဖွင့်ဖတ်လိုက်ပါသည်။

"ဘာတဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



မိုးသက်ထန်က စိတ်ဝင်တစား ခေါင်းတိုး၍ ဖတ်လိုက်လျှင် ဖတ်ပြီးသွားတဲ့ တင့်တင့်က မဲ့တဲ့တဲ့လေး ခေါင်းမော့ရယ်ရင်း ...

"ရော့ ... ဖတ်၊ ငါ နင်နဲ့ အပေါင်းအသင်း မလုပ်ဖို့သေချာသွားပြီ"

မိုးသက်ထန် လက်ထဲ စာရွက်လေးကို ထိုးထည့်ကာ တင့်တင့်က နောက်ကြောင်းမကြည့်စတမ်း ထွက်ခွာသွားတော့တာမို့ မိုးသက်ထန်က စာကြောင်းကို ကမန်းကတန်း ငုံ့ဖတ်လိုက်ပါသည်။

"သပုပ်လေလွင့် အပြောအဆိုခံရကိန်းရှိသည်။"

"ကျွတ် ... ဟာကွာ"

မိုးသက်ထန်က စာရွက်ကို ဖြဲခနဲ ဆွဲဆုတ်ပစ်လိုက်ရင်းက အနီးအနားမှာ တစ်ယောက်သာရှိတဲ့ ဆိုင်ရှင်ဦးညွန့်ကို မကျေမချမ်း လှည့်ကြည့်လိုက်ပါသည်။

"ဦးလေးရဲ့ ဒီပဲလှော်ထုပ်ကလည်းဗျာ၊ ဆိုင်တင်ရောင်းမနေပါနဲ့တော့၊ ကောင်းတဲ့အဟောလည်း တစ်ခုမှ မပါဘူး"

"ငါ့ပဲလှော်ထုပ် မဟုတ်ပါဘူးကွာ၊ ငါလည်း ဖောက်သည်ယူရောင်းတာပါ"

"ဝယ်စားရတဲ့သူ စိတ်ချမ်းသာအောင် စာစာစ်ကြောင်းရေးထည့်ရတာချင်းတူတူ ကောင်းတာလေးတွေပဲ ထည့်ပါတော့





လားဗျာ၊ သူ့ဟောစာတွေက စိတ်ဆင်းရဲချင်စရာတွေချည်းပဲ၊ စိတ်ချမ်းသာစရာလေးတွေရေးတော့ ဘာဖြစ်သွားမှာမို့လို့လဲ ... တောက်"

"ဟား ဟား ဟား ... မင်း ပြဿနာကလည်း မသေးပါလားကွ ကောင်လေးရ၊ ဒီမယ် ... သူဌေးသားလေး၊ တင့်တင့်ကို စိတ်ချမ်းသာအောင် လုပ်ပေးနိုင်ဖို့က တယ်မလွယ်လှဘူးကွ"

"ဘာဖြစ်လို့ မလွယ်ရမှာလဲ၊ လွယ်လွယ်လေး"

မိုးသက်ထန်က စိတ်ပေါက်ပေါက်နှင့် ဦးညွန့်ကို ဘုတောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟာ ... ဟောကောင်တွေ၊ ခဏရပ် ... ခဏရပ်"

"ဘာလဲကွ"

လင်းထိုက်က ကားကို ရှေ့နားဘေးတိုးကပ်ကာ အလန့်တကြား ရပ်လိုက်ပါသည်။

"ဟိုမှာ ... ဟိုဟာကွ"

"ဘယ်ဟာလဲ"

ကားပေါ်မှာ မိုးသက်ထန်၊ ဉာဏနှင့် လင်းထိုက် သုံးယောက်လုံးပါသည်။ စံဖြိုးကတော့ အလုပ်ဝင်နေပြီဖြစ်ကာ လင်းထိုက်တို့ ဉာဏတို့ကလည်း သူတို့သင်တန်းနဲ့ သူတို့ဆိုတော့ သူငယ်ချင်းတစ်တွေ မကြာ မကြာ မဆုံဖြစ်တော့တာပါ။ ဒီနေ့တော့ မဆုံတာကြာပြီဆိုပြီး လင်းထိုက်က ချိန်းတဲ့အတွက် သူတို့ သုံးယောက် ထွက်လာဖြစ်ကြတာ။





"တင့်တင့်ကွ ... တင့်တင့်"

"ဘယ်က တင့်တင့်လဲ"

"စံဖြိုးတို့လမ်းထဲက တစ်ယောက်ကွာ လင်းထိုက်ရာ၊ မင်းက ခုတလော ငါတို့နဲ့ သိပ်မဆုံလို့ ဒီဇာတ်လမ်းမသိဘူး၊ အလကားကွာ၊ ဒီကောင်ကို လုံးဝအရေးလုပ်တာ မဟုတ်တဲ့ အလကားဟာမလေးပါ"

သုံးယောက်သား ခေါင်းတွေ နောက်ဘက်လှိမ်ကာ လှမ်းကြည့်နေရင်း ...

"ဘယ်တစ်ယောက်လဲ၊ ဘယ်ဟာလဲ"

"ဟိုနားမှာကွ၊ စာရွက်တစ်ရွက်ကိုင်ပြီး ဆိုင်းဘုတ်တွေ ကြည့်နေတာလေ၊ ရှပ်အင်္ကျီနက်ပြာကွက်လေးနဲ့လေ"

"နေပါဦး၊ မင်းက ဘာလုပ်ဖို့ ရပ်ခိုင်းတာလဲ"

"ခဏပါကွ၊ သူနဲ့ငါ မတွေ့တာကြာပြီ၊ သူတို့လမ်းကလည်း သိတဲ့အတိုင်း ဗွက်ပေါက်နေတော့ တော်ရုံမဝင်ဖြစ်ဘူးလေ"

"မတွေ့ဖြစ်တော့ ! !"

"ငါ ခဏလေး ဆင်းနှုတ်ဆက်လိုက်မယ်ကွာ၊ ခဏပဲ"

"ဟာ ... ဟောကောင်၊ မင်းက ရောဂါပဲ၊ ဒီနားကားရပ်လို့ မရဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေကွာ၊ ငါတို့မတွေ့ဖြစ်တာကြာလို့ ဆုံပါတယ်ဆိုမှကွာ၊ မင်းက ပြဿနာရှာပြီ"

"သူနဲ့လည်း မတွေ့ဖြစ်တာ ကြာလို့ပါကွာ၊ ခဏပါ"

မိုးသက်ထန်က ရှတ်ကားပေါ်က ဆင်းဖို့ပြင်နေတာမို့ ...

"ဟော့ကောင် ထန်ကြီး အဓိပ္ပာယ်မရှိတာကွာ၊ ဘာမှသွားတွေ့နေစရာမလိုတဲ့ဟာကို၊ ဘယ်လိုမှလဲ ဇာတ်လမ်းမဖြစ်နိုင်တဲ့ဟာကိုကွာ"

"ဆောရီးကွာ၊ ငါ့ကို မစောင့်ရင် မစောင့်နဲ့တော့၊ ခဏနေမှ ဖုန်းဆက်ပြီး မင်းတို့ရှိတဲ့နေရာကို ငါ လိုက်လာခဲ့မယ်"

"ဟော့ကောင်"

"ဟော့ကောင် ... ထန်ကြီး"

နှစ်ယောက်လုံး ဝိုင်းဟန့်နေတဲ့ကြားက မိုးသက်ထန်က ကားထဲက ဆင်းချသွားပါသည်။

"ဒီကောင် ဘယ်လိုဖြစ်တာလဲ၊ ဟိုကောင်မလေးကလည်း ခပ်ရွှဲရွှဲလေးပါလား"

"ရွှဲရွှဲလေး မဟုတ်ပါဘူးကွာ အရွှဲကြီးပါ၊ လာကွာ ... ဒီကောင့်ကို မစောင့်နဲ့တော့၊ ကားလည်းဖမ်းခံထိမယ်၊ ကိုယ့်ဟာကိုယ် သွားတော့မယ်"





မိုးသက်ထန်ကတော့ တင့်တင့်ကို မမျှော်လင့်ဘဲ သွားရင်းလာရင်း အပြင်မှာတွေ့လိုက်ရ၍ ရင်တွေတဒိတ်ဒိတ်ခုန်ပေါက်လာတဲ့အထိ ဝမ်းသာကာ နောက်ကြောင်းကိုမေ့ပြီး တင့်တင့်ရှိရာနေရာအထိ အပြေးလာခဲ့ပါသည်။ သူ အနားမရောက်ခင် တင့်တင့်က သူမော့ကြည့်နေတဲ့ ဆိုင်းဘုတ်အောက်ကဆိုင်ထဲ လှမ်းဝင်သွားတာမို့ သူ ဆိုင်ရှေ့ရောက်တော့ တင့်တင့်ကို မမြင်ရတော့ပါ။

မိုးသက်ထန်က ဆိုင်ပေါက်ဝကို ရောက်လာသည်။

"အစ်ကို ... ဘာလိုလို့လဲ"

ဆိုင်ကပစ္စည်း အတော်စုံစုံရောင်းတဲ့ စတိုးဆိုင်တစ်ဆိုင် ဖြစ်နေပါသည်။

"ဩော် ... ကျွန်တော့် သူငယ်ချင်းတစ်ယောက် ဒီထဲဝင်သွားလို့ပါ"

ဆိုင်ထဲလှမ်းဝင်လိုက်ကာ မိုးသက်ထန်က တင့်တင့်ကိုရှာသည်။ တိုက်ခန်းကျယ် မြေညီထပ်မှာ ဖွင့်ထားတဲ့ဆိုင်မို့ ဘေးနှစ်ဖက်ကောင်တာဗီရိုတွေ အလယ်ခင်းကလေးတွေကိုဖြတ်ကာ ဟိုးနောက်နားအထိ မြင်သာတဲ့အထဲ တင့်တင့်ကိုမတွေ့။ တင့်တင့် ဒီဆိုင်ထဲတော့ ဝင်သွားတာ သေချာပါသည်။

ဟိုဘက်ဘေးကပ်ရက်ဆိုင်က စားသောက်ဆိုင်။ ဒီဘက်ကပ်ရက်ဆိုင်က အမျိုးသားဝတ်ရှပ်၊ တိုက်ပုံ၊ ဘောင်းဘီ



www.burmeseclassic.com

www.burmeseclassic.com



တွေချုပ်တဲ့ Tailor ။ ဒီတော့ တင့်တင့် ဝင်သွားတာ ဒီဆိုင်ကလွဲပြီး မဖြစ်နိုင်ပါ။

"ဘာရှာတာလဲရှင့်"

"ဩော် … ကျွန်တော့်သူငယ်ချင်း ဝင်သွားလို့ ဝင်ရှာတာပါ"

"ယောကျ်ားလား မိန်းကလေးလား"

"မိန်းကလေး"

"တွေ့လား"

"မတွေ့ဘူးဗျ"

ဆိုင်ထဲက အရောင်းဝန်ထမ်းမလေးကပါ ဟိုကြည့်ဒီကြည့် ဝိုင်းရှာကာ …

"ဒီထဲဝင်သွားတာ သေချာလို့လား"

"သေချာတယ်တော့ ထင်တာပဲဗျ"

"ဈေးဝယ်သူက ဒါပဲရှိတာ၊ မရှိဘူး ဆိုတော့ ဒီဆိုင်ထဲဝင်တာ မဟုတ်ဘူးနဲ့တူတယ်"

"ကျွန်တော်က ဒီထဲဝင်သွားတယ်ထင်တာ၊ ဆောရီးပါဗျာ"

မိုးသက်ထန်က ပြန်ထွက်တော့မည်ပြုစဉ် နောက်ခန်းထဲကိုဝင်တဲ့ တံခါးတစ်ချပ်က ချပ်ခနဲ ပွင့်ဟလာကာ တံခါးနောက်မှ တင့်တင့်နှင့် အမျိုးသမီးကြီးတစ်ဦး ထွက်လာပါသည်။

"ဟာ … ဟိုမှာ … ဟိုမှာ … ထွက်လာပြီ၊ သူပဲ"





ထွက်လာသည့် အမျိုးသမီးကြီးက လက်ညှိုးညွှန်နေတဲ့ မိုးသက်ထန်ကိုကြည့်ကာ …

"ဘာလဲ ဝါဝါ"

"ဘာမှမဟုတ်ပါဘူး အန်တီ၊ သူ့သူငယ်ချင်း ဝင်ရှာတာတဲ့၊ အဲဒီအစ်မကြီးတဲ့"

တင့်တင့်ရဲ့မျက်နှာက စူပုပ်သွားပြီး မိုးသက်ထန်ကို မျက်စောင်းရွယ်ကာ သူ့ရှေ့က ပွတ်ကပ်တိုးဖြတ်ပြီး အပြင်ထွက်သွားပါသည်။ မိုးသက်ထန်က အပြေးလိုက်လာရင်း …

"တင့်တင့် … ဟိတ် … တင့်တင့်"

"………"

"ဟဲ့ … နေဦး၊ ငါက နင့်ဆီလာတာဟ၊ နင့်ကိုတွေ့လို့ ဝင်လာတာ"

"ကျွတ် … ဘာကိစ္စ ငါ့နောက်လိုက်လာရတာလဲဟင်"

"နင့်ကိုတွေ့လို့လေ"

"တွေ့လည်း ဘာဖြစ်လဲ၊ ကိုယ့်လမ်းကိုယ်သွားပေါ့၊ ဘာကိစ္စလိုက်ဝင်လာတာလဲ"

"ဟာ … နင့်ကို တွေ့ချင်လို့ပေါ့၊ နင့်ကိုတွေ့လိုက်လို့ တမင်တကာ ကားပေါ်ကတောင်ဆင်းပြီး နေရစ်ခဲ့တာ"

တင့်တင့်က မျက်နှာတင်းမာကာ …



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စရှိလို့လဲ"

"မတွေ့တာကြာတော့ တွေ့ချင်လို့ပါဟာ"

"ဘာတွေ့စရာအကြောင်းရှိလို့လဲ၊ နင်နဲ့ငါ ဘာပတ်သက်လို့လဲ၊ သူငယ်ချင်းလည်း မဟုတ်ဘူး၊ နင်နဲ့လည်းမခင်ချင်ဘူးလို့ ပြောပြီးသား၊ မတွေ့တာကြာရုံမကလို့ တစ်သက်ပဲရှိရှိ ဘာတွေ့စရာအကြောင်း ရှိလို့လဲ"

မိုးသက်ထန် ရင်ထဲ တစ်မျိုးလေး နင့်သွားကာ တင့်တင့်ကို ခပ်ရီဝေဝေ စိုက်ကြည့်နေမိပါသည်။ မမျှော်လင့်ဘဲ တွေ့လိုက်ရတာကို သူ ပျော်သွားသလောက် တင့်တင့်ကတော့ အရမ်းစိတ်ညစ်သွားပုံပါလား။ သူ့မှာတော့ ဘယ်လောက်ထိ ကြည်နူးဝမ်းသာသွားရတယ်ဆိုတာ သူပဲသိပါသည်။ သူငယ်ချင်းတွေရဲ့ကားပေါ်က ဆင်းကျန်ခဲ့မိတာကိုပဲကြည့်။

"ကဲ ... ပြောလေ၊ ငါ့ကို စိုက်ကြည့်မနေနဲ့"

မိုးသက်ထန်က သက်ပြင်းတစ်ချက်ကို ခပ်မောမော မှုတ်ထုတ်လိုက်ကာ ...

"ငါ ဘာမှပြောစရာရှိလို့ မဟုတ်ပါဘူး တင့်တင့်၊ နင့်ကို တွေ့လို့ သူငယ်ချင်းတွေနဲ့ လမ်းခွဲပြီး ကားပေါ်က ဖွတ်ဆင်းကျန်နေခဲ့တာ"

"နင် ရှုးနေလို့ပေါ့"





"အေး ... နင့်ကိုတွေ့ရင် ငါ ဘာဖြစ်လို့ ရူးရူးသွားလည်း မသိဘူး၊ ဟုတ်ပါတယ်၊ ငါရူးတာပါ၊ အလကားနေရင်း အခြောက်တိုက် ငါ့ကို ဂျစ်ကန်ကန်လုပ်နေတဲ့ မိန်းမတစ်ယောက်ကို နေ့တိုင်းတွေ့ချင်နေတာ၊ မမျှော်လင့်ဘဲတွေ့လိုက်တော့ အရမ်းပျော်သွားတာ ငါရူးနေလို့ပေါ့၊ ဒါပေမဲ့ တင့်တင့် ... နင် သိထားဖို့က ငါဟာ တခြားအချိန်တွေတိုင်းမှာ လူကောင်းပဲ၊ မရူးဘူး၊ နင်နဲ့တွေ့မှ ရူးရူးသွားတာ"

"တော်စမ်းပါဟာ၊ ကဗျာတွေ လာဆန်မနေပါနဲ့၊ ကိုယ့်ဟာနဲ့ကိုယ်မှ မောရတဲ့ကြားထဲ၊ နင့်ကိုတွေ့လိုက်ရတာ ပိုမောတယ်"

"ငါက ဒီလောက်တောင်ပဲ အမောဆို့ချင်စရာရုပ် ဖြစ်နေလား"

"ဖြစ်နေတာပေါ့ဟဲ့၊ ဒီဆိုင်မှာ ငါ အလုပ်လာလျှောက်တာ၊ ဆိုင်ရှင်က ရည်းစားမရှိတဲ့ အပျိုကိုပဲ ခန့်မယ်လို့ ကန့်သတ်ထားတယ်၊ ရည်းစားတန်းလန်းနဲ့ဆိုရင်၊ ရည်းစားတွေက လာတွေ့တာတို့၊ ဖုန်းဆက်တာတို့ ရှုပ်လို့တဲ့၊ ငါ့ကိုလည်း ရည်းစားမရှိတာ သေချာလား၊ အထပ်ထပ်မေးနေတာ၊ တံခါးလည်းဖွင့်ထွက်လိုက်ရော နင်က ငါ့ကိုလာရှာတာဆိုပြီး ပေါ်တင်ကြီး ရောက်နေတော့ ခုလောက်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



နင့်ကို ငါ့ရည်းစားလားထင်ရင် ထင်သွားလောက်ပြီ၊ နင့်ကြောင့် ငါ အလုပ်မရတော့ဘူးထင်တယ်၊ အဲဒါကြောင့် နင့်ကိုတွေ့တာနဲ့ ငါ အမောဆို့သွားရတာ၊ ရှင်းပြီလား"

"လုပ်မနေနဲ့ အဲဒီဆိုင်မှာ၊ ရည်းစားရှိရင် မခန့်ဘူးရယ်လို့ပဲ၊ အတော်စိတ်ပုပ်တဲ့ဆိုင်ရှင်"

"ဒါ သူ့စည်းကမ်းပဲလေ၊ အလုပ်လိုချင်ရင် သူ့စည်းကမ်း လိုက်နာရမှာပဲ"

"လိုက်နာမနေနဲ့၊ အလုပ်များဟာ"

"ဘာဖြစ်လဲ"

"ငါ နင့်ကို ခန့်ပေးနိုင်တယ်"

"အောင်မာ ... နင်တောင် အလုပ်မရှိဘဲနဲ့များ နင်က ငါ့ကို အလုပ်ခန့်ပေးမယ်၊ ဟားဟား၊ နင်ဟာ တကယ်ကို အရူးပဲ သိလား မိုးသက်ထန်"

"ငါမလုပ်ပေမယ့် ငါက ကျော်စံဖြိုးကိုတောင် ငါ့အဘိုးဆီ အလုပ်သွင်းပေးထားတာ၊ နင့်ကိုလည်း အလုပ်တစ်ခုသွင်း ပေးမယ်"

"တော်စမ်းဟာ၊ သွားတော့ ... နင်ပြန်၊ ငါ့နောက်လိုက် မလာခဲ့နဲ့"

"နင်က ဘယ်သွားမလို့လဲ"

"ဘယ်သွားသွား ... နင်နဲ့ဘာဆိုင်လဲ"





"ငါ အဖော်လိုက်ခဲ့ပေးမယ်"

"မလိုက်နဲ့၊ ငါ ဒီနေ့ သုံးနေရာလောက် အလုပ်လိုက် လျှောက်မှာ"

"လိုက်မလျှောက်ပါနဲ့တော့ဆို၊ လခကကော ဘယ်လောက် ရမှာမို့လဲ"

"သုံးလေးသောင်းတော့ ရမှာပေါ့ဟဲ့"

"နင်ကလည်းဟာ၊ သုံးလေးသောင်းက ဘာသွားသုံးမှာလဲ"

"ဟဲ့ ... နင်သေလိုက် သူဌေးသား၊ သေလိုက်၊ သုံးလေး သောင်းဆိုတဲ့ ပိုက်ဆံကို နင်လိုလူမျိုးက တစ်ရက်တည်း သုံးချင်သုံးပစ်မှာပေါ့၊ ဒါပေမဲ့ ငါတို့တော့ တစ်လကိုဒီ လောက်ပမာဏ ဝင်ငွေရှိဖို့ အသေအလဲ ရှာနေရတယ် သိ ရဲ့လား"

"ကျွတ် ... နင့်အမေနဲ့အမေ _ အဲ မိဆွေးက သဘောတူ လား"

"ဟာ ဟား ... ငါ့မိဆွေးလား သဘောတူမှာ၊ ငါအိမ်က ထွက်ပြီး အလုပ်လုပ်ရင် အိမ်မှုကိစ္စတွေ သူလုပ်ရမှာ ကြောက်လွန်းလို့ လုံးဝမလုပ်စေချင်တာ။ အိမ်မှာနေပြီး တစ်နေ့ တစ်နေ့ အငြိုငြင်ခံ အနှိမ်ခံနေရတဲ့ဘဝက ငါ ကျွတ်မှုဖြစ်မယ်၊ ခုနေများ ရည်းစားသာရှိရင် ငါခိုးရာလိုက် သွားမှာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ဟဲ့ ... လန့်လိုက်တာ မိုးသက်ထန်ရယ်"

"နင် ... နင် ရည်းစားမရှိပါဘူးနော်၊ မရှိဘူးမို့လား"

"ဩော် ... နားဝေးပြန်ပြီ၊ ရည်းစားရှိရင် နိုးရာလိုက်ပြီး သွားပါပဲ ဆိုနေမှ မရှိလို့ပေါ့ဟဲ့၊ အိမ်မှာဝင့်ကြွားခံနေရသေးတာ"

"တင့်တင့်"

"ဘာလဲ"

"တင့်တင့်"

"ဘာလဲ ဆိုနေမှပဲ"

"ငါ ... ငါ နင့်ကို ဘာမဆို ကူညီနိုင်ပါတယ်ဟာ"

"ဘာ ... ဟား ဟား ဟား၊ အမယ်လေး သူဌေးသားရယ်၊ နင်က ငါ့ကို နိုးပြေးပြီး ကူညီနိုင်တယ်လို့များ ပြောချင်နေတာသေးတာလား၊ ဟား ဟား ... အရူးလေးရယ်၊ သွားစမ်းပါဟာ၊ ကိုယ့်ဟာနဲ့ကိုယ်မှ စိတ်ရှုပ်ရတဲ့ကြားထဲ လောကရဲ့အရေးအရာတွေ ဘဝရဲ့အဓိပ္ပာယ်အတိမ်အနက်တွေ ဘာမှမသိဘဲနဲ့ ပါးစပ်က စကားအလွယ်တွေ လာပြောမနေစမ်းပါနဲ့"

မိုးသက်ထန်က တော်တော်စိတ်မကောင်း ဖြစ်သွားမိကာ ...





"တင့်တင့် ... နင်က ငါ့ကို သိပ်အထင်သေးတာပဲဟာ"

"နင့်ကို ဘယ်နေရာနားကို ငါက အထင်ကြီးရမှာလဲ"

"နင်သာ တခြားတစ်ယောက်ယောက်ဆိုရင် ငါနင့်ကို နဘန်တစ်ချက်လောက်တော့ ကျင်းပြီးသွားပြီ၊ နင်ဖြစ်နေလို့ပေါ့ ... တောက်"

"မိုးသက်ထန် ... နင် စိတ်ဆိုးချင်ဆိုး၊ ငါကွာ ရှင်းရှင်းပဲ ပြောတတ်တယ်၊ သွားစရာရှိရင် ကားလေးတစီစီနဲ့ သွားရတာတောင်မှ ဒရိုင်ဘာမောင်းခိုင်းပြီး နောက်ကထိုင်စီးတဲ့ နင့်လိုယောကျ်ားလေး၊ နင့်ခြေထောက် ရွံ့ပေမှာစိုးလို့ ငါတို့လမ်းထဲတောင် ရဲရဲလျှောက်မဝင်ရဲတဲ့ နင့်လိုယောကျ်ားလေးကို ငါက ဘာသွားအထင်ကြီးရမှာလဲ၊ ငါ့အနားကို ရောက်အောင်လာချင်ရင် ငါတို့လမ်းကို ဖြတ်လျှောက်ရမယ်ဆိုတာ နင် သဘောပေါက်ရဲ့လား ...

အေး ... နှစ်လမ်းပဲရှိတယ် မိုးသက်ထန်၊ ငါတို့လမ်းကို နင် လျှောက်လို့ရတဲ့ လမ်းမျိုးဖြစ်အောင် နင်ပြုပြင်မလား၊ ဒါမှမဟုတ် ရွံ့ထဲဗွက်ထဲကို နင်ရဲရဲတင်းတင်းဆင်းပြီး နင်းလျှောက်မလား၊ အဲဒီနှစ်မျိုးထဲက တစ်မျိုးမဟုတ်တစ်မျိုး မလုပ်ဘဲနဲ့တော့ နင် ငါ့အနားရောက်မလာနိုင်ဘူး၊ သဘောပေါက်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



မိုးသက်ထန်သည် ရင်ထဲအောင့်သီးအောင့်သက်နှင့် တင့်တင့်ရဲ့ တင်းမာသော မျက်နှာကလေးကို ငေးစိုက်ကြည့်နေမိပါသည်။ တင့်တင့်က သူပြောချင်တဲ့စကားကို ခပ်တင်းတင်း ပြောလို့ဆုံးလျှင် ...

"ကဲ ... နေခဲ့စမ်းပါဟာ၊ နင်ပါတာကို စိတ်ရှုပ်လွန်းလို့ပါ"

ရှေ့ဆင့်နောက်ဆင့် ထိုးဆိုက်လာသော အုတ်သယ်ကားကြီးများကို တအံ့တသြ ကြည့်နေရင်းက နောက်က ဆိုက်လာသော ကားပေါ်က ဆင်းလာတဲ့ မိုးသက်ထန်ကိုမြင်လျှင်တော့ ဦးညွန့်က မျက်ခုံးပင့်သွားရရင်း ...

"ဟာ ... ဟော ... ဟော၊ ဟော့ကောင်လေး"

"ကျွန်တော့်ကို ခေါ်တာလား ဦးလေး"

"အေးလေ ... ဒါတွေက ဘာတွေတုန်း"

"အုတ်ခဲသယ်တဲ့ ကားတွေလေ"

"ဒါတော့ သိတယ်လေ၊ ဘာလုပ်ဖို့ ဒီလောက်အုတ်ခဲတွေ အများကြီး ဒီကိုသယ်လာတာတုန်း၊ ဒီလမ်းထဲက ဘယ်အိမ် တိုက်ဆောက်မှာလဲ"





"ဘယ်အိမ်မှ တိုက်မဆောက်ပါဘူး ဦးလေးရဲ့၊ ဒီလမ်းကို ခင်းမလို့ပါ"

"ဟေ"

"တကယ့် ပတ်ကားလမ်းကြီးတော့ မဟုတ်ဘူးပေါ့ဗျာ၊ ဒါပေမဲ့ ဒီအုတ်ခဲတွေကို စနစ်တကျ စီချပြီးခင်းထားလိုက်ရင် လမ်းလျှောက်ဖို့လောက်တော့ တော်တော်အဆင်ပြေသွားပြီ မဟုတ်လား"

"ဒါပေါ့ကွ၊ အဆင်ပြေတာပေါ့၊ ဒါနဲ့ ဘယ်လိုခင်းကြတာလဲ၊ စည်ပင်က ခင်းပေးတာလား၊ လမ်းက ပိုက်ဆံစုခင်းကြတာလား၊ လမ်းကတော့ ပိုက်ဆံစုခင်းနိုင်မယ် မထင်ပါဘူးကွာ၊ တစ်လမ်းလုံး လက်လုပ်လက်စားချည်းကို"

မိုးသက်ထန်က မပြောပါ။

"ဟင် ... ဘယ်လိုအစီအစဉ်နဲ့ ခင်းတာတုန်း"

"ပုဂ္ဂလိက အစီအစဉ်ဗျ"

"ဘာလဲကွ၊ ပုဂ္ဂလိကအစီအစဉ်ဆိုတာ"

မိုးသက်ထန်က စိတ်မရှည်လှတော့ကာ ...

"ကျွန်တော်ခင်းတာဗျ"

"ဟော ... မင်း !"

"........."

"မင်းက ဒီတစ်လမ်းလုံးကို ဒီအုတ်ခဲတွေခင်းပေးမယ် !!"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးကလည်းဗျာ၊ ဘာမှမရှိပါဘူး၊ လမ်းကလည်း လမ်းတိုလေးပါ"

"ဟေ ... မင်း တကယ်ခင်းတာပေါ့၊ ဘာကြောင့် မင်းက ခင်းတာလဲ"

"ကျွန်တော့်သူငယ်ချင်းတွေ ရှိလို့ပေါ့ဗျ"

"ဟေ ... ဟား ဟား ဟား၊ မင်းသူငယ်ချင်းတွေရှိတဲ့ လမ်းတွေကို မင်းက ဒီလိုပဲ ခင်းပေးလေ့ရှိလား"

"အဲလိုမဟုတ်ပါဘူး ဦးလေးရာ၊ ဒီလမ်းက လျှောက်ဖို့ ခက်အောင် ဆိုးနေတာကိုး၊ အကြီးအကျယ် ဗွက်ပေါက်နေတာ ကျွန်တော်လည်း လမ်းထဲဝင်လို့ မရဘူး၊ ဒီလမ်းထဲက လူကြီးသူမ သက်ကြီးရွယ်အိုတွေလည်း သိပ်သွားရ လာရ ခက်နေတာ"

"ဩော် ... မင်းက တင့်တင့် ခေါ်ခေါ်နေသလို တကယ့် သူ့ဌေးသားပဲကိုးကွ၊ ဒီလမ်းကို မင်းခင်းပေးတာ ကျော်စံဖြိုး အတွက်လား တင့်တင့်အတွက်လား"

"နှစ်ယောက်လုံးလည်းပါတယ်၊ တစ်လမ်းလုံးအတွက် ခင်းပေးတာဗျာ"

"သာဓုပါဗျာ ... သာဓု ... သာဓု၊ လမ်းခင်းရခြင်းက ကုသိုလ်တွေ အများကြီးရတာကွ၊ ဘာကြောင့်ပဲ ခင်းပေး ပေး ဒီလမ်းထဲကလူတွေ အဆင်ပြေတာမို့လို့ ကျေးဇူးတင်





ရမှာပါကွာ၊ ဒါပေမဲ့ ကောင်လေးရေ၊ မင်းစိတ်ထင်တိုင်း လုပ်လို့တော့ မဖြစ်ဘူးထင်တယ်၊ လမ်းလူကြီး ရပ်ကွက် လူကြီးတွေကိုတော့ အသိပေးဖို့ ခွင့်တောင်းဖို့ လိုလိမ့်ဦး မယ်ထင်တယ်"

"ဟုတ်ကဲ့ ... ကျွန်တော် စီစဉ်ပြီးပါပြီ၊ စံဖြိုးကို ခွင့်တောင်း ခိုင်းထားပါတယ်၊ လူကြီးတွေကလည်း ဝမ်းသာအားရ ခွင့်ပြုထားပါတယ်၊ ဟောဟိုမှာတောင် လာကြပြီ ဦးလေး ရဲ့"

"အေး ... အေး ... ကောင်းတယ်ကွာ"

လမ်းထဲကနေ စံဖြိုးနှင့် လူကြီးနှစ်ယောက်လျှောက် ထွက်လာပါသည်။ လူကြီးတွေကလည်း ဝမ်းပန်းတသာ ဟက် ဟက်ပက်ပက်ပင် ...

"စ,ခင်းတော့မလား မောင်ရင်ရေ"

"ဟုတ်ကဲ့ ခင်ဗျ၊ အုတ်တွေချရင်းက တစ်ခါတည်းခင်း သွားရင် အဆင်ပြေမယ် ထင်တယ် ဦး"

"ဒါဖြင့် လမ်းထဲက လုပ်အားပေးနိုင်တဲ့သူတွေ ခေါ်ထုတ် လိုက်ဦးမယ်၊ ကျော်စံဖြိုးရေ ... လူရွယ်လူလတ်ထဲက လုပ်အားပေးဖို့ ငါ ခေါ်ထုတ်ဦးမယ်၊ ဒီနေ့က ရုံးပိတ် ကျောင်းပိတ်ရက်ဆိုတော့ အတော်ပဲ၊ အိမ်မှာလူတွေရှိကြ မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာမှာတော့ လမ်းထဲက လှုငယ်လှုရွယ်တွေ ရော အုတ်ကားနှင့်ပါလာတဲ့ အလုပ်သမားတွေပါ တက်ညီလက်ညီ နှင့် အုတ်ခဲတွေကို စီခင်းကာ လမ်းကိုဖို့လိုက်ကြသည်မှာ ချက် ချင်းလက်ငင်း တရိပ်ရိပ်နှင့် အုတ်ခင်းအုတ်စီ လမ်းနီနီကလေး ဖြစ်သွားခဲ့ရတော့တာပင်။

တစ်လမ်းလုံး လူတွေ ရုံးစု ရုံးစု ထွက်ကာ ကူခင်း တဲ့သူကခင်း၊ ဝေဖန်တဲ့သူကဝေဖန်၊ ချီးမွမ်းတဲ့သူကချီးမွမ်း။ အိမ်ပေါ်ကကြည့်သူ အောက်ဆင်းလျှောက်ကြည့်သူတို့နှင့် တစ် လမ်းလုံး ရုတ်ရုတ်သဲသဲ စည်စည်ကားကား ဖြစ်နေကာ မကြာခင် မှာတော့ တင့်တင့်တို့အိမ်ထဲမှ တင့်တင့်အမေနှင့် မိထွေးတို့ထွက် လာကြပါတော့သည်။

"ဟောတော် ... တစ်လမ်းလုံး အုတ်စီလို့၊ သတင်းလည်း မကြားပါလား၊ ရုတ်တရက်"

"အလှူရှင်ပေါ်လို့ ဒေါ်အမာရေ့"

"အလှူရှင် ! "

"ဟုတ်ပါ့မှို့၊ ကျော်စံဖြိုးသူငယ်ချင်းလေး တစ်ယောက်က တစ်လမ်းလုံး သွားရေးလာရေး အဆင်ပြေလွယ်ကူအောင် တဲ့၊ သူလမ်းခင်းလှူချင်တယ် ဆိုတာနဲ့"

"ကျော်စံဖြိုး သူငယ်ချင်း !! "





ဒေါ်အမာက ရေရွတ်ကာ အိမ်ထဲဘက် လှည့်ကြည့် [illegible]လျှင် တံခါးဝမှ ရပ်ကြည့်နေသော တင့်တင့်မှာ မျက်လုံးဝိုင်း [illegible]ရောင်း ကမန်းကတန်း အိမ်ပေါ်မှ ဆင်းလာမိပါသည်။ ခြံ [illegible]ရီးစပ်မှာ ရပ်မိလျှင် တစ်လမ်းလုံး တပျော်တပါး တက်ကြွ [illegible] တက်ညီလက်ညီ ကူညီခင်းကျင်းနေတဲ့ လူအုပ်ထဲ ဟိုနား [illegible]လိုက် ဒီနားလျှောက်လိုက်နှင့် ခင်းပြီးသား အုတ်စီလမ်းရောက် [illegible]ထိ ရောက်နေသော မိုးသက်ထန်ကို တွေ့လိုက်ရလေသည်။

တင့်တင့်သည် အံ့အားတသင့် ရင်ကိုပင် ဖိမိရင်း [illegible]သက်ထန် ရှိရာသို့ ခပ်သွက်သွက်ကလေး ထွက်လာမိကာ ...

"ဟဲ့ ... သူဌေးသား"

"အာ ... နင်ကလည်းဟာ၊ အဲလိုမခေါ်ပါနဲ့ဟာ"

"နင် ဒါဘာလုပ်တာလဲ"

"လမ်းခင်းတာလေ"

"ဘာ"

"ဘာလဲဟာ၊ ဘာဖြစ်လို့လဲ"

"ဒီလမ်းကို အခု ဒီအုတ်တွေ အကုန်လုံး နင်အပြီးခင်း တာလား"

"အပြီးခင်းတာပေါ့ဟာ၊ ခင်းပြီးမှ ပြန်ဖြုတ်ယူလို့ ရမလား"

"ဒါတွေအားလုံး နင့်ပိုက်ဆံနဲ့ !!"

"သိပ်မကျပါဘူးဟ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ရူးနေတာလား၊ ဒါမှမဟုတ် သိပ်ပေါများနေတာလား"

"နှစ်ခုလုံး မဟုတ်ပါဘူး"

"ဒါဖြင့် ဒါ ဘာလုပ်တာလဲ"

"ဒါ နင်ပြောတဲ့အတိုင်း လုပ်တာလေ"

"ဘာ"

"နင်ပြောတယ်လေ၊ နင့်အနားကိုရောက်အောင် လာချင်ရင် နှစ်လမ်းပဲရှိတယ်ဆို၊ ဗွက်ထဲ ငါနင်းလျှောက်ပြီး လာဖို့ရယ်၊ ဗွက်လမ်းကို ငါ လျှောက်နိုင်တဲ့လမ်းဖြစ်အောင် ပြုပြင်ဖို့ရယ် ဆိုတာလေ"

တင့်တင့် ပါးစပ်လေးက အဟောင်းသား ပွင့်ဟကာ...

"ဟဲ့ ... အဲဒါ တင်စားပြောတာလေ၊ နင့်ကို ငါကလမ်းကိုလာပြင်ပေးဖို့ တောင်းဆိုတာမှ မဟုတ်တာ"

"အဲဒါကို ငါ နားလည်ပါတယ်၊ ဒါပေမဲ့ ငါကလည်း ဒီလမ်းကို ခင်းချင်လို့ကို လာခင်းတာ၊ ခုလိုဆိုတော့ လမ်းအဆုံးထိ ငါလည်း အလွယ်တကူ လျှောက်နိုင်ပြီလေ ဟင်း ဟင်း၊ နင်ကတော့ ငါ့ကိုထုံးစံအတိုင်း "သူဌေးသား" လို့ ထောပနာပြုဦးမှာပေါ့၊ ဒါပေမဲ့ ငါချမ်းသာတာတစ်ခု တည်းကြောင့်တော့ ဒီလိုမလုပ်နိုင်ပါဘူး တင့်တင့်ရ





မေတ္တာ စေတနာဆိုတာလည်း ရှိဦးမှ၊ နင်နဲ့ ငါနဲ့ကြားထဲမှာရှိမယ့် အခက်အခဲတွေကို အစစအရာရာ ပြေလည်ချောမွေ့သွားအောင် ငါ လုပ်သွားမယ်ဆိုတာ၊ ဒါ နင့်ကို အကင်းပြလိုက်တာပဲ"

တင့်တင့်သည် ပြုံးနေတဲ့ မိုးသက်ထွန်း မျက်နှာကို ပါးစပ်အဟောင်းသားနှင့် အတန်ကြာအောင် ငေးမောကြည့်နေမိပြီးမှ ...

"နင် ရူးနေပြီ မိုးသက်ထွန်း"



www.burmeseclassic.com

www.burmeseclassic.com



## ၉

"တစ်နေ့တစ်နေ့ လမ်းထွက်ဖို့ပဲ ချောင်းနေတာကြာပြီနော်၊ ရှင့်သမီး၊ တစ်နေ့တစ်မျိုး ပြောပြီးထွက်နေတယ်၊ အိမ်မှာ မောင်လေးကို ကူကြည့်မယ် မရှိဘူး၊ သူကထွက်တော့ ကျွန်မက အိမ်ကပ်နေရတော့ ကျွန်မ အလုပ်ပျက်တယ်"

မိထွေးရဲ့ ဖြစ်တောက်တောက် စကားကြောင့် တင့်တင့်အဖေက ...

"သူ့ အလုပ်ရှာနေတာလို့ပြောသွားပဲ အမာရယ်၊ အလကား လျှောက်သွားနေတာတော့ မဟုတ်ပါဘူး"

မရဲတရဲလေပြည်ဝင်ထိုးရှာတဲ့ အဖေ့ကို တင့်တင့်က သနားနေမိပါသည်။

"ရှင်ကလည်း အဖေလုပ်ပြီး သမီးပြောသမျှ ယုံမှတ် ယုံနေလို့ဆော့ ဘယ်ဖြစ်ပါ့မလဲ၊ အလုပ်ရှာတယ် အလုပ်ရှာ





တယ်ပြောပြီး ထွက်ထွက်သွားတာ ကြာပဲကြာလှပြီ၊ အဲဒီ အလုပ်ကရသလား၊ ဒီလောက်တောင် အလုပ်ပဲအာရုံစိုက် ပြီးရှာနေရင် ဒီလောက်ကြာမှတော့ အလုပ်တစ်ခုခုတော့ ရရောပေါ့၊ အလုပ်ထွက်ရှာနေတာမဟုတ်ဘဲ အိမ်အလုပ်မ လုပ်ရပြီးရော ကလေးမထိန်းရပြီးရော လမ်းသလားဖို့ ထွက်နေတာနေမှာပေါ့"

"သမီး တင့်တင့်"

တင့်တင့်က သက်ပြင်းတစ်ချက်ချပြီး အသံပြန်မပြ ဖြင်း စောစောထချက်ပြုတ်ပြီး ရေချိုးရင်း အဝတ်ကို ကမန်းကတန်း လျှော်ကာ အပြင်ထွက်ဖို့ ပြင်ဆင်နေတာဖြစ်ပါသည်။

"ဟဲ့ ... ညည်းအဖေ ခေါ်နေတယ်လေ၊ တွေ့လား ဖအေ တောင် ဂရုမစိုက်ချင်တော့တာ ဟောဒီက မိထွေးကိုများဆို ဘယ်ကြားမှညှပ်တာမဟုတ်ဘူး၊ အကျယ်အကျယ်မဖြစ်ချင် လို့ သည်းညည်းခံနေရတာတွေများနေပြီ သိရဲ့လား အစ်ကို ကြီး"

တင့်တင့်က ဘေးစောင်းလွယ်အိတ်လေး ဆွဲကာ အကျင်းခန်းထဲက ထွက်လာခဲ့ရင်း ...

"အဖေ ဘာလဲ"

"သမီး အလုပ်အခြေအနေက ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ရနိုင်မယ်ထင်တာတွေ လျှောက်ရှာပြီး လိုက်လျှောက်နေရတာပဲ အဖေ၊ ခုထိတော့ မရသေးဘူး”

“သမီးက ဘယ်လိုအလုပ်တွေ ရှာနေတာလဲ”

“ရနိုင်မယ်ထင်တာတွေပေါ့ အဖေရယ်၊ များသောအားဖြင့်တော့ ဆိုင်တွေမှာ အရောင်းဝန်ထမ်းနေရာမျိုးတွေပါ”

“အဆင်မပြေဘူးလား သမီး”

“တချို့က ဆယ်တန်းအောင်ရမယ်လို့ တောင်းတယ်၊ အရောင်းစာရေးလုပ်တာပဲဟာ၊ ငွေတွက်တတ်ပြီး ချက်ချက်ချာချာ ရှင်းလင်းပြောပြတတ်ဖို့ လိုရင်းပဲဟာ၊ ဘာဖြစ်လို့ ဆယ်တန်းအောင်မှ ခေါ်ချင်ရတာလဲမသိပါဘူး အဖေရယ်၊ ဆယ်တန်းမအောင်လည်း ရတဲ့နေရာတချို့ကျတော့လည်း ရမယ့်လခက သမီးပြန်စီးရမယ့် ဘတ်စ်ကားခသာသာပဲရှိတော့ လုပ်လို့မရတာတွေလည်းရှိတယ်၊ တချို့ကျတော့လည်း လူတွေ့မေးမြန်းတာတွေ ကောင်းကောင်းမွန်မွန်ဖြေနိုင်သားနဲ့ ခေါ်တာကတစ်ယောက် ပိုင်းဖြေတာ ဆယ်ယောက် ဆယ့်ငါးယောက်ဆိုတော့ မရဘဲပြုတ်တာလည်းရှိတယ် အဖေ”

“ညည်း အိမ်မှာ ငါ့ကိုဆက်ဆံနေတဲ့ အချိုးအချိတ်မျိုးနဲ့ကတော့ ဘယ်အလုပ်ရှင်ကမှ ညည်းကို ခန့်မှာမဟုတ်ဘူး မိတင့်တင့်ရေ”





တင့်တင့်က ဒေါ်အမာကို မျက်စောင်းရွယ်လိုက်ရင်း...

“အလုပ်ရှင်ကိုတော့ ကိုယ်ပြောချင်တိုင်း ပြောဆိုပါ့မလား အန်တီရဲ့”

“ဟင် ... ကြည့်စမ်း၊ ငါ့ကိုတော့ ပြောချင်တိုင်းပြောမှာပဲပေါ့လေ၊ တွေ့လား ရှင့်သမီး မျက်နှာထားနဲ့စကား”

“အလုပ်ရှင်က ကိုယ့်ရဲ့လုပ်အားကိုယူပြီးရင် ပိုက်ဆံပေးမယ့်သူလေ၊ သင့်တင့်တဲ့ အဖိုးအခရမှာ၊ ဒီအိမ်မှာကတော့ တစ်အိမ်လုံးလုပ်ရမယ့်အလုပ် ကျွန်လိုရုန်းပြီး ဗုန်းဗုန်းလဲအောင်လုပ်လည်း ထမင်းလေးတောင် တူတူတန်တန်မစားရတာ၊ ဟင်းရယ်လို့ မပါရတဲ့ကြားထဲ တစ်ခါတလေ ထမင်းကုန်သွားပြီ ထပ်ချက်မနေနဲ့တော့ ရှိတာပဲစားလိုက်ဆိုလို့ ထမင်းတောင်မှ မဝမလင်ဖြစ်ရသေးတာ၊ ကျွန်မဆီကကော လေသံကောင်းကောင်း ထွက်နိုင်ပါ့မလား”

“ဟင် ... အမယ်လေး ကြည့်စမ်း အသေနဲ့မှာ တမင်တကာ ကုန်းစကားပြောတာ”

“ကုန်းတိုက်တယ်ဆိုတာ မဟုတ်တာကို အဟုတ်လုပ်ပြောပြီး ဒီလူနဲ့ဒီလူကြား သွေးခွဲတာ၊ ခုဟာက အမှန်တွေလေ အန်တီရဲ့၊ အဖေမသိသေးတာလေးတွေ တစ်ခါတလေတော့



www.burmeseclassic.com

www.burmeseclassic.com



လည်း သိပါစေတော့လို့ ပြောရတာ၊ တော်ကြာ အဖေက အိမ်မှာကောင်းကောင်းစား ဇိမ်နဲ့နေနေရတဲ့ကြားက လမ်း ရှာချင်လို့ အလုပ်ထွက်ရှာတာ ထင်နေဦးမယ်"

"အမယ်လေး ... ပြောရဲလိုက်တာ၊ ပြောထွက်လိုက်တာ၊ သူများကြားရင် မိထွေးဆိုးမကြီးလို့ အထင်ခံရမှာ၊ အိမ်ထဲ ကျိတ်ပြီး ပိုးခနဲပက်ခနဲ မိုက်ရိုင်းနေတာကျတော့ လူမမြင် ကြဘူးလေ"

"ကဲပါကွာ တော်စမ်းပါတော့၊ မင်းတို့ဟာတွေကလဲ"

အဖေသည် သူ မတတ်နိုင်သောကိစ္စဖြစ်၍ ဟိုဘက် မပါ ဒီဘက်မပါ အေးရာအေးကြောင်းရှာကာ စားလက်စထမင်း ကြော်လေး လက်စသတ်ပြီး အိတ်လေးကောက်ဆွဲ၍ အလုပ်သွား ဖို့ ထွက်ပါလေတော့သည်။

"ညည်း အဲဒီအလုပ်ရှာနေတဲ့ကိစ္စကို ရပ်တန်းကရပ်မလား မရပ်ဘူးလား"

ဒေါ်အမာက လင်တော်မောင် အလုပ်ထွက်သွား သည်နှင့် အသံကို မောင်းတင်ကာ ကုန်းအော်လိုက်ပါသည်။

"မရပ်ဘူး၊ အလုပ်ထွက်လုပ်မှာ"

"ဒီတော့ ဟောဒီအိမ်ကိစ္စ ဝေယျာဝစ္စတွေက ဘယ်သူလုပ် မှာလဲ"





"အန်တီ အခုကိုပဲ မနက်ကိုးနာရီမထိုးခင် အဓိကအလုပ် တွေ အကုန်လုပ်ပြီးသွားနေပါပြီ၊ နေ့လယ်ကျ ကိုယ့်ထမင်း ကိုယ်ချူးစားရတာ ကိုယ့်ပန်းကန့်ခွက်ယောက်လေး ဆေးရ တာလောက်ပဲ ရှိတာပါ၊ ကျော်စွာလည်း အန်တီ့သားပဲ၊ အန်တီ ထိန်းရတာ ဘယ်လောက်ပင်ပန်းနေလို့လဲ၊ ကျွန်မ ကျောကော့ပြီး လှည့်မကြည့်ဘဲ ဘာမှမလုပ်ဘဲ အလုပ်ထွက် ရှာနေတာမဟုတ်ဘူး၊ ထိုက်သင့်သမျှ လုပ်သွားတာ၊ ညနေစာ ထမင်းတစ်အိုးလောက်တော့ အန်တီချက်ဦးပေါ့"

"အမယ်လေး ... ကြည့်စမ်း၊ ငါ့ကို သူက ပြန်ထမင်းချက် ခိုင်းနေသေးတယ်၊ မရဘူး ညည်းကို ဘာအလုပ်မှလုပ်ခွင့် မပြုဘူး၊ လုပ်ရဲလုပ်ကြည့်ပေါ့၊ ငါက အလုပ်ခွင်ကိုလိုက် ပြဿနာရှာမှာ"

တင့်တင့်က ဒေါ်အမာ့ကို မျက်တောင့်နှင့်စိုက်ကြည့် ကာ မုန်းတီးနာကျင်သောခံစားမှုနှင့်အတူ ရှုမှုနေပါသည်။

"တင့်တင့်တို့ ဘေးအိမ်က ငါ့အမေရဲ့ ညီမဝမ်းကွဲကွဲ ပြီးတော့ ဒေါ်လေးက တင့်တင့်အမေနဲ့လည်း မျက်နှာကြော မတည့်ဘူးဆိုတော့ တစ်နေ့တခြားနေ့ သူ့အိမ်ကနေ ကြား



www.burmeseclassic.com

www.burmeseclassic.com

နေသိနေသမျှ တင့်တင့်အမေ ဒေါ်အမာရဲ့အကြောင်းတွေ အတင်းအဖျင်းပေါ့ကွာ အမေ့ဆီ လာလာပြောနေတာနဲ့ ငါလည်း အကုန်ကြားသိနေရတာ”

“သနားပါတယ်ကွာ၊ ဒီမိန်းမကြီးတော့ ငါနဲ့တွေ့မှာပဲ”

“တင့်တင့်လည်း ကံမကောင်းရှာတော့ လျှောက်သမျှ အလုပ်က ခုထိမရဘူး”

မိုးသက်ထန်က ဆတ်ခနဲ ထရပ်လိုက်ပါသည်။

“ဟော့ကောင် ... ဘာလဲ”

“အဘိုးအခန်း တက်တွေ့လိုက်ဦးမယ်ကွာ၊ မင်းရုံးဆင်းရင် မပြန်နဲ့ဦး၊ ငါ ပြန်ပို့မယ်၊ ခဏစောင့်နေ စံဖြိုး”

“အေး ... အေး”

မိုးသက်ထန်က အဘိုးရဲ့ရုံးခန်းကို တက်လာခဲ့ပါသည်။ တံခါးခေါက်ကာ ‘ဝင်ခဲ့’ဆို၍ တန်းဝင်သွားလိုက်ပါသည်။

“ဟော့ကောင် ... ဘာလာလုပ်တာလဲ”

“အဘိုး ... အဘိုးကို စကားပြောစရာရှိလို့”

“ညနေ အိမ်ပြန်ရောက်အောင်တောင် မစောင့်နိုင်ဘူးဆိုတော့ အရေးကြီးလို့လား”

“မဟုတ်ပါဘူး အဘိုးရ၊ သားလည်း ဒီနားရောက်လို့ဝင်လာရင်းနဲ့ပါ”

“အေး ... ပြော ဘာကိစ္စလဲ”





“အလုပ်တောင်းချင်တဲ့ကိစ္စပါ အဘိုး”

“ဟေ ... ဘယ်သူ အလုပ်လိုချင်လဲ မင်းလား”

“အာ ... အဘိုးကလဲ”

“အင်းပါလေ မင်း မဟုတ်ဘူးလို့တော့ ထင်ပြီးသားပါ၊ ကဲ ... ဘယ်သူလဲ အလုပ်လိုချင်တာ”

“အဘိုး ... သားရဲ့သူငယ်ချင်းကောင်မလေးတစ်ယောက်ပါ၊ အရမ်းဆင်းရဲပြီး မိထွေးနဲ့လည်းနေရတော့ အဆင်မပြေရှာလို့ပါ၊ သူ့အတွက် အလုပ်လေးတစ်နေရာလောက် အဘိုး မပေးနိုင်ဘူးလား”

အဘိုးက မိုးသက်ထန်ကို အကဲခတ်ရင်း ...

“သူက မင်းဆီက အလုပ်တောင်းတာလား”

“သူက သားကို အလုပ်တောင်းရလောက်အောင် သားကို အထင်မကြီးပါဘူး အဘိုးရာ၊ မျက်နှာကြောလည်းမတည့်ဘူး၊ ဒါပေမဲ့ သူ့မှာ တကယ့်ကို အလုပ်တစ်ခု လိုအပ်နေတယ်ဆိုတာ သား သိနေလို့ ကူညီချင်လို့ပါ၊ တခြားမှာ အလုပ်လိုက်ရှာနေပေမယ့် ရမယ့်လခနဲ့ လမ်းစရိတ်နဲ့ အဆင်မပြေလို့တစ်မျိုး၊ သူက ဆယ်တန်းမအောင်တော့ တော်ရုံနေရာတွေလည်း အလုပ်မရတာကတစ်မျိုး၊ သူ့မှာ အခက်အခဲရှိလို့ပါ၊ ချို့လည်းချို့တဲ့တော့ အဘိုး သူ့ကို ဘယ်နေရာပဲခန့်ခန့် လခတော့ အရမ်းမနည်းအောင်ကူညီတဲ့ အနေနဲ့ ကြည့်ပေးပေးပါ”


www.burmeseclassic.com

www.burmeseclassic.com



"ကောင်းကွာ ... မင်းဟာက အလုပ်လည်း ခန့်ပေးပါ၊ ဆယ်တန်းတော့ မအောင်ဘူး၊ လခတော့ မနည်းစေနဲ့ ဟုတ်လား၊ ခွေးကောင်"

မိုးသက်ထန်က အဘိုးကိုမျက်နှာချိုသွေးကာ တဟဲဟဲ ရယ်မောနေလိုက်ပါသည်။ ဟုတ်ပါရဲ့။ သူ့ကိုယ်သူတောင် သဘောကျမိသည်။ အလုပ်တောင်းပုံက ..."

"မင်းကြည့်ရတာ ဒီကောင်မလေးအပေါ် စေတနာ အတော်သက်ရောက်ပုံရတယ်၊ ရိုးရောရိုးရဲ့လား မင်းနဲ့သူက"

"ရိုးတော့ရိုးပါတယ် ထင်ပါတယ် အဘိုးရာ၊ သားလည်း မပြောတတ်ဘူး၊ သူ့ကိုမြင်လိုက်ရင် ဘယ်တော့မှပြေလည်တယ်မရှိလို့ ပြေလည်စေချင်တာ အဓိကပါ"

ထက်သန်သော မေတ္တာစေတနာရိပ်နှင့် တောက်ပနေတဲ့ မိုးသက်ထန်ရဲ့မျက်ဝန်းများကို အဘိုးက အကဲခတ်နေရာက —

"ဒီမယ် ငါ့မြေး၊ အဘိုးအတွက်က အလုပ်လုပ်ချင်တဲ့သူ ကိုယ့်အားကိုယ်ကိုး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ချင်တဲ့သူဆိုရင် နဂိုတည်းက ချီးမွမ်းပြီးသား၊ သဘောကျပြီးသား၊ အဘိုး ကုမ္ပဏီမှာ လူတစ်ယောက်အတွက် အလုပ်တစ်နေရာစာ ဖန်တီးပေးရ ခန့်ပေးရတာလည်း ဘာမှ အပန်းမကြီးဘူး၊ အေး ... တစ်ခုပဲရှိတယ် ငါ့မြေး"

"ဘာလဲ အဘိုး"





"မင်းသူငယ်ချင်းတွေသာ တစ်ယောက်ပြီး တစ်ယောက် အလုပ်သွင်းနေပြီး မင်းက ဘာအလုပ်မှ ဝင်မလုပ်တာကို ငါ မကျေနပ်ဘူး၊ ဒီတော့ ခုတစ်ထိုင်တည်း အဘိုး စဉ်းစားလိုက်တာတော့ မင်းသူငယ်ချင်းဆိုတာကိုလည်း ငါ အလုပ်ခန့်ပေးမယ်၊ မင်းလည်း အလုပ်တစ်နေရာ ဝင်လုပ်ရမယ်"

မိုးသက်ထန်က ဝိုင်တွေသွားပါသည်။

"မင်းလည်း အလုပ်ဝင်မယ်ဆိုမှ မင်းသူငယ်ချင်းကိုပါ ခန့်မယ်၊ ဒီတော့ မင်း ပြန်စဉ်းစား ထန်လေး၊ ဆုံးဖြတ်နိုင်ပြီဆိုရင် ပြန်လာခဲ့"

"ရပြီ အဘိုး"

"ဘာရတာလဲ"

"ဆုံးဖြတ်လို့ရပြီ"

"ဘယ်လိုဆုံးဖြတ်တာလဲ"

"သားလည်း အလုပ်တစ်နေရာဝင်ပါ့မယ်၊ တင့်တင့်ကိုလည်း ခန့်ပေးပါနော် အဘိုး"

"ဟော"

အဘိုးက မျက်ခုံးကြီးပင့်ကာ အကြီးအကျယ် အံ့သြသွားပါသည်။ စံဖြိုး အလုပ်ဝင်တုန်းကလည်း သူ့ကိုပါ အဘိုးကိုယ်တိုင် ရုံးရေး ဆင်းပေးမယ့် သူ ဝင်မှမဝင်ခဲ့တာ။ ဒီတော့ အမိုး



www.burmeseclassic.com

www.burmeseclassic.com



အဲ့အားသင့်မှာပေါ့။ သူ့အဖို့ကတော့ တင့်တင့်ကို သင့်တင့်လျော
ပတ်ပြီး ငွေရေးကြေးရေးလည်း အဆင်ပြေ၊ ဣန္ဒြေလည်းရတဲ့
အလုပ်ကလေးတစ်ခု အမြန်ဆုံးရစေလိုတဲ့ စေတနာက ပြင်းပြထက်
သန်လွန်းနေတာပါ။

အခုအချိန်မှာ တင့်တင့် အလုပ်ရဖို့သာ သူ့အတွက်
လိုရင်း။

"ဟော့ကောင် ထန်လေး၊ မင်း နောက်မှ ကတိမတည်ဘဲ
အကြောင်းကြောင်း မလုပ်နဲ့နော်၊ နောက်တော့မှ မင်း
အလုပ်လာမဆင်းဘဲ လစ်နေရင်တော့ မင်းသူငယ်ချင်းကို
ငါက အလုပ်ပြန်ထုတ်ပစ်ရလိမ့်မယ်"

"သား အဲသလို ဘယ်တုန်းက လုပ်ဖူးလို့လဲ အဘိုးရဲ့
မလုပ်ဘူးဆိုရင် မလုပ်ဘူး ငြင်းတာပဲ၊ တကယ်လုပ်
ပါ"

မိုးသက်ထန် အဖို့တော့ တင့်တင့်လည်း ဒီရုံး
အလုပ်ဝင်နေပြီဆိုရင် သူလည်း ဒီမှာ ရုံးလာတက်နေဖို့က
ခုန်ကြည်နူးစရာ တစ်မျိုးတောင် ဖြစ်နေတာပါ။

"ကဲ ... ဒါဖြင့် ပြီးရော၊ မင်းစကားသာ တည်ပါစေ
မြေး၊ မင်း သူငယ်ချင်းကို စီဗီဖောင်မ်လေးနဲ့ ငါ့ဆီလာ
နိုင်းလိုက်"





"အဘိုးကလည်း စီဗီရေးခိုင်းတော့ သူ့မှာ ဘာရေးစရာရှိ
မှာလဲ၊ ဆယ်တန်းလည်းမအောင် သင်တန်းတွေလည်း
မတက်ဖူးဘူး၊ အလုပ်ခွင်အတွေ့အကြုံလည်း ဘာမှမရှိဘူး၊
ရေးရမှာ မျက်နှာငယ်စရာ ကောင်းနေမှာပေါ့"

"ဟေ ... အေး ... အေး ကောင်းပါပြီကွာ၊ အမည်အသက်၊
မှတ်ပုံတင်၊ မွေးသက္ကရာဇ်၊ နေရပ်နဲ့ မိဘလောက်တော့
ရေးပေးနိုင်တယ် မဟုတ်လား၊ ကြိုက်တာသာရေးယူခဲ့ပစေ၊
လာတော့ တွေ့ဦးမှပေါ့ကွ"

"လာတော့ တွေ့ရမှာပေါ့ အဘိုးရဲ့၊ ဟဲ ဟဲ ... ဒါဖြင့်
ဒါပဲနော် အဘိုး၊ သား သွားပြီ"

မိုးသက်ထန်က ကျော်စံဖြိုးထံ ပြန်ပြေးဆင်းလာခဲ့
ဘာ စံဖြိုးကိုခေါ်၍ သူတို့အိမ်ဘက် မောင်းလာခဲ့ပါသည်။
ကျော်စံဖြိုးက သူ့ဟာသူ ပြန်မည်ပြောနေပေမယ့် မိုးသက်ထန်က
လည်း သူ့စိတ်ကူးနှင့်သူ ထွက်လာကာ တမင်တကာ စံဖြိုးကို
ခေါ်ခေါ်တာပါ။

"ငါ ဦးညွန့်ကို မေးထားတယ်၊ ပဲလှော်ဖေဒင်ကို ပင်ရင်း
လုပ်နေတဲ့နေရာ ငါ သိထားပြီ၊ မင်းတို့လမ်းနား နီးနီးလေး
ပဲကွ"

"ပဲလှော်ဖေဒင်ပင်ရင်းကို မင်းက ဘာသွားလုပ်မလို့လဲ"

"နည်းနည်းပါးပါး သွားဆွေးနွေးစရာ ရှိလို့ပါ"



www.burmeseclassic.com

"ဟာ ... ဟော့ကောင်၊ မင်း ဘာတွေလုပ်မှုလို့လဲ ပြောဦး၊ ဘာတွေလုပ်နေတာတုန်း၊ တင့်တင့်နဲ့ပတ်သက်ပြီး မင်းလုပ်တာတွေက တဖြည်းဖြည်း ရှေ့တိုးတိုးပြီး လိုတာထက်ပိုလာပြီထင်တယ်နော် ဟော့ကောင်"

"အေး ... ငါ အခု တင့်တင့်အတွက် အဘိုးဆီမှာ အလုပ်ဝင်တောင်းလာတာ၊ အဘိုးက ခန့်ပေးမယ်တဲ့၊ အဲဒါ အဘိုးကုမ္ပဏီဆီ အလုပ်လာလျှောက်ပြီး အဘိုးနဲ့ဝင်တွေ့ဖို့ မင်း တင့်တင့်ကို ရအောင်ပြောလိုက်ပါ၊ ငါ ပြောရင်သူက အလကားနေရင်း ငြင်းနေဦးမယ်"

"မင်းနယ်ကွာ၊ ကိုယ်က အလုပ်ပေးရတာတောင် သူငြင်းမှာစိုးလို့ ခခယယ၊ ကျွတ် ... နေပါဦး မင်း ဘာဖြစ်နေတာလဲ၊ တင့်တင့်ကို ကြိုက်နေတာလား"

မိုးသက်ထန်က နှုတ်ခမ်းကိုက်ကာ တိတ်ဆိတ်သွားပါသည်။

"ထန်ကြီး ဟုတ်တယ်ဆိုရင်တော့ အဲဒါ မဖြစ်သင့်တဲ့ကိစ္စလို့ ငါထင်တယ်ကွာ၊ ဘာဖြစ်လို့လဲ ဆိုတော့ နှစ်ယောက်စလုံး အတွက် မကောင်းဘူးလို့ ငါ မြင်တယ်"

"ငါ နောက်ဆုတ်လို့ မရတော့ဘူးထင်တယ် စံဖြိုး"

"ဘာဖြစ်လို့လဲ"





"ရှေ့လျှောက် ငါ့ဘဝမှာ တင့်တင့်ကိုဖယ်ပြီး ချန်ထားခဲ့ပြီး ငါ နေထိုင်သွားဖို့ မဖြစ်နိုင်တော့ဘူး၊ ငါ့ဘဝထဲမှာ သူ တောက်လျှောက်ပါနေတော့မှာ သေချာသွားပြီ စံဖြိုး၊ မင်းလည်း ငါ့ကို တားဖို့ နားချဖို့ မစဉ်းစားနဲ့၊ ငါက ပေါ့ပေါ့ပါးပါးနေခဲ့ပေမယ့် ထင်သလိုကြဲပြီး ဟော့ဟော့ရမ်းရမ်းလုပ်စားတော့မဟုတ်ဘူး၊ ပြီးတော့ ငါ့မှာ ငါ့ဟာနဲ့ငါ စဉ်းစားဆင်ခြင်နိုင်တဲ့ ဦးနှောက်လည်း ရှိသေးတယ်၊ မင်း သူ့ကို အလုပ်သွားလျှောက်ဖြစ်အောင်တော့ တာဝန်ယူကွာ၊ လူတွေ့ပြီးတာနဲ့ အဘိုးက သေချာခန့်ပေးမှာပါ"

စံဖြိုးက သက်ပြင်းတစ်ချက်ချပြီး ဘာမှ ဆက်မပြောတော့ပါ။ ဆက်ပြောစရာလည်းမလို၊ စံဖြိုး စဉ်းစားတတ်သလောက် မိုးသက်ထန်လည်း စဉ်းစားတတ်သည်။ ကာယကံရှင်မို့ အတွေးရှမ်းပြီး ကျန်ရစ်တာမျိုးရှိသွားလို့သာ ဆေးလှုအမြင်ကို ဝင်ပြောရတာပါ။ မိုးသက်ထန်ဟာ ခုချိန်ထိ ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားတဲ့သူဆိုတာ စံဖြိုးလည်း အသိဆုံးပဲ မဟုတ်သေး။

"ပဲလှော်က ဘာလုပ်မလို့လဲကွ"

"လိုက်ခဲ့"

အိမ်တွင်းတနိုင် ပဲလှော်ဖိုဆောင်ထားတဲ့ အိမ်မည်းနည်းကုပ်ကုပ်လေးထဲ မိုးသက်ထန်နှင့် စံဖြိုး ဝင်လာခဲ့ကြပါသည်။ ပဲလှော်ဖိုပိုင်ရှင် အပျိုကြီးညီအစ်မဟာ မိုးသက်ထန် သူ့ကိုယ်သူ

www.burmeseclassic.com



မိတ်ဆက်ဝင်ထိုင် စကားတွေပြောနေတာကို အံ့အားတသင့် ငေးစိုက်နားထောင်နေကြပါသည်။

"ကျွန်တော် သိချင်တာက ဒီပဲလှော်ထုပ်ထဲက ဗေဒင်က ဘယ်လိုတွက်ချက်ဟောထားတဲ့ ဗေဒင်လဲလို့ပါခင်ဗျ"

"ဩော် ... ဟင်း ဟင်း ဟင်း ... မောင်လေးရယ် ပဲလှော်ထဲပါတဲ့ ဗေဒင်စာရွက်က ဘယ်သူနဲ့ တွက်ထားပါမလဲ အပျော်ပေါ့၊ စိတ်ဝင်စားစရာလေးတစ်ခုပါအောင် ထည့်ထားတဲ့သဘောပဲဟာ၊ အခု ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူးခင်ဗျ၊ ဗေဒင်ဟောစာတွေက ဘာဖြစ်လို့ ကံဆေတာတွေ များနေတာလဲ သိချင်လို့ ရောက်လာတာပါ"

"ဩော် ... ဒါလား၊ ဒါကတော့ လူဆိုတာ မကောင်းတာလေးကြုံမှ ကောင်းတာလေးကို မျှော်လင့်ချက်ထားမိကြတာကိုး၊ ကောင်းတာချည်းပဲရနေရင် တခြား ဘာမျှော်လင့်စရာ ရှိဦးမှာလဲ မောင်လေးရဲ့၊ ပဲလှော်ထုပ်လေးဖောက်စားပြီး ဗေဒင်လေးဖတ်လိုက်တော့ ကံလေးကညံ့နေတယ်ဆိုတော့ နောက်တစ်ကြိမ်ကံကောင်းနိုးနဲ့ နောက်တစ်ခါထပ်ဝယ်စားဖြစ်အောင်သဘောပါပဲ၊ ဘာရယ်မဟုတ်ပါဘူးကွယ်၊ အပျော်ပါပဲ၊ အဆိုးချည်းပဲလည်း မဟုတ်ပါဘူး၊ ကောင်းတာလေးလည်း ပါပါတယ်"





"မပါသလောက်နည်းတယ်ဗျ၊ ကျွန်တော်လည်း စိတ်ဝင်စားလို့ ဦးညွန့်ဆိုင်က ခဏခဏဝယ်ပြီး ကြည့်ကြည့်တယ်၊ ကံမကောင်းတာက များပါတယ် အစ်မရာ"

"အခု မောင်လေးက ဘာလုပ်ချင်တာလဲ၊ ဘာဖြစ်ချင်လို့လဲ"

"ဒီလိုပါ အစ်မရယ်၊ ကျွန်တော့်သူငယ်ချင်းကောင်မလေးက နဂိုတည်းက သူ့အိမ်အခြေအနေက သိပ်မကောင်းရှာတာပါ၊ မိထွေးနဲ့လည်း နေရတယ်၊ သူက အစ်မတို့ပဲလှော်ဗေဒင်ကို ယုံယုံကြည်ကြည်နဲ့ နေ့တိုင်းဝယ်တာ၊ စားဖို့ထက်ကို သူက ကံစမ်းနေတာ၊ အမြဲပဲ ကံမကောင်းတဲ့အဟောတွေ ကံဆိုးမယ့်အဟောတွေချည်းရနေတော့ သူ့ခမျာ စိတ်ဆင်းရဲနေရှာတာ"

အပျိုကြီးညီအစ်မက အံ့အားတသင့်နှင့် ...

"အဲဒါ အစ်မတို့က ဘာလုပ်ရမှာလဲ"

"ဒီလိုပါ အစ်မ၊ ကံကောင်းတဲ့ အဟောလေးတွေ ပျော်စရာ စိတ်ချမ်းသာစရာလေးတွေပါတဲ့ ဟောစာလေးတွေချည်းပဲ လှော်ထဲထည့်ပေးလို့ မဖြစ်နိုင်ဘူးလားခင်ဗျာ"

"ဩော် ... အဲဒါကတော့ အစ်မတို့က ညီအစ်မနှစ်ယောက် တနိုင်လေးပဲ စီးပွားရေးလုပ်တာဆိုတော့ တစ်နေ့တစ်နေ့လည်း အများကြီးမထုပ်ပါဘူးကွယ်၊ နည်းနည်းပါးပါးပေါ့၊ အဲဒီထဲထည့်မယ့် ဗေဒင်စာရွက်လေးတွေကတော့ တံဆိပ်



www.burmeseclassic.com

www.burmeseclassic.com



တုံးနဲ့နှိပ်တာလေ၊ တံဆိပ်တုံးတော့ လုပ်ပြီးသား ဒီဟာ ဒီဟာတွေပဲ ရှိတာပေါ့၊ တခြားဟာတွေ အသစ်လုပ်ပြီး ထည့်ပေးဖို့ဆိုတာက သိပ်မဖြစ်နိုင်ဘူးကွယ့်"

"အစ်မ ဗေဒင်ဟောစာတမ်း စာရွက်လေးတွေက ကျွန်တော် အသင့်လုပ်လာပါတယ်"

"ဟင် ..."

မိုးသက်ထန်က ကွန်ပျူတာစာတန်းလေးတွေ ရိုက်နှိပ်ထားတဲ့စာရွက်လေးတချို့ကို အပျိုကြီးညီအစ်မရှေ့ ချပြလိုက်ရင်း ...

"အစ်မတို့ ဖြတ်ပြီး ထည့်လိုက်ရုံပါပဲ"

"ဟယ် ..."

ခေါင်းချင်းဆိုင်ကာ ဖတ်ကြတဲ့ အထဲ စံဖြိုးပါ ပါလေသည်။

"ထီပေါက်ကိန်းရှိသည်"

"စိတ်ချမ်းသာစရာ သတင်းထူးကြားရမည်"

"ချစ်သူဝိုင်းဝိုင်းလည်နေသည်"

"အလုပ်အကိုင်အခွင့်အလမ်းကောင်း ပွင့်လာပြီ"

"အတိတ်နိမိတ်ကောင်းသောအချိန်ကာလဖြစ်၍ မိမိနှစ်သက်ရာ အကြံအစည်ကို ယခုပင်စတင်လိုက်ပါ"

"စုတ်ရော လာဘ်ရော ဝင်မည်"





"ကျန်းမာရေး အထူးကောင်းသည်"

"လမ်းသွားရင်း ခလုတ်တိုက်လျှင် လိုရာတစ်ခု ဆုတောင်းလိုက်ပါ၊ မုချပြည့်မည်"

"အလှူကြီးလှူနိုင်သော ငွေကြေးအလုံးအခဲရရန်ရှိသည်"

စံဖြိုးက သက်ပြင်းတစ်ချက်ချရင်း ...

"ဩော် ... ထန်ကြီး ... ထန်ကြီး"

"ဘာလဲကွ"

"မင်း တင့်တင့်ကို တော်တော်ကြွေတာပဲ ကိုး၊ တော်တော်မြတ်နိုးတာကိုး"

"အေး ... မင်းရဲ့ အဲဒီစကားလုံးလေးမိုက်တယ်၊ မြတ်နိုးတာဆိုတာလေးက သိပ်အေးချမ်းပြီး သိမ်မွေ့တာပဲကွာ၊ ငါ သူ့ကို စိတ်ချမ်းသာပြီး အကောင်းဖွေချည်းပဲ တွေ့စေချင်တယ်"

မိုးသက်ထန်က အပျိုကြီး ညီအစ်မထံ ပြန်ကြည့်ရင်း ...

"ဒါတွေ ထည့်ပေးနိုင်မလား"

"အင်း ... ထည့်တာကတော့ ထည့်ပေးနိုင်ပါတယ်၊ ဒါပေမဲ့ အစ်မတို့ဟာက အရင်က တံဆိပ်တုံးထုတဲ့ စာလုံးခရမ်းရောင်တွေ၊ ခုဟာက ကွန်ပျူတာစာစီ၊ နောက်ပြီးတော့ အစ်မတို့က ..."



www.burmeseclassic.com

www.burmeseclassic.com



"ကဲ … ဒါဖြင့် အစ်မတို့ ဒီတိုင်းအလကားနေရင်းထိုင်ရင်း ကျွန်တော် တောင်းဆိုတာကို တကူးတက လိုက်လျောနေရမှာလည်း ကျွန်တော်လည်း အားနာတယ်၊ ဒီလိုလုပ်ပါလားဗျာ"

"ဘယ်လိုလဲ"

အပျိုကြီးညီအစ်မဟာ မိုးသက်ထန်ကို တအံ့တဩဖြစ်နေပါသည်။

"အစ်မတို့ ပဲလှော်ထုပ်တစ်ထုပ် ငါးဆယ် ဟုတ်လား"

"အင်း … ဟုတ်တယ်"

"ဒါဆို ကျွန်တော် အထုပ်တစ်ရာဝယ်လိုက်မယ်၊ ငါးထောင်ဖိုးပေါ့"

"ဟင် …"

"ပဲလှော်အထုပ်တစ်ရာ ကျွန်တော် ပိုင်သွားပြီ၊ ကျွန်တော် ပဲလှော်ထုပ်တစ်ရာထဲမှာ ကျွန်တော့်ဗေဒင်အဟောတွေ ထည့်ပေးပါ၊ ထည့်ပေးရတဲ့အတွက် အစ်မတို့က သီးသန့်လုပ်အားခ လိုချင်တယ်ဆိုရင်လဲ …"

"မလိုချင်ပါဘူး … မလိုပါဘူး၊ ကိုယ့်ပဲလှော်ထုပ်ဆိုလည်း ဒီစာရွက်တွေကတော့ ထည့်နေရတာပဲလေ၊ မောင်လေးရဲ့ စာရွက်တွေ အစားထိုးထည့်ရုံပဲဟာ၊ လုပ်အားခမလိုပါဘူး၊ ဒါပေမဲ့ မင်းမှာသာ ပဲလှော်ထုပ်တစ်ရာကို ဘာလုပ်မှာလဲ"





"ဦးညွန့်ကို ကျွန်တော် ပေးလိုက်မှာပေါ့၊ ဦးညွန့် ပြန်ရောင်းမှာပေါ့"

"ဪ … ဟို သစ္စာလမ်းထိပ်က ဦးညွန့်ဆိုင်လား"

"ဟုတ်ကဲ့"

"သူက တစ်ပတ်မှာ အထုပ်ငါးဆယ်လောက် ယူတာ"

"ဒါဖြင့်လည်း နှစ်ပတ်ခွဲပေးပေါ့ဗျာ"

"အလကား ပေးလိုက်ရမှာပေါ့"

"ပေးလိုက်ပါ၊ ဦးညွန့်ဘက်က အရေးမကြီးပါဘူး၊ အစ်မတို့သာ ကျွန်တော်ယူမယ့် ဦးညွန့်ကိုပေးမယ့် ပဲလှော်ထုပ်တစ်ရာထဲမှာ ကျွန်တော့်ဗေဒင်စာရွက်တွေပဲ ထည့်ပေးပါ၊ ကျွန်တော် အခုတစ်ခါတည်း ပိုက်ဆံရှင်းခဲ့ပါ့မယ်၊ ရော့ … ငါးထောင်"

ညီအစ်မနှစ်ယောက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ခေါင်းညိတ်ကာ –

"ဆယ်ထုပ်ယူရင်တောင် လေးဆယ်နဲ့ဆောက်သည်ဈေးပေးခဲ့တာပါ၊ အခု အထုပ်တစ်ရာယူတာ ငါးထောင်မပေးပါနဲ့၊ သုံးထောင့်ငါးရာပဲပေးပါ"

"အစ်မ သေသေချာချာလေး လုပ်ပေးပါ၊ ကျွန်တော် စိတ်ချမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... စိတ်ချပါ စိတ်ချပါ၊ သေချာလုပ်ပေးပါ့မယ် မောင်လေးရဲ့၊ ဦးညွန့်ကိုလည်းမှာထား၊ အစ်မတို့က တစ်ပတ် အထုပ်ငါးဆယ် နှစ်ပတ်ခွဲပေးလိုက်ပါ့မယ်"

"ကျေးဇူးတင်ပါတယ် အစ်မ"

မိုးသက်ထန် တပြုံးပြုံးနှင့်ထ,ပြန်လာတဲ့အခါ စံဖြိုးပါ ဘေးက အတူယှဉ်ပါလာရင်း ...

"ထန်ကြီး ... မင်းတော့ မလွယ်ပါလားကွာ"

"ဟော့ကောင် ... မင်း တာဝန်က သူ့ကို အဘိုးအလုပ်ထဲ ဝင်ဖို့ ရအောင်ပြောဖို့ပဲ၊ ငါ့အဘိုးဆိုတာ ပြောရင်ပြော၊ မပြောရင်နေ မင်း အဆင်ပြေသလိုကြည့်ပြောလေ၊ သူက ငါ တမင်တကာ ကူညီတာဆိုပြီး ငြင်းမှာစိုးလို့ကွာ"

"အေးပါကွာ၊ သူလည်း အလုပ်လိုချင်နေတာပဲဟာ၊ မလုပ်ဘဲနေပါ့မလား"

"တင့်တင့်က မာနတစ်မျိုးရှိတယ် စံဖြိုး၊ အလွယ်တကူရတဲ့ အကူအညီတိုင်းကို လိုချင်တဲ့အစားမျိုးမဟုတ်ဘူးကွ"

မိုးသက်ထန် ရင်ထဲမှာ တင့်တင့် ငြင်းမှာကို တကယ်ပဲ စိုးရိမ်ပူပန်နေမိပါသည်။ သူ့ဘက်က စေတနာမေတ္တာတွေကို တင့်တင့်က အလွယ်ကလေးလက်ခံပါမလားလို့ ရင်မောနေမိတာပါ။





## ၁၀

"အာ ... မလုပ်ပါဘူး၊ သူ့ဆီမှာ ဘယ်သူက အလုပ်လျှောက်နေလို့လဲ"

တင့်တင့်က ခါးခါးသီးသီးပင် ခေါင်းခါငြင်းလိုက်ပါသည်။ ဦးညွန့် ကုန်စုံဆိုင်မှာ တင့်တင့် အာလူးရွေးနေတဲ့အနားရပ်နေတဲ့ စံဖြိုးက ...

"နင်လည်း အလုပ်ရှာနေတာပဲ မဟုတ်လား"

"ငါ့ဟာငါ အလုပ်ရှာတာ၊ သူ့ဆီ အလုပ်တောင်းတာမှ မဟုတ်ဘဲ၊ ဒီလူကလည်း အံ့ပါရဲ့၊ နေရင်းထိုင်ရင်း လူကို လိုက်အလုပ်ပေးနေတယ်"

"တခြားအလုပ်လည်းရှာလုပ်မှာပဲဟာ၊ သူ့အဘိုးကုမ္ပဏီက ကျမှ ဘာဖြစ်နေလို့လဲဟ၊ '......ကုမ္ပဏီ'ဆိုတာ နာမည်ကြီးတဲ့ကုမ္ပဏီအကြီးကြီးပဲ၊ လစာတွေလည်းကောင်းတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရုံးတက်တာကအစ ယူနီဖောင်းလေးတွေနဲ့ အရမ်းမိုက်တာ
တင့်တင့်တယ်တယ်လေးနဲ့ လူတကာအထင်ကြီးတဲ့ အလုပ်
ဝင်ချင်တဲ့ ကုမ္ပဏီမျိုးပါဟ၊ အဆင့်မြင့်တဲ့ကုမ္ပဏီမှာများ
နင်က ဘာဖြစ်လို့ မလုပ်ချင်ရတာလဲ"

အေး ... ဘာလို့မလုပ်ချင်ရတာလဲဆိုတာ ငါလည်း
ပြောမပြတတ်ဘူးဟေ့။

တင့်တင့်က စိတ်ထဲကပဲ အသံတိတ်ကျိတ်ကာ ရေ
ရွတ်နေပါသည်။

မိုးသက်ထန်အကြောင်း ပြောလိုက်ရင် ဒါမှမဟုတ်
သူ့ကို လှမ်းမြင်တွေ့လိုက်ရင် တင့်တင့်ရင်ထဲ တစ်မျိုးကလေးဖြစ်
ဖြစ်သွားရလို့ ဒီအဖြစ်အပျက်ကို မနှစ်သက်လို့ တုန်လှုပ်လို့
စသဖြင့် အမှန်တရားတွေအားလုံး ဖွင့်ပြောပြရလောက်အောင်လည်း
ကျော်စံပြီးနင့်မခင်ပါ။

သူကတော့ သူဌေးပိပိ မရှိဆင်းရဲသူတွေအပေါ်မှာ
အလွယ်တကူ စေတနာထားနိုင်လို့ လူတကာကို ကူညီနေတာလည်း
ဖြစ်ချင်ဖြစ်မှာပါလေ။ ဒါပေမဲ့ အဲဒီ ကရုဏာစေတနာလေးတွေက
လူတစ်ဖက်သားရဲ့ရင်ထဲကို နူးညံ့တဲ့လက်အစုံနဲ့ ဖြည်းဖြည်းပုတ်
ခတ်လှုပ်နှိုးသလို တင့်တင့်နှလုံးသားဟာ ကယောင်ကတန်း အဟုတ်
မှတ်လန့်နိုးချင်ချင်ရှိနေတာ ကိုယ့်ဒေဝနာကိုယ်ပဲသိတယ် မဟုတ်
လား။





သူ့ကိုသာ နင်ရှူးနေလားလို့ အကြိမ်ကြိမ်မေးနေခဲ့
ဘား တင့်တင့်ကိုယ်တိုင်က ရှူးချင်နေခဲ့တာပါ။ ဒီလောက်အခြေ
အနေကွာခြားတဲ့ သူလိုလူမျိုးကို နှလုံးသားက လန့်နိုးစိတ်ကူးယဉ်
နေပါတယ်ဆိုရင်တော့ တင့်တင့် ရှူးလို့သာပေါ့။ မိုးသက်ထန်ဆို
တာဟာ တင့်တင့်အတွက်တော့ မစားကောင်းတဲ့အသီးလို မနီးစပ်
အပ်တဲ့ လူသားဖြစ်နေခဲ့လို့ပါ။

"နင်က မာနကြီးတာလည်း ကြီးပေါ့၊ လွန်လွန်းလာတော့
ဘာတွေ အသားလွတ်ဘဝင်မြင့် ဖင်ခေါင်းကျယ်နေလဲ
နားမလည်တော့ဘူး"

"ဟဲ့ ... နင် ငါ့ကို အဲသလို ပြောစရာလား"

"ပြောစရာပေါ့၊ ကိုယ်တိုင်တောင် တကူးတက အလုပ်
လိုက်ရှာနေရက်နဲ့ ဟိုက စေတနာနဲ့ ခန့်ပေးတဲ့အလုပ်ကို
အိအကျိုချလုပ်နေတယ်၊ ဒီလိုကုမ္ပဏီမျိုးကအလုပ်ကို နင်
ငြင်းစရာလား"

"ဟဲ့ ... နင့်သူငယ်ချင်းက ရူးလို့ သူဌေးသားအချိုး ချိုး
ပြီး ဟိုလူ့ကယ်တင် ဒီလူ့စောင့်ရှောက်လုပ်ချင်နေပေမယ့်
သူ့အဘိုးက ပေးချင်မှပေးမှာပေါ့၊ လုပ်မနေနဲ့"

"ဟဲ့ ... သူ့အဘိုးကပေးမှာမို့ ငါက ခေါ်နေတာပေါ့၊ ငါ့
ကိုလည်း ထန်ကြီးပြောလိုက်လို့ သူ့အဘိုးက အလုပ်ခန့်



www.burmeseclassic.com

www.burmeseclassic.com



ပေးတာပဲ၊ သူ့အဘိုးက အလုပ်လုပ်ချင်တဲ့ လူငယ်တွေကို သိပ်သဘောကျတာ၊ အရမ်းစိတ် ကောင်းရှိပြီး သိပ်တော်တဲ့ သူဌေးကြီး၊ သူကတောင် ပေးပါမယ် ကတိပေးပြီးတာကို နင်က မလုပ်နိုင်ဘူး ငြင်းနေတာကိုက ရူးနေတာ"

"အေး ... ရူးလည်း ရူးတယ်ပေါ့ဟာ၊ ရော့ ... ဦးညွန့် အာလူးငါးဆယ်သား"

ဦးညွန့်က တင့်တင့်ရွေးထားတဲ့ အားလူးဆန်ကာကို လှမ်းယူလိုက်ပါသည်။ ချိန်ခွင်ကိုထည့်ကာချိန်ရင်း ...

"ကျော်စံဖြိုးပြောတဲ့ကုမ္ပဏီ ကောင်းသားပဲဟ"

"ဦးညွန့်ကလဲ ဘာမှမသိဘဲနဲ့၊ သူ့သူငယ်ချင်း သူဌေးသားဘော်ကြော့က သူ့ကိုယ်သူ ဘာမှတ်နေတယ်မသိဘူး ... ဟွန်း"

"သူ့သူငယ်ချင်း သူဌေးသားလေးက လူကောင်းလေးပဲဟ၊ လူမှုဝန်ထမ်းစိတ်မျိုးလည်း ရှိတယ်၊ နင်တို့လမ်းတောင် အမြင်မတော်လို့ ဝင်ခင်းပေးသွားသေးတာ မဟုတ်လား၊ ကျေးဇူးတင်ထိုက်တာပေါ့ဟ"

"ရှင်းရှင်းပြောရရင် သူက သူ့ကိုယ်သူ ဖန်ဆင်းရှင်စတိုင် ချိုးနေတာ"

"ဒီလိုဟုတ်ပုံမရပါဘူး တင့်တင့်ရာ ညည်းကလဲ"





"ဟား ... ဦးညွန့် ဒီအာလူးလေးတစ်လုံးနှစ်လုံးကို ဘာဖြစ်လို့ ပြန်နုတ်နေတာလဲ၊ ကတ်စေးနဲပြီး လက်တိုလိုက်တာ တစ်ခါတည်း၊ ထည့်လိုက်ပါတော့"

"အေးပါဟာ ရော့ပါ၊ ဘာပဲဖြစ်ဖြစ် အခွင့်အရေးဆိုတာ နှစ်ခါမရဘူးနော် တင့်တင့်၊ ဒီလို နာမည်ကြီးကုမ္ပဏီကြီးမှာ ကိုယ်က သွားလျှောက်ဦးတောင် အလုပ်ရချင်ရမှာ၊ ညည်းကို အသာတကြည်စေတနာနဲ့ ခန့်ပေးမှာ၊ သမီး တခြားဟာတွေ ထည့်မတွေးနဲ့၊ ကိုယ့်ဘက်ကိုပဲ ရှင်းရှင်းတွေး လက်ခံသင့်တယ်"

"ပြောပါဦး ဦးညွန့်ရာ၊ အကောင်းစေတနာနဲ့ ကူညီတာကိုလည်း အကောင်းမထင်ဘူး၊ မိုးသက်ထန်က သူ့ကိုမှ ရယ်မဟုတ်ပါဘူး၊ လူတိုင်းကို စေတနာရှိတာပါ ဦးညွန့်ရ"

"နေပါဦး ငါ အလုပ်တွေ လိုက်ရှာနေတာကိုကော သူက ဘယ်လိုသိနေရပြန်တာလဲ၊ နင်ပဲဖြစ်မှာပေါ့၊ ဖော်ကောင် လုပ်တာ"

"ဟုတ်တယ်၊ ငါက စကားစပ်မိပြီး ဘာရယ်မဟုတ်ပြောမိတာ၊ သူက စေတနာပေါက်ပြီး သူ့အဘိုးကိုပြောပြီးတော့ သူ့အဘိုးကလည်း ခန့်ပေးမယ်ဆိုရက်နဲ့ နင် ခုလိုငြင်းမယ်ဆိုတာ ကြိုသိရင် နင် အလုပ်လိုက်ရှာနေတာကို ငါက အစကတည်းက ပြောတောင်မပြောတော့ဘူး တင့်တင့်"



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာစုပုပ်နေတဲ့ စံဖြိုးကို တင့်တင့်က ရယ်ဟဟ ကြည့်ရင်း ...

"နင်ကလည်း နင့်သူငယ်ချင်းထိလို့ ဖြစ်နေလိုက်တာ — ဟာဟ၊ ငါက ကာယကံရှင်ပါဟဲ့၊ ငါမလုပ်ချင်တဲ့အလုပ်ကို ဘာဖြစ်လို့ တိုက်တွန်းနေသေးလဲ"

"နင်မလုပ်ချင်တာက အဓိပ္ပာယ်မှမရှိတာ"

"လုပ်ချင်စိတ်ဖိလင်ကို မလာဘူးဟာ၊ ကဲ ... ဘာဖြစ်လဲ အဲဒါ"

"အဲဒါပြောတာပေါ့၊ ဘာတွေ ဘဝင်မြင့်နေမှန်းကိုမသိဘူး"

"ငါ့မှာ ဘဝင်မြင့်စရာ ဘာအကြောင်းမှမရှိတာ နင်လည်း သိပါတယ် စံဖြိုးရာ၊ ဘဝင်မြင့်တာတော့ မဟုတ်ပါဘူး ငါလို ဘာမဟုတ်တဲ့မိန်းမ အိမ်နေနေ အပြင်သွားသွား ကံကောင်းတာ ဘာတစ်ကွက်မှမရှိတဲ့ ငါ့ကိုယ်ငါ ဘာဘဝင် မြင့်နေရမှာလဲ၊ ကဲ ... ကြွတ်နီး ဦးညွှန့်ရေ ပဲလှော်ဖေဒင် လေးတစ်ထုပ်လောက်"

"အခု နင့်ဟာနင်နေရင်း အလုပ်တစ်ခုရတာက ကံကောင်း တာမဟုတ်လို့ ဘာဖြစ်တာလဲ"

"ဒါ သူများက ဖန်တီးပေးတာကြီး၊ ငါ့အရည်အချင်းနဲ့ ရတာမှ မဟုတ်တာ"





"နင်က အခု အလုပ်လုပ်ချင်လို့ ရှာနေတာလား၊ နင့်အရည် အချင်းကို ပြချင်နေတာလား၊ ကျွတ် ... ရှင်းရှင်းထားစမ်း ပါဟာ"

တင့်တင့်က ဦးညွှန့်လှမ်းပေးတဲ့ ပဲလှော်ထုပ်ကို ဖောက်ရင်း ...

"ကြည့်နေ ကံက ဆိုးနေဦးမှာပဲ"

ထွက်လာတဲ့ ဟောစာရွက်လေးကို တင့်တင့်က ဖတ်လိုက်ရင်း ...

"အမယ် ... ဟား ဟား ... သင့်ဘဝ၌ ကံကောင်းချိန်တန် ပြီတဲ့"

"တွေ့လား ကံကောင်းချိန်တန်လာလို့ ဒီအလုပ်ရတာ၊ ဝင်လုပ်လိုက်"

တင့်တင့်က ဦးညွှန့်ကို ပိုက်ဆံရှင်းရင်း ...

"ကျော်စံဖြိုး၊ အလုပ်ပေးတာကို ကျေးဇူးတင်ပါတယ်လို့၊ ဒါပေမဲ့ ငါ ငြင်းတယ်လို့ပဲ နင်ပြောပြလိုက်ပါ"

❧ ❦ ❧

တင့်တင့်တို့အိမ်နဲ့နီးတဲ့ လမ်းဟိုးတစ်ဖက်ထိပ်မှာ ...ပ်စေပြီး တင့်တင့်တို့အိမ်ဆီ ဆင်းလျှောက်လာခဲ့တဲ့ မိုးသက် ...သည် တင့်တင့်ကို အိမ်ရှေ့ရောက်လျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... မျက်စိထဲ ဆပ်ပြာလေးနည်းနည်းစဉ်တာ ဒီလောက် အော်ငိုနေစရာလား ကျော်စွာ ... ဟင်၊ နင် ယောက်ျားလား မိန်းမလား၊ ပါးစပ်ပိတ်၊ တစ်နေ့တစ်နေ့ သူ့ရေချိုး သနပ်ခါးလိမ်းပေးရ ထမင်းကျွေးရနဲ့ပဲ ရှုပ်ယှက်ခတ်နေ တယ်၊ ထမင်းစားလည်း မပြီးတော့ဘူး၊ ထမင်းလုံးတွေ ဖိတ်ကျပေပွနေတာ ... တောက်"

"အီး ဟီး ... မမကြီးဆိုရင် ခွံ့ကျွေးတာ"

"ဘာလို့ခွံ့ကျွေးရမှာလဲ၊ နင် နောက်နှစ် ကျောင်းနေရတော့ မှာ၊ ကိုယ့်ဘာသာစားပေါ့"

"မမကြီးဆိုရင် မအော်ဘူး ... အီး ဟီး"

"တိတ်စမ်း၊ အခု နင့်မမကြီး မရှိဘူး နားလည်လား နောက်လည်း နင့်ဝေယျာဝစ္စ မလုပ်ရအောင် ခုလို လစ်နေမှာ၊ တစ်သက်လုံးလည်း မလုပ်ပေးနိုင်ဘဲနဲ့ ကလေး ကို ဖျက်ဆီးထားတာ၊ ဒီအကောင်က ကိုယ့်အားလေး ဘာတစ်ခုမှ ကိုယ်မကိုးချင်ဘူး၊ အီးကအစ ကုန်းပေးနေရ တယ် ... တောက် ... ဟင်းနော်၊ ဟဲ့ ... မငိုနဲ့"

"စပ်တယ် ... စပ်တယ်၊ အီး ဟီး ... မမကြီး ရေချိုးရင် မျက်စိထဲ ဘယ်တော့မှ ဆပ်ပြာမဝင်ဘူး ... အီး ဟီး"

"ဟဲ့ ... တိတ်ဆို"





ကလေးရဲ့ငိုသံ အမေရဲ့ ဓမော်ကြီးပန်းကြီးကြားက ဆူကြိမ်းသံတွေက အိမ်လေးရှေ့မှာ ကြွက်ကြွက်ညံနေပါသည်။

"တိတ်လို့ပြောနေတာ ငါ ရိုက်တော့မယ်"

"မမကြီးဆိုရင် မရိုက်ဘူး"

"ကဲဟယ် ... မမကြီးဦး၊ သူ မရိုက်လည်း ငါရိုက်တယ်၊ တကတဲ မောလိုက်တာ သေတော့မှာပဲ"

"အား ဟား ... အီး"

"ဒီမှာခင်ဗျာ ... ဒီမှာ အန်တီ"

တံခါးကို လက်ဝါးနှင့် ခပ်သာသာလေးရိုက်ခေါ်သံ ... လေးရဲ့အသံမြင့်အော်ငိုသံတွေနှင့် အိမ်ရှေ့ ... ညံလေးနား ပွဲစည် ... သဖြင့် မိုးသက်ထန်က အသံခပ်ကျယ်ကျယ် ... လိုက်ပါသည်။

"ဘာလဲဟေ့ ... ဘယ်သူလဲ"

ရေစည်ကွယ်နေ၍ တစ်ယောက်... ယောက် မမြင် ... ရ။ ဝူးသံသာ မောပန်းတကြီး ... သမကင်း ... ပေါ် ... သည်။

"ညည်သည် အန်တီ ညည်သည်"

"ဘယ်ကညည်သည်လဲ ... ဘာကိစ္စလဲ"

ဒေါ်အမာက ရေစည်နံဘေးမှာ ဆောင့်ကြောင့်ထိုင် ... ကျော်စွာကိုရေချိုးပေးနေရာက ထရပ်လိုက်ပါသည်။ မိုးသက် ... နံကိုမြင်လျှင် မျက်မှောင်ကုတ်သွားရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူနဲ့ တွေ့ချင်တာလဲ"

ကျော်ဇွာ ဆေးရုံတက်စဉ်က ကူညီပေးခဲ့တာတွေ မှတ်မိသော်လည်း တင့်တင့်ရဲ့မိတ်ဆွေဆိုပြီး ဖော်ရွေလိုမှု အလျဉ်း မရှိလေရာ ခပ်ထန့်ထန့်ပဲ မေးလိုက်ပါသည်။

"အန်တီနဲ့ပဲ တွေ့ချင်တာ"

"ငါနဲ့ ဘာကိစ္စရှိစရာ လိုလို့လဲ၊ တင့်တင့် မရှိဘူးနော်"

"သူ မရှိတာသိလို့ အန်တီနဲ့ပဲ လာတွေ့တာပါ"

ဒေါ်အမာ့မျက်နှာကတစ်မျိုးပြောင်းသွားရင်း ကျော်ဇွာကို ကျောမှတွန်းလွှတ် ကာ အိမ်ပေါ်တက်စေရင်း ...

"သွား ... ရေသုတ်၊ အကျီရှာဝတ်"

"ဟင့်အင်း ... ဟင့်အင်း ... မဝတ်တတ်ဘူး မမကြီးဆိုရင် ..."

"လာပြန်ပြီလား မမကြီး၊ ဒီကောင်လေးတော့ နာတော့မှာပဲ၊ သွား အပေါ်တက်၊ ရေသုတ် ... သွားဆို၊ ကဲ ... လာ အိမ်ပေါ်တက်ဦးလေ"

သူတို့အိမ်ပေါ်ရောက်ကြလျှင် အိမ်ရှေ့မှ မိန်းမတစ်ယောက်က အသံကျယ်ကျယ်နှင့် ...

"မအမာ ... မအမာ၊ ဆီဖိုးက ပေးမယ်ချိန်းထားကဲ့ရက်နှစ်ရက်ကျော်နေပြီ၊ ဒီနေ့ပေးတော့၊ လီလည်း လီနေနဲ့၊ တစ်ပိဿာဖိုး အပြည့်ဖြတ်ပေး"





ဒေါ်အမာ့မျက်နှာ နီမြန်းသွားရင်း တံခါးဝသို့သွားကာ ...

"ဘယ်လိုများဖြစ်နေတာလဲ ဒေါ်စန်းရယ်၊ အိမ်မှာ ညွှန့်သည် စောင်သည်ရှိမှန်းမသိဘာမသိ၊ တကယ်ပဲ၊ ညနေ သူ့အဖေ လာတော့ ပေးမှာပေါ့"

"ညွှန့်သည်ရှိမှန်း ဘယ်သိပါ့မလဲအေ၊ ညည်းလာပေးရမှာက တစ်နေ့ကတည်းကလေ၊ လာမှမလာတာ၊ ဆီတစ်ပိဿာရယ်၊ နောက် ဒီစာရင်းထဲက ဘာဖြတ်မလဲ၊ ရော့ကြည့်ဒါ ညည်းစာရင်း၊ တချို့ဟာတွေ အပြတ်ဖြတ်တော့"

"ကဲပါ ... ညနေလာပါမယ်ဆိုမှ၊ ရှင်က ကွန့်ကိုကွန့်တယ်၊ သွားပါတော့"

"တကယ်လာရင်ပြီးတာပဲ၊ ညနေတစ်ခေါက်လိုက်လာရရင် တော့ ညွှန့်သည်မကလို့ သူ့ဘိုးအေရိုရို မသိဘူး"

ဒေါ်အမာက အိမ်ထဲပြန်လှည့်ဝင်လာကာ သုံးလုံးသာသစ်သားထိုင်ခုံမှ တစ်လုံးတွင် ဝင်ထိုင်လိုက်ရင်း ...

"အိမ်ရှေ့မင်းသမီးက အားအားရှိ လမ်းထွက်နေတော့ တစ်အိမ်လုံး အလုပ်ရှုပ်ခြေလည်နေတာ၊ ဈေးဆိုင်တောင် ဈေးဖိုးသွားမပေးအားဘူး၊ မြင်တဲ့အတိုင်းပဲ၊ ကဲ ... ပြောပါဦး၊ ဘာကိစ္စလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီနဲ့ ကျွန်တော် အေးအေးဆေးဆေး ဆွေးနွေးချင်လို့ပါ"

"ဘာကိုလဲ"

"တင့်တင့် အလုပ်ကိစ္စပါ"

"ဘာ ... တင့်တင့်အလုပ်ကိစ္စ !၊ ဘာတင့်တင့်အလုပ်ကိစ္စလဲ၊ အလုပ်ရှာမယ်ပြောပြီး နေ့စဉ်နေ့တိုင်း အိမ်မှုကိစ္စမလုပ်ရအောင် ရေသာခိုပြီး အပြင်ချည်းထွက်နေတာ၊ ဘာအလုပ်မှလဲရတာမဟုတ်ဘူး၊ သူ့ကို အလုပ်လည်းမလုပ်နိုင်ဘူး၊ လင်ပါသမီး နိုင်းစားထားတယ်က အပြောခံရဦးမယ်၊ အိမ်မှာလည်းလုပ်မယ့်သူမရှိဘူး၊ အိမ်ဝေယျာဝစ္စတွေ လစ်ဟင်းတယ်၊ ကလေးကလည်း တွေ့တဲ့အတိုင်း သူ့နဲ့မှတည့်တာ၊ မအေနဲ့မဖြစ်ဘူး၊ အန်တီကလည်း အပြင်ထွက်ပြီး တစ်ဖက်တစ်လမ်းက ပွဲစားလေးဘာလေးလုပ်သေးတာ ...

ခုဆို သူမရှိတော့ ထွက်မရဘူး၊ ဘာပွဲခမှ အပိုဝင်ငွေမရဘူး၊ တမင်တကာ အရှုံ့တိုက်ထွက်နေတာလေ၊ လင်ပါသမီးတွေများ နည်းနည်းမှ ကောင်းကျိုးပေးတာမဟုတ်ဘူး၊ နည်းနည်းပါးပါး ခပ်ကြမ်းကြမ်းပြောမိရင် မိထွေးဆိုးက ဖြစ်ရဦးမယ်၊ သူ့ကို အလုပ်ကိုထွက်မလုပ်စေချင်တာ၊ အိမ်မှုကိစ္စလည်းလစ်ဟင်းပြီး ဘာတစ်ပြားမှလဲ သူ့ဆီကရမှာမဟုတ်ဘူး၊ အိမ်မှာပဲ ချက်ပြုတ် ကလေးကြည့်နိုင်းရမှာ၊ မင်းက ဘာအလုပ်ကိစ္စကို လာပြောနေတာလဲ"



"သြော် ... ခုန ဟိုအဒေါ်ကြီးက ဆီဖိုးဆိုလို့ သတိရတယ်ဗျ၊ ဆီများ အန်တီရယ် ဆိုင်ကဝယ်မစားနေပါနဲ့၊ ကျွန်တော့်အဘိုးရဲ့လုပ်ငန်းတွေထဲမှာ ဆီပွဲရုံလည်းပါပါတယ်၊ ဆီဆိုတာမျိုးကတော့ မိတ်ဆွေတွေကို ဟောသလို ဟောသလို ပေးပစ်နေတာပါ၊ အန်တီတို့အိမ်မိသားစုလောက် တစ်လဘယ်လောက်ကုန်မှာတုံး၊ ငါးပိဿာတစ်ပုံးပေါ့၊ ဘယ်တော့မှဝယ်မနေပါနဲ့"

"ဟင် ..."

ဒေါ်အမာ မျက်လုံးများက တအံ့တသြဝိုင်းသွားပါသည်။

"နေပါဦး ကားပေါ်မှာတောင် ဆီပုံးတွေ ဆန်အိတ်တွေတင်လာသေးတယ်၊ ဒီလိုပဲ လက်ဆောင်ပေးစရာကြုံရင် အသင့်ပေးလို့ရအောင်၊ ခဏနော် အန်တီ၊ ကျွန်တော့်ဒရိုင်ဘာဆီ ဖုန်းဆက်လိုက်ပါဦးမယ်"

ဒေါ်အမာက ဖုန်းခေါ်နေတဲ့ မိုးသက်ဆန်ကို အံ့အားသင့် အကဲခတ်ကာ ငြိမ်သက်နေပါသည်။

"ဟုတ်ကဲ့ ကိုညီရေ၊ ကျွန်တော် ကားပေါ်က ဆီပုံးနဲ့ ဆန်အိတ်လိုချင်လို့ပါ၊ ဟုတ်ကဲ့ ... ဆန်အိတ်ကို ဘေးကဆိုက်ကားဂိတ်က တစ်ယောက်ယောက်ကို ပိုက်ဆံပေးပြီး ကူသယ်ခိုင်းမှထင်တယ် ကိုညီ၊ ကြည့်လုပ်လိုက်ပါ၊ ဟုတ်ဒါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အမာက ကြားရသောစကားအတွက် ကြောင်တက်တက်အံ့အားသင့်နေဆဲပင် အိမ်ရှေ့ကို ဆန်အိတ်သယ်လာတဲ့လှည်းနှစ်ယောက် ရောက်လာလေသည်။

"ကိုညီ ဒီထောင့်ပဲချပေးသွားပါ၊ ဆိပ်ပုံးယူခဲ့ဦး"

"ဟုတ်ကဲ့ ထန်လေး"

ဒေါ်အမာသည် သူ့ကို လာနှောက်နေသလို ဆော့ကစားနေသလို ခံစားလာရကာ ...

"နေ ... နေပါဦး ဒီဥစ္စာက"

"အဲ ... ဆန်ကတော့ ဘုရင့်နောင်မှာ ပွဲရုံရှိနေတော့ လက်ဆောင်ပေးစရာရှိရှိ ကန်တော့ဖို့ရှိရှိ အလွယ်ပေးဖြစ်တာပါ အန်တီ၊ ကျွန်တော့်လက်ဆောင်ပါ"

"ဘာအတွက် လက်ဆောင်လဲ"

"ဒီလိုပါ အန်တီ၊ တင့်တင့်ကို ကျွန်တော့်အဘိုးကုမ္ပဏီမှာ အလုပ်ခန့်ဖို့ ပြောထားပြီးပါပြီ၊ ဒါပေမဲ့ တင့်တင့်က ခုန အန်တီ ညည်းညူနေသလို အိမ်မှုကိစ္စတွေပဲ လစ်ဟင်းမှာစိုးလို့လားမသိဘူး လက်မခံဝံ့သေးသလို ဖြစ်နေပါတယ်၊ ကျွန်တော်တို့ဆီက ဝန်ထမ်းဆိုရင် လစာကသတ်သတ်ပေါ့၊ ရှားပါးစရိတ်ဆိုတာမျိုး အခု ဒီဆီနဲ့ဆန်က အပိုပေးတာပါ၊ နောင်လည်း လတိုင်းပို့ပေးမှာပါ"





"ဟင် ... မင်းတို့က ဝန်ထမ်းတွေကို လစဉ် ဆီတွေဆန်တွေ ပေးတယ်လား"

မိုးသက်ထန်က စိတ်ထဲကတော့ ကျိတ်ရယ်နေကာ အပြင်မှာတော့ မှင်သေသေပဲ ခေါင်းညိတ်ပြလိုက်ပါသည်။

"အဲဒီအပြင် လုပ်သက်သုံးလကျော်ရင် လစာရဲ့ငါးဆ ချေးငွေယူလို့ရပါတယ်"

"ဟင် ... လ ... လစာက ဘယ်လောက်လဲ"

"အခြေခံတော့ ရှစ်သောင်းလောက်တော့ ရမှာပါ"

"ရှစ်သောင်း !လစာရှစ်သောင်း !သူက ဆယ်တန်းတောင် မအောင်ဘဲ ဘာရာထူးရမှာမို့လို့ လစာက ဒီလောက်တောင် ရတာလဲ"

"ကျွန်တော်တို့က ဝန်ထမ်းတွေအပေါ် စားစရိတ်တို့ ယူနီဖောင်းစရိတ်တို့ စသဖြင့် အများကြီးပေါ့၊ ခံစားခွင့်တွေပေးထားတော့ ဒါတွေကို လစာရင်းထဲမှာ ထည့်ပေါင်းပေးတာမျိုးလည်းရှိပါတယ် အန်တီ၊ အလုပ်ကိုလည်း သေချာတာဝန်ကျေကျေညက်ညက်လုပ်ရပါတယ်၊ အလုပ်သမားဝန်ထမ်းတွေအပေါ်လည်း ကျွန်တော်တို့က အများကြီးကြည့်ပေးပါတယ်"

"ဒါ ... ဒါနဲ့ မင်းဆိုလိုတာက သုံးလနေရင် လစာရဲ့ငါးဆဆိုတော့ ငွေလေးသိန်းလောက် ချေးလို့ရတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ဆပ်တော့ရော"

"လစာထဲက လစဉ် နှစ်ထောင် သုံးထောင်ပဲ ဖြတ်မှာပါ"

"ဟင် ..."

ဒေါ်အမာသည် မယုံနိုင်လောက်အောင် အံ့ဩအငိုက်မိနေပါသည်။ နတ်သိကြားကုမ္ပဏီလားလို့တောင် ထင်ရလောက်အောင်ကောင်းတဲ့ ကိုမ္ပဏီကိုကျမ ဒီတင့်တင့်က ဘာတွေမှုပြီး စဉ်းစားနေသေးတာလဲ။ ဒေါ်အမာ့ခေါင်းထဲ နောက်သုံးလကြာလျှင် တင့်တင့်ကုမ္ပဏီမှ ငွေလေးသိန်းချေးကာ ဘာများလုပ်ရင်ကောင်းမလဲဆိုတာကို မစားရဝခမန်း စိတ်ကူးယဉ်နေမိလေပြီ။ မျက်စိရှေ့ လှစ်ခနဲရောက်လာတဲ့ ဆန်အိတ်နှင့်ဆီပုံးကလည်း ရှေ့နားမှာ ဝင်းဝင်းပြောင်ပြောင်အခန့်သား။

"ဆန်နဲ့ဆီက လစဉ်ရမှာ မဟုတ်လား"

"ဟုတ်ကဲ့ခင်ဗျ"

ဆန်အိတ်ပေါ်က ထူးထူးရှယ် အဆင့်မြင့် ဖျာပုံပေါ်ဆန်းမွှေးဆိုတဲ့ အနီရောင်စာလုံးကြီးတွေကလည်း ဒေါ်အမာ့ဘဝင်ကို ခိုက်စေသည်။ အိမ်သားငါးယောက် ဝယ်စားနေရတာ ဒီလိုကော့ပွဲမယ့်ဆန်မျိုး ဘယ်စားနိုင်ပါ့မလဲ။ ဆီကလည်း စားအုန်းဆီသုံးရတာလေ။ ခုတော့ ငါးပိဿာပုံးကြီးက ပဲဆီစစ်စစ်တဲ့။





"နေပါဦး တင့်တင့်က ဘာလို့ အလုပ်မဝင်သေးတာလဲ"

"ကျွန်တော် မသိဘူးခင်ဗျ၊ ခန့်မှန်းကြည့်တာတော့ အိမ်ကို နောက်ဆံတင်းလားလို့ပါ"

"အောင်မယ်လေး ... သူလား နောက်ဆံတင်းမှာ၊ တခြားအလုပ်တွေတောင် ရှာနေတာပဲဟာ"

"ဒါဆိုရင်လည်း ရပိုင်ခွင့်တို့ လစာတို့ ယှဉ်ကြည့်ပြီး ရွေးတုန်းထင်ပါတယ်ခင်ဗျ"

ဒေါ်အမာက ရင်ဘတ်ကို ဖြန်းခနဲ တစ်ချက်ရိုက်တာ ...

"မင်းနယ်ကွယ် ယှဉ်ရွေးချင်းရွေး ဒီကုမ္ပဏီပဲရွေးရမှာပေါ့၊ ဒီမှာက တခြားကမရတဲ့ ခံစားခွင့်တွေရမယ်ဟာ၊ ချေးငွေကိုလည်း စိတ်ဝင်စားစရာကောင်းတယ်လေ"

"ဟုတ်ကဲ့၊ သုံးလပြည့်ရင် ချေးငွေလျှောက်လွှာ တင်လိုက်ပါခင်ဗျာ၊ သြော် ... တင့်တင့်ကများ ချေးငွေယူပို့ ငြင်းဆန်ပြဿနာလုပ်နေရင်လည်း ကျွန်တော့်ဆီပဲ ဒါရိုက်တင်ပါ၊ ဒါမှမဟုတ် လျှောက်လွှာကို ကျွန်တော်လာယူပေးတောင် ရပါတယ်၊ ဒီမှာ ကျွန်တော့်ဖုန်းနံပါတ်ကတ်၊ ဒီနံပါတ်ကို အန်တီလိုအပ်တာရှိရင် အချိန်မရွေး ဆက်လိုက်ပါခင်ဗျ"

"သြော် ... အေး ... အေး၊ ချေးငွေတော့ မင်းနဲ့ပဲ တိုက်ရိုက်လုပ်တာ ကောင်းမယ်ထင်တယ်၊ တင့်တင့်ကတော့



www.burmeseclassic.com

www.burmeseclassic.com



အန်တီ့ကို ပြဿနာရှာမှာသေချာတယ်လေ၊ ယူပေးချင်မှာမဟုတ်ဘူး၊ တစ်လ နှစ်ထောင် သုံးထောင် ဖဲ့ဆပ်ရတာများတော့ အပန်းမှမကြီးတာကွယ်"

"ဪ ... ပြီးတော့ အန်တီ"

မိုးသက်ထန်က ပိုက်ဆံအိတ်ထဲက ငါးထောင်တန်အရွက်နှစ်ဆယ် ရေတွက်ထုတ်ယူလာ ဒေါ်အုမာရှေ့ ချထားလိုက်ရင်း ...

"ဒါကတော့ တင့်တင့်ကို အန်တီ ယူနီဖောင်းနှစ်စုံ ချုပ်ပေးပါခင်ဗျ၊ ရုံးကလည်း ထုတ်ပေးမှာပါ၊ အိမ်ကလည်း အပိုချုပ်ပေးဖို့ပါ၊ ရုံးကထုတ်ပေးလိုက်တဲ့ နေ့ကျရင် အဲဒီပုံစံကြည့်ပြီး အသားတူ ပုံစံတူ လိုက်ချုပ်ပေးပါ၊ နှစ်စုံဆိုတော့ တစ်စုံနှစ်သောင်းနဲ့ လေးသောင်းလောက်တော့ ကျမှာပေါ့လေ၊ ပိုတာတော့ ကျော်စွာလေးဖို့ မုန့်ဖိုးပေးသွားတာပါခင်ဗျ"

"ဟင် ... အင်း၊ ယူနီဖောင်းလား ... အင်း ... အင်း"

"တင့်တင့် အဖေကို အန်တီပဲ အကျိုးအကြောင်းတွေရှင်းပြပေးပါ"

"ဪ ... ရှင်းပြရမှာပေါ့၊ အန်တီပဲ ပြောရမှာပေါ့ကွယ်၊ မိထွေးဆိုတာလည်း မအေအစားပဲမဟုတ်လား၊ အန်တို့မှာတာဝန်ရှိတာပဲလေ"



"ဒါဖြင့် အန်တီ ဒီစာရွက်လေးကိုဖတ်ပါဦး၊ နောက်လဆန်းဘစ်ရက်နေ့ အလုပ်စဆင်းရမှာကိုသိရှိကြောင်းပါ၊ ကျွန်တော်တို့က သူ့အတွက်ယူနီဖောင်းတွေလည်း စီစဉ်ပြီး ခံစားခွင့်တွေလည်း ပေးပြီးဆိုတော့ အလုပ်လာဆင်းရက် နောက်မကျမပျက်ကွက်စေချင်တာပါ၊ အန်တီ သိရှိကြောင်း လက်မှတ်လေးထိုးပေးလိုက်ပါဦး"

"ဪ ... ဒါတော့ ထိုးပေးရမှာပေါ့ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



## ၁၁

တစ်တောင်နီးပါးအမြင့်ရှိတဲ့ ဖိုင်တွဲတစ်ထပ်ကို လက်နှစ်ဖက်ဖြင့် အောက်ကပင့်ကာသယ်မ,ပြီး ရုံးယူနီဖောင်း ဒူးကျော်စကာဒ်လေးနှင့် တတောက်တောက်လျှောက်သွားနေသော တင့်တင့်ရဲ့ နောက်က မိုးသက်ထန်က အပြုံးတဝေဝေနှင့် အပြေးလိုက်လာရင်း ...

"တင့်တင့် ... တင့်တင့်"

တင့်တင့်က ကြားလျက်နှင့်မထူး၍ တင့်တင့်နံဘေးက ယှဉ်ကပ်လိုက်ပါကာ ...

"တင့်တင့် ... အဟင်း ... အဆင်ပြေလား"

ဘေးကလိုက်ပါလာရင်း မျက်နှာချင်းဆိုင်ဖြတ်သန်းသွားတဲ့ ဝန်ထမ်းအစ်ကိုကြီးနှစ်ယောက်က မိုးသက်ထန်ကို နှုတ်ဆက်တာကို မိုးသက်ထန်ကလည်း ပြန်နှုတ်ဆက်လိုက်ပါသေးသည်။



"တင့်တင့်"

"ဟဲ့ ... မိုးသက်ထန်၊ နင် ငါ့ဘေးက ပါမလာနဲ့"

"ဘာဖြစ်လို့လဲဟာ၊ နင်ကလည်း မာနချည်းပဲ၊ ဝန်ထမ်းချင်းချင်းပဲဟာ ... ဟဲ ဟဲ"

"နင် သွားတော့"

"မသွားဘူးဟာ"

"နင့်မှာ အလုပ်မရှိဘူးလား၊ ကိုယ့်အလုပ်ကိုယ်သွားလုပ်ပါလား"

"ငါ့ကို အဘိုး ခိုင်းထားတဲ့ အလုပ်တစ်ခုပြီးလို့ သွားတင်ပြီးထွက်လာတာ၊ ထမင်းစားချိန်လေဟာ၊ ထမင်းတူတူစားရအောင်"

"မစားဘူး"

"ကျွတ် ... နင်ကတော့ အလကားနေ ဒေါပွကန်နေတာပဲ"

တင့်တင့်က ဖိုင်တွေ စာရွက်စာတမ်းတွေ ကွန်ပျူတာမှတ်တမ်းတွေအားလုံး သိမ်းဆည်းရာ မော်ကွန်းတိုက်ဌာနထဲ ချိုးကွေ့ဝင်ကာ သူ အပ်စရာရှိတဲ့ ဖိုင်လ်တွေအပ်ပြီး လက်ခံသူရုံးအုပ်အစ်မကြီးထံမှာ လက်ခံရရှိသိမ်းဆည်းပြီးကြောင်း လက်မှတ်ယူကာ အဲဒီလက်မှတ်ထိုးတဲ့စာအုပ်လေး ကိုင်ပြီး ပြန်ထွက်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီရုံးခန်းပေါက်ဝမှာ ရပ်စောင့်နေတဲ့ မိုးသက်ထန်က တင့်တင့်လာရာလမ်းကြောင်းအတိုင်း ပြန်တဲ့အခါ ဘေးက ယှဉ်လျက် ပါလာပြန်ပါသည်။ တင့်တင့်က လှည့်မကြည့်ဘဲ မျက်နှာလေးတင်းတင်းနှင့် ခပ်သွက်သွက်လျှောက်သည်။

ဒီရုံးက '......ထရိတ်ဒင်းကုမ္ပဏီကြီး' တစ်ခုလုံးရဲ့ ရုံးချုပ်ဖြစ်၍ ဌာနခွဲလေးတွေ အများအပြားရှိကာ ရုံးကြီးကြီးပါ။ ဆောက်လုပ်ရေးဌာနခွဲ၊ သွင်းကုန်ပို့ကုန်ဌာနခွဲ၊ ကုန်ထုတ်လုပ်မှုဌာနခွဲ၊ ဆန်ဆီပဲ လယ်ယာထွက်ပစ္စည်းကုန်သွယ်မှုဌာနခွဲ။ သွင်းကုန်ပို့ကုန်အောက်မှာ ခေါင်းစဉ်ပေါင်းများစွာနှင့် ဌာနစိတ်လေးတွေရှိပါသေးသည်။

တင့်တင့်ရော ကျော်စံဖြိုးရောက အမှုဆောင်အရာရှိချုပ်ဖြစ်သူ အဘိုးရဲ့ပင်မဌာနမှာ လုပ်ကြရတာဖြစ်သည်။ ကျော်စံဖြိုးကိုတော့ အဘိုးက ခုလောလောဆယ် သူ့ရဲ့ ကိုယ်ရေးအရာရှိနေရာမျိုးထားနိုင်အောင် သင်ရင်းကျင့်ရင်း အနားခေါ်ထားပါသည်။ တင့်တင့်ကိုတော့ နေရာတကာလိုတဲ့နေရာ ထည့်သုံးနေတာဖြစ်ရာ ဟိုလူက 'တင့်တင့်' ဒီလူက 'တင့်တင့်'၊ ဟိုဟာလေးလုပ်ပါဦး၊ ဒီဌာနပြေးပါဦး၊ ဖုန်းတွေတန်းစီဆက်ပါဦး၊ အဘိုး စီရိုရှင်းပါဦး၊ ...ည့်သည်ကို အောက်ဆင်းကြိုကာ အဘိုးထံခေါ်လာပါဦး စသဖြင့် ပြေး...သွား...ရ ဂျင်ခြေလည်ရသည့်အလုပ်မျိုးပါ။

"တင့်တင့်"





တင့်တင့်က လမ်းလျှောက်နေရင်း လမ်းခုလတ်မှာ ...ပ်လိုက်ပါသည်။ မိုးသက်ထန်ဘက် ရှာခန့်လှည့်ကာ ...

"နင် ဘာဖြစ်နေလဲ မိုးသက်ထန်"

"နင်ကကော ငါ့ကို စကားမပြောနိုင်ရအောင် ဘာဖြစ်နေတာလဲ"

"နင်လိုက်မလာနဲ့၊ ငါ နင့်အဘိုးဆီ သွားရမှာ"

"အဘိုးဆီလည်း ငါလိုက်တော့ ဘာဖြစ်သေးလဲ"

"အဘိုးဆီသွားတာ ငါ့နောက်က နင်ပါလာတော့ အဘိုးက ဘာထင်မလဲ၊ ငါမကြိုက်ဘူး နင်နေခဲ့"

"ဒါဖြင့် အဘိုးဆီက နင်ထွက်လာရင် ထမင်းတူတူစားရအောင်လေ တင့်တင့်"

"မစားနိုင်ဘူး၊ နင့်ဟာနင်စား၊ အစာအိမ်ချင်းဆုံတာမဟုတ်ဘူး၊ ငါ့ဘာသာ တစ်ယောက်တည်းစားမှာ"

"နင်ကလဲဟာ"

သူ့တို့စကားပြောနေတဲ့ ဒေါင့်ချိုးနေရာလေးဟာ အဘိုးရုံးခန်းနှင့် မဝေးလှ။ ရုတ်တရက် သူတို့ရှိနေရာ စင်္ကြံပေါ် ...တစ်ယောက် ချိုးကွေ့လာရာ ထိုသူက ကျော်စံဖြိုး ဖြစ်နေပါသည်။ ...ဖြိုးက သူ့တို့ကိုမြင်လျှင် ဝမ်းသာအားရ ...

"ဟော့ကောင် ထန်ကြီး၊ အဘိုးဆီ လာတာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ သူ့နောက်လိုက်လာတာကွာ၊ တင့်တင့်ရာ အတူတူထမင်းသွားစားတော့ ဘာဖြစ်မှာလဲဟာ၊ ရုံးရဲ့ထမင်း စားခန်းမှာပဲဟာ"

"ဩော် ... မင်းက သူ့ကို ထမင်းတူတူစားဖို့ ပြောနေတာလား၊ ခေါ်မနေနဲ့တော့၊ အဘိုးက တင့်တင့်ရော ငါရော အဘိုးရုံးခန်းရဲ့ဘေးက အခန်းလွတ်လေးထဲမှာ ထမင်းလာစားရင်း အဘိုးလိုချင်တဲ့ စာရင်းဇယားတချို့ မှတ်တမ်းတချို့ရှာနိုင်းထားတယ်ကွ၊ ထမင်းစားချိန်လည်း နောက်ကျသွားမှာစိုးတော့ အလုပ်လုပ်ရင်း စားတဲ့"

"ဟုတ်လား၊ ဒါဆိုလည်း ပြီးတာပဲ"

တင့်တင့်က မိုးသက်ထန်ကို မျက်စောင်းတစ်ချက်ထိုးရင်း အဘိုးအခန်းဆီ ရှေ့ကထွက်သွားနှင့်ပါသည်။ စံဖြိုးနှင့် မိုးသက်ထန်က နောက်မှလိုက်လာရင်း ...

"တင့်တင့်ကလည်းကွာ အမြဲ ငါ့ကို ဒေါကန်နေ ရစ်နေတာပဲ"

"ပစ်ထားလိုက်ပါ ထန်ကြီးရာ၊ မင်းက သူ့ဘဝလေးကို သနားလို့ အဆင်ပြေအောင် စီစဉ်ပေးချင်တာ မဟုတ်လား၊ အခု စီစဉ်ပေးပြီးပြီပဲ၊ သူတို့မိန်းကလေးတွေက လိုက်ခယ,လေ ရောင့်တက်လေကွ"





"ငါက သူပြုံးနေတာပဲမြင်ချင်တာကွ၊ ဖြစ်နိုင်ရင် သူ့အလုပ်လုပ်တဲ့နားပဲ ဝိုင်းလုပ်ချင်နေတာ၊ အဘိုးကလည်း ငါ့ကို မင်းတို့နဲ့ ခွဲထားတယ်ကွာ၊ ဂျင်နရယ်လ်မန်နေဂျာအောက်ထားထားတယ်"

"မင်းကျတော့ အဲဒီအလုပ်တွေသင်ဖို့ [illegible]တာကိုးကွ"

သူနှင့်စံဖြိုး ထမင်းဘူးယူပြီး သူတို့ အဘိုးအခန်းထဲ င်လာချိန်မှာတော့ တင့်တင့်က အဘိုးနိုင်း၍ သူ့ထမင်းဘူးသူ ားယူနေပါသည်။

"အဘိုး သားလည်း စံဖြိုးတို့နဲ့ ထမင်းတူတူလာစားမလို့"

"အေး စားပေါ့၊ စားရင်း သူတို့နဲ့ နည်းနည်းကူစမ်း ထန်လေး"

"ဟုတ်ကဲ့ အဘိုး"

ဆက်ရက်အခန်းသွယ်လေးထဲက စားပွဲရှည်မှာ သူတို့ သောက်သား နေရာယူမိပြီးလျှင် အဘိုး ဝင်လာကာ ...

"အဘိုး စားပြီးပြီလား"

"အေး ... အဘိုး မြို့သစ်က စက်ရုံမြေကွက်ဆီ သွားကြည့်စရာရှိလို့ သွားဦးမယ်၊ ရုံးဆင်းချိန်တန်ရင် ဆင်းနှင့်ကြကြားလား"

"ဟုတ်ကဲ့ အဘိုး"



www.burmeseclassic.com

www.burmeseclassic.com



အဘိုး ထွက်သွားလျှင် တင့်တင့်ရဲ့မျက်နှာက အော်တိုမက်တစ် ပြန်တင်းသွားပါသည်။ အဘိုးရေ့တုန်းကကျတော့ မခုတ်တတ်တဲ့ကြောင်လေးလို ခေါင်းလေးငုံ့ပြီး ပျော့ပျော့ပျောင်းပျောင်းနှင့်။

"ဟင်း ... အဘိုးလည်း သွားရော စပလိန်ရုပ်က ပြန်ကန်တက်သွားပြီ၊ ဆွဲဆန့်လို့ မရတော့ဘူး"

မိုးသက်ထန်က စ,တာကို မကြားသလို အရေး မလုပ်ဘဲ တင့်တင့်က သူ့ရဲ့ကော်ထမင်းဘူးပြားပြားလေးကို ဖွင့်လိုက်ပါသည်။ ထမင်းပေါ်မှာ မှိုချဉ်ကြော်ကလေးပဲပုံထားတဲ့ တင့်တင့် ထမင်းဘူးကိုမြင်လျှင် မိုးသက်ထန်သည် စ,တာတောင် အရှိန်တန့်ကာ ရင်ထဲ နင့်ခနဲဖြစ်သွားပါသည်။

သူကသာဖြစ်နေတာ စံဖြိုးကတော့ ဘာမှ မနေ လှမ်းကြည့်ကာ ...

"ဟား ... မှိုချဉ်ကြော် မိုက်တယ်၊ ငါလည်း နည်းနည်းကျွေး"

"မကျွေးပါဘူး ကျွေးစရာလား"

စံဖြိုးက သူ့ထမင်းဘူးဖွင့်ရင်း ထမင်းပေါ်က ဘဲဥနှစ်ခြမ်းကိုပြကာ ...

"ငါ့မှာ ဘဲဥကို ပုစွန်ခြောက်နဲ့ ဆီပြန်ချက်တာပါတယ်ဟ၊ နင် ယူစားပေါ့၊ နင် ဘဲဥကြိုက်တယ်မဟုတ်လား"





"ပေါက်ပေါက်ရှာရှာတော် ဘယ်သူက ပြောလဲ နင့်ကို"

"မသိဘူးလေ၊ နင့်လက်ထဲမှာ ဘဲဥကြွပ်ကြွပ်အိတ်ကိုင်ပြီး ဖြတ်ဖြတ်သွားတာ ခဏခဏတွေ့တာကိုး"

"အဲဒါနဲ့ပဲ ငါက ဘဲဥကြိုက်ရောလား၊ တစ်ယောက်တစ်ခြမ်းဆိုရင် တစ်ယောက်မှ တစ်နပ်မှ ခြောက်ဆယ်ဖိုးပဲကျလို့ ချက်တာနေမှာပေါ့ဟဲ့"

တင့်တင့်ရဲ့ပြောဟန်လေးကို ငေးကြည့်နေမိရင်း သူ့အကြိုက် ပုစွန်ကျားကြီးတွေ ကြော်ထည့်ပေးလိုက်တဲ့ သူ့ထမင်းဘူးကို သူ မဖွင့်ရဲတော့ဘဲ ဖြစ်နေရပါသည်။

"ဟော့ကောင် ထန်ကြီး ဘာဟင်းလဲ"

"ပုစွန်ဟင်းပါကွာ၊ မင်းနဲ့ တင့်တင့် စားလိုက်ပါလား၊ ငါက မှိုချဉ်ကြော်နဲ့ ဘဲဥဆီပြန်စားချင်နေတာ ... အဟား"

"မကျွေးပါဘူး၊ လာမရှုပ်နဲ့ ကိုယ့်ဟာကိုယ်စား"

"တင့်တင့် နင် တဖြည်းဖြည်းနဲ့ ပိုပိုဆိုးလာတယ်နော်၊ ငါ့ကို အမြဲတမ်း အကန်တွေပဲ လုပ်နေတာ ဘာလုပ်တာလဲဟ၊ ငါက နင့်ကို ဘာလုပ်မိလို့လဲ၊ ဘာဖြစ်လို့ ငါ့ကို အမြဲရန်သူလို ဆက်ဆံရတာလဲဟ"

"ဘာဖြစ်လို့လဲ နင်မသိဘူးလား နင့်ကိုမုန်းလို့ အမြင်ကတ်လို့ပေါ့ဟဲ့၊ ဒါတောင် မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



မိုးသက်ထန်က ရင်ထဲအောင့်သွားကာ ဝမ်းလည်းနည်းပြီး ဘာမှတောင် ဆက်မပြောနိုင်ပေ။ မျက်နှာပျက်၍ အသံတိတ်သွားရပါသည်။ စံဖြိုးကသာ ကြားကအနေခက်ကာ ...

“ဒီကောင်က ဘာမှန်းစရာရှိလို့လဲ နင်ကလဲ”

“ဒီလောက် မုန်းစရာကောင်းတာ”

“ဘာဖြစ်လို့လဲဟာ၊ ထန်ကြီးက စိတ်ကောင်းစေတနာရှိတဲ့ သူငယ်ချင်းကောင်းပါဟာ”

“အေး ... ဒါပေမဲ့ သူဌေးသားက သူဌေးသားပဲ”

“သူဌေးသားဖြစ်တာ အပြစ်လားဟာ၊ ဘာအပြစ်ရှိလို့လဲ”

“သူဌေးသားဖြစ်ရုံ ဖြစ်နေတာက ဘာအပြစ်မှ မရှိပေမယ့် အဲဒီ သူချမ်းသာတဲ့ငွေတွေကိုခင်းပြီး သူလုပ်ချင်တာကို မဖြစ်ဖြစ်အောင်လုပ်ကိုယူမှာဆိုတဲ့ အတ္တက အပြစ်ပေါ့ဟဲ့၊ သူတစ်ပါးစိတ်ဆန္ဒကို ထည့်မတွက်ဘဲ သူ့စိတ်ဆန္ဒတစ်ခုတည်းနဲ့ ဖြစ်ချင်တာကို ငွေလမ်းခင်းပြီး လုပ်သွားတတ်တဲ့ အကျင့်ကိုမုန်းတာ၊ ရွံတာ၊ သိပြီလား”

မိုးသက်ထန်သည် ရင်ထဲ လှိုက်လှဲဝမ်းနည်းမိကာ တင့်တင့်ကို နှုတ်ခမ်းတင်းတင်းစေ့၍ ခပ်မှုန်မှုန်ငေးစိုက်ကြည့်နေပါသည်၊ အဲဒီအကြည့်က တင့်တင့်ကို အနည်းအကျဉ်းတော့ မအီမသာဖြစ်စေသည်။ ပြောလက်စ,စကားတို့ကိုလည်း အနည်းငယ်ဆွံ့နေးစေသည်။





“ငွေရှိပါတယ်ဆိုပြီး ငါတို့လမ်းကို ဖွတ်လာခင်းသွားတဲ့ အပြုအမူမျိုး”

“အဲဒါ ဘာဖြစ်လို့လဲ ငါတို့ တစ်လမ်းလုံးကောင်းကျိုးပဲ၊ မကြိုက်နှစ်သက်တဲ့သူကို မရှိဘူး၊ လူကြီးလူငယ်မရွေး ဝမ်းသာတယ်၊ ဒါ သူ့စေတနာပဲဟာ”

“အဲဒါ စေတနာမဟုတ်ပါဘူး စံဖြိုးရဲ့၊ ငါက စကားအဖြစ် ဥပမာပေး ပြောလိုက်တာတစ်ခုကို သူ တကယ်လက်တွေ့လုပ်ပစ်နိုင်ပါတယ် တွေ့လား ဆိုပြီး၊ သူ့ရဲ့အတ္တမာနနဲ့ ရော ... ဆိုပြီး လာခင်းပြသွားတာ”

မိုးသက်ထန်က အတော်စိတ်မကောင်းဖြစ်မိကာ ...

“နင် ငါ့ကို ဘာဖြစ်လို့ အမြဲမကောင်းပဲ မြင်ရတာလဲ တင့်တင့်၊ ငါ နင်တို့လမ်းကို အုတ်လာစီသွားတဲ့ကိစ္စမှာ အတ္တမာနမပါပါဘူးဟာ၊ နင်တို့ အထူးသဖြင့် နင် သွားရလာရ လျှောက်ရနင်းရ သန့်သန့်ပြန့်ပြန့် အဆင်ပြေပြေဖြစ်စေချင်တဲ့ စေတနာလည်းပါသလို ငါကိုယ်တိုင်လည်း နင့်အိမ်ရှေ့နားအထိ အခက်အခဲအနှောင့်အယှက်မရှိ မညစ်ပတ်ဘဲ အလွယ်တကူလျှောက်ဝင်လာနိုင်ဖို့ ဒါပဲ ရည်ရွယ်ပါတယ်ဟာ၊ လုပ်ပြလိုက်တယ်ဆိုတာမျိုး လုံးဝမပါခဲ့ပါဘူး၊ စဉ်းတောင်မှမစဉ်းစားမိပါဘူး၊ နင် ဘာကြောင့် ခုလိုမြင်သလဲဆိုတာ တွေးတောင် မတွေးတတ်တော့ဘူးဟာ”



www.burmeseclassic.com

www.burmeseclassic.com



"တင့်တင့် ... နင် ဘာကြောင့် ဒီလိုမြင်လဲ စွပ်စွဲလဲ ငါ တော့ သိတယ်"

"နင်က ဘာသိတာလဲ"

"နင် မိုးသက်ထန်ရဲ့ငွေတွေကို ကြောက်နေတာပါ တင့်တင့်"

"အောင်မာ ... ဘာကြောက်စရာလဲ၊ ဘာကိစ္စ ငါကကြောက် ရမှာလဲ သူ့ငွေကို၊ ဘာမှ မဆိုင်ဘူး စံဖြိုး"

"ငွေရဲ့အရှိန်အဝါတစ်ခုကို နင့်စိတ်က လန့်နေကြောက်နေ တာပါ၊ ထန်ကြီးက သူ သူဌေးသား၊ သူဌေးကြီးမြေးဆိုပြီး သူ့ငွေနဲ့ အပေါင်းအသင်းတွေအပေါ်လည်း ဘယ်တော့မှ အနိုင်မယူတဲ့သူပါ၊ တင့်တင့် ... နင်က ဒီကောင့်ရဲ့ငွေအရှိန် အဝါကြောင့် နင်တောင် တောင့်မခံနိုင်ဘဲ ပျော့သွားရပြီ ဆိုတာမျိုးဖြစ်မှာ ကြောက်ပြီး စိတ်ရောလူရောကို တင်း တောင့်ထားတာ လိုအပ်တာထက် ပိုနေပြီ"

"အောင်မာ ... ငါက ဘာဖြစ်လို့ ပျော့ရမှာလဲ၊ သူ့ငွေက ဘာမို့လဲ"

"တင့်တင့် ... နင့် စိုးရိမ်မှုတွေကို ဖယ်ချလိုက်ပါ၊ ငါတို့ လူငယ်အချင်းချင်း ချစ်ခင်ရင်းနှီးမှုမှာ ဒီ ငွေ ဂုဏ် စကား သန အဆင့်အတန်းတွေ မပါပါဘူးဟာ၊ မိုးသက်ထန် နင့် ကို သံယောဇဉ်ရှိတဲ့ကိစ္စထဲမှာ 'ငွေ'ဆိုတဲ့အပိုင်းကဏ္ဍမပါ ဘူးဟာ၊ နင်လည်း ထည့်မတွေးပါနဲ့"





စံဖြိုး စကားတွေဟာ သူကိုယ်တိုင်လည်း ပြောချင် ...ကော်နှင့် ပြောခွင့်မရခဲ့တဲ့ စကားတွေပင်။ မိုးသက်ထန်က ...င်းငုံ၍ ငြိမ်သက်နေပါသည်။

"သူက ငွေနဲ့ပေါက်တာ မဟုတ်ဘူးဆိုရင် ငါ အခု ဒီအလုပ် ထဲတောင်မှ ရောက်မနေဘူး"

"ဘာဖြစ်လို့လဲ"

"သူက ငွေနဲ့ပေါက်ပြီး ငါ့ကို ဒီအလုပ်ထဲ မဝင်ဝင်အောင် လာလုပ်သွားတာလေ"

ဒီကိစ္စကို စံဖြိုးလည်း မသိ၍ စံဖြိုးက ဘာမှမပြော ...တ်ဘဲ နားထောင်နေပါသည်။

"ဒီအလုပ်ကို ငါ မဝင်ချင်ပါဘူးဆိုတာ နင့်ကိုလည်း ငြင်းထားပြီးသားလေ၊ နင်အသိဆုံးပဲ၊ အဲဒါကို သူက ငါ ငြင်းမရအောင် ဒီအလုပ်ထဲ မဝင်,ဝင်ရအောင် ငွေနဲ့ပေါက် ပြီး ငါ့မိထွေးနဲ့ အဖေကို သွားပြောတယ်"

စံဖြိုးက မိုးသက်ထန်ကို လှည့်ကြည့်လာ၍ မိုးသက် ...န်က ဝန်ခံတဲ့သဘော ပခုံးနှစ်ဖက်သာ တွန့်ပြလိုက်ပါသည်။

"အညာကိုင်တာလေ ... အဲဒါ၊ ငါ့မိထွေးကိုကျအောင် ငွေ နဲ့ပေါက်လိုက်တော့ မိထွေးကလည်း အဖေ့ကို မရမကကို ပြန်ပြောတော့တာ၊ အဲဒါနဲ့ နှစ်ယောက်စလုံးက ငါ့ကို ဒီအလုပ်မဝင်မနေရ အတင်းအကျပ် ဖွတ်ကိုပြောကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ငွေနဲ့ပေါက်တယ် ဟုတ်လား"

"ဟုတ်ပါတယ်ဆို၊ ငါ့မိတွေးကို ဆန်အိတ်တွေ ဆီပုံးတွေ သွားပေးတယ်၊ ငါအလုပ်ဝင်ရင် ဒါတွေ လတိုင်းပေးမယ် တောင် ပြောသွားတယ်၊ ယူနီဖောင်းချုပ်ဖို့ဆိုပြီး ပိုက်ဆံ ဘယ်လောက်တောင် ပေးသွားတယ်တော့ မသိဘူး၊ မိထွေး က ပြုံးရွှင်ပြီး နှစ်စုံကို လိုလိုလားလားချုပ်ပေးလိုက်တာ၊ ဝတ်စုံဖိုးနှစ်စုံစာအတိလောက်ပဲ ပေးသွားရင် ငါ့မိထွေးက တစ်စုံလောက်ပဲ ဖျစ်ဖျစ်ညှစ်ညှစ်အောင် ချုပ်ပေးမယ့်သူစား မျိုး၊ သူ ပိုပေးသွားလို့ပဲ၊ ငါ သိတယ်"

"တင့်တင့် ... ထန်ကြီးက ဒါ ငွေနဲ့ပေါက်တဲ့သဘော မဟုတ်ပါဘူးဟာ၊ သူက ဘယ်သူ့ကိုမဆို ဒီလိုပဲ လက် ဆောင်ပေးတာ ကမ်းတာ လုပ်နေကျပါဟ၊ ငါ့အမေနည်း နည်း နေမကောင်းဖြစ်တယ်ဆိုရင်လည်း သူလာပို့တဲ့ လူ မမာစာတွေက ဆယ်ရက် နှစ်ပတ် စားမကုန်ဘူး၊ တခြား လူတွေအပေါ်လည်း ဒီလိုပဲဟ"

"ဟင် ... အဲဒါ သူ သူဌေးပဲ၊ သူတတ်နိုင်တယ်ဆိုပြီး သူ့ မှာပေါ်နေတဲ့ငွေတွေနဲ့ တစ်ဖက်သား မငြင်းနိုင်အောင်၊ မဆန့်ကျင်နိုင်အောင် ပေါက်တာပဲလေ၊ ဒါကြောင့် နင် လည်း ခုချိန်ထိ ထန်ကြီး ... ထန်ကြီးနဲ့ သူ့ကိုကျေးဇူး တင် ဂရုစိုက်နေရတာ မဟုတ်လား"



"တင့်တင့် ..., အဲလိုမပြောပါနဲ့ဟာ၊ ချစ်ခင်ရင်းနှီးတဲ့ အပေါင်းအသင်းတွေကြားမှာ ငါကလည်း တတ်နိုင်တာ လေးပေးတယ်၊ စံဖြိုးတို့ကလည်း သူတို့တတ်နိုင်တဲ့ အကူ အညီမျိုး အမြဲပြန်ပေးတယ်၊ ဒါ မေတ္တာစေတနာပေါ် မူတည်တဲ့ လက်ဆောင်ပစ္စည်းမျိုးပါဟာ"

"အေးလေ ... စံဖြိုးနဲ့က ထားပါတော့၊ ငါနဲ့ နင်နဲ့က ဘယ်တုန်းက ချစ်ခင်ရင်းနှီးတာမို့လို့လဲ၊ ငါ့ကို နင် မေတ္တာစေတနာလည်း ထားစရာမလိုဘူး"

"တင့်တင့် ... ဒါတော့ နင် တော်တော်လွန်တာ၊ မေတ္တာ ထားတဲ့သူ စေတနာထားတဲ့သူကို ထားစရာမလိုဘူးဆိုပြီး ရန်လုပ်နေတာ၊ ကာယကံရှင်တော့ မသိဘူး၊ ငါတော့ ဘေးကမြင်တာတောင် အမြင်မတော်ဘူး၊ အမြင်ကတ်လာ ပြီ"

"အောင်မာ"

"သူ့မှာ ငွေပေါတယ်ဆိုပေမယ့် လမ်းသွားရင်း တွေ့သမျှ လူကို ကြဲနေတာမို့လို့လား၊ သူ ခင်မင်စေတနာထားလို့ လက်ဆောင်ပေးတာလေးကို နင်က ဘာလို့ ကဲကဲဆတ်နေ ရတာလဲ၊ လက်ဆောင်တွေနဲ့ဖို့ပြီး နင်တို့မိသားစုကို မကောင်းကြံနေတာလည်း မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သူဘာသဘောနဲ့လုပ်လုပ်၊ ငါတို့က မရှိတဲ့သူ၊ ချို့တဲ့တဲ့ သူ ဆင်းရဲတဲ့သူဆိုတော့ သူ အဲသလိုလုပ်တာ ငါ့စိတ်ကို ပိုသိမ်ငယ်စေတယ်၊ နားလည်လား၊ အဲဒါကြောင့် အဲဒါမျိုး ကို မုန်းတာ"

တင့်တင့် အသံလေးက တုန်လာသည်။ လှမသိ သူမသိ ရင်ထဲကျိတ်ကာ ဝမ်းနည်းအားငယ်လာမိ၍ ငိုချင်သလို မွန်တက်လာပါသည်။ အခု တင့်တင့် ပြောလိုက်တာဟာ တင့်တင့် ရင်ထဲက အမှန်စကားပါ။ မိုးသက်ထန်နှင့် တင့်တင့်တို့ဟာ အခြေအနေ အဆင့်အတန်း မိုးနဲ့မြေလို ကွာခြားပါကလားဆိုတဲ့ အသိက သူ့ကို မရင်းနှီး မခင်မင်ရဲစေအောင် နှောင့်ယှက်ဟန့် တားနေတာပါ။

ဒီကြားထဲ သူက ဆင်းရဲတယ် ချို့တဲ့တယ်ဆိုတဲ့ အသိနဲ့ ကရုဏာနဲ့ ခုလိုပေးကမ်းသွားတဲ့အခါ နဂိုအခံ သိမ်ငယ်မှုက ပိုတောင်ဆိုးပါသည်။ သိမ်ငယ်ရတယ်ဆိုတဲ့ ခံစားချက်ကို မိုးသက်ထန်ကတော့ ဘယ်ကိုယ်ချင်းစာ နားလည်နိုင်ပါ့မလဲ။ တစ်သက်လုံး ဘယ်သူ့အပေါ်မှ မသိမ်ငယ်ခဲ့ဖူးတဲ့ လူစားလေ။

"သူ လုပ်ချင်တာကို မရမက ဖြစ်အောင်လုပ်ယူပြတာဟာ ငါ မလုပ်ချင်တာကို ငါ ငြင်းလို့မရဘူး၊ နောက်ဆုံးလုပ်ရတာပဲဆိုတဲ့ အချက်ကို သက်သေပြပြနေသလို ဖြစ်နေတယ်၊ အဲဒါပဲ၊ အဲဒါကို နင်တို့နားမလည်လည်း မတတ်နိုင်ဘူး"





"တင့်တင့် ... ငါလည်း နင့်လိုဘဝတူပါဟာ၊ ငါ လုံးဝ ပတ်စေ့ မဟုတ်တောင် တချို့တစ်ဝက်တော့ နင့်ခံစားချက်ကို နားလည်သဘောပေါက်နိုင်ပါတယ်၊ ဒါပေမဲ့ နင်က ဒီအလှူမဝင်ချင်ဘူးဆိုပြီး တင်းခံနေတာကိုကကော ဘာအကြောင်းကြောင့်လဲ၊ အဓိပ္ပာယ်မရှိသလိုပဲ"

"မလုပ်ချင်တာ မလုပ်ချင်လို့ပေါ့ဟာ"

"လခကောင်းတယ်၊ အဆင့်အတန်းရှိတယ်၊ ဣန္ဒြေရတယ်၊ လူအထင်ကြီးတယ်၊ ကဲ ... ဒီကုမ္ပဏီမှာ နင် အလုပ်မဝင်ချင်စရာ ဘာအကြောင်း ရှိလို့လဲ"

ထင့်တင့်ကဲ ခပ်ငေးငေး ငြိမ်သက်နေတဲ့ မိုးသက်...န်ကို မျက်စောင်းတစ်ချက် လှမ်းထိုးလိုက်ရင်း ...

"သူနဲ့ ပတ်သက်လို့ပဲ"

စံပြိုးပင် ခဏတိတ်သွားပြီး သူပါစိတ်မကောင်း...လို ...

"သူနဲ့ ပတ်တောင်မပတ်သက်ချင်ဘူးဆိုတဲ့ သဘောလား"

"ဟုတ်တယ်"

"သူက ဘာဖြစ်နေလို့လဲ၊ ဒီကောင်က နင့်ကို ဘာလုပ်နေလို့လဲ၊ သူ့ မကောင်းတာ ဘာရှိလို့လဲ၊ သူ့သူငယ်ချင်းမို့လို့ ဓါ သူ့ဘက်က လိုက်ပြောနေတာ မဟုတ်ဘူး၊ ဘေးကလူအမြင်နဲ့ ပြောနေတာ၊ နင်က မိုးသက်ထန် အပေါ်လိုတာထက် ရင့်လွန်းတယ်ဟာ"



www.burmeseclassic.com

www.burmeseclassic.com

"ဆက်ပြောလေ ... နင်က ဘာမို့လို့လဲ၊ နင့်လိုဟာမက မိုးသက်ထန်ကို ဒီလိုဆက်ဆံစရာလားလို့၊ နင် ဒါတွေဆက် ပြောချင်တယ် မဟုတ်လား စံဖြိုး"

"ကျွတ်"

စံဖြိုးက တင့်တင့်ကို မကြည်မလင်နှင့် ထမင်းတွေ တစ်လုပ်ပြီးတစ်လုပ် ခပ်စားနေလိုက်ပါသည်။

"ကဲ ... ကဲ ... တော်ကြပါတော့ကွာ၊ မင်းတို့နှစ်ယောက် က ဘာပြဿနာမှ ရှိကြတာ မဟုတ်ပါဘူး၊ ငါနဲ့ပတ်သက် ပြီး ငြင်းရင်းခုန်ရင်းက မပြေမလည် မဖြစ်ပါနဲ့"

"ဟုတ်တယ်ကွာ၊ ကဲ ... နောက်ဆုံးတစ်နေ့ မင်း ငွေနဲ့ ပေါက်ပြောလို့ သူ ဒီအလုပ်ထဲ ရောက်ရပါစေဦး၊ သူ့မှာ ဘာများနစ်နာဆုံးရှုံးသွားလို့လဲ၊ နင်က အလကားနေရင်း ပြဿနာကို ကြီးအောင်ရှာနေတာပဲ တင့်စာင့်၊ ခုဆို နင့် မှာ ကိုယ့်လခနဲ့ကိုယ်၊ ငွေရေးကြေးရေး ပြေလည်တဲ့အပြင် နင့်မိထွေးတောင် နင့်ကို အရင်လို အိမ်အလုပ် မလုပ်ချင် လို့ အပြင်အလုပ် ထွက်ရှာနေတာတို့ ဘာတို့ ပြဿနာလုပ် သေးသလား၊ နင့်မျက်နှာတောင် အထိုက်အလျောက် အရိပ်အကဲကြည့် နေရတာ မဟုတ်လား၊ နင့်အတွက် အကျိုးရှိကာပဲရှိတယ်၊ ဘာတစ်ခုမှ အကျိုးမမဲ့ဘူး"





ကြားလူ စံဖြိုးတောင် မနေနိုင် မထိုင်နိုင် တင့်တင့် ကို ကြည့်မရ ဒေါကန်နေပြီကို ရိပ်မိတဲ့အတွက် တင့်တင့်ကလည်း စကားမဆက်တော့ဘဲ နှုတ်ဆိတ်ထားလိုက်ပါသည်။ အလိုလိုနေ ရင်းလည်း ဝမ်းနည်းရပါသည်။ ဘာကောင်းမှုမဟုတ်ဘဲနဲ့ အပြော ကြီး ဆောင့်ကြွားနေတဲ့ သူလိုပဲ သတ်မှတ်ကြပါစေ။

ကျေးဇူးမတင်လိုခြင်း၊ အားမကိုးလိုခြင်းကို ဘယ်သူ မှ သေသေချာချာ ရေရေရာရာ နားလည်ပေးနိုင်မှာမှ မဟုတ်တာ။


www.burmeseclassic.com

www.burmeseclassic.com



## ၁၂

လခထုတ်တဲ့နေ့မှာ တင့်တင့်က အမေနှင့် မိတွေးနှစ်ယောက်လုံး အတူရှိနေတဲ့ရှေ့မှာ ပိုက်ဆံလေးသောင်းကို ချလိုက်ရင်း ...

"ဒီနေ့ လခထုတ်လာလို့ပေးတာ"

ပါးစပ်ကထွက်တဲ့စကားက သာယာနာပျော်ဖွယ်မဖြစ်။ 'သမီး လခထုတ်လာလို့ အမေနဲ့ အန်တီ့ကို ကန်တော့တာပါ'လို့ပြောရင် ယဉ်ကျေးသာယာ နားဝင်ချိုမယ်ဆိုတာသိသည်။ ပြောလည်းပြောတတ်သည်။ ဒါပေမဲ့ ဟိုးငယ်ငယ်ကတည်းက ဘဝမှာ လိုအင်ဆန္ဒမပြည့်ဝခြင်းများနှင့်သာ အသားကျပြီး လောကကြီးကို မကျေနပ်တဲ့စကားမျိုးသာ ထာဝစဉ်ပြောထွက်ခဲ့တာက အကျင့်ပါခဲ့ပြီ။



ယဉ်ကျေးချိုသာတဲ့ စကားမျိုးပြောဖို့ပင်လျှင် ရှက်ရွံ့သလိုလိုဖြစ်နေပြီ။ ဒါဟာ တကယ်တော့ ဘယ်ကောင်းပါ့မလဲ။ ဟိုသူဌေးသားများ စကားပြောလိုက်ပြီဆိုရင် နူးညံ့သိမ်မွေ့လှတဲ့ သူ့လေယူလေသိမ်းအပြင် လေသံက ချိုသာ၍ အပြောအဆိုက ယဉ်ကျေးသေးရာ နားထောင်လို့ ကောင်းလှတာပါ။ သူ့မျက်နှာပြင်မှာလည်း သူ့ရင်ထဲက စိတ်ကောင်းနှလုံးကောင်းက ဝင်းတောက်နှန်းလက်ပြီး ပေါ်လွင်နေသေးရာ သူ စကားပြောနေပုံဟာ အဆင့်အတန်းကို မြင့်နေတာပါပဲ။

အို ... ဘာတွေ ဆက်စပ်တွေးနေမိပြန်ပါသလဲ။

"များလှပါလား သမီးရဲ့၊ သမီးသုံးဖို့လည်း ချန်ဦးလေ"

"ရှင့်သမီးက ရှစ်သောင်းတောင်ရတာ"

"သုံးဖို့ချန်ထားပါတယ် အမေ၊ သုံးဖို့ရယ်တော့ မဟုတ်ပါဘူး၊ သမီး ပိုက်ဆံစုချင်လို့ စုထားမှာမို့ပါ၊ သုံးစရာသိပ်မရှိပါ ဘူး၊ ဖယ်ရီနဲ့ဆိုတော့ ဘတ်စ်ကားခလည်း မကုန်ဘူး"

ကိုယ့်လက်ထဲမှာ ကိုယ်ပိုင်ပိုက်ဆံ လေးသောင်းလောက်ကိုင်ထားနိုင်တယ်ဆိုတဲ့အဖြစ်က အိပ်မက်တစ်ခုလိုတောင်ဖြစ်နေခဲ့ပါသေးသည်။ တင့်တင့် ကိုယ့်အခန်းကျဉ်းလေးထဲ ကိုယ်ပြန်ဝင်လာခဲ့ပြီး မကြာခင် အန်တီ သင်လွှတ်လိုက်ပုံရတဲ့ ကလေးနှစ်ယောက်က အနားကပ်လာကာ ...

www.burmeseclassic.com

www.burmeseclassic.com



"မမကြီး သမီးကို ဘာဝယ်ပေးမှာလဲ"

"ကျော်စွာကိုရော ဘာဝယ်ပေးမှာလဲ"

"ဘာလိုချင်လို့လဲ ပြောလေ၊ သီတာ ဘာလိုချင်လဲ"

"ခလုတ်နှိပ်လိုက်ရင် အဖုံးဖွင့်ပြီး စုတ်သောက်ဖို့ပိုက်လေး ထွက်လာတဲ့ရေဘူး လိုချင်တယ် မမကြီး"

"ဝယ်ပေးမယ်နော် ညီမလေး၊ နက်ဖြန် ရုံးပိတ်ရက် သွားဝယ်ပေးမယ်"

"ယေး ..."

"ကျော်စွာရော"

"ဒိုးဆက်ရယ် မြွေကစားတာရယ် ဘောလုံးရယ်"

"ဒါပဲလား"

"ဒါပဲ"

"ဝယ်ပေးမယ်နော်၊ နှစ်ယောက်စလုံးကို နက်ဖြန်ဝယ်ပေးမယ်"

ကလေးတွေဆိုတော့ ဖြူစင်ရိုးသားကြလေရာ သူတို့တကယ်ပဲ လိုချင်မက်မောနေတဲ့ တန်ဖိုးမကြီးလှတဲ့ အရာလေးတွေကိုသာ ပူဆာကြရှာသည်။

နောက်တစ်ရက်မှာတော့ တင့်တင့်သည် ရုံးအားရက်လည်းဖြစ် သီတာနှင့် ကျော်စွာတို့ပူဆာတာတွေလည်း ဝယ်ပေးချင်၊ ကိုယ်တိုင်လည်း အိတ်ထဲပိုက်ဆံမပါစဉ်က ဝင်ကြည့်ချင်ရက်နှင့်





ဆောင် ဝင်မကြည့်ဖြစ်ဖူးခဲ့တဲ့ စူပါမားကက်ဘတ်ခုကို တစ်ယောက်တည်းရောက်ခဲ့ရပါသည်။ မျက်စိရှေ့ ခင်းကျင်းထားသည့် သားနားသပ်ရပ်တဲ့ လိုချင်စရာ စားချင်စရာတွေချည်းဖြစ်နေတဲ့ စူပါမားကက်ကြီးထဲ ဟိုငေးဒီငေးနှင့် တစ်ယောက်တည်းလျှောက်နေတဲ့ တင့်တင့်ဟာ တစ်နေရာမှာတော့ ခြေလှမ်းတုံ့ရပ်သွားပါသည်။

"ဟင် ..."

အပြင်ကို အသံထွက်မလာတဲ့ ကိုကိုတနိုးအာမေဋိတ်သံနှင့် တင့်တင့်က ချိုးကွေ့ဖို့ပြင်နေတဲ့ လမ်းသွယ်ထဲမဝင်တော့ဘဲ အနီးဆုံးစင်တစ်ခုကိုကွယ်ကာ ရပ်လိုက်ပါသည်။ စင်တန်းရှည်နှစ်ခုကြားက လမ်းသွယ်လေးမှာ ယှဉ်တွဲလျက် လျှောက်လာနေကြသူတွေကတော့ မိုးသက်ထန်နှင့် ကောင်မလေးတစ်ယောက်။

ရပ်ရှင်မင်းသမီးအလား မိုဒယ်လ်အလား ဝတ်စားဆင်ယင်ထား၍ ထင်ရှားပေါ်လွင်လွန်းနေတဲ့ အဲဒီကောင်မလေးကို တင့်တင့် ကောင်းကောင်းသိတာပေါ့။ အမ်စီစီရှေ့မှာ ဘူးသီးကြော်ဆိုင်သွားထွက်တုန်းက ဆိုင်ကအချော်ရည်ကို ညင်ပတ်သလေးရှုရှာသလေး လာလုပ်တဲ့ ကောင်မလေးပေါ့။

လူကို မတူမတန်သလို့ ဘူးသီးကြော်ဆိုတဲ့ အစားအစာကပဲ အောက်တန်းကျသလိုလို မသတ်သလိုလို ကြီးတောင်ကြီးကျယ်နိုင်လှတဲ့ ကောင်မလေး။ ဒီကောင်မလေးနဲ့ မိုးသက်ထန်က ဘယ်လိုပတ်သက်ပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ကို ယှဉ်တွဲမြင်ရသည်မှာ ဖြူ သွယ်သွယ် မြင့်မြင့်လေးတွေနှင့် ရုပ်လေးတွေက သန့်နေတော လိုက်ဖက်ကြည့်ကောင်းနေပါသည်။ အဲသလို လိုက်ဖက်ကြည် ကောင်းနေမှုကိုက တင့်တင့်ရဲ့ ရင်ကို တစ်မျိုးသော ခံစားချ ဒေနာလေးတစ်ခု ဖြစ်ပေါ်စေလေသည်။

တင့်တင့်ရပ်နေတဲ့ စင်ရဲ့ထိပ်မှာက ကော်ဖီမစ်စ်ထု တွေရှိနေကာ နံဘေးမှာ ကော်ဖီမစ်စ်တစ်မျိုးကို ပရိုမိုးရှင်းလုပ် ကာ ဈေးတိုက်နေတဲ့ ကောင်မလေးနှစ်ယောက်က ရှိနေသည်။

"အစ်မ"

"ဟင် ... ရှင်"

"ကော်ဖီလေး မြည်းကြည့်ပါဦး"

"ရှင် ... ဟို ... မ ... မကြည့်တော့ပါဘူး ရပါတယ်"

ရုတ်တရက် ကောင်မလေးတွေ ပရိုမိုးရှင်းလုပ်နေ တာကို နားမလည်ပါ။ စူပါမားကက်တွေကိုလည်း အကျွမ်းတဝ ရောက်လေ့ရှိနေကျမဟုတ်၍ ယောင်ကမ်းကမ်း ဖြစ်နေမိတာပင်။ ကောင်မလေးတစ်ယောက်က နံဘေးက ဖြတ်သွားသော အန်ကယ် ကြီးတစ်ယောက်ကိုလည်း တစ်ခါသုံးပလတ်စတစ်ခွက်လေးနှင့် လှမ်းတိုက်ရာ အန်ကယ်ကြီးက ယူသောက်ရင်း ခေါင်းတညိတ် ညိတ် မျက်ခုံးပင့်ကာထွက်သွားတော့မှာပင် အလကားတိုက်နေတာ ပါလားဆိုတာ တင့်တင့် သဘောပေါက်ရပါသည်။



နေရာကရွှေ့မသွားဘဲ စင်တစ်ခုရဲ့ ထိပ်ကျကျမှာသာ ကွယ်ရပ်ကာ မိုးသက်ထန် ရှိနေတဲ့ လမ်းကြားလေးကို မသိမသာ ချောင်းနေတဲ့ တင့်တင့်ကို ကောင်မလေးတွေက နောက်တစ်ကြိမ် သပ်မံကာ ...

"မြည်းကြည့်ပါ မမ၊ နှစ်ထုပ်ဝယ်ရင် ကော်ဖီသောက်တဲ့ ဖန်ခွက်လေးတစ်ခွက် လက်ဆောင်ပေးပါတယ်၊ သောက် ကြည့်ပါဦး"

တင့်တင့်က ငြင်းနေရမှာအားနာက ခွက်သေးသေး လေးတစ်ခုကို လက်ခံယူ၍ သောက်လိုက်ရပါသည်။ မိုးသက်ထန် တို့ရှိနေတဲ့ လမ်းကြားက စာရေးကရိယာတွေရှိတဲ့ လမ်းကြားပင်။ သီတာ့အတွက် ကွန်ပ်ါဘူးအလှလေးတစ်ခုပါဝယ်ဖို့ ရည်ရွယ်လို့ ဆိုလမ်းကြားထဲ ချိုးကွေ့ဖို့ပြင်တာ။

မိုးသက်ထန်နှင့် ဟိုကောင်မလေးက မှတ်စုစာအုပ် လှလှလေးတွေ ဘောပင်လေးတွေကြည့်နေ၍ တင့်တင့် ဝင်မသွား ချင်တော့။ ဝင်မသွားချင်ပေမယ့် သူတို့နှစ်ယောက်ရဲ့ အရိပ်အခြည် ကိုလည်း ကြည့်ချင်သေးသည်။ သူတို့ရဲ့ ပတ်သက်မှုကိုလည်း နှုးစမ်းလိုသေးသည်။

သူတို့နှစ်ယောက်ပုံစံက တရင်းတနှီး ရှိလှပေမယ့် ကောင်မလေးကတော့ ပိုပြီးတော့ပင် ကယုကယင် ကနွဲ့ကလျလျ

www.burmeseclassic.com

www.burmeseclassic.com



နေသလားလို့။ တင့်တင့်က ကောင်မလေးရဲ့ ပဲများများပုံစံကို ချောင်းကြည့်ရင်း အသည်းယား အမြင်ကတ်နေပါသည်။

မိုးသက်ထန်ကို တင့်တင့် ဘယ်လိုပဲ သူဌေးသားလေးဘာလေး ချီးဖွဲ့ပြောဆိုပေမယ့် သူ့ထံမှာ သူကိုယ်သူ သူဌေးသားရယ်လို့ ကြီးကျယ်ဘဝင်မြင့်တဲ့ပုံ မမြင်ရပါ။ ကောင်မလေးကတော့ ကြည့်ပုံရှုပုံကတောင် မျက်ကြောစင်းစင်းနှင့် မေးကိုပင့်ပြီး ကြီးတောင်ကြီးကျယ်နိုင်လှတဲ့ပုံပါ။

နေပါဦး။

သူတို့နှစ်ယောက်ကို ဘာကြောင့်များ တင့်တင့်က ချောင်းကြည့်နေမိရတာတဲ့လဲ။ တင့်တင့် မပီသလိုက်တာ။ သင်းတို့ကိုတွဲတွေ့တော့ ဘာများ စိတ်ဝင်စားစရာရှိလို့လဲ။ တင့်တင့်သည် မသိမသာ စိတ်လေးနှင့်ဆွေးဆွေးနှင့်ပင် အဲဒီစင်ထိပ်ကခွာကာ ကပ်လျက် တစ်ဖက်လမ်းကြားထဲ ချိုးဝင်ဖို့ပြင်လိုက်သည်။

"ဟောတော် ..."

ဒီဘက်လမ်းထဲမှာကျတော့ ကျော်စံဖြိုးရယ် နောက်ကောင်လေးတစ်ယောက်ရယ် နောက်ထပ်ကောင်မလေးတစ်ယောက်ရယ်။ သူတို့က တင့်တင့်ရှိရာဘက် လျှောက်လာနေကြတာဖြစ်ကာ တင့်တင့်သည် ရုတ်တရက် စင်ရဲ့ထိပ်ဆီမှာ ပြန်ကွယ်လိုက်မိပြန်သည်။



"ဟဲ့ ... ပပ၊ ဖူးပြည့်နဲ့ ထန်ကြီးက ဘယ်ရောက်သွားလဲ"

"ဘယ်သိမလဲ၊ သူတို့က နှစ်ယောက်တည်း လမ်းခွဲသွားတဲ့ဟာ"

"ဒီမှာ ခေါင်းလျှော်ရည်ဘူးတွေလေ၊ ဖူးပြည့်က ခေါင်းလျှော်ရည်ဝယ်မလို့ဆို"

"ဩော် ... သူ့ဟာသူ နောက်တော့ လာဝယ်လိမ့်မပေါ့"

"ဟိုဘက်လမ်းထဲမှာထင်တယ်၊ ခုန ဟိုဘက်သွားသလိုပဲ"

"ဩော် ... သူတို့ဟာသူတို့ ပစ်ထားလိုက်စမ်းပါဟာ၊ နင်က သွားရှုပ်မနေပါနဲ့"

ပပစကားကြောင့် စံဖြိုးက ...

"ဘာဖြစ်လို့လဲ"

"ဟဲ့ ... သူတို့ဘာသာ နှစ်ယောက်တည်း တမင်ခွဲထွက်သွားတဲ့ဟာကို နင်ကလဲ"

"မဟုတ်ပါဘူးဟာ၊ တမင်ခွဲထွက်သွားတာတော့ မဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ်ပေါ့ဟယ်၊ ကိုယ့်ဟာကိုယ်နေပေါ့၊ နင် သိပ်ရှုပ်တာပဲ"

စကားတပြောပြောနှင့် စံဖြိုးတို့က ဒီဘက်ထိပ်နားနီးလာ၍ စကားသံ ကျယ်ကျယ်,ကျယ်ကျယ်တွေကိုပင် ကြားနေရ

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ တင့်တင့်က စံဖြိုးနှင့်လည်း မတွေ့ဆုံလိုက်ချင်တာမို့ ဒီဘက်ကိုဖြတ်ပြေးဖို့ မိုးသက်ထန်တို့လမ်းကြားလေးကို ပြန်ချောင်းလိုက်ပြန်သော် မိုးသက်ထန်တို့ကပါ ဒီဘက်ကို လျှောက်လာနေလေပြီ။

"ကျွတ် ..."

တင့်တင့်သည် စိတ်အိုက်စိတ်ညစ်စွာ စုတ်သတ်ညည်းညူမိသည်။ ငါကတော့ တွေ့ကိုတွေ့ကြတော့မှာပဲ။ တကယ်တော့ တွေ့တော့ကော ဘာဖြစ်တာမို့လဲ။ သူတို့လည်း သူတို့ဟာသူတို့ လာသလို၊ ကိုယ်လည်း ကိုယ့်ဟာကိုယ်လာတာပဲဟာ၊ တည့်တည့်တိုးလည်း ဘာဖြစ်ရမှာလဲ။ ခုတော့ သူတို့ကမမြင်ပဲ ကိုယ်ကသာမြင်ကာ ကွယ်ရပုန်းရနှင့် ကိုယ်ကသာ အောက်နေပြီ။

"ဟာ ... တင့်တင့်"

တင့်တင့်က လန့်တော့်လန့်သွားရပါသည်။ ရှေ့ဆုံးကနေ ဒီဘက်ထိပ်ရောက်လာသော စံဖြိုးကတော့ တင့်တင့်ကို မမျှော်လင့်ဘဲတွေ့ရ၍ ဝမ်းသာအားရ နှုတ်ဆက်လိုက်တာပင်။ တင့်တင့်က မှုန်မှုန်လေးလှည့်ကြည့်ရင်း ...

"ဪ ... အဟင်း ... စံဖြိုး"

"နင်တစ်ယောက်တည်းလား"

"အေး"





"နင် ဘာလာဝယ်တာလဲ"

တင့်တင့်က နီးရာ ကော်ဖီမစ်စ်ထုပ်တွေကို လက်ညှိုးထိုးရင်း ...

"ဪ ... ဟို ... ဒီဟာ ကော်ဖီမစ်စ်"

"ဪ ... ကော်ဖီမစ်စ်ဝယ်နေတာလား"

ပရိုမိုးရှင်းကောင်မလေးတွေက မျက်နှာဝင်းလက်ကာ ...

"ဟုတ်ကဲ့ အစ်မ၊ တစ်ထုပ်လား နှစ်ထုပ်လားဟင်"

"အင် ..."

"နှစ်ထုပ်ယူလိုက်လေ အစ်မ၊ ဖန်ခွက်လေးပါရအောင်"

"အို ... ဟင့်အင်း ... ဖန်ခွက်မယူတော့ပါဘူး၊ နှစ်ထုပ်ဆို အများကြီးပဲ၊ တစ်ထုပ်ပဲ ယူတော့မယ်နော်"

တင့်တင့်မှာ ရှုံ့မဲ့မဲ့နှင့်ပင် ချော်လဲရောထိုင်ကာ ကော်ဖီထုပ်တစ်ထုပ်ကို မျက်စိမှိတ်ပြီး ယောင်ကန်းကန်းယူလိုက်ပါတော့ပြီ။ အိမ်မှာ ဒီလိုကော်ဖီမစ်စ်ကို အထုပ်ကြီးဝယ်ပြီးသောက်ပါ။ ရံဖန်ရံခါ အထုပ်လေးတွေ တစ်ထုပ်စနှစ်ထုပ်စ ဘာဝယ်မှုးတာပါ။ နှမြောလိုက်တာနော်။

အင်းလေ ... ဝယ်ဖြစ်လိုက်တော့လည်း အဖေသောက်ရတာပေါ့။ အဖေက လူကြီးဆိုတော့ ကော်ဖီလေး လက်ဖက်ရည်လေး သောက်ချင်ရှာတာ။



www.burmeseclassic.com

www.burmeseclassic.com



"မိုးသက်ထန်လည်း ပါတယ်ဟ"

"ဟုတ်လား ... အေး ... အေး၊ ငါ သွားတော့မယ်နော်"

"ဟော ... ဟိုမှာလာပြီ၊ ဟော့ကောင်ထန်ကြီး ... ဒီမှာ တင့်တင့်"

စံပြိုးအသံကြောင့် လိုင်းရဲ့ထိပ်ကို ရောက်လာတဲ့ မိုးသက်ထန်က သူ့ကို ကျောခိုင်းထားတဲ့ တင့်တင့်ကို သတိပြုမိသွားကာ ရှေ့ကို ခပ်သွက်သွက် တိုးလာခဲ့ရင်း ...

"တင့်တင့် ဈေးလာဝယ်တာလား"

တင့်တင့်က မိုးသက်ထန်ကို မသိမသာ မျက်စောင်းရွယ်ရင်း ...

"ဟုတ်တယ်"

မိုးသက်ထန်ကတော့ တင့်တင့်ကို မမျှော်လင့်ဘဲ လာဆုံရတဲ့အတွက် မျက်နှာတစ်ခုလုံး ရွှင်လန်းဝင်းပနေကာ ...

"ဘာဝယ်မလို့လဲ၊ ငါတို့ တူတူပတ်ကြတာပေါ့"

"အို ... ငါက ပြီးပြီ၊ နင်တို့ဟာနင်တို့ သွားကြ"

ဖူးပြည့်ရော ပပရောက မျက်နှာလေးတစ်ကွက် အခြယ်အသလည်းမရှိပါဘဲ ဖူးဖူးစင်စင်လှတာကလွဲလျှင် တီရှပ်ဆေးနှင့် လုံခြည်အနက်ပြောင်လေးသာ ခပ်မိုန်မိုန်ဝတ်ထားတဲ့ တင့်တင့်ကို မျက်မှောင်လေးတွေကုတ်ကာ အကဲခတ်သည်။ မိုးသက်ထန်က ချိုသာရွှင်ပျ ခယနေတာကို သူက မှုန်တင်းတင်းလုပ်နေအောင် သူက ဘာမို့လဲလို့ပင်။





"ဟင် ... မိုးသက်၊ အဲဒါ ဟိုတစ်ခါရိုးပွဲတုန်းက အင်္ကျီ အပြင်ဘက် လမ်းမမှာ ဘူးသီးကြော်ရောင်းတဲ့မိန်းမ မဟုတ်လား"

ဖူးပြည့်ထံက မှတ်မိသွားတဲ့ အသံက အံ့အားတသင့် ထွက်ပေါ်လာသည်။ မိုးသက်ထန်က တင့်တင့်ကို အားနာပါးနာ ကြည့်ရင်း ...

"အေး ... ဟုတ်တယ်"

"ဟင် ... နင်နဲ့က ဒီအကြော်သည်နဲ့က ဘယ်လိုသိနေတာလဲ"

"သူမ အကြော်သည်မဟုတ်ပါဘူးဟ၊ အဲဒီတုန်းကလည်း အပျော်လာရောင်းတာပါ"

မိုးသက်ထန်က အားနာပါးနာ ဖာဖာထေးထေးဝင်ပြောနေပေမယ့် အဲဒီတုန်းက သူ့ကို ဒူးခေါင်းကြီးသလေး မလှဘူးလေးနှင့် ပေါ်ဝင်ခွပ်သွားတဲ့ တင့်တင့်ကို ဖူးပြည့်က မကျေချမ်းနိုင်ပါ။

"အပျော်ပဲရောင်းရောင်းလေ၊ အကြော်ရောင်းတာကတော့ ရောင်းတာပဲပေါ့၊ ဗွာလည်းအရမ်းဗွာတာ ငါ မှတ်မိပါတယ်"

တင့်တင့်က မိုးသက်ထန်အနား ပခုံးချင်းထိအောင် တိုးကပ်ထိရပ်နေတဲ့ ဖူးပြည့်ကို အမြင်ကတ်ကတ်ကြည့်လိုက်ရင်း ...



www.burmeseclassic.com

"ငါက အခု အကြော်မရောင်းတော့ဘူး၊ '...... ထရိတ်ဒင်း ကုမ္ပဏီ'မှာ လုပ်နေတာလေ"

"ဟင် ..."

ဖူးပြည့်က မိုးသက်ထန်ကို မျက်လုံးဝိုင်းဝိုင်းနှင့် အံ့အားတသင့် ငေးကြည့်ရင်း ...

"မိုးသက် ... သူက နင်တို့ရဲ့ ..."

"ဟင်း ဟင်း ... အေး ... ငါတို့ဆီမှာ အလုပ်ဝင်နေတယ်လေ"

"နင်ရော စံဖြိုးရောလည်း အဲဒီမှာပဲ ဝင်လုပ်နေတာမဟုတ်လား"

"အေး ... ဟုတ်တယ်လေ"

ဖူးပြည့်မျက်နှာက ပုပ်သိုးတင်းမာလာပါသည်။ ပုံစံက မသားမနား စုတ်တီစုတ်ပြတ်နဲ့ လေကကျတော့ မိုးပေါက မဆင်းတဲ့ ဒီမိန်းမက မိုးသက်ထန်တို့ကုမ္ပဏီမှာ မိုးသက်ထန်နှင့်အတူ အလုပ်ဝင်နေတာဆိုပါလား။ ဘယ်တုန်းကမှ အလုပ်ဝင်ဖို့ စိတ်မဝင်စားတဲ့ မိုးသက်ထန် သူ့အဘိုးထံမှာ အလုပ်ဝင်နေရပြီလို့ သိတုန်းက ဖူးပြည့်တို့ အံ့တောင်အံ့ဩနေသေးတာလေ။

ဖူးပြည့်သည် မလိုတမာခြင်းတွေ ရင်ထဲပြည့်တက်လာကာ —

"သူက ဘာရာထူးနဲ့ ဝင်လုပ်နေတာလဲ"





"ငါက ဘာရာထူးရယ် မဟုတ်ပါဘူး၊ အဘိုးနားနေပြီး အဘိုးရဲ့ လက်တိုလက်တောင်းသဘောမျိုး လုပ်ရတာပါ၊ အဘိုးခိုင်းတာတွေ လုပ်ပေးရတာပေါ့"

လက်တိုလက်တောင်းဆိုပေမယ့် အဘိုးနားကပ်ပြီး နေရတယ်ရယ်လို့ ဖူးပြည့် မနာလိုဝန်တိုအောင် တင့်တင့်က တမင်ပြောလိုက်ပါသည်။

"ပြော် ... ရုံးအကူ Helper သဘောပဲပေါ့၊ ဆောရီးနော် မေးမိတာ၊ ကဲ ... မိုးသက်ထန် သွားကြစို့ဟာ ငါ ဗိုက်ဆာပြီ"

ဖူးပြည့်က တင့်တင့်ကို ခပ်နှိမ်နှိမ်ကြည့်ရင်း မိုးသက်ထန် လက်မောင်းတစ်ဖက်ကို ခပ်ရဲရဲပဲ ချိတ်လိုက်ကာ ပြောလိုက်၍ မိုးသက်ထန်က အိုးတိုးအမ်းတမ်း ဖြစ်သွားရပါသည်။ တင့်တင့် ရှေ့မို့ မျက်နှာလည်းပူ။ တင့်တင့်နှင့်ပဲ စကားဆက်ရပ်ပြောရအောင်ကလည်း တင့်တင့်က သူ့ကို စကားကောင်းကောင်းပြောတာမဟုတ်၍ အားလုံးရှေ့မှာ ရုပ်မပျက်လို့။

တင့်တင့်က ရင်ထဲမှာ တင်းကျပ်သလိုလို မွန်ထူသလိုလို။ မခံချိမခံသာနှင့် မိုးသက်ထန်ကို ခပ်စူးစူးကြည့်မိသည်။

"အေး ... ငါတို့ သွားလိုက်ဦးမယ် တင့်တင့်"

"မိုးသက်ထန်"

www.burmeseclassic.com



တင့်တင့်က ကိုယ့်ကိုယ်ကိုယ် မထိန်းချုပ်လိုက်နိုင်ခင် မိုးသက်ထန်ရဲ့ အတွင်းသဘောအစစ်အမှန်ကို သိမြင်ချင်စောနှင့် ခပ်လောလော တားလိုက်မိလေသည်။

"တင့်တင့်"

"ငါ ... ငါလေ အဘိုးကို ပထမဆုံးလခနဲ့ တစ်ခုခုလေး ကန်တော့ချင်လို့၊ လူကြီးဆိုတော့ မျက်နှာသုတ်ပဝါတစ်ထည်လောက် ကန်တော့မယ်လို့ စိတ်ကူးတယ်၊ အဘိုးကြိုက်မယ်ထင်တဲ့တစ်ထည် နင် လိုက်ရွေးပေးပါလား"

အရဲစွန့်စမ်းသပ်သလို ကမူးရှူးထိုး ပြောချလိုက်မိပြီးလျှင် မိုးသက်ထန် မျက်နှာကို အသက်အောင့်ပြီး အကဲခတ်နေမိပါသည်။ မိုးသက်ထန်က ချက်ချင်းပဲ သူ့လက်မောင်းမှ မှုးပြည့်ရဲ့လက်ကို ဖြုတ်ဖယ်လိုက်ရင်း ...

"အေး ... လာလေ၊ ငါ ရွေးပေးမယ်"

တင့်တင့်ရဲ့ နှလုံးသားများ နွေးလျကျင်မြကာ နှုတ်ခမ်းလေးအစုံက ကျေကျေနပ်နပ် ပြုံးသွားရလေသည်။



၁၃

"အဘိုး သွေးကျဆေးသောက်ချိန် ရောက်ပါပြီ"

သံပရာရည်ဖန်ခွက်လေးနှင့် ရုံးခန်းထဲထားတဲ့ ဆေးဘူးလေးဆွဲကာရောက်လာတဲ့ တင့်တင့်ကို အဘိုးက သဘောတကျ ပြုံးရင်း ...

"အေး အေး ... ညည်းရောက်မှပဲ အဘိုးလည်း ဆေးသောက်ချိန်မှန်တော့တယ်၊ ပေး ... ပေး သမီး"

"အဘိုး သွေးတစ်ချက်လောက် ချိန်လိုက်ပါဦးလား"

"အေး ... ယူခဲ့စမ်း"

တင့်တင့်က ဆေးတိုက်ပြီးလျှင် ဆေးဘူးသိမ်းကာ ဒစ်ဂျယ်တယ်ပရက်ရှာတိုင်းစက်လေးကို ယူလာပါသည်။ လက်ပတ်ကို အဘိုးလက်မောင်းမှာပတ်ကာ ခလုတ်နှိပ်လိုက်သည်နှင့် ဂဏန်း

www.burmeseclassic.com

www.burmeseclassic.com



လေးတွေ ပြေးသွားကာ ခဏအကြာ အပေါ်သွေး အောက်သွေးနှင့် သွေးခုန်နှုန်းတို့ပါ ဒစ်ဂျစ်တယ်ဂဏန်းလေးတွေနှင့် ပေါ်လာသည်ကို တင့်တင့်က ကုန်းကာကြည့်ရင်း ...

"ဒီနေ့ သိပ်မတက်ဘူးနော် အဘိုး"

"အေး ... ဟုတ်တယ်၊ ဒီလောက်က မဆိုးပါဘူး"

ဆယ်တန်းသာမအောင်ပေမယ့် တင့်တင့်သည် လုပ်သက်ကြာလာသည်နှင့်အမျှ အဘိုးကို သွေးချိန်ပေးနိုင်ရုံမက ဘယ်အချိန်ဘယ်ဆေး မှတ်သားဇယားရေးထားကာ သူ့အချိန်နှင့်သူ ရွေးချယ်တိုက်တတ်နေပါပြီ။ ဒါ့အပြင် ဆီးချိုတိုင်းတဲ့ကရိယာလေးနှင့်တောင်မှ အဘိုးလက်ထိပ်လေးကို အပ်လေးနှင့်တော့ဖောက်ကာ သွေးစက်လေးကို ကရိယာပေါ်တင်ပြီးတော့လည်း သွေးချိုတိုင်းပေးတတ်နေပါပြီ။

ရုံးကိစ္စ လက်တိုလက်တောင်း အားလုံးလုပ်ရတဲ့အပြင် အဘိုးအနားမှာ အဘိုးရဲ့ဝေယျာဝစ္စ အစားအသောက်ကိစ္စ ဆေးသောက်ကိစ္စတွေအားလုံး တင့်တင့်ပဲ တာဝန်ယူဖြစ်သွားတာပါ၊

စိတ်ကောင်းစေတနာရှိ၍ လူကြိုးကောင်းပီသလှတဲ့ အဘိုးကို တင့်တင့်က လေးစားချစ်ခင်သလို ဖင်ပေါ့ပေါ့နှင့် လုပ်ကိုင်တတ်သည်းရှိ လုပ်တတ်ကိုင်တတ်လည်းရှိတဲ့ တင့်တင့်ကိုလည်း အဘိုးက နှစ်သက်ချစ်ခင်သည်။





ဒီလိုနှင့်ပဲ အဘိုးနှင့် တင်ဟင့်အကြားက ရင်းနှီးချစ်ခင်မှုက ဟိုးအမြင့်ဆုံးက သူဌေးမင်းကြီးနှင့် ဟိုးအောက်ခြေကဝန်ထမ်းမလေးတို့ရဲ့ ရင်းနှီးမှုမျိုးနှင့်တောင်မတူဘဲ မြေးအဘိုးလို ရင်းနှီးချစ်ခင်မှုမျိုး ချည်နှောင်နေရပါလေသည်။

"အဘိုး ဗျားနေလို့သောက်နေရတဲ့ အဲင်တီဘိုင်အိုတစ်ဆေးက အစားစားပြီးမှနော်၊ ဟုတ်လား အဘိုး"

"ဟုတ်တယ်၊ ဆယ့်နှစ်နာရီလောက်မှ၊ အဘိုး မနက်က ရှစ်နာရီက အိမ်မှာသောက်ခဲ့ပြီ"

"အဘိုး ဒီနေ့ အပြင်ဆိုင်က ခေါက်ဆွဲပြုတ်ဝယ်မသောက်နဲ့တော့နော်"

"ဟော ... ဘာဖြစ်လို့လဲ၊ ထမင်းမစားသေးဘူးဆိုပြီး အိမ်ကို ဘာမှမထည့်ခိုင်းခဲ့ဘူး သမီးရဲ့"

"တင့်တင့်မနက်က ရုံးစောစောလာပြီး ငွေကိုင် အန်တီမြကြီးဆီက ပိုက်ဆံနည်းနည်း ထုတ်ပြီးတော့ ဈေးကနေ ကြက်တစ်ခြမ်း ပြေးဝယ်လိုက်တယ် အဘိုးရဲ့၊ မီးဖိုခန်းမှာ တင့်တင့် ပြုတ်ထားပြီ၊ ကြက်သွန်ဖြူလေးနဲ့ နှူးပြီးအိနေတာပဲ အဘိုးရဲ့၊ အဘိုး စားခါနီးမှ ပြန်နွှေးပြီး မြူဆွပ်လေး ခတ်လိုက်မယ် အဘိုး၊ ကြက်ပြုတ်လေးက အခုတောင် အရသာရှိလှပြီ၊ ဆိုင်ကဝယ်တာက အချိုမှုန့်တွေအများကြီး ခတ်တတ်တော့ အဘိုး သွေးတိုးမှာစိုးလို့ အဘိုးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ အေး ... ညည်းက ဖော်လှချည်လား သမီးရဲ့၊ ကောင်းတယ် ကောင်းတယ်၊ နေ့လယ်ကျသောက်တာပေါ့"

"အဘိုး နည်းနည်းဖျားနေသေးတော့ ညနေကို ဆီဒိုးနားက ဂေါက်သီးအဖွဲ့ချုပ်ဒင်နာ သွားနိုင်ပါ့မလားဟင် အဘိုး"

"မသွားလို့မဖြစ်ဘူး သမီးရေ သွားရမယ်၊ ခဏတော့သွားလိုက်မယ်၊ လူကြီးတွေလည်း လာကြမှာ၊ ပျက်လို့မကောင်းဘူး"

"ဒါဖြင့် အဘိုး ဘယ်ဆု(ထ်)ဝတ်မလဲ"

တင့်တင့်က အဘိုးရဲ့ရုံးခန်းကျယ်ကြီးထောင့်မှာရှိနေတဲ့ မဟော်ဂနီဗီရိုမြင့်ကြီးဆီသွားကာ အတွင်းမှာချိတ်ဆွဲထားသည့် ဥရောပဆုထ် သုံးလေးစုံကို အဘိုးမြင်သာအောင်ပြသည်။

"အင်း ... အနက် သို့မဟုတ် မီးခိုးမှိုင်းရင့်ရင့်ပေါ့ သမီးရယ်"

"ဒါဖြင့် အဘိုး ဟိုတလောက အနက်ဝတ်ထားတော့ ဒီမီးခိုးမှိုင်းကို သမီး မီးပူတိုက်ထားလိုက်မယ်"

"အေး ... သဲငံ့ခ်ယူး ... သဲငံ့ခ်ယူး"

မီးပူတိုက်တဲ့ စင်ရှည်အချွန်းလေးရော မီးပူရောက ဒီရုံထဲမှာပင်ရှိနေရာ တင့်တင့်က သွက်သွက်လက်လက် ထုတ်ယူခင်းပြီး ရုံးခန်းထောင့်မှာပင် မီးပူတိုက်ပေးနေပါသည်။ တင့်တင့်ရဲ့





အလုပ်ကို မနိုမကပ်လာဘ်မြင်ပုံလေးတွေကို သဘောတကျ အကဲခတ်နေတဲ့ အဘိုးက ...

"သမီး ညည်း ဆယ်တန်းပြန်ဖြေဖို့ မစဉ်းစားတော့ဘူးလား"

တင့်တင့်က နွမ်းနယ်သောအပြုံးလေးနှင့် ...

"သမီး အသက်နှစ်ဆယ်ကျော်နေပြီ အဘိုးရဲ့"

"ဟဲ့ ... နှစ်ဆယ်ကျော်ဆိုတာ အငယ်လေးရှိသေးတာပဲ သမီး၊ ဂုဏ်ဒြပ်တွေအတွက် အဘိုးက ပြောနေတာမဟုတ်ဘူး၊ အတန်းပညာလေး ဘွဲ့လေးရှိထားတော့ ဒီမှာပဲဖြစ်ဖြစ် တခြား ဘယ်မှာပဲဖြစ်ဖြစ် အလုပ်ခွင်မှာ တက်လမ်းအခွင့်အရေးပိုများတယ်ကွယ့်၊ အင်္ဂလိပ်စာလေး ကွန်ပျူတာလေးလည်း အပိုတတ်ထားသင့်တယ်၊ ကိုယ်တတ်ထားတဲ့ ပညာအရည်အချင်း များလေလေ ကိုယ့်ဘဝတက်လမ်း သေချာလေလေပေါ့ သမီး"

"သမီးလည်း ဆယ်တန်းအောင်ချင်ပါတယ် အဘိုးရယ်၊ ဆင်းရဲရတဲ့ကြားတည်း ဆယ်တန်းမအောင်ဘူး ဆိုတော့ သိပ်မျက်နှာငယ်တာပဲ၊ သမီး နှစ်နှစ်အငေါ် ဖြေပါတယ်၊ ပထမနှစ်က သမီးရဲ့မိထွေးက မောင်ငယ်လေးကိုယ်ဝန်ဆောင်နေတော့ ဘာမှ မလုပ်နိုင်မကိုင်နိုင်တာနဲ့ တစ်အိမ်လုံး အလုပ်ကျူးလုပ်ရင်း ကျူရှင်းလည်းမတက်ရ၊ စာလည်း မကျက်ရနဲ့ ကျရော ...



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယတစ်နှစ်ကျတော့လည်း အဲဒီမောင်လေးက မွေးစပေါက်လေး၊ မိထွေးက ကျန်းမာရေးမကောင်းဘဲ အိပ်ရာထဲလဲနေတာ၊ တကယ်နေမကောင်းဖြစ်နေလား အိပ်ရာထဲ တမင်အလကားခွေနေလား မသိပါဘူး အဘိုးရာ၊ ကလေးငယ်လေး ဖေဖျော့ဝစွ၊ သူ့ပြုစုရ အိမ်မှုကိစ္စလုပ်ရနဲ့ တချို့စာအုပ်တွေဆိုရင် ဖုံတောင်စင်အောင်မခါဖြစ်လိုက်ပါဘူး၊ ဟိုလှန်ဒီလှန်နဲ့ပဲ လှန်ဖြစ်သလောက်နဲ့ သွားဖြေလိုက်တာ ကျပြန်ရော"

တင့်တင့် ရှုံ့မဲ့ညည်းညူနေတာကို ကရုဏာတစ်ဝက်နှင့် အဘိုးက ပြုံးကြည့်နေပါသည်။

"ခုလည်းပဲ အပြင်ထွက် အလုပ်လုပ်မယ်ဆိုတာ မိထွေးက မလုပ်ရဘူးတားတာ၊ သမီးလည်း အိမ်ထဲမှာချည်း ထမင်းချက် အဝတ်လျှော်နဲ့ လူလည်း တုံးလာပြီ၊ ဒီလိုချည်းပဲ တစ်သက်လုံး အညွန့်တုံးသွားလို့တော့မဖြစ်ဘူး ဆိုပြီး ခွတ်ထွက်လုပ်မယ် ကြိုးစားတာ၊ မိထွေးကလည်း ဖျက်တာပဲ"

"နောက်ဆုံး ဘယ်လိုလုပ်ခွင့်ရသွားလဲ"

တင့်တင့်က ခဏတိတ်သွားပြီးမှ ...

"မိုးသက်ထန်ပေါ့ အဘိုး"



"ဟော ..."

"သမီး မိထွေးကို သူ စည်းရုံးရေး သွားဆင်းလိုက်တာ မိထွေးက သူ့ကုမ္ပဏီမှာ လုပ်ကိုလုပ်ရမယ်၊ မလုပ်မနေရဖြစ်တာ"

"ဟော ..."

နှုတ်ခမ်းလေး စူကာထော်ကာပြောနေတဲ့ တင့်တင့်ကို အဘိုးက သဘောတကျ တအုံ့တသြ ရယ်မောရင်းက ...

"ဒီကောင် တယ်ဟုတ်ပါလား ... ဟား ဟား၊ သူက ဒီဘက်လည်း အလုပ်ရအောင်တောင်း ဟိုဘက်လည်း လုပ်ခွင့်ပြုအောင်ပြော၊ တော်တော်ပေါင်းသင်းဆက်ဆံရေး ညှိနှိုင်းရေးကောင်းတဲ့ကောင်ပဲ၊ ဒါပေမဲ့ ညည်းကိုတော့ ဒီကောင် ညှိလို့နိုင်းလို့ မအောင်မြင်ဘူးထင်တယ် ဟုတ်လား"

အဘိုး ရိပ်မိနေ၍ တင့်တင့်က မျက်နှာပူနှုတ်ဆိတ်သွားရပါသည်။

"ညည်းတို့နှစ်ယောက် မသင့်မြတ်ကြဘူး မဟုတ်လား"

"ဟို ... ဟို ... အဲလိုကြီးတော့ မဟုတ်ပါဘူး အဘိုး"

"အဘိုး တကူးတက ကြည့်မနေပေမယ့် မြင်နေတာပဲ၊ သိပ်သင့်မြတ်ကြပုံမပေါ်ပါဘူး၊ ဒါပေမဲ့ မိုးသက်ထန်က သမီးအတွက် အလုပ်ကို မရမကဆောင်းတာကိုကြည့်ရင် သူ့ဘက်က မပြေလည်တဲ့သဘောရှိပုံရဘူး၊ မင်းပါ အလုပ်ဝင်မှ ခန့်ပေးမယ်လို့ အဘိုး အကျပ်ကိုင်တာကိုတောင်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကမှ အလုပ်ဝင်ဖို့ပြောလို့မရဘဲ လတ်လျားလတ်လျားနေချင်တဲ့ကောင်က အသာတကြည်နဲ့ သူလည်း အလုပ်ဝင်ပါ့မယ် ဖြစ်တာလေ”

တင့်တင့်ရဲ့ရင်ထဲ ပူရှိန်းနွေးထွေးသွားရပါသည်။ နှလုံးသားကို ဗဟိုပြုပြီး လှိုင်းကြက်ခွပ်လေးတွေ လှုတ်ခတ်ဝဲလှည့်လာသလိုပင်။

“ဒါကိုကြည့်ရင် သမီးဘက်ကသာ တစ်ဖက်သတ် မကြည်မလင် ငြိုငြင်စရာလေးတွေ ရှိတာဖြစ်မယ်လို့ အဘိုးက ယူဆထားတယ်”

တင့်တင့်က ခေါင်းငုံ့တိတ်ဆိတ်ကာ မီးပူသာ တရကြမ်း ဖိတိုက်နေပါသည်။

“တစ်ယောက်နဲ့တစ်ယောက် စိတ်အခန့်မသင့်မှုဆိုတာကတော့ ရှိတတ်ကြတာပါပဲ၊ ဒါပေမဲ့ အဘိုးမြေးက စိတ်ကောင်းရှိပါတယ် သမီးရဲ့၊ ဘာပြဿနာအစိုင်အခဲ ရှိကြသလဲ အဘိုး မသိပေမယ့် အဘိုး ပြောနိုင်တာတစ်ခုကတော့ ထန်လေးက စိတ်ရင်းကောင်းပါတယ်၊ သူတစ်ပါး ထိခိုက်နာကျင်အောင် သူ တမင်တကာရည်ရွယ်ပြီးတော့ တော့ ဘာမှ လုပ်ခဲ့မှာမဟုတ်တော့ အဘိုး စိတ်ချလက်ချ ပြောရဲတယ်”

တင့်တင့်က ဘောင်းဘီနင့် ကုတ်အင်္ကျီကို ချိတ်မှာ ချိတ်ကာ ဗီရိုထဲ စနစ်တကျထားရင်း ...



“သူ သမီးကို ဘာမှ ထိခိုက်နာကျင်အောင်မလုပ်ပါဘူး အဘိုး”

“ဪ ... ဟုတ်လား၊ ဒါဖြင့် ! ”

“သမီးက သူ့နဲ့ မခင်ချင်တာပါ”

အဘိုးက မျက်ခုံးပင့်ကာ တင့်တင့်ကို ကြည့်နေသည်။ တင့်တင့်က လက်ကလေးနှစ်ဖက် နောက်ပစ်ရင်း ...

“သမီးတို့က သိပ်ဆင်းရဲပါတယ် အဘိုး၊ မိုးသက်ထန်နဲ့ ဘယ်လိုမှ မနီးစပ်တဲ့ အခြေအနေ အဆင့်အတန်းပါ အဘိုး၊ အသိုင်းအဝိုင်း၊ ဥစ္စာ၊ ပညာ ဘယ်အရာမှ ယှဉ်လို့မရတဲ့ ဟိုးအောက်ခြေအဆင့်အတန်းကပါ၊ အဝေးကြီး ကဟာနှစ်ခုကို အတင်းကြီး ဆွဲကပ်ရင် စိတ်ပင်ပန်းရမှာ အမှန်ပါပဲ အဘိုး၊ သူ့ရဲ့အနီးကပ် အပေါင်းအသင်းထဲမှာ သမီးပါနေရမှာကို သူ့ကိုပြန်ပြီး အားနာမိပါတယ်၊ သမီး လူပင်ပန်း လူဆင်းရဲ ခံနိုင်ပေမယ့် စိတ်ပင်ပန်းစိတ်ဆင်းရဲ မခံချင်လို့ သူ့ကို အမြဲကျေးဇူးတင် လေးစားစိတ်ရှိတဲ့ကြားက မခင်မင်ချင်တာပါ”

မျက်စိရှေ့က ကလေးမငယ်ရဲ့အသံ ကတုန်ကယင်လေး၌ နားစိုက်ကာ အဘိုးက တိတ်တဆိတ် ကရုဏာသက်နေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"တွိတွိ ... တွိတွိ"

မိုးသက်ထန်က ဖုန်းမြည်သံကြောင့် စတီယာရင်ပေါ် လက်တစ်ဖက်ပဲတင်ကာ နောက်တစ်ဖက်က ဖုန်းကိုအိတ်ထဲက ထုတ်ယူဖွင့်ရင်း ...

"ဟယ်လို ... မိုးသက်ထန်ပါခင်ဗျာ"

"ဟယ်လို ... မောင်မိုးသက်ထန်လား"

"ဟုတ်ပါတယ်ခင်ဗျ၊ ဘယ်သူပါလဲ"

"မောင်မိုးသက်ထန် အန်တီက တင့်တင့် ... တင့်တင့်ရဲ့ မိထွေးပါ"

"ဪ ... ဟုတ်ကဲ့အန်တီ ပြောပါ"

"မောင်မိုးသက်ထန်ကို အကူအညီလေး တစ်ခုလောက်တောင်းချင်လို့ပါ၊ အန်တီ တခြားလည်း ဘယ်ကိုအကူအညီတောင်းရမယ်မသိ၊ ကူညီမယ့်သူလည်း မရှိလို့ပါ"

"ပြောပါ အန်တီ"

ပြန်ပြေရင်း မိုးသက်ထန်က စိတ်ထဲကနေ စဉ်းစားလိုက်ပါသည်၊ တင့်တင့် အလုပ်ဝင်တာ ဘယ်လောက်ကြာပြီလဲ။ နှစ်လကျော်လာပေပြီ။ တင့်တင့်မိထွေးကို သုံးလကျော်လျှင်





ချေးငွေထုတ်ချေးပေးမည်ဟု သူ တမင်တကာ မက်လုံးပေးခဲ့တာပါ။ ခုတော့လည်း သုံးလမပြည့်သေးပေမယ့် နှစ်လတော့ ကျော်ပြီဆိုတော့ ချေးလိုက်ပါမည်။

တင့်တင့်မိထွေး အကူအညီတောင်းမည့်ကိစ္စဟာ ငွေချေးဖို့ပဲလို့ မိုးသက်ထန်က တစ်ထစ်ချ ယူဆမိလိုက်တာပင်။

"တင့်တင့်ရော အနားမှာရှိလားဟင်"

"မရှိပါဘူး အန်တီ၊ ကျွန်တော်က အပြင်ကို အလုပ်ကိစ္စနဲ့ ရောက်နေလို့ပါ၊ တင့်တင့်က ရုံးမှာပါ၊ ကိစ္စမရှိပါဘူး အန်တီ၊ ပြောစရာရှိတာပြောပါ၊ အားမနာပါနဲ့"

"ဝမ်းသာလိုက်တာကွယ်၊ တင့်တင့်အဖေလေ အလုပ်ထဲမှာမူးလဲလို့ ဆေးရုံပို့လိုက်ရတယ်လို့ သူ့ရုံးကအကြောင်းကြားလို့ပါ။ အန်တီတို့လမ်းထိပ် လက်ဖက်ရည်ဆိုင်က ဖုန်းနဲ့ အခု အန်တီဆက်နေတာ၊ အန်တီဆေးရုံကြီးကိုလည်း မသွားတတ် မရှာတတ်နဲ့၊ လေဖြတ်တာလို့ပြောတာပဲ သားရယ်"

"ဗျာ"

"အန်တီ့ကို ကူညီပါဦး၊ အန်တီ ဘာမှမလုပ်တတ် ဘယ်မှမသွားတတ်လို့ပါ"

"ရန်ကုန်ဆေးရုံကြီးမှာလား အန်တီ"

"ဟုတ်ပါတယ်၊ အခုလိုက်ခဲ့ဖို့ ပြောလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အခုလာပြီ အန်တီ၊ အန်တီလမ်းထိပ်မှာပဲ ထွက်စောင့်နေပါ၊ အန်တီ့ကိုခေါ်ပြီး ကျွန်တော်ဆေးရုံကို တူတူလိုက်ခဲ့ပါ့မယ်"

"အမယ်လေး ... ကျေးဇူးတင်လိုက်တာ၊ ကျေးဇူးမမေ့ပါဘူးကွယ်၊ မြန်မြန်လာပါနော်"

မိုးသက်ထန်က ကားကို ကုမ္ပဏီရုံးဘက်ကို ဦးတည်နေရာမှ ကွေ့ချပြီး လမ်းကြောပြောင်းကာ တင့်တင့်တို့ရပ်ကွက်ထိပ်ဆီ မောင်းလာခဲ့ပါတော့သည်။ မောင်းလာရင်းက လမ်းမှာပင် စံဖြိုးထံ ဖုန်းခေါ်ပါသည်။ စံဖြိုးကို အဘိုးက သူ့အပါးတော်မြဲလို နေရာထားထားတာမို့ အချိန်မရွေး ဆက်သွယ်နိုင်အောင် ဖုန်းတစ်လုံး ပေးကိုင်ထားပါသည်။

"စံဖြိုးလား ...၊ အေး ... ငါပါ"

"အေး ... ပြောလေ ထန်ကြီး"

"မင်း အခု ရုံးမှာပဲလား"

"ငါ အဘိုးနဲ့ လမ်းမှာ၊ ရွှေပြည်သာစက်ရုံ သွားနေတာကွ"

"ဒါဆိုပြီးရော"

မိုးသက်ထန်က ဖုန်းကိုချက်ချင်းဖြတ်လိုက်ပြီး ရုံးခန်းနံပါတ်တစ်ခုကို ခေါ်လိုက်သည်။

"ဟယ်လို ... '......'ထရိတ်ဒင်း"

"မိုးသက်ထန်ပါ၊ အဘိုးဆီက တင့်တင့်များရှိလား မသိဘူး"





"ဪ ... တင့်တင့် ခုနတော့ တွေ့ပါတယ် ကိုမိုးသက်ထန်၊ အခုတော့ ဘယ်ရောက်သွားမလဲ မသိဘူး၊ လိုက်ရှာပေးရမလား၊ ကိုင်ထားမလား"

"ကျွန်တော် ကိုင်မထားတော့ဘူး၊ သူ့ကိုလိုက်ရှာပြီး ကျွန်တော့်ဟဲန်းဒ်ဖုန်းကို ပြန်ဆက်ပေးဖို့ ပြောပေးပါ"

"ဟုတ်ကဲ့ပါ၊ ပြောလိုက်ပါ့မယ် ကိုမိုးသက်ထန်"

မိုးသက်ထန်သည် တင့်တင့်တို့လမ်းထိပ်မှာ တင့်တင့်မိထွေး ဒေါ်အမာကို သွားခေါ်ပါသည်။ ခုလိုတော့လည်း ဒေါ်အမာသည်လည်း သနားစရာပင်။ ဘာပဲဖြစ်ဖြစ် အသက်ကသုံးဆယ်ကျော်သာ ရှိသေးချိန်မှာ သူ့ထက်အသက်အတော်ကြီးသည့် ခင်ပွန်းသည်က လေဖြတ်ပြီး ဆေးရုံရောက်ရသည်ဆိုတော့ အားငယ်ဝမ်းနည်းကာ ဆောက်တည်ရာမရ ဖြစ်ရှာပေမည်။

ရှိုက်ငိုကာ ပါလာတဲ့ ဒေါ်အမာ့ကိုကြည့်ကာ မိုးသက်ထန်လည်း စိတ်မကောင်းပါ။ တင့်တင့်သိရင်လည်း ဒီလိုပဲ ငိုနေတော့မှာပဲ။

"အန်တီ လေဖြတ်တယ်ဆိုတိုင်း အဆိုးဆုံးကြီး တွက်မထားပါနဲ့၊ နည်းနည်းပါးပါးပဲ ဖြတ်ပြီး ရက်ပိုင်းနဲ့ပြန်ကောင်းသွားတာမျိုးလည်း ရှိပါတယ်၊ အခြေအနေမသိရသေးဘဲ သိပ်လည်းစိတ်မပူပါနဲ့ဦး"

"သူတို့အဖေသာ တစ်ခုခုဖြစ်သွားရင် အန်တီတို့သားအမိတွေ ဘဝပျက်ပါပြီကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"မပျက်ပါဘူး အန်တီရယ်၊ မပျက်စေရပါဘူး"

"အန်တီတို့မှာ မပြေလည်ရတဲ့ကြားထဲမှ ကျန်းမာရေးက ဖောက်ရသေးတယ်ကွယ်"

"ဖြစ်လာမှာတော့ ဘယ်တတ်နိုင်ပါ့မလဲ အန်တီရယ်၊ ငွေရေးကြေးရေးအတွက် ဒီအချိန်မှာ မပူပါနဲ့၊ ကျွန်တော် တာဝန်ယူပါ့မယ်"

"မောင်မိုးသက်ထန်ဆီက ပိုက်ဆံချေးငှားနိုင်ဖို့ကလည်း တင့်တင့်လုပ်သက်က သုံးလမပြည့်သေးတော့ ..."

"မချေးရပါဘူး အန်တီ၊ ကျွန်တော် တာဝန်ယူပေးပါ့မယ်၊ ဘာမှမပူပါနဲ့"

"မင်းတာဝန်ယူမယ် ! ... တ ... တကယ်လား"

"ဟုတ်ကဲ့ပါ၊ တကယ်ပြောတာပါ"

"အမယ်လေး ... ဝမ်းသာလိုက်တာ၊ ကျေးဇူးတင်လိုက်တာ မောင်မိုးသက်ထန်ရယ်၊ ဘယ်လိုကျေးဇူးတင်ရမှန်း မသိတော့ပါဘူး၊ မကျန်းမမာဖြစ်ပြီ ဆိုတာနဲ့ ငွေကကုန်ပြီလေ၊ လလယ်ရက်ကြီးလည်း ဖြစ်နေတော့"

"ဘာမှ စိတ်မပူပါနဲ့ အန်တီ"

"[illegible] သိကြားတွေကများ မင်းကို လွှတ်ထားသလားတောင် အောက်မေ့မိတယ် မောင်မိုးသက်ထန်ရယ်၊ ကျေးဇူးကြီးလှပါတယ်"





ဆေးရုံကို ရောက်သွားတော့ တင့်တင့်အမေအနားမှာ ရုံးကဝန်ထမ်းနှစ်ဦး ရှိနေပါသည်။ တင့်တင့်အမေ အလုပ်လုပ်တဲ့ကုမ္ပဏီရုံးကလည်း ဆေးဝါးကုသစရိတ်တချို့ ကူညီပါသည်။ မိုးသက်ထန်တို့ ရောက်သွားသည်နှင့် လိုအပ်သည့်စစ်ဆေးစမ်းသပ်ချက်များ တစ်ခုပြီးတစ်ခု လုပ်ရကာ လိုအပ်သည့်ဆေးဝါးများလည်း ချက်ချင်းထိုးနှံ ပေးသွင်းနိုင်ခဲ့တာဖြစ်ရာ တင့်တင့်အမေက ချက်ချင်းပဲ သိသိသာသာ သက်သာပါသည်။

လေဖြတ်တယ် ဆိုပေမယ့် ပြင်းပြင်းထန်ထန် ဆိုးဆိုးဝါးဝါး ဖြစ်တာမျိုးမဟုတ်။ လုံးလုံးလျားလျား တစ်ကိုယ်လုံး လှုပ်မရတာမျိုး မဖြစ်ဘဲ ကိုယ်တစ်ခြမ်းသာ လှုပ်ရှားရခက်ပြီး အနည်းငယ် လေးထိုင်းတဲ့ဆွဲသွားတာမျိုးဖြစ်လျက် မျက်နှာတစ်ခြမ်းကတော့ အနည်းငယ် ရွဲ့စောင်းမှု ရှိပါသည်။

"အသက်အန္တရာယ်လည်း မစိုးရိမ်ရဘူး၊ ဆေးဝါးကုသမှုလည်း အချိန်မီ လုပ်နိုင်တယ်၊ လိုအပ်တဲ့ဆေးကောင်းဝါးကောင်းလည်း ပေးနိုင်ခဲ့တယ်ဆိုတော့ ဘာမှစိုးရိမ်စရာမရှိဘူး၊ လေးသွားတာ ဆွဲသွားတာ မျက်နှာရွဲ့သွားတာတွေလည်း ဆက်ပြီးကုသရင်း လေ့ကျင့်ခန်းလုပ်ရင်းနဲ့ ပျောက်သွားနိုင်တယ် ...

လောလောဆယ် ဆေးရုံတော့ ဆယ်ရက်လောက်တက်ရလိမ့်မယ်၊ ဒီထက်စောဆင်းရင်လည်း ဆင်းရမယ်၊ ဒီထက်နည်းနည်းပိုနေရင်လည်း နေရမယ်၊ လူနာရဲ့အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေပေါ်မှာ မူတည်တယ်၊ ဆေးရုံက ဆင်းရင်တော့ အိမ်မှာ နားနားနေနေ နေရဦးမယ်၊ ဒါပေမဲ့ သူဖြစ်တဲ့ Stroke မျိုးက လုံးလုံးလျားလျား ပြန်ကောင်းသွားနိုင်ပါတယ်"

ဆရာဝန်က ရှင်းပြ၍ အနည်းငယ် စိတ်အေးကြရပါသည်။

အချိန်လုကာ ပြေးရလွှားရ ဆေးပြေးရှာဝယ်ရနှင့် အချိန်က ကုန်မှန်းမသိ ကုန်သွားကာ ရုံးဆင်းချိန်နားနီးတော့မှ ရောက်လာပါသည်။

"မောင်မိုးသက်ထန် ... တင့်တင့်ကို ပြောခဲ့သေးလားဟင်"

"ကျွန်တော်က အပြင်ကလာတာဆိုတော့ ရုံးကိုတော့ ဖုန်းဆက်လှမ်းမှာပါတယ်၊ တင့်တင့်က ဟိုဌာနဒီဌာနပြေး နေတာဆိုတော့ သူ့ကိုရှာပြီး ကျွန်တော့်ကို ဖုန်းဆက်ခိုင်းဖို့တော့ ရုံးကိုလှမ်းပြောခဲ့တယ်"

"မောင်မိုးသက်ထန်လည်း ပင်ပန်းလှပြီ။ ပြန်ပါတော့ တင့်တင့်ကိုပဲ လွှတ်ချင်လွှတ်လိုက်ပါ၊ အန်တီတော့ ညပဲ ပြန်တော့မယ်၊ ကလေးတွေလည်း ဘေးအိမ်အပ်ခဲ့တော့ နောက်ဆံမတင်းရပါဘူး"

ဒေါ်အမာ ဆေးရုံမှာစောင့်ရင်း ညနေစားဖို့ပါ ပြန်ဝယ်ပို့ပေးခဲ့ပြီးမှ မိုးသက်ထန် ပြန်လာပါသည်။ ဆေးရုံဆေးဆိုင်မှာ [illegible]တဲ့ဆေးတစ်မျိုးဟာ နက်ဖြန်သွင်းဖို့ လိုအပ်တာမို့ [illegible] ပတ်ရှာပြီး ဝယ်လို့ရမှ ရုံးကိုပြန်ခဲ့ပါသည်။



လမ်းကနေ ရုံးဖုန်းကို လှမ်းခေါ်မိရာ မနက်ကကိုင်တဲ့ အမျိုးသမီးပဲ ကိုင်တာနှင့်ကြုံသည်။

"ကျွန်တော် မိုးသက်ထန်ပါ၊ မနက်က တင့်တင့်ကိုရှာပြီး ကျွန်တော် ပြောခိုင်းတာလေး ပြောဖြစ်သေးလား မသိဘူး"

"ဟုတ်ကဲ့ ... ကျွန်မ ပြောလိုက်ပါတယ် ကိုမိုးသက်ထန်"

"အော် ... ကောင်းပါပြီ"

မိုးသက်ထန်သည် ရင်ထဲမှာ အနည်းငယ် စူးရှနင့်ခဲကာ အောင့်ကျိန်းကျိန်းနှင့် ရုံးကိုပြန်လာပါသည်။ သူစေတနာ မေတ္တာထားသလောက်ဟာလည်း ဘယ်တော့မှ အသိအမှတ်ပြုခံရပြီး အရာမထင်ပါလား။ အနည်းဆုံး တင့်တင့် ခေါင်းထဲမှာ မိုးသက်ထန်ဟာ တစ်ရုံးထဲအတွင်းက သူ့ထက် ရာထူးအဆင့်မြင့်တဲ့ တစ်နေရာမှာ လုပ်နေတဲ့ သူဆိုတဲ့ လေစားသမှုလေးတောင်မှ အသိအမှတ်တပြုမထားရှိတာလား။

ရင်ထဲမှာ နာကျင်ကာ မိုးသက်ထန် ရုံးကိုပြန်ရောက်လာပါသည်။ အပေါ်ထပ်ကိုတက်လာသော မိုးသက်ထန် မျက်နှာဟာ ခါတိုင်း ရုံးထဲမှာ အမြဲမြင်တွေ့နေရတဲ့ မိုးသက်ထန်ရဲ့လန်းဆန်းရွှင်မြနေတဲ့ မျက်နှာနှင့် လုံးဝခြားနားကာ မှုန်မှုန်တင်းတင်းရှိနေလေရာ ဖြတ်လာတဲ့ ရုံးတွင်းလမ်းတစ်လျှောက် သူ့ကိုတွေ့တဲ့သူတွေဟာ ခပ်ယို့ယို့ လမ်းဖယ်ရှောင်သွားကြပါသည်။

မိုးသက်ထန်က အဘိုးရုံးခန်းအနားကို လာခဲ့ကာ လမ်းမှာတွေ့တဲ့ ဝန်ထမ်းအမျိုးသမီးတစ်ယောက်ကို ...

www.burmeseclassic.com

www.burmeseclassic.com



"တင့်တင့် ဘယ်မှာတွေ့မိလဲ"

"ခုန မီးဖိုခန်းဘက်မှာ တွေ့ခဲ့ပါတယ်"

ရုံးသူရုံးသားတွေအတွက် ထမင်းစားခန်းမကျယ် လုပ်ပေးထားကာ ကော်ဖီ၊ အအေးတို့ရနိုင်တဲ့ မီးဖိုခန်းနှင့်က တစ်ဆက်တည်းပါ။ မိုးသက်ထန်က မီးဖိုခန်းဘက် ခြေလှမ်းကျဲနှင့် ဝင်လာခဲ့ပါသည်။ ထမင်းစားခန်းမမှတစ်ဆင့် မီးဖိုခန်းဘက် လှမ်းမြင်လိုက်ရသည်နှင့် အဘိုးရဲ့ကော်ဖီပန်းကန်ကို ဆေးနေတဲ့ တင့်တင့်ကို တွေ့လိုက်ရပါသည်။ အဘိုးအခန်းကို ရှင်းလင်းသိမ်းဆည်းနေပြီဆိုတော့ ဒါပြီးလျှင် သူ ပြန်တော့မည်။

"တင့်တင့်"

မိုးသက်ထန် အသံကြောင့် တင့်တင့်က လန့်သွားကာ မျက်လုံးဝိုင်းနှင့် လှည့်ကြည့်လာသည်။

"နင့်ကို မသန္တာက ငါ့ဆီ ဖုန်းဆက်ဖို့ ပြောတယ်မဟုတ်လား။ နင် ဘာဖြစ်လို့ မဆက်တာလဲ"

တင့်တင့်က နှာခေါင်းရှုံ့တုံ့တုံ့နှင့် မျက်နှာခပ်ပုပ်ပုပ်လုပ်ရင်း ...

"နင့်ကို ငါက ဘာဖြစ်လို့ ဖုန်းဆက်ရမှာလဲ၊ နင်ဆက်ခိုင်းတိုင်း ဆက်ရမှာလား"

တစ်ရုံးလုံးက ကြီးငယ်မရွေး အဘိုးမြေးမို့ "ကိုမိုးသက်ထန်" ဆိုပါလျက် သူနဲ့ကျမှပဲ နင်ရယ် ငါရယ် သုံးနှုန်းခံရတော့တာပင်၊





"ငါ နင့်ကို ဘယ်တုန်းက ဖုန်းဆက်ခိုင်းဖူးလို့လဲ တင့်တင့်၊ အကြောင်းကိစ္စရှိလို့ ဆက်ခိုင်းတာဆိုတာ နင် နားလည်ဖို့ကောင်းတယ်၊ နင် ငါ့အပေါ် ပမာမခန့်နိုင်လွန်းအားကြီးတယ်၊ နင့်ကိုတော့ ငါ တော်တော့်ကို လက်ဖျားခါမိပါရဲ့၊ ငါ့အပေါ် မျက်နှာလေးတစ်ချက်တော့ ထောက်လိုက်မယ်ဆိုတာမျိုးတောင် နင် စဉ်းစားမပေးနိုင်ဘူး"

"ဒါပဲလား၊ ငါ ပြန်တော့မလို့"

တင့်တင့်က ကော်ဖီပန်းကန်ကိုကိုင်ကာ မိုးသက်ထန်ကို ကျော်ထွက်သည်။ မိုးသက်ထန်က စိတ်မထိန်းနိုင်ဘဲ ပခုံးတစ်ဖက်ဆောင့်ဆွဲလှည့်ယူလိုက်ကာ ...

"မနက်ဆယ့်တစ်နာရီလောက်က နင့်အဖေ လေဖြတ်သွားတယ်၊ အခု ဆေးရုံမှာ၊ အဲဒီကိစ္စအတွက် နင့်ကိုဖုန်းဆက်ခိုင်းတာ၊ ငါ့ကို ဖုန်းဆက်ကြိုခိုင်းတာ မဟုတ်ဘူး၊ နားလည်လား"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

"ညည်းအဖေရုံးက ဆေးဝါးကုသစရိတ် တစ်သိန်းကျညီ တယ်၊ ဒီဆေးရုံပေါ်မှာ အခုထိ ကုန်ကျနေတဲ့ ကုန်ကျငွေ တွေက စုစုပေါင်း ဘယ်လောက်တောင် ရှိနေပြီလဲ ညည်း သိရဲ့လား"

ဒေါ်အမာက မာကျောသောလေသံနှင့် ပြောလိုက်လျှင် တင့်တင့်သည် မျက်လုံးအဝိုင်းသားနှင့် ငြိမ်သက်ငိုင်ကျသွားပါသည်။

ဆေးဝါးကုသမှုစရိတ် ဆိုတာဟာ ကြီးလေးကြောင်း အကြောင်း ခေါင်းထဲမတွေးမိပါလိမ့်။ ဆေးရုံမှာ ခြောက်ရက်ရှိလာမှပင် တင့်တင့်က မိထွေးဖြစ်သူကို မေးမိတော့တာ။

"အန်တီမှာ ပိုက်ဆံရော ရှိသေးရဲ့လား အန်တီ"





တကယ်တော့ လကာန်ဖို့ရက်က တစ်ပတ်ကျော်လို သေး၍ အနည်းငယ် စိတ်ပူပြီး မေးမိတာပါ။ မရှိတော့ဘူးဆိုရင် သခန့်စံခါထုတ်ပြီးသားထဲက ကိုယ့်အတွက်စုထားတဲ့ ငွေကလေး ထုတ်ပေးရမှာမို့ပင်။

"ရှိပါတယ်၊ ငွေရေးကြေးရေးက မပူရပါဘူး၊ မိုးသက်ထန် အားလုံး ထုတ်ပေးထားတယ်"

"ဟင်"

အဲဒီမှာ အံ့သြတကြီး ဖြစ်သွားမိတဲ့ တင့်တင့်က မိထွေးဖြစ်သူ ဒေါ်အမာကို ပြစ်တင်စကား ပြောထွက်မိသွားတာပါ။

"အန်တီ သူ့ဆီကပိုက်ဆံကို ဘာဖြစ်လို့ လက်ခံယူရတာလဲ၊ ကျွန်မကိုလည်း အသိမပေးဘဲနဲ့ အန်တီ သူ့ဆီက ပိုက်ဆံယူစရာအကြောင်း လုံးဝမရှိဘူး မိုးသက်ထန့်ဆိုတာ အန်တီ့မိတ်ဆွေ မဟုတ်ဘူး၊ ကျွန်မ သူ့ဆီအလုပ်ဝင်လို့ အန်တီတို့နဲ့ပါ အဆက်အစပ်ရှိသလို ဖြစ်သွားတာ၊ ဘာဖြစ်လို့ သူ့တစ်ပါးအကူအညီကို အလွယ်တကူ ယူချင်ရတာလဲ အန်တီ၊ ပြီးတော့ အောက်ကျသိမ်ငယ်စရာရှိရင် သိမ်ငယ် ရမှာက ကျွန်မပါ၊ ကျွန်မကို နည်းနည်းလေးတော့ အသိ ပေး ခွင့်တောင်းသင့်ပါတယ် သူ့ပိုက်ဆံအကူအညီကို ယူတာ ကျွန်မလုံးဝသဘောမတူဘူး၊ သူကကော ဘာကိစ္စ လာကူညီရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရှုးရှူးဝါးဝါး တူးတူးခါးခါးကို ထ,ပြောပစ်တဲ့ တင့်တင့်ကို ဒေါ်အမာပင် လန့်သွားသလို ကြောင်တက်တက် စောစိုက်ကြည့်နေပြီးမှ ဒေါ်အမာ့မျက်နှာက တင်းမာခြင်းတစ်ဝက် ဝမ်းနည်းခြင်းတစ်ဝက် အေးစက်ပျက်ယွင်းလာခဲ့ကာ ...

"ညည်းအဖေရုံးက ဆေးဝါးကုသစရိတ် တစ်သိန်းကူညီတယ်၊ ဒီဆေးရုံပေါ်မှာ အခုထိကုန်ကျနေတဲ့ ကုန်ကျငွေတွေက စုစုပေါင်း ဘယ်လောက်တောင် ရှိနေပြီလဲ ညည်းသိရဲ့လား"

တင့်တင့်က ကြောင်အ,ပြီး မိထွေးကို စောစိုက်ကြည့်နေမိပါသည်။ ရုံးကကူညီငွေပေးတယ်ဆိုတာ သိရပြီး ဘယ်လောက်လဲ ဘာလဲဆိုတာ တစ်ခွန်းမှ မသိရ၍ ငွေထုပ်ကိုင်ပြီး မိထွေး သုံးစွဲနေတယ် ထင်မိတာ။ တစ်ပတ်နီးပါး ရှိလာတော့ ရုံးက ကူညီငွေ ဘယ်လောက်တောင်များ ရတာပါလိမ့်လို့ တွေးမိလာတာပါ။ ဒီငွေကုန်တာနှင့် တင့်တင့် လခထုတ်နိုင်ဖို့ရက် အလှည့်မီနိုင်ပါ့မလားလို့ တွေးမိတာပါ။

တဲ့တွေးတစ်ချက် မျိုချရင်း ...

"ဘယ်လောက်ရှိပြီလဲ"

"ဆယ်သိန်းကျော်နေပြီ"

"ဘာ ..."





တင့်တင့်က ရုံးပျက်မခံလို၍ အဘိုးကပါ ခွင့်လိုရင် ယူဖို့ပြောတဲ့ကြားက ခွင့်မယူဘဲ ရုံးဆင်းကနေ ညမိုးချုပ်အထိ အဖေ့နား နေပေးကာ ဒေါ်အမာပဲ မနက်တစ်ခေါက်သွားပြန်၊ ညနေစာထည့်၍ ညနေတစ်ခေါက် သွားပြန်၊ ခေါက်တုံ့ခေါက်ပြန် ပြေးလွှားနေရကာ တချို့ရက်တွေ ညပါစောင့်အိပ်ရသေးရာ ပင်ပန်းနွမ်းနယ်တဲ့ ရုပ်နှင့်မျက်နှာတွေပါ ချောင်ကျသောကဖိစီးနေပါသည်။ ပင်ပန်းတာ အားငယ်တာတွေကြောင့် လေသံကပါ နာကျင်ဒဏ်ရာရနေသည်။

"အေး ... ဆယ်သိန်းကျော်နေပြီ"

"ဒီ ... ဒီလောက်များတဲ့ငွေတွေ သူ့ဆီက ဘာဖြစ်လို့ အကူအညီယူရတာလဲ အန်တီရယ်၊ ကျွန်မလည်း မသိရဘဲနဲ့ သူ့ဆီက ... သူ့ဆီက၊ အန်တီ ကျွန်မမသိဘဲ ကျွန်မကိုကျော်ပြီး ကျွန်မရဲ့အသိအကျွမ်းဆီက ငွေကြေးအကူအညီ ယူစရာ အခွင့်အရေး မရှိဘူး၊ သိရဲ့လား"

တင့်တင့်သည် ပြောမပြတတ်တဲ့ ခံစားချက်နှင့် ဘရိုက်ရှိုက် မျက်ရည်ကျလာသည်။

"သူ့ဆီကမဟုတ်ဘဲ တခြားက ဆယ်သိန်းကျော် ကူညီမယ့်သူရှိရင် ညည်း အခုသွားရှာခဲ့၊ မိုးသက်ထန်ကို ချက်ချင်းပြန်ဆပ်လိုက်မယ်၊ အဲသလို ကူညီမယ့်သူက ဘယ်မလဲ တင့်တင့်၊ ကူညီရမယ်တောင် မဟုတ်ဘူး၊ အလကားမယူ



www.burmeseclassic.com

www.burmeseclassic.com

ပါဘူး၊ ပြန်ဆပ်ပါမယ်ဆိုရင်တောင် ညည်းကို ဆယ်သိန်း ချေးမယ့်သူရှိလား၊ ရှိရင်ခေါ်ခဲ့ ... သွား"

"ဒါ ... ဒါ ... ပေမယ့် ... ဆယ်သိန်းတောင် ဆိုတာ"

"ဆယ်သိန်းမို့လို့ပေါ့အေ၊ ညည်းအဖေရုံးကတောင် ကိုယ့်ဝန်ထမ်း နွမ်းပါးမွန်းလည်းသိလို့ ကူညီတာတောင် တစ်သိန်းပဲ ကူညီနိုင်တာ၊ မိုးသက်ထန်ကလွဲရင် ဘယ်သူကကော ညည်းလို ဆန်မရှိ ဟောက်စားကြီးတဲ့ မိန်းမမျိုးကို စေတနာရှိမှာလဲ"

"အန်တီ ... အဲလိုမပြောပါနဲ့၊ ကျွန်မက သူတစ်ပါးဆီက အကူအညီကို အလွယ်တကူ မလိုချင်တာသိရဲ့လား၊ ငွေကြောင့် သူများဆီ အောက်ကျခံ အောက်ကျို့ခံနေရမှာ အဖြစ်မခံနိုင်ဘူး"

"တင့်တင့် ... ညည်းဆယ့်နှစ်နှစ်သမီးတုန်းက အူအတက်ပေါက်လို့ ခွဲစိတ်ရတယ်၊ ညည်းအမေ မဆုံးခင်ကတည်းက ဆေးကုရတာ ဖြူခါပြာခါကျပြီး ညည်းအဖေမှာ တစ်လ တစ်လ အလျှင်မီရုံ သုံးနိုင်တဲ့ လခအပြင် ငွေပိုငွေလျှံမရှိဘူး၊ ညည်းအဖေကို ငွေထုပ်ရှိမယ်မှတ်ပြီး ငါယူခဲ့တယ်များ ထင်နေလား၊ ညည်းအဖေ မွဲမှန်းသိတယ်၊ ပြီး ဘာမှမကြာသေးဘူး ငါလည်း သိတာ့ကိုယ်ဝန်ကြီးနဲ့ [illegible] ရှိနေတုန်း ညည်းက အူအတက်ခွဲရပါမယ်ဆို



တော့ ညည်းအဖေရော ငါရောဟာ ပိုက်ဆံလေးငါးထောင်ရဖို့အရေး နီးစပ်တဲ့ထဲက အသိမိတ်ဆွေမရှိတဲ့ ကြားထဲက ခေါင်းထဲစဉ်းစားလို့ရတဲ့သူ ခြေသလုံးဖက်ပြီး တစ်ထောင်ရရ နှစ်ထောင်ရရ ငွေပြေးချေးကြရတယ် ...

တစောင်းစေးနဲ့မျက်ချေး ခလောက် မျက်နှာကြောမတည့်တဲ့ ညည်းနဲ့ ငါနဲ့ ပတ်သက်မှုမှာတောင် ညည်းခွဲရစိတ်ရတော့မယ်ဆိုတော့ မတာဘ်မသာ ဗိုက်ကြီးမပေါ့မပါးကြားက သူများခြေသလုံးလိုက်ဖက် ငွေချေးခဲ့တဲ့ မိထွေးအေ့၊ ညည်း နားလည်လား တင့်တင့်၊ ညည်းအဖေကို ဒုက္ခိတမဖြစ်အောင် လုယက်ကုနေရတာတောင် ညည်းခလောက်ဖြစ်နေရင် ခုနေ ငါများ ဗုန်းဗုန်းလဲကြည့်၊ ငါ့အတွက် ဆေးကုဖို့ဆိုတာမျိုး ညည်း သူများခြေသလုံးမဖက်ဘူးဆိုတာ ငါ နားလည်တယ်ဟဲ့"

တင့်တင့်သည် ရင်ထဲမှာ စိတ်မကောင်းသလို ဝမ်းနည်းစိတ်နှင့် လှုပ်ခတ်လိုက်ဖြာသွားပါသည်။ ဒေါ်အမာသည် စိတ်လိုက်မာန်ပါ ပြောနေရင်းက သူလည်း စိတ်လှုပ်ရှားကာ မျက်ရည်တချို့ စီးကျလာပါသည်။

"ခုဟာ ညည်းအဖေပါ တင့်တင့်၊ လေဖြတ်တယ်ဆိုတာမျိုးက လိုအပ်ခဲ့တဲ့ ဆေးဝါးကုသမှု ချက်ချင်းမရရင် တစ်သက်လုံး ဒုက္ခိတ မသန်မစွမ်း ဖြစ်သွားမှာ၊ ပိုက်ဆံမရှိ

www.burmeseclassic.com

www.burmeseclassic.com



လို့ မာနကြီးတစ်ခွဲသားနဲ့ ဘယ်အကူအညီမှ မထောင်းဘူး ဆိုရင် ညည်းအဖေကို ညည်းက ဒုက္ခိတအဖြစ်ခံမယ်ပေါ့၊ ဟုတ်လား"

"………"

"ငွေမရှိ မကုန့်၊ မာနတော့ ထိခိုက်မခံနိုင်ဘူးပေါ့၊ ဟုတ်လား၊ ညည်းက မာနရှိတဲ့သူ၊ ငါကတော့ မာနလေးတောင် မထားတတ်တဲ့ သူများငွေ အလွယ်ယူတဲ့ ငွေမက်မကြီးပါ အေ၊ ညည်းလိုချင်တာ ဒါပဲမဟုတ်လား၊ ညည်းယူတာ မဟုတ်ဘူး၊ ငါယူတာပဲထားပါ၊ အဲဒါကို လိုချင်တာပဲ မဟုတ်လား … ဟင်"

"………"

"ခုနေ ညည်းအဖေသေရင် ဒုက္ခိတဖြစ်ရင် ညည်းက ကိုယ့်အလုပ်နဲ့ကိုယ် ကိုယ့်ဝင်ငွေနဲ့ကိုယ် ဘဝမပျက်ပါဘူး၊ ဘဝပျက်မှာက ငါနဲ့မွေးတဲ့ လူမမယ် ကလေးနှစ်ယောက်ပါ၊ အေး … ငါကတော့ ငါ့သားသမီးတွေ ဘဝပျက်မှာကြောက်လို့ ညည်းအဖေကို မရမကလုပြီး ကုယူရမှာပဲ၊ အလကားရရ ချေးငှားရရ လိုတဲ့ပိုက်ဆံကိုပေးတဲ့သူဆီက ယူရမှာပဲ၊ ဒါကိုအရှက်မရှိဘူးလို့ ညည်းစွပ်စွဲရင်လည်း ညည်းဟာညည်း အမောဆို့အောင်သာ စွပ်စွဲတော့။ မယူလို့မှ မရတာ၊ ငတ်တုတ်ထိုင် မကုဘဲ ပစ်ထားရမှာလား၊





ညည်းအဖေကို ညည်း ဒုက္ခိတအဖြစ်ခံနိုင်တောင် ကျုပ်အဖြစ်မခံနိုင်ဘူး၊ အဲဒါ ညည်းအဖေကျန်းမာဖို့ရော ကိုယ့်အကျိုး ကိုယ်မျှော်ကိုးမှုရော ပါတယ် …

ကဲ … အဲဒါကို ရှုတ်ချမလား၊ ရှုတ်ချစမ်း"

တင့်တင့်သည် တပေါက်ပေါက် စီးကျလာသော မျက်ရည်တို့ကို သုတ်ဖယ်ရင်း …

"ကျွန်မပြောတာ အဲဒီအဓိပ္ပာယ်မျိုး မဟုတ်ပါဘူး၊ အဖေ့ကိုမကုဘဲ ကျွန်မလည်း ဘယ်ပစ်ထားနိုင်ပါ့မလဲ"

"ကဲ … ဒါဖြင့် ဘယ်လိုကုမလဲ၊ ဘယ်မလဲ ပိုက်ဆံ၊ အခု ညည်းလိုက်ချေးလေ၊ ငါ မိုးသက်ထန်ကို ဆပ်လိုက်မယ်"

"………"

"ညည်းက ခုလိုကူညီတဲ့ လူတစ်ယောက်သားကိုတောင် ငွေနဲ့စက်ပြီး ကူညီရကောင်းလားလို့ ရန်လုပ်ချင်သေးတာ မဟုတ်လား … ဟင်၊ မိုးသက်ထန်ကိုပါ သွားရန်လုပ်ဦးမှာလား ဟုတ်လား၊ ဟိုက ညည်းလိုဟာမျိုးကို မေတ္တာထားမိလို့ စေတနာထားမိလို့ ဟိုဟာကူညီ ဒီဟာကူညီ ကူညီထောက်ပံ့ရှာတယ်၊ ဒါကလည်း ညည်းမျက်စိထဲတော့ အပြစ်ပေါ့ ဟုတ်လား၊ ငွေနဲ့ဆပါက်ပြီး မိန်းကလေးတစ်ယောက်ကို ဖျက်ဆီးမလို့လား စေတနာမေတ္တာသန့်သန့် စင်စင်နဲ့ ကူညီနေတာလား၊ အသိသာကြီးပါအေ …



www.burmeseclassic.com

www.burmeseclassic.com



ညည်းလို ညည်းသိ ညည်းတတ် လူတွင်ကျယ်မကြီး ဆရာမကြီးက ဒါကျတော့ ဘာဖြစ်လို့ နားမလည်နိုင်ရတာလဲ ... ဟင်၊ ဘယ်လောက် စိတ်ထားကောင်းကောင်း ဘယ်လောက်ပဲ လှူလှူတန်းလှူရှိရှိ တွေ့ကရာ ကြုံကရာ လူတိုင်းကိုတော့ ဘယ်သူမှ ကူညီပံ့ပိုးမနေနိုင်ဘူး၊ မိုးသက်ထန် ညည်းကိုမှ ဘာကြောင့် မေတ္တာစေတနာပိုလဲ၊ ငါလည်းသိတယ်၊ ညည်းလည်း မသိဘဲ မနေဘူး၊ ညည်းမျက်နှာမရှိဘဲနဲ့ သူလည်း ဒီလောက်ထိ လိုသမျှ ကူညီပံ့ပိုးမနေပါဘူးဆိုတာ ငါလည်းနားလည်တယ် ...

ဒီကြားထဲကမှ ညည်းဟာ လူနေခြုံကြား စိတ်နေဘုံများဆိုတော့ အခြောက်တိုက် ဘဝင်မြင့်ပြီး သူ့ငွေအလကား ကူညီမခံနိုင်ဘူး၊ မာနထိနိုက်တယ်၊ အောက်ကျမခံနိုင်ဘူးဆိုပြီး ငွေနဲ့တော့ အပေါက်မခံဘူးတွေဖြစ်ပြီး ပြန်ဆပ်ရမှဆိုလည်း ဆပ်ပေါ့၊ ဘာတွေဘယ်လိုပဲ ညည်းဆုံးဖြတ်ဖြတ်၊ ဘာပဲဆက်လုပ်မယ်ဖြစ်ဖြစ် မိုးသက်ထန်ကိုကျေးဇူးကတော့ တင်ကိုတင်ရမှာပဲ တင့်တင့်၊ သူဟာကျေးဇူးရှင်ပဲ၊ ညည်း ဘာမှ မျက်ရည်ပေါက်ကြီးငယ်ကျအောင် သူ့ပိုက်ဆံသုံးရလို့ နာကျင်နေစရာအကြောင်း ငါဆော့ မြင်ကိုမမြင်ပါဘူးအေ ...





ညည်းအတွေးတွေ မှိုင်းတစ်ခုမိနေပြီ၊ ကူညီသူစေတနာထားသူကို ကူညီရကောင်းလား စေတနာထားရကောင်းလားလို့ ညည်းက နာကြည်းနေရသေးတာ ဘာသဘောလဲ၊ ညည်းစိတ်မှမှန်ရဲ့လား ... ဟင်၊ ညည်းကဘာဖြစ်နေရတာလဲ ... မိုးသက်ထန်ဟာ ဒီနေ့ထိ နေ့တိုင်းနေ့လယ်ဘက်တွေ မပျက်မကွက် ညည်းအဖေကို လာကြည့်တယ်၊ လိုတာ ဆရာဝန်နဲ့ မေးမြန်းတယ်၊ လိုအပ်တာအားလုံး လုပ်ပေးသွားတယ်"

မိထွေးရဲ့စိတ်လိုက်မာန်ပါ ဒေါသတကြီး စကားများကြားမှာ တင့်တင့်က မျက်ရည်တွင်တွင်သဲ့ရင်း ခေါင်းငုံ့ငြိမ်သက်နေလိုက်ရပါတော့သည်။ မိထွေး ပြောတာတွေ မှန်ပါတယ်။ ကိုယ်ကသာ ဘာဖြစ်နေရတာလဲ။ စိတ်ရော မှန်သေးရဲ့လားဆိုတာ မေးချင်စရာပါ။

ဟုတ်ပါတယ်။ မနိုးပေ့ဘဲ ဘဝနစ်နေအောင် အားငယ်ဆုတ်နစ်နေတာပါ။ ကိုယ်ဟာ သူနဲ့ တန်းတဲ့ ဘဝအနေအထားတစ်ခုမှာ ဘာကြောင့်ရှိမနေရတာလဲလို့ ကိုယ့်ဘဝကို ကိုယ်နာကြည်းနေတာ။ ကိုယ့်ရင်ထဲမှာပဲ ပဋိပက္ခတွေ ဖြစ်နေတာ။

သူ့ကို ကျေးဇူးလည်းတင်တယ်၊ မသိစိတ်နဲ့အားလည်းကိုးမိပါတယ်။ ပြီးတော့ ... သူ့ချစ်မေတ္တာကို ပိုင်ဆိုင်ခံမှု



www.burmeseclassic.com

www.burmeseclassic.com



နေရတဲ့ ကိုယ့်အဖြစ်အပေါ်မှာလည်း ဂုဏ်ယူကျေနပ်ပီတိဖြစ်ပြီး အမြဲကြည်နူးနေမိပါတယ်။ ဒီကြားထဲကပဲ ကိုယ့်ကိုယ်ကိုယ် ပြီမ်နေညာနေ လှည့်စားနေတာ။ ကိုယ့်ဘဝအနေအထားကို အားငယ်မိလွန်းလို့ပါ။ မနီးစပ်တဲ့ဘဝချင်း အပေါ်အမြဲနာကျင်ကြေကွဲနေမိလို့ပါ။

ခုဆို ရုံးမှာရင်ဆိုင်တွေ့လိုက်ရင် မိုးသက်ထန်ဟာ ဟိုအရင်လို တင့်တင့် မျက်နှာရိပ် မျက်နှာကဲကို အရိပ်တကြည့်ကြည့်နဲ့ အရောဝင်တဲ့ အပြုံးလေးနဲ့ မျက်နှာချိုသွေးကာ တကပ်ကပ်လုပ်နေတာမျိုး မရှိတော့ဘဲ ယောင်ယောင်လေးမျှ နီးစပ်ထိဆက်အောင် တွန့်ထားတဲ့ မျက်ခုံးညို့နှင့် တစ်စုံတစ်ရာကို ခံစားနာကျင်စိတ်ခုနေတဲ့ မျက်ဝန်းများက မှုန်မှိုင်းနေတတ်ပါသည်။

အတင်းထမင်းတူတူ လာစားတာ၊ တွေ့ရာအရပ်မှာ ပြေးခေါ်ပြီး အနားက ကပ်ပါလာတာ၊ သူကလည်း ချော့မော့အောက်ကျို့နေတတ်တာမျိုးတွေကို ရုတ်တရက် ရပ်တန့်ပစ်လိုက်တာက သိသိသာသာကြီးပင်။

ရှေ့မှာ သူ လျှောက်လာကာ မျက်နှာချင်းဆိုင် တိုးကြတော့မယ်ဆိုရင် တင့်တင့်မှာ အဝေးကတည်းက ရင်တဖျပ်ဖျပ်ခုန်နှင့်ပြီး နီးကပ်ရင် သူ့ကိုစ,ပြုံးပြလိုက်ရမလား၊ သူကကော ခေါ်ပါမလား ပြန်ပြုံးပြပါ့မလား စတဲ့ အတွေးတွေနဲ့ ယောက်





ယက်ခတ် ဗျာများနေတုန်း သူက ခပ်မှုန်မှုန်နှင့်ပင် ဘေးကဖြတ်လျှောက် ကျော်ခိုင်းသွားခဲ့တော့တာမို့ ကိုးတ်ပြီးဝမ်းနည်းကြေကွဲကျန်ရစ်ရတာ သူ မသိနိုင်ပါဘူး။

မပြည့်စုံတဲ့ဘဝမှာ အသားလွှတ် မာနတွေကြီးနေတာတော့ မဟုတ်ဘဲ ကိုယ့်မပြည့်စုံမှုကို ကိုယ်ပြန်ပြီး ကာဗာလုပ်ထားတဲ့အနေနဲ့ ဘယ်သူ့ကိုမှ ဂရုမစိုက်သလို ခပ်တင်းတင်းနေသာခြင်းမှာ ခေါက်ရိုးကျိုးနေတဲ့ တင့်တင့်ဟာ မိုးသက်ထန်နှင့်ကျတော့ ပိုပြီးတော့တောင်မှ ကင်းကင်းပြတ်ပြတ် ဆက်ဆံနေမိသေးတာဟာ သူ့ကိုတော့ အားလုံးထက်ပိုပြီး အရေးအရာထားမိတာကြောင့်ပါ။ မသိစိတ်ထဲမှာ သူနဲ့နီးနီးစပ်စပ် ရင်းနှီးခင်မင်ချင်တဲ့ နှလုံးသားကို တွန်းကန်တော်လှန်ဦးမှာမို့ သူများကိုထက်နှစ်ဆပိုပြီး မောင်းတင်တင်းမာထားမိတာ၊

ရက်စရာ ကောင်းလိုက်တာ၊

ဒီလောက်တောင် အကူအညီတွေ ပေးနေတာကိုလည်း သိမထားဘဲ ကဲ ... သူက ခပ်တည်တည်ဆိုရင် ကိုယ်ကလည်း ခပ်တည်တည်ပေါ့လို့ တစ်ပြန်တစ်း မာန်တက်နေသေးတာလေ။ ကျော်စွာ ဆေးရုံတင်ရတုန်းကတောင် အလွန်ပင်ဂရုတစိုက် ကူညီခဲ့တဲ့သူက အဖေ့ကိုတော့ ပိုပြီးတော့တောင် ဂရုစိုက်ဦးမှာ ဘာကြောင့် မတွေးနိုင်ခဲ့ပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ပထမနေ့က ဆေးရုံကို လိုက်သွားတာ ကူညီတာ
တော့ သိပါသည်။ အဲဒီနေ့က သူ့ကိုဖုန်းပြန်မဆက်မိလို့ သူက
စိတ်လုပ်နေလည်းလုပ်ပေါ့၊ ပြီးတာပဲလို့ နေလိုက်တာ။ တကယ်က
သူက အမေ့ကို နေ့စဉ်မပျက်မကွက် ကြည့်ရှုစောင့်ရှောက်နေတာ

"တင့်တင့် ... ညည်း သူ့ကို ပိုက်ဆံပြန်ဆပ်မယ်လို့ ဆုံး
ဖြတ်ရင် ငါလည်း တစ်တပ်တစ်အား ရှာပြီး တတ်နိုင်
သလောက် ကူဆပ်မှာပါ၊ ညည်းသဘောပါ။ ဒါပေမဲ့
လောလောဆယ် ဒီအကူအညီကို ယူရကောင်းလားဆိုတဲ့
အပြစ်တင်စကားတော့ မပြောပါနဲ့အေ"

တင့်တင့်သည် ခါတိုင်းလိုပဲ မိထွေးဖြစ်သူအပေါ်
အမြင်လွဲကာ တင်းတင်းမာမာ ပြောဖြစ်ခဲ့တဲ့ ဒီကိစ္စအတွက် သူ
မှားတယ်ရယ်လို့ စိတ်မကောင်းဖြစ်ကာ နောင်တရမိပါသည်။

တကယ်တော့ မိထွေးကမှ သူ့ရဲ့လင်ယောကျ်ားဆို
တဲ့ ပတ်သက်မှုပဲရှိတာ။ တင့်တင့်အတွက်က အဖေရင်းပါ။
အဖေရင်းရဲ့ အသက်သခင် ကျေးဇူးရှင်လို နေရာမှာ စေတနာ
ပြည့်ပြည့်သန့်သန့်နှင့် ရှိနေတဲ့ မိုးသက်ထန်ကို တင့်တင့်ဆက်ဆံ
ပုံမှာ ကိုယ့်မျက်နှာကိုယ် ထားနှင့်လိုးဖို့ကောင်းအောင် ရက်စို
ကောင်းနေပါပြီ။





## ၁၅

တင့်တင့်သည် မိုးသက်ထန်ရဲ့ စားပွဲကို ဖလန်နယ်
လို ငွမ်းပါတဲ့ အဝတ်အဟောင်းနှင့် အဆေးအရော တကုန်းကုန်း
ဖိပွတ်တိုက်လျက် ရှိလေသည်။ ဆေးလင်မုံဆောင်းဟာ ဖုန်တွေ
လက်ရာတွေနှင့် မှိန်ကွက်နေရာမှ ဖလန်နယ်နှင့် ပွတ်သုတ်လိုက်
တော့ ပြောင်ဝင်းပြီး တက်လာသည်။

ရုံးမှာ တံမြက်လှည်း အမှိုက်သိမ်း သန့်ရှင်းရေး
သမား ရှိပေမယ့် အဘိုးက စာရွက်စာတမ်းတွေ ပျောက်ရမည်
စိုး၍ စားပွဲတွေကိုတော့ မကိုင်ခိုင်းပါ။ ထို့ကြောင့် အဘိုးရဲ့အခန်း
အဘိုးရဲ့စားပွဲ၊ အဘိုးရဲ့ဗီရိုတို့ကိုတော့ တင့်တင့်ပဲ ရှင်းလင်းသပ်
ရပ် ရပါသည်။ အဘိုးမှလွဲ၍ ကျန်တဲ့ဝန်ထမ်းတွေတော့ ကိုယ့်
သန့်ရှင်းရေး ကိုယ့်ဟာကိုယ်ကြည့်လုပ်ကြရတာပင်။ အခန်းသီး
သန့်ထိုင်တဲ့ ရာထူးကြီး အရာရှိကြီးတွေကတော့ ကိုယ့်လက်



www.burmeseclassic.com

www.burmeseclassic.com



အောက်က တပည့်တပန်း တစ်ယောက်လောက် ခေါ်ခိုင်းလိုက်ဘာ ရှိုးလည်း ရှိပါသည်။ ကျန်တာတော့ ကိုယ့်ဟာကိုယ်လုပ်ကြ။

မိုးသက်ထန်ကို အဘိုးက အခန်းပိုင်နှင့် ဘာနှင့်ရာထူးကောင်းကြီး ပေးထားတာ မဟုတ်ဘဲ အထွေထွေမန်နေဂျာရဲ့ လက်အောက်မှာ ပူးတွဲထားတာဖြစ်တဲ့အတွက် အထွေထွေမန်နေဂျာအခန်းရဲ့ အပြင်ဘက်မှာရှိတဲ့ စားပွဲများစွာထဲက တစ်လုံးမှာပဲ ထိုင်ရပါသည်။ အဲသလို ခန်းမထဲက စားပွဲတွေဟာ အားလုံးပဲ ရှုပ်တိရှုပ်ပွပင်။

ကိုယ့်ဟာကိုယ် ရှင်းလင်းဖုန်သုတ်ရတာဖြစ်၍ များသောအားဖြင့်က မလုပ်ကြ။ အမျိုးသမီးတွေရဲ့စားပွဲတွေကတော့ ပို၍ပြောင်ပြောင်ရောင်ရောင် ဖုန်ကင်းစင်ပြီး အမျိုးသားတွေရဲ့ စားပွဲတွေကတော့ ကိုယ့်ရှေ့ နေရာလွတ်တစ်ကွက်လေးကို တစ်ပတ်မှတစ်ခါလောက် အခန်းထောင့်မှာချိတ်ထားတဲ့ ကြက်မွေးပြတ်ပြီး ဖလပ် ဖလပ်နှင့် ခါလိုက်ရုံလောက်သာ လုပ်ကြ၍ ဘောလ်ပင်ခွက်တို့ ဖိုင်အထပ်တို့ ကွန်ပျူတာတို့လို ပစ္စည်းတွေ အနီးကမှာတော့ ဖုန်တွေ ဝိုင်းနေတတ်သည်။

မိုးသက်ထန်စားပွဲလည်း ဒီတိုင်းပဲ။ ဖုန်ဗလဇျစ်၊ တင့်တင့်က ဖုန်တစ်စတစ်မှုန် မကျန်အောင် ကြက်မွေးနှင့်သုတ်ခါပြီးတဲ့နောက် ဖလန်နယ်အဝတ်စဟောင်းနှင့်ပါ ပြောင်လက်နေအောင် ပွတ်တိုက်ပေးထားတာ။



ဒီလိုလာလုပ်ပေးဖို့အတွက် တင့်တင့် ဒီနေ့ရုံးအစောကြီး လာရပါသည်။ တခြားစားပွဲတွေ လူမရောက်သေးခင် လာရတာပင်။ သန့်ရှင်းရေးလုပ်ရင်းက ရုံးသူရုံးသားတွေလာတဲ့အချိန်တောင် ရောက်လာပေပြီ။ မိုးသက်ထန်စားပွဲကတော့ တခြားစားပွဲတွေထက် ထူးခြားပြီး ပြောင်လက်တောက်ပ သပ်ရပ်နေပါသည်။

ရုံးခန်းတွင်း တစ်ယောက်စ နှစ်ယောက်စ ဝင်လာ၍ တင့်တင့်က ရှင်းလင်းခြင်းကို လက်စသတ်ကာ ရုံးစတိုက သူထုတ်ယူလာတဲ့ အစိမ်းပုပ်ရောင် လည်တိုင်ရှည် ဖန်ပန်းအိုးလေးမှာ နီရဲတဲ့ နှင်းဆီတစ်ပွင့် ထိုးစိုက်ထားတဲ့ အိုးလေးကို စားပွဲရဲ့ ညာဘက်နားလေးမှာ ချထားလိုက်ပါသည်။

"တင့်တင့်ရေ"

"ရှင် ... အန်တီချစ်"

"အန်တီတို့ဌာနအတွက် ကျောက်ဆည်ရယ် ရေစီးဘာမင်းရယ် စတိုမှာ ထုတ်ပေးပါဦး သမီး"

"ဟုတ်ကဲ့"

အန်တီချစ် စာရေးလက်မှတ်ထိုးနေဆဲ တင့်တင့်က မိုးသက်ထန် စားပွဲနောက်နားက ပြတင်းပေါက်ဘက် အမှတ်တမဲ့ လှည့်ကြည့်လိုက်မိပါသည်။

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com

မိုးသက်ထန် လာနေပြီ။ ကားကို ရိုမုတ်နှင့် လှမ်းကာ လော့ခ်ချလိုက်တဲ့ဟန်ပန်လေးသည်ပင်လျှင် ကြည့်ကောင်းနေတဲ့ မိုးသက်ထန်။ တကယ်တမ်း ပြေလည်မှုကို ရှေ့ရှုတော့မည် ကြံရွယ်လိုက်တော့ သူ့ကို လှမ်းတွေ့ရတာနဲ့တင် ရင်တွေခုန်လိုက်တာ။ လာရှင်းပေးနေတာကို သူ ချက်ချင်းသိမှာရှက်သည်။ သွားချင်လှပါပြီ။

"အန်တီချစ် ... ဟိုလေ မြန်မြန်လေး"

"ဘာလဲ ... အဘိုး ခေါ်ထားလား၊ သွားနှင့်လေ၊ ပြီးမှ ပြန်လာယူ"

ပစ္စည်းထုတ်တဲ့ စာရွက်မှာလိုတဲ့ စာရင်းတွေရေးပြည့်လက်မှတ်ထိုးနေတာမို့ သိပ်တော့ မကြာနိုင်ပါ။

"စောင့်ပဲယူပါမယ် အန်တီချစ်"

တင့်တင့်က အန်တီချစ်စားပွဲနားလာကာ မိုးသက်ထန် စားပွဲကို ကျော်ပေးထားလိုက်ပါသည်။ သူ့ခြေလှမ်းက အကျဲကြီးဟာ။ လာတော့မည်။ ရောက်တော့မည်။ မနက်ကဖယ်ရီနဲ့မလိုက်ဘဲ စောထွက်လာတာမို့ ဖယ်ရီရပ်မည့် ဦးညွန့် ဆိုင်ရှေ့စားသွားကာ ဦးညွန့်ကို တင့်တင့် သွားနှင့်ပြီဖြစ်ကြောင်း ဖယ်ရီကို ပြောပေးဖို့မှာရင်း ပဲလှော်ထုပ် ဝယ်ပါသေးသည်။

ခုတလော ကံတွေကောင်းနေတဲ့ ပဲလှော်ထုပ်ဗေဒင်လေးတွေက ယနေ့လည်း ...





"ရင်ခုန်သံမြန်ဆန်ရလိမ့်မည်"တဲ့။

အဲဒီစာသားလေး ပြန်သတိရပြီး ရှက်ရှိန်းကာ မျက်နှာတစ်ပြင်လုံး ပူနွေးရဲတွတ်သွားရပါသေးသည်။

"အန်တီချစ် ရပြီလား"

"ဟဲ့ ... လောလှချည်လား၊ ဒီကောင်မလေး။ နေပါဦး ဘာလိုသေးလဲ စဉ်းစားရဦးမယ် တင့်တင့်ရဲ့၊ တစ်ခါတည်း ထုတ်ရအောင်၊ ဘာကိစ္စရှိနေလဲ ရှိရင် သွားလေ၊ နောက်တစ်ခေါက် လာပြန်ယူ"

"ရပါတယ်"

"ဘာလဲ ... အိမ်သာသွားချင်နေတာလား"

တင့်တင့်ပုံစံက ဘယ်လောက်များ ကသုန်ကယင်ဖြစ်နေတယ်မသိ။ အန်တီချစ်က အိမ်သာတက်ချင်တယ် ထင်နေသည်။

"အဟိ ... ဟုတ်ပါဘူး"

"ကဲ ... ကဲ ... ဒါပဲထင်ပါရဲ့ ဒီစာရင်းအတိုင်းထုတ်ခဲ့"

"ဟုတ်"

တင့်တင့်သည် မျက်ဝန်းထောင့်စွန်းမှာ ဒီဘက်ကိုလျှောက်လာနေတဲ့ လူရိပ်တစ်ခုကို တွေ့သည်နှင့် အဲဒီလူရိပ်ဟာ မိုးသက်ထန်ပဲဟု အလိုအလျောက် သိနေကာ အန်တီချစ်လက်မှ စာရွက်ရလျှင် နောက်ကြောင်းမကြည့်ဘဲ ရှေ့ကိုသာအပြေးထွက်ခွာလာသည်။ ကျောဘက်က လွင့်ပါလာသော အသံမှာ ...

www.burmeseclassic.com

"ဟား ... အန်တီချစ်၊ ကျွန်တော့်စားပွဲ ဘယ်သူရှင်းပေးထားတာလဲ"

"တင့်တင့် ရှင်းနေတာ တွေ့တာပဲ ကိုမိုးသက်ထန်"

အား ...။ သူသိပြီ။ တင့်တင့်က ရှက်ရှက်နှင့် ကုမ္ပဏီ ရှုံးထိုး သုတ်ခြေတင်သည်။ စကြံလမ်းတည့်တည့် တဖြောင့်ကြီးမှ ကွေ့မချိုးသွားသေးတာမို့ တင့်တင့်ရဲ့ကျောပြင်ကို သူ လှမ်းမြင်နေဦးမှာပါ။ သူ ဘယ်လိုများ ထင်မှာပါလဲ။

တင့်တင့်က အန်တီချစ် ထုတ်ခိုင်းတဲ့ ပစ္စည်းပစ္စယတွေ ထုတ်ပြီးလျှင် မရှောင်မလွှဲသာ သွားပြန်ပို့ပေးရပါသည်။ ဟိုကွယ်ဒီကွယ်၊ ဟိုချောင်းဒီချောင်းနှင့် မိုးသက်ထန်တို့ဌာနခွဲခန်းမထဲ ရောက်လျှင် မိုးသက်ထန်က ပြတင်းပေါက်ဘက်လှည့်ရပ်ကာ ဒီဘက်ကို ကျောခိုင်းပြီး ဖုန်းပြောနေတာမို့ ဝမ်းသာအားရနှင့် အန်တီချစ်ထံ ပစ္စည်းတွေမြန်မြန်အပ်ပြီး မြန်မြန်ပြန်လစ်ခဲ့ရသည်။ လူတစ်ယောက်ကို ဂရုစိုက် အရေးလုပ်ရတာသည် အတော်ပင် ရင်ခုန်မောစရာ ကောင်းပါလားလို့ တင့်တင့် ထင်မိသည်။



"သမီး ... ညည်းအဖေ သက်သာရဲ့လား"

"ဟုတ်ကဲ့ သက်သာပါတယ် အဘိုး၊ အခု တုတ်ကောက်နဲ့ လူတွဲနဲ့လမ်းလျှောက်နိုင်နေပါပြီ၊ ဆရာဝန်တွေကလည်း ဆေးဦးတယ်လို့ ပြောပါတယ်"

"အေး ... ကောင်းတယ်၊ ကောင်းတယ်၊ ညည်းကို ခွင့်ယူချင် ယူပါဆိုတာ မယူဘူး၊ အဆင်ပြေရဲ့လား"

"မိထွေးက စောင့်ပါတယ် အဘိုး၊ တစ်နေ့ကုန် သူနေပြီး သမီးရုံးဆင်းရင် သမီးရောက်သွားမှ သူပြန်တာပါ၊ ကလေးအငယ်ကိုတော့ ဟိုဘက်နှင်းလမ်းမှာ သူ့ညီမအရင်းရှိတော့ အဲဒီပဲ တစ်နေ့ကုန်ပို့ထားပြီး ညမှသွားပြန်ခေါ်ပါတယ်၊ ရပါတယ်"

"လေဖြတ်ထားတာဆိုတော့ ဆေးရုံကဆင်းတော့ ဆေးတွေကတော့ ဆက်မှီဝဲနေဦးမှာပဲ ဘာပဲဖြစ်ဖြစ် ကုန်ကျစရိတ်တော့ ညည်းတို့ အတော်ဆောင်းသွားမှာပဲ၊ သိပ်ဘယ်အသက်ရှူချောင်ပါ့မလဲ၊ ဟုတ်တယ်မို့လား၊ ဘာပဲဖြစ်ဖြစ် ညည်းက အဘိုးရဲ့ဝန်ထမ်းဆိုတော့ ညည်းအဖေ ဆေးစရိတ်ထဲ အဘိုးလည်း နည်းနည်းကူညီမယ် ...

www.burmeseclassic.com

www.burmeseclassic.com

စံဖြိုးရေ"

"ခင်ဗျာ ... အဘိုး"

စံဖြိုးက အဘိုးအခန်းထဲမှာပဲ ကွန်ပျူတာနှင့် စာရင်းတွက်နေရာက ထူးသည်။

"ငွေကိုင်ဆီက ပိုက်ဆံ"

"အဘိုး"

အဘိုးရဲ့စကားမဆုံးခင် တင့်တင့်က ဖြတ်ခေါ်လိုက်တာဖြစ်သည်။

"ဟော ... ဘာတုန်း"

"မကူညီပါနဲ့ အဘိုး၊ နေပါစေ"

"ဘာလဲ၊ အားနာလို့လား သမီး၊ ညည်းတို့လည်း ဘယ်လိုမှ မလွှယ်ကူနိုင်တာ သိနေတဲ့ဟာ၊ အဘိုးကလည်း ကိုယ့်ဝန်ထမ်းတွေ ကျန်းမာရေး သာရေး နာရေးတွေ ကူညီနေကျပါ။ ခုတလောသာ နိုင်ငံခြားက ဧည့်သည်တွေရောက်နေတာနဲ့ အဘိုးနဲ့ စံဖြိုး လုံးဝမအားမလပ် ဖြစ်နေတာ၊ ဒါပေမဲ့ အဘိုးခေါင်းထဲတော့ ရှိတယ် သမီးရဲ့၊ ဒီနေ့မှ ရုံးမှာ အေးအေးဆေးဆေး နေရတာမို့လို့ ဒီနေ့မှပဲ ကူညီဖြစ်တာမှာ၊ ညည်းတို့လည်း ဆက်ကုန်ကျနေစရာတွေရှိဦးမှာပဲလေ"

"နေပါစေတော့ အဘိုး၊ မကူညီပါနဲ့တော့"





"ဘာဖြစ်လို့လဲ"

"ဆေးရုံစတက်ကတည်းက မိုး ... မိုးသက်ထန်က အစစအရာရာ ကူညီပေးထားတာပါ အဘိုး၊ သူ့ဆီကလည်း အများကြီး အကူအညီယူထားပြီးပြီမို့ အဘိုးဆီက အကူအညီထပ်မယူချင်တော့တာပါ အဘိုး"

"ဩော် ... ထန်လေးက ကူညီထားပြီလား၊ ဒါဆိုရင်တော့ ပြီးတာပဲလေ၊ သူ ကူညီတာလည်း အဘိုး ကူညီသလိုတူတူပဲ မဟုတ်လား"

"ဟုတ်ပါတယ် အဘိုး"

"ကဲ ... တင့်တင့် ... ဟိုဘက်စားပွဲလေးမှာ အဘိုးစားဖို့ ထမင်းပွဲ ပြင်ပေးတော့"

"ဟုတ်ကဲ့"

ဒီနေ့ အဘိုးအတွက် အိမ်ကထမင်းချိုင့်ခြင်း ထည့်ပေးလိုက်တာမို့ တင့်တင့်က အဘိုးအတွက် ထမင်းပွဲပြင်သည်။ ရုံးမှာထားတဲ့ ကြွေပန်းကန်နှင့် ချိုင့်ထဲက ထမင်းကို ခူးထည့်၊ ဇွန်းခက်ရင်းချ၊ ဟင်းတွေကတော့ ထည့်လာတဲ့ စတီးလေးဆင့်ချိုင့်အတိုင်းသာ ချပါသည်။ လက်ကိုင်ပဝါ အဟုလင်း ဖန်ခွက်စသဖြင့် စေ့စေ့စုံစုံ ပြင်ဆင်နေစဉ် ...

"ဒေါက် ... ဒေါက် ... အဘိုး"

"အေး ... လာ"



www.burmeseclassic.com

www.burmeseclassic.com

"အဘိုးနဲ့ ထမင်းတူတူ လာစားမလို့၊ အဘိုးမှ ရှိရဲ့လားလို့"

"ဒီရက်တော့ အဘိုးနည်းနည်းအားပါပြီ"

မိုးသက်ထန်သည် အခန်းရဲ့ထောင့်နားလေးမှာ ဆက်တီနှင့်ထိုင်တဲ့ စားပွဲခပ်နိမ့်နိမ့်ပေါ်က ထမင်းစားပွဲကို ကြမ်းပေါ်ချထောက်ကာ ပြင်နေတဲ့ တင့်တင့်ကို မတွေ့ပါ။ တင့်တင့်ကတော့ မိုးသက်ထန် ဝင်လာ၍ ရုတ်တရက်ယောင်ကာ ပုပြီးတော့ပဲ ပုန်းမိတော့မလိုလို ဖြစ်သွားရင်း မျက်နှာကို ဘယ်နားပြေးဖွက်ရမလဲ စဉ်းစားမရပေ။

"အဘိုး ... သားစားပွဲကို အဘိုး တင့်တင့်ကို ရှင်းခိုင်းထားလား"

မိုးသက်ထန် အမေးကြောင့် အဘိုးက မိုးသက်ထန်ကို တအံ့တဩကြည့်ပြီးမှ တင့်တင့်ဘက် လှည့်ကြည့်လိုက်ပါသည်။ မိုးသက်ထန်ကတော့ တင့်တင့်ကို မမြင်သေး။ အဘိုးကြည့်တဲ့နေရာကိုလည်း လိုက်မကြည့်ဘဲ သူထိုင်ဖို့ ခုံတစ်ခုံ ပုမ်းဆွဲနေရာပြင်ချနေတာမို့ တင့်တင့်ကို မတွေ့တာပါ။

"ဟင့်အင်း ... အဘိုး မရှင်းခိုင်းပါဘူးကွ"

"ဟုတ်လား !"

"အေးလေ ... ဘာလို့မဟုတ်ရမှာလဲ"

"ဒါဖြင့် ဘာဖြစ်လို့ သူက သားစားပွဲကို လာရှင်းရတာလဲ"





စံဖြိုးက တင့်တင့်ကိုမတွေ့ဘဲ ရမ်းပြောနေသော မိုးသက်ထန်ကို ပြုံးစိစိကြည့်ကာ ...

"ဒါတော့ သူပဲသိမှာပေါ့၊ ဘာပဲဖြစ်ဖြစ် မင်း ထိုလေးဘာလေးတော့ ထိုးလိုက်ပေါ့ကွာ၊ ထန်ကြီးရာ ... ဟားဟား"

"အေးကွာ ... ပန်းအိုးလေးတောင် ထိုးသွားလိုက်လေးတယ်"

တင့်တင့်သည် မျက်နှာမဖော်ရဲဘဲ ခေါင်းကြီးငုံ့၍ တုတ်တုတ်မလှုပ်ရဲ။ သွားပါပြီ။ အဘိုးရှေ့မှာမှ လာပြီးဖော်ကောင်လုပ်တော့တာ။

"စားပွဲများ မှားလုပ်သွားလား မသိပါဘူး"

သူ့ဟာသူ ဆက်ရွှေတ်နေတဲ့ မိုးသက်ထန်ကို အဘိုးက စကားတွေရှေ့ဆက်မလွှန်ကဲ မျောင်းအောင်ထင်ပါသည်။

"ဟိုမှာ တင့်တင့် ရှိသားပဲ မင်း မေးကြည့်လိုက်လေ"

"ဟင်"

မိုးသက်ထန်က ရေခဲရေနှင့် အပက်ခံလိုက်ရသလို အလန့်တကြား ခုန်ထလိုက်ပြီး အဘိုး မေးဆိုညွှန်ပြနေတဲ့ သူ့ရဲ့ကျောဘက်ဆီ လှည့်ကြည့်လိုက်သည်။ ဒူးတွေကို ခေါင်းကြီးငုံ့ကာ တစ်ရှူးနှင့်သုတ်နေတဲ့ တင့်တင့် မျက်နှာလေးက အနည်းငယ် မှောင်ရိပ်ကျနေတဲ့ နေရာထဲမှာတောင် ပန်းဆီသွေးပြေးနေတာ သိသာသည်။


www.burmeseclassic.com

www.burmeseclassic.com



မိုးသက်ထန်က အားနာပါးနာ ရှိုးတိုးရှန့်တန့်ဖြစ်မိကာ ...

"မနက်က ငါ့စားပွဲသုတ်သွားတာ နင်လို့ အန်တီချစ်က ပြောလို့"

"........."

ကြည့်လေ။ မဖြေဘဲ ပေကတ်ကတ် လုပ်နေပြန်ပြီ။ မနက်ကတစ်ယောက် အခုတစ်ယောက်ကျနေတာပဲ။ သူလုပ်သွားတာ မဟုတ်သလိုပဲ။

"အဲဒါ ဟုတ်လား"

"အဲဒါဘာဖြစ်လို့လဲ"

"ပန်းတစ်ပွင့်လည်း ထိုးသွားသေးတယ်၊ ကြော့ နင်ယကြာတစ်ခုခုများ ချေတာလား"

တင့်တင့်က စိတ်တိုကာ ...

"ဘာယကြာချေရမှာလဲ၊ နင် ဒီထက်ပေါက်ကရ မတွေးတတ်တော့ဘူးလား"

"မတွေးတတ်တော့ဘူး၊ နင့်က ငါ့စားပွဲ လာသုတ်ပြီး ပန်းအိုးထိုးပေးမယ်ဆိုတာ၊ ဟား ဟား ... အိပ်မက်တောင်မမက်ဖူးဘူး"

"ဒီအလက်လည်း အဆန်းတကြယ်ကိစ္စ မဟုတ်ဘဲနဲ့"

"နင် မျက်နှာကျတော့ ရှုပုပ်ထားပြီး စားပွဲတော့ လာသုတ်လာရှင်းပေးတယ် ဟုတ်လား၊ အဲဒါဆန်းတာပေါ့"





တင့်တင့်က ပြေလျော့သော မျက်နှာလေးနှင့် မိုးသက်ထန်ကို မျက်လွှာတစ်ချက် ပင့်ကြည့်ကာ ...

"အဘိုးစားပွဲကိုလည်း ရှင်းပေးနေကျ သုတ်ပေးနေမို့လို့ပါ၊ သဘောကတော့ နင့်ကိုလည်း ငါ ဘာပဲဖြစ်ဖြစ် ကျေးဇူးရှင်တစ်ယောက်လို သဘောထားတယ်ဆိုတဲ့ အဓိပ္ပာယ်ပါ မိုးသက်ထန် ဘာမှမဆန်းပါဘူး၊ ရိုးရိုးရှင်းရှင်းလေးပါ"

"ကျေးဇူးရှင် ! "

"အင်း ...၊ ငါ့အဖေ ကျန်းမာရေးကိစ္စအတွက် အန်တီ့ကို နင် အကူအညီပေးခဲ့တာတွေအတွက် ကျေးဇူးတင်ပါတယ် မိုးသက်ထန်၊ အဲဒီကူညီမှုအတွက် ဘယ်တော့မှ ငါမမေ့ပါဘူး"

တင့်တင့်အသံလေးက တုန်ခါနေကာ မိုးသက်ထန်ကိုကြည့်နေတဲ့ အကြည့်လေးကတော့ ဘာဖျပ်ဖျပ် အရောင်လက်တောက်ပနေသလိုပင်။ အဲဒီနောက်တော့ တင့်တင့်သည် အဘိုးကိုရော မိုးသက်ထန်ကိုရော ဆက်လက်ရင်မဆိုင်ဝံ့ကာ ...

"အဘိုး ထမင်းချူးပြီးပါပြီ"

"အေး ... အေး"

"သမီးလည်း ထမင်းသွားစားလိုက်ပါဦးမယ်"

"အေး ... သွားစား ... သွားစား"

တင့်တင့်က ခေါင်းငုံ့ကာ သူတို့နားက ဖြတ်ထွက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ဒီမှာပဲ လာစားပါလား၊ စံဖြိုးလည်း ရှိတာပဲဟာ"

မိုးသက်ထန်မှာ တင့်တင့် ရိုးရိမ်ထားသလို စိတ်ဆိုးစိတ်ခုနေပုံ မမြင်ရပါ။ တင့်တင့်ရဲ့ပြေလည်လာမှုကို နှစ်လိုဝမ်းမြောက်တဲ့ လက္ခဏာအရိပ်အကဲသာ တွေ့ရတဲ့အတွက် သူ့အပေါ် ညှတ်နူးနေတဲ့ စိတ်တို့က ပိုပြီးပင် အရည်ပျော်ကျချင်လာသည်။

"ဟင့်အင်း ... ငါ ထမင်းစားခန်းမှာပဲ စားတော့မယ်"

"ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး"

တင့်တင့်က စကားဖွတ်ဖြတ်ကာ အဘိုးအခန်းမှ ခပ်သုတ်သုတ် ထွက်လာခဲ့သည်။ ထမင်းစားခန်းဘက် လျှောက်လာစဉ် ...

"တင့်တင့်"

ဟော ...။ ဘာကြောင့် နောက်ကလိုက်လာရတာလဲ မိုးသက်ထန်ရယ်။ အဘိုးက အကဲခတ် အရမ်းတော်တာ။ တစ်စုံတစ်ရာ ရိပ်မိထင်မြင်ယူဆမသွားစေချင်ဘူး။

"ဘာဖြစ်လို့ အခန်းထဲ လာမစားတာလဲ၊ အဘိုးကတောင်ခေါ်လိုက်ပါတဲ့"

"ဘယ်သူကခေါ်ခေါ် အခွင့်အရေးဆိုတာ ပေးတိုင်းယူဖို့သင့်တော်တာ မဟုတ်ပါဘူး မိုးသက်ထန်ရယ်။ နင်က အဘိုးရဲ့မြေးဖြစ်ပေမယ့် ငါက အဘိုးရဲ့ဝန်ထမ်းပါ၊ တစ်ခါ





တလေ အလုပ်သိပ်များလို့ အလုပ်လုပ်ရင်း အဘိုးအခန်းထဲပဲ စားလိုက်တာ ကိစ္စမရှိပေမယ့် အခါခပ်သိမ်း ဝိုင်းဖွဲ့စားတဲ့ အခွင့်အရေးမျိုးကို ယူဖို့မသင့်တော်ဘူးဆိုတာ နင်ကတော့ နားလည်ချင်မှ နားလည်မှာပေမယ့် ငါကတော့ ဘဝပေးအခြေအနေအရ နားလည်ရမယ်လေ၊ ငါ့ကိုအဘိုးတို့ နင်တို့က ထမင်းလက်ဆုံ အတူတူခေါ်စားတယ်ဆိုတာကို အမြဲကျေးဇူးတင် ကျေနပ်နှစ်သိမ့်နေမှာပါ၊ ဒါပေမဲ့ ငါလာမစားတော့ပါဘူး မိုးသက်ထန်ရယ်"

တရှည်တလျား အကြောင်းပြ ငြင်းဆိုနေတဲ့ တင့်တင့်ရဲ့လေသံလေးက ခါတိုင်းနဲ့မတူ နည်းနည်းပျော့ပျောင်းနေတာကို မိုးသက်ထန်က တအံ့တသြ သတိပြုမိပါသည်။

"အေးလေ၊ နင်ပြောတာကို ငါ နားလည်ပါတယ်၊ နင်ဒီနေ့ အရမ်းပြောင်းလဲနေပါလား တင့်တင့်၊ ဘာဖြစ်လို့ ငါ့စားပွဲကိုရှင်းပြီး ပန်းထိုးပေးသွားတာလဲ"

"ငါ ခုန ပြောပြပြီးသွားပြီလေ"

"ငါ့ကို အဘိုးလိုပဲ ကျေးဇူးရှင်တစ်ယောက်လို့ သွင်းတယ်၊ ဟုတ်လား"

"ဟုတ်တယ် နင် အများကြီး ကူညီခဲ့တာတွေ ငါမသိခဲ့ဘူး၊ ဟိုတစ်နေ့ကမှ အန်တီ့ဆီက သိရတော့ ငါကျေးဇူးတင် အားလည်းနာမိတယ်၊ ဒါတောင်မှ ငါ နင့်ကိုရှေ့လျှောက် ဘယ်လိုပုံစံနဲ့ ဆက်ဆံသွားမယ်ဆိုတာ ငါအများ



www.burmeseclassic.com

www.burmeseclassic.com

ကြီး စဉ်းစားခဲ့သေးတယ်၊ ငွေရေးကြေးရေး အများကြီးကူညီထားတယ်ဆိုတာသိမှ အချိုးက ပြောင်းသွားတယ်ဆိုတာမျိုးများ ဖြစ်နေမလားလို့လည်း တွေးမိပါသေးတယ်"

"ဟ ... ငါကဘာဖြစ်လို့ အဲဒီလို နင့်ကိုမြင်ရမှာလဲ"

"နင်ကတော့ မမြင်ဘူးဆိုတာ သိပါတယ်၊ နင်က ဘယ်သူ နင့်ကို ဘယ်လိုပဲဆက်ဆံ ဆက်ဆံ ခွင့်လွှတ်နိုင်တဲ့ သဘောထားကြီးမှုမျိုး ရှိတဲ့သူဆိုတာ ငါ နားလည်နေပါတယ်၊ ဒါပေမဲ့ ငါကိုယ်တိုင်က တင်းတုန်းကလည်း သိပ်တင်းခဲ့တော့ ခုတစ်မျိုး တော်ကြာတစ်မျိုး ဖြစ်နေမှာ ကိုယ့်ကိုယ်ကိုယ် မလုံတာပါ ...

ဒါပေမဲ့ ကိုယ့်ရဲ့ကျေးဇူးရှင်နေရာမှာရှိသူ တစ်ယောက်ကို ကိုယ့်ဘက်က တရားတော်နဲ့အညီ ကျေးဇူးသိတတ်မှု ကျေးဇူးတင်မှုဆိုတာ ဘယ်သူဘယ်လိုပဲ ထင်စရာဖြစ်ဖြစ် မင်္ဂလာရှိတဲ့ ကျက်သရေရှိတဲ့ အပြုအမူတစ်ခုပါလို့ ငါ ကိုယ့်ဘာသာ ဆုံးဖြတ်လိုက်တယ် ...

ပြီးတော့ ငါဒီနေ့မနက် ပဲလှော်ထုပ်လေး ဝယ်လိုက်တော့လည်း အထဲမှာပါလာတဲ့စာက ရင်းနှီးပြေလည်မှုစရန် အချိန်တန်ပြီတဲ့၊ အဲဒါနဲ့ ငါလည်း နင်နဲ့မပြေလည်မှုတွေကို ငါ့ဘက်ကစပြီး တောင်းပန်အဆုံးသတ်ဖို့ ဆုံးဖြတ်လိုက်တယ်"

"ကျေးဇူးရှင် ပဲလှော်ဗေဒင်ပေါ့"





မိုးသက်ထန် မျက်နှာကပြုံးမြလာရင်း ချစ်စနိုးစသည်။

"တင့်တင့် ... နင်ယဉ်ကျေးဖွယ်ရာတဲ့ စကားတွေတောင် တော်တောင် ပြောတတ်နေပြီပါလားဟ"

တင့်တင့်ဟာ နဂိုအရင်က (အနည်းဆုံး သူ့အပေါ် တော့) မယဉ်ကျေးဘဲ ရိုင်းပျခဲ့တဲ့သူ ဖြစ်လေရာ သူ ဒီလိုတအံ့တသြဖြစ်တာ မဆန်းပါ။

"ပြီးတော့ ငါ့ဘက်က ကဲကဲဆတ်ဆတ်လို ဖြစ်မိတာတွေအတွက် နင် စိတ်ဆိုးနေပြီဆိုပြီး ငါ စိတ်မကောင်းလည်း ဖြစ်မိတယ်"

"ငါက ဘယ်တုန်းက စိတ်ဆိုးလို့လဲ"

"နင့်မျက်နှာကြီး ခုတလော တင်းနေတော့ နင် စိတ်ဆိုးနေပြီလို့ပဲ ငါထင်တာ"

"နင့်ကိုတွေ့ရင် သွားအရောမဝင်မိအောင် ကိုယ့်စိတ်ကို ကိုယ်တင်းထားလို့ မျက်နှာကြီး အဲ့သလိုဖြစ်နေတာ၊ နင့်ကို စိတ်ဆိုးနေတာ မဟုတ်ဘူး"

တင့်တင့်ရင်ထဲ ပူနွေးရရင်း ...

"ကျေးဇူးတင်ပါတယ် မိုးသက်ထန်ရယ်"

"မလိုပါဘူးဟ"

"ဒါပေမဲ့ မိုးသက်ထန်၊ နင့်ကို ကျေးဇူးအရမ်းတင်တာနဲ့ တစ်ပြိုင်နက်မှာ ငါ ဝမ်းလည်းနည်းနေသေးတယ်"

"ဘာဖြစ်လို့လဲ တင့်တင့်ရာ"



www.burmeseclassic.com

www.burmeseclassic.com



“ငါတို့ဘက်မှာ လုံးဝမပြည့်စုံဘဲ လိုအပ်နေတဲ့အရာကို နင် ခုလိုကူညီပေးနိုင်ခဲ့သလို နင်လိုအပ်တဲ့အရာကိုကျရင် ငါက ပြန်ကူညီနိုင်မှာ မဟုတ်လို့ပဲ”

“ဘာဖြစ်လို့လဲ”

“နင်က ပြည့်စုံလျှံထွက်နေတော့ နင့်မှာ လိုအပ်ချက်ဆိုတာ ရှိဖို့ မလွယ်ကူသလို နင်လို ချမ်းသာတဲ့လူတစ်ယောက်မှာ လိုအပ်မယ်ဆိုတဲ့ လိုအပ်ချက်မျိုးကိုလည်း ငါလို ဘာမှမရှိတဲ့သူတစ်ယောက်က ဘယ်တော့မှ ဖြည့်ဆည်းပေးနိုင်မှာမှ မဟုတ်တာ၊ အဲဒီအတွက် တစ်ဖက်သတ် တစ်ဖက်စောင်းနင်း နင့်ဆီက အယူသာရှိပြီး ဘယ်တော့မှ အတုံ့အလှည့်ဆိုတာ မပေးနိုင်မယ့် ကိုယ့်ဘဝကိုယ် နာကြည်းပြီး ငါ ဝမ်းနည်းတာ၊ အဲဒါဟာ ငါ့ရင်ထဲမှာ အမြဲဖြစ်ခဲ့တဲ့ အမြဲလည်း ဖြစ်သွားမယ့် ပဋိပက္ခပဲ”

မိုးသက်ထန်က တင့်တင့်ရဲ့ ဝမ်းပန်းတနည်း ပုံစံလေးကို ချစ်သနားမဆုံးကာ တင့်တင့်နဖူးလေးကို သူ့ရဲ့လက်ညှိုးလက်ဆစ်လေးနှင့် တွန်းလိုက်ရင်း ...

“အဲဒါ နင်တုံးတာပေါ့၊ ငတုံးမလေးရဲ့”

“ဘာဖြစ်လို့လဲ”

“နင်ဟာ တစ်ခါတလေ ပါးမလိုလိုနဲ့ ထူပိန်းပိန်းဖြစ်နေ ဘာလဲ ဝေးကလည်းဝေးသေးတယ်၊ ထုံသလိုလိုနဲ့တုံးတာ”

“အဲ — ဒီလောက်ဆို သိပါပြီ၊ ငါက ဘာတုံးလို့လဲ”





“ငါ့အတွက် လိုအပ်တဲ့အရာက နင်မပေးနိုင်တဲ့ ငွေကြေး ပိုက်ဆံ ရုပ်ဝတ္ထုပစ္စည်းတွေ ဖြစ်နေလိမ့်မယ်လို့ နင်ထင်နေလို့လား”

“နင်ကိုယ်တိုင်တောင် အဲဒါကို မပိုင်ဆိုင်နိုင်ရင် ငါက ဘယ်လိုလုပ် ဖြည့်ဆည်းရှာပေးနိုင်မှာလဲ မိုးသက်ထန်၊ ပိုဝေးတာပေါ့”

“နားမလည်ချင်ယောင် ဆောင်နေတာလား၊ ပိန်းသလိုလိုနဲ့ ပါးနေတာများလား”

“ဘာလဲ”

မိုးသက်ထန် အကြည့်ကြောင့် တင့်တင့်က မျက်လွှာချလိုက်ရပါသည်။

“တစ်ဦးနဲ့တစ်ဦး ပေးတဲ့အလှည့် အပြန်အလှန် ပေးနိုင်တဲ့ အရာ အမြဲရှိတယ်၊ အထူးသဖြင့် နင့်ဆီမှာ ငါ့ကိုပေးနိုင်တဲ့ ငါ့အတွက်လိုအပ်တဲ့အရာ ရှိကိုရှိတယ်လို့ တစ်ခါမှ မစဉ်းစားဖူးဘူးလား”

“ဟင့်အင်း”

“အခု စဉ်းစားကြည့်စမ်း”

“ဟိုလေ ... ငါ နင့်ကို အရင်လို မာရေကျောရေ တင်စီးစီးမျိုး ဘယ်တော့မှ မဆက်ဆံတော့ပါဘူး၊ နင့်ကို အမြဲ ရိုသေပြီး အမြဲလေးစားပြီး ကျေးကျွန်ရှင်တစ်ယောက်လို တစ်သက်လုံး ဆက်ဆံသွားပါမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ထပ်တရိ ... ငါက နင် ရှိသေလေးစားတာ ခံချင်နေတာမှ မဟုတ်တာ"

"ဟိုလေ ... အဘိုး စောင့်နေရလိမ့်မယ်၊ နင် ထမင်းသွားစားချည်တော့လေ"

"ဘာမှစကားလွှဲမနေနဲ့၊ စကားလွှဲပုံထောက်ရင် နင်သိပါတယ် တင့်တင့်၊ ငါ ဘာလိုအပ်လဲ၊ ငါ့ရင်ထဲမှာ ဘာရှိလဲ နင် နားလည်ပါတယ်"

"ဘယ်လိုလုပ် သိပါ့မလဲဟာ"

"နင့်ကို ငါချစ်တယ် တင့်တင့်"

"ဟာ"

တင့်တင့်သည် ရဲတွတ်သွားတဲ့မျက်နှာကို ငုံ့ကာ တစ်ဖက်လွှဲပြီး လိမ်ဖယ်ဖယ်ကြီး ဖြစ်နေရင်း လူကိုယ်ခန္ဓာလေးက တဆတ်ဆတ် တုန်လာပါသည်။

"ငါလိုချင်တာကို နင် ပေးနိုင်ပါတယ် တင့်တင့်၊ နင်က လွှဲရင်လည်း ဘယ်သူမှ မပေးနိုင်တဲ့အရာပါ၊ ငါ့ဒါကိုမျှော်ကိုးပြီး နင်တို့မိသားစုကို ကူညီခဲ့တာဆိုပြီးတော့ ငါကူညီတာကလည်း ကျေးဇူးတင်ခံချင်လို့ မဟုတ်ဘူး၊ ငါချစ်တဲ့နင့်မှာ မပြည့်စုံတဲ့ လိုအပ်နေတဲ့ အရာတွေကို အမြဲဖြည့်ဆည်းပေးချင်လို့၊ နင် စိတ်ညစ်နေတာ စိတ်ဆင်းရဲနေတာကို ဘယ်တော့မှ မမြင်ချင်လို့၊ နင့်ရဲ့လိုအပ်ချက်တွေအားလုံးကို ခုလိုပဲ ငါအမြဲကူညီဖြည့်ဆည်းသွားမှာပဲ ...





အဲဒါ ငါ့မေတ္တာ၊ ငါ့စေတနာအလျှောက်ပါ၊ ဒီအတွက် နင် ငါလိုချင်တာကို ပြန်ကိုပေးရမယ်လို့ ငါအတင်းအကျပ် မဆိုလိုပါဘူး၊ ကျေးဇူးဆပ်သလိုပေးမယ့် အတုံ့အလှည့်မျိုးကိုလည်း ငါမလိုချင်ပါဘူး။ နင် ကြည်ကြည်ဖြူဖြူ လိုလိုလားလားပေးမယ့် အခွင့်တစ်ခုကိုပဲ ငါလိုချင်နေတာ၊ ကြည်ဖြူနိုင်တယ်ဆိုရင် ငါ့ကိုပေးပါလား တင့်တင့်"

တင့်တင့်မှာ နှလုံးခုန်သံတွေ ပေါက်ကွဲထွက်မတတ် နင့် ခေါင်းကိုလည်း ပြန်မော့ယူလို့ကို မရတော့ပါ။ မိုးသက်ထန်က တင့်တင့်ထံမှာ မမြင်ဘူးတဲ့ ယုန်ကလေးတစ်ကောင်လို ထိတ်လန့်တုန်လှုပ်နေပုံမျိုးကို ချစ်ခင်နိုး ကရုဏာနှင့် ကြင်ကြင်နာနာကြည့်ကာ ...

"နင် စဉ်းစားပြီး ငါ့ကို အဖြေပေးနော်၊ ငါနေ့တိုင်းအဲဒီအဖြေကို စောင့်နေမယ်"

❖ ❖ ❖



www.burmeseclassic.com

## ၁၆

အိမ်ရှေ့ကကားကြီးရဲ့ရောင်လျှံက မိုးချုပ်ညရီအချိန် ရပ်ကွက်ကလေးကိုတောင် အရောင်ထွက်လာစေသလို ရှိလေသည်။ အဖေ့ရဲ့အလုပ်ရှင်ကုမ္ပဏီပိုင်ရှင် သူဋ္ဌေးကြီးကိုယ်တိုင် ဆေးရုံက ဆင်းလာပြီဖြစ်တဲ့ အဖေ့ကို အိမ်မှာလာသတင်းမေးတာပါ။

"ခုလောက် ကောင်းလာတာ ဝမ်းသာလိုက်တာဗျာ၊ ဦးရဲဝင်း အဲသလိုဖြစ်တော့ ကျွန်တော့်မှာ ဦးရဲဝင်းအတွက် စိတ်မကောင်းတာလည်းတစ်ဝက်၊ ကိုယ့်အတွက် ကိုယ်ပူတာလည်းတစ်ဝက်၊ ပုထုဇဉ်ပီပီဗျာ ဦးရဲဝင်းသာ ဆက်မလုပ်နိုင်ရင် ဆိုတဲ့ ကိုယ့်အတွက်ကိစ္စလည်း ပူပန်ရသေးတယ်ဗျ ကျွန်တော်တို့ ဒီလုပ်ငန်းနဲ့ ပစ္စည်းအဝင်အထွက် ငွေအဝင်အထွက် အပေးအယူ အကြွေးကျန်တာတွေ ရစရာရှိတာ ပေးစရာကျန်တာတွေ အားလုံးက ဦးရဲဝင်းပဲ အားလုံး ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျွမ်းကျင်ကျင် သိတာလေ"



"ကျွန်တော် ပြန်လုပ်နိုင်ပါတယ် သူဋ္ဌေး၊ လူကကောင်းနေပါပြီ၊ လမ်းလျှောက်တာသာ တုတ်ကောက်တစ်ဖက်ကျန်သေးတာမို့လို့ သွားရလာရ ခက်နေလို့သာပါ၊ ခဏတဖြုတ် နားပြီးရင် ရပါပြီ၊ ကျွန်တော် လေ့ကျင့်ခန်းတွေရော လမ်းလျှောက်တာရော ကောင်းကောင်းလုပ်နေပါတယ်"

အဖေ့သူဋ္ဌေးဟာ သူ့ကုမ္ပဏီ စထူထောင်ကတည်းက စာရင်းကိုင်ဖြစ်ခဲ့တဲ့ အဖေ့ကို ယုံကြည်စိတ်ချ အားကိုးပါသည်။ ခုလည်း အဖေ သူ့ကုမ္ပဏီမှာ ပြန်ဝင်မလုပ်နိုင်မှာကို အတော်စိတ်ပူနေတာပင်။ လူသစ်ခန့်လျှင် ရမေမယ့် အစစအရာရာဟာ အခြေခံကစ,ကိုင်တွယ်ခဲ့သူလောက်တော့ ပိုင်ပိုင်နိုင်နိုင်ဖြစ်မည် မဟုတ်လေရာ သူက လူသစ်ကိုခန့်ကိုမခန့်ချင်။

ခုထိလည်း စာရင်းအင်းတို့ကို အဖေ့လက်ထောက်နှင့်သာ မေးလုပ်ထားပြီး အဖေနေပြန်အကောင်းကိုပဲ စောင့်နေတာပါ။ အန်ကယ်ကတော့ ...

"ဒီလောက် အသုံးကျပြီး သူအားပဲကိုးရတဲ့ စာရင်းကိုင်ဖြစ်ပြီး လစာကျတော့ ဘယ်ကုမ္ပဏီနဲ့ယှဉ်ယှဉ် အနည်းဆုံးပဲ၊ လစာကျ ကပ်စေးနဲပြီး လုပ်အားကိုကျ မက်နေတယ်၊ ညည်းအဖေကလည်း ဦးသစ္စာရှိကြီးဆိုတော့ သူ့မှာဒီသူဋ္ဌေးတစ်ယောက်ကိုပဲ ခင်ခင်မင်မင်နဲ့ သစ္စာတွေရှိနေတာ

www.burmeseclassic.com



အရင်က သူတို့ကုမ္ပဏီက ထူထောင်ကာစ ခပ်သေးသေးမို့ စာရင်းဇယားကလည်း ခပ်ရှင်းရှင်းဆိုတော့ ဒီလစာနဲ့ဘာ အရေးလဲ ...

အခုတော့ သူတို့ကုမ္ပဏီကြီးက နိုင်ငံခြားလည်း ဒီ ငါးပုစွန်တွေပို့နေပြီ၊ လုပ်ငန်းက ကြီးသထက်ကြီးလာ၊ ငွေဝင်ငွေထွက်ကများလာ၊ စာရင်းဇယားက ရှုပ်လာတဲ့ အထဲမှာ ကုန်ဈေးနှုန်းကလည်း ကြီးမြင့်လာတာတောင် လစာကို တူတူတန်တန် တိုးပေးမလာဘူး၊ ဟွန်း ... သူ့ အလုပ် ဖင့်နေးမှာတော့ စိုးရိမ်ပြီး ကိုယ်တိုင်ရောက်ချ လာတယ်”

နောက်ဖေးမှာ ကော်ဖီဖျော်ရင်း မိထွေးက ပွစိပွစိ။

“ခုလည်း ပိုက်ဆံတော့ လာကူတယ် မဟုတ်လား အန်တီ ရဲ့”

“အင်း ... ငွေတစ်သိန်းချထားတာ တွေ့တယ်လေ၊ ဆေးရုံ တက်တုန်းက တစ်သိန်းပေးတာနဲ့ဆို နှစ်သိန်းပေါ့၊ ဘာပဲ ဖြစ်ဖြစ် သူ့ရဲ့ကပ်စေးနဲ လစာလေးကို မငြိမငြင် နှစ်ပေါင်း များစွာ တိုးမပေးခဲ့တာတွေနဲ့ ပြန်တွက်ချက်ကြည့်ရင် သိန်းနှစ်ဆယ်လောက် ကူညီဖို့သင့်တာ”

“အန်တီကလည်း ... ကဲပါ၊ ကော်ဖီသွားချတော့လေ”

“ညည်းလည်း လာဦး”





အန်တီဟာ အန်တီပင် ဖြစ်လေရာ ထိုလူကြီးရှေ့ စားပွဲပေါ် ကော်ဖီဗန်းချရင်းနှင့် တစ်ပြိုင်နက် ...

“သူဌေးရယ် ... ကျွန်မကတော့ သူ့ကို အလုပ်ပြန်မလုပ် ရင်လည်း နေပါတော့၊ အနားယူရင်လည်း ယူလိုက်တော့ လို့တောင်ပြောနေတာ၊ အသက်လည်း ငါးဆယ်ကျော်ပြီ လေ၊ ဒီရုံးအလုပ်ကလည်း စာရင်းဇယားတွေကများတော့ သူ့ကို တော်တော်ဖိစီးတယ်၊ ဦးနှောက်ပူရ၊ ပင်ပန်းရတဲ့ အလုပ်မဟုတ်လား သူဌေးရယ်၊ ပြီးတော့ သူ့သမီးအကြီး ကလည်း အလုပ်လေးရနေပါပြီ၊ ဝင်ငွေလည်း မဆိုးပါဘူး၊ ဦးရဲဝင်းရဲ့လစာကလည်း မရှိတော့ရင်တောင် ကျွန်မဟို နား ဒီနားထွက်ပြီး ပွဲစားလေး ဘာလေးလုပ်ရင် ကာမိပါ တယ်၊ သူ့လစာလောက်တော့ ပြန်တာပြီး ရှာနိုင်ပါတယ်၊ ဒါကြောင့် သူ့ကိုနားရင်လည်း နားလိုက်တော့လို့၊ အဲဒီ အလုပ်က လူရောစိတ်ပါ သူ့အတွက် အရမ်းဖိစီးဝင်ပန်း ပါတယ်”

“ဟ ... အမ်ာ၊ မင်းကလည်းကွာ”

“အာ ... ဒီလိုတော့ အပြီးမနားနဲ့ဦးလေ၊ ငယ်ငယ်ပဲရှိ သေးတာပဲဟာ၊ ဦးရဲဝင်း လုပ်နိုင်ပါသေးတယ်၊ ကျွန်တော် တို့လည်း သူ့ကိုလိုတယ်ဗျ၊ ခုတောင် သူ ရုံးကိုမဆင်းနိုင် သေးရင် အလုပ်ဖိုင်လ်တွေ စာရင်းတွေ ဒရိုင်ဘာနဲ့ သူ့



www.burmeseclassic.com

www.burmeseclassic.com



လက်ထောက်နဲ့ ဒီကိုသယ်ယူလာပြီး ဒီမှာ နေ့တစ်ပိုင်း လောက်လုပ်ကြပြီး ပြန်သယ်သွား၊ ဒီလိုလုပ်ဖို့ စိတ်ကူး ထားတာ၊ သိပ်အရေးကြီးရင်တော့လည်း ဦးရဲဝင်းကိုကား နဲ့လာကြိုခေါ်ပြီး ကားပေါ်မှာပွဲပတင်ရတင်ရ ရုံးခဏခေါ် လုပ်ခိုင်းရတော့မှာဗျ"

"အို ... သူဌေးရယ်၊ သူဌေးအခက်အခဲကိုလည်း သိပါတယ်၊ ဒါပေမဲ့ သူ့လစာလောက်တော့ ဖြည့်ရှာဖို့ အခက်အခဲမရှိ လို့ ကျွန်မကတော့ သူ့ကို နားပဲ နားစေချင်တယ်၊ သူ အရမ်းပင်ပန်းတယ် သူဌေးရဲ့"

"ဒီလောက်လည်း ဟုတ်ပါဘူး အမာရယ်၊ နေကောင်းရင် တော့ ငါ ကောင်းကောင်းလုပ်နိုင်ပါတယ်"

"ရှင် အသာနေပါ အစ်ကိုကြီးရယ်၊ သူဌေးကိုအားနာမှာမေး မယ့် ကျွန်မကတော့ ..."

"ဟဲ့ ... အမာ၊ သူဌေးက ကော်ဖီမသောက်ဘူးကွ၊ လက် ဖက်ရည်သောက်တာ၊ လက်ဖက်ရည်က အိမ်မှာအသင့်မရှိ ရင် သမီး တင့်တင့် ပြေးဝယ်လိုက်ပါ သမီးရာ"

"ဟုတ်ကဲ့ အဖေ"

တင့်တင့်လည်း မျက်နှာပူပူနှင့် အဖုံးပါတဲ့စတီး ခွက်လေးကိုင်ကာ လမ်းထိပ်ပြေး၍ လက်ဖက်ရည်ဝယ်ရင်း စကားဝိုင်းကို ရှောင်ထားရပါသည်။ မိထွေးတို့များ သတ္တိရှိချက်





ကတော့။ လူရိုးကြီး အဖေကတော့ သူ့ အလုပ်မလုပ်ရမှာ ဝင်ငွေ မရှိမှာကို ပူပန်နေသည်။ သူဌေးရဲ့ပျက်နေတဲ့ မျက်နှာကတော့ သူတို့ မတန်တဆပေးထားတဲ့ လစာလေးကို ဘယ်လောက်တိုး ပေးရရင် ကောင်းမလဲ၊ ကမ္ဘာ့ရှုထို တွက်ချက်နေပါပြီ။

"ဟဲ့"

လက်ဖက်ရည်ပါသော စတီးခွက်လေးကိုင်ကာ အိမ် ရှေ့ပြန်ရောက်လာတဲ့ တင့်တင့်သည် ရှေ့ကပိတ်ရပ်ကာ ခေါ်လိုက် တဲ့ တောက်တောက်ပြောင်ပြောင် မိန်းကလေးကြောင့် လန့်ပြီး အံ့သြခြေလှမ်းတုံ့ရပ်သွားပါသည်၊

"နင် ... တင့်တင့်ကိုး၊ နင်က ဦးရဲဝင်းသမီးလား"

တင့်တင့်က မှုန်ပြည့်ကို ခပ်တည်တည်လေးကြည့် ရင်း ...

"အေး ... ဟုတ်တယ်"

"ဩော် ... အဖေလေပြတ်နေတာတောင် လေသံကမာ တုန်းပဲကိုး"

"နေပါဦး ... အဖေ လေပြတ်တာနဲ့ ငါက ဘာဖြစ်လို့ လေသံပျော့စရာ အကြောင်းရှိလဲ၊ နင်ကကော ဘာလဲ၊ အဖေ့သူဌေးရဲ့သမီးလား"

"ဒါပေါ့၊ ကားပေါ်ပါလာတာ၊ အိမ်ပေါ်တော့ အသက်ရှူ ကျပ်လို့ မတက်ချင်တော့လို့၊ နင်က ဒီရပ်ကွက် ဒီအိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com

နေတာကို။ ဒါနဲ့များတောင် တော်တော်ကို ဘဝင်မြင့်နိုင်တာ အံ့သြစရာပဲ၊ ဦးရဲဝင်းက အေးသလောက် ဦးရဲဝင်းသမီးက ပူပူလောင်လောင်ပဲ၊ ခုချိန်မှာ နင့်လေသံပျော့နေသင့်တာပေါ့၊ ငါ့အဖေ လုံးလုံးလျားလျား ပြန်ကောင်းပါ့မလား၊ လေဖြတ်သွားပြီးပြီဆိုတော့ အရင်အလုပ်မှ ပြန်ရပါ့မလား ဆိုတာတွေ ပူပန်နေရမယ့် အချိန်လေ"

"အခု နင့်အဖေက ငါ့အဖေကို အလုပ်ပြန်ဝင်ဖို့၊ မဝင်နိုင်ခင် အိမ်အထိ အလုပ်တွေ သယ်လာမလို့ လာပြောနေတာမဟုတ်ဘူးလား"

"အေး … ငါ့အဖေက အစွဲကြီးတယ်၊ ငါ့အမေကတောင် လေဖြတ်တယ်ဆိုတာ ဦးနှောက်ကိုလည်း အနည်းနဲ့အများထိခိုက်တာမို့လို့ အရေးကြီးတဲ့စာရင်းဇယားတွေ ရှေ့ဆက်လုပ်နိုင်းဖို့ သင့်ပါ့မလား၊ ကရုဏာကြေးပေးပြီး အလုပ်ဖြုတ် လူစားလဲလိုက်ပါလား ပြောနေတဲ့ကြားက နင့်အဖေကိုပဲ စွဲနေတာ၊ လုပ်နေကျ လုပ်လက်စလူကို လူသစ်အစားထိုးဖို့ စိတ်ရှုပ်မခံချင် ဖြစ်နေတာလေ၊ စာရင်းကိုင်များဟယ် ခုခေတ်မှာ အရမ်းကိုပေါပါတယ်၊ နင့်အဖေဘစ်ယောက်တည်းတတ်တဲ့ အလုပ်လည်း မဟုတ်၊ သူ့သမီးက နင်ဆိုတာ သိလိုက်တော့ ငါတောင် ငါ့အမေဘက်က ပါချင်သလို ဖြစ်သွားပြီ"





"သြော် … နင်က တော်တော်လည်း ကလေးဆန်သလို တော်တော်လည်း စိတ်ပုပ်တဲ့ မိန်းမပဲ"

"ဘာ"

"ပြီးတော့ ငါ့အဖေဖြစ်လို့ နင်က အလုပ်တောင်ဖြုတ်ချင်တယ်ဆိုရင် နင်က ငါ့ကို တော်တော်ဂရုစိုက်တာပေါ့နော် ဟုတ်လား"

"နင့်ကို ဂရုစိုက်တာ မဟုတ်ဘူး၊ နင့်ကိုကြည့်မရတာ၊ ကိုယ်နဲ့တန်၏မတန်၏ မစဉ်းစားဘဲ ယောကျ်ားလေးတစ်ယောက်ကို အထာတွေပေးပေးနေတာ ရွံ့ပို့တောင်ကောင်းတယ်"

"ငါ ဘာအထာပေးလို့လဲ၊ မိုးသက်ထန်ကို ငါ ဘယ်တုန်းက ကောင်းကောင်းဆက်ဆံလို့လဲ"

"အေး … အဲဒီလို ဆက်ဆံပုံကိုက ဒါ ကိုစိတ်ဝင်စားမလားလို့ ပေးနေတဲ့အထာပဲ၊ နင့်ကို အရှင်းဆုံး ရှင်းရှင်းပြောလိုက်မယ်၊ မိုးသက်ထန်နားကနေ နင်ရှောင်ထား၊ မြူဆွယ်ဖို့လည်း မစဉ်းစားနဲ့၊ နင့်ရဲ့ Action က နင့်အဖေဆီသွားရိုက်ခတ်လိမ့်မယ်လို့ သဘောပေါက်ထားလိုက်၊ နင်အချိုးမပြေရင် ငါ့မျက်စိထဲ ကန့်လန့်ဖြစ်နေရင် နင့်အဖေဆီမှာ တစ်ခုခု ရိုက်ခတ်မှု ရှိပြီသာမှတ်ထားလိုက်"


www.burmeseclassic.com

www.burmeseclassic.com



တင့်တင့်က ဖူးပြည့်ကို နှုတ်ခမ်းတင်းတင်းစေ့ကာ ရူးရူးကြည့်နေရင်းက ဘာမှဆက်မပြောဘဲ အိမ်ပေါ်တက်လာခဲ့ပါသည်။ အိမ်ပေါ်မှာတော့ အခြေအနေက တင့်တင့် ထွက်သွားတုန်းကနှင့် အနည်းငယ် ပြောင်းလဲခြားနေလေပြီ။

"ခင်ဗျားစဉ်းစားပေါ့ ဦးရဲဝင်း၊ ကျုပ်ကတော့ ဝန်ထမ်းဟောင်းလည်းဖြစ်၊ ကျန်းမာရေးလည်းချို့တဲ့နေလို့ အလုပ်ထဲ ပြန်ဝင်ခွင့်ပြုပါတယ်ဆိုတာ လာပြောတာ၊ ကရုဏာနဲ့ပါ၊ အခု လခကို ဒီလောက်တော့ ပြင်ပေး တိုးပေးပါမယ်ဆိုတာကလည်း ခင်ဗျားရဲ့ကျန်းမာရေးကြောင့် လူမှုရေးအရ စောင့်ရှောက်ကြည့်ရှုမှု သက်သက်ပဲ ...

ခင်ဗျားမိန်းမကတော့ အလုပ်ရှင်နဲ့ အလုပ်သမားကြားမိသားစုဆက်ဆံရေး မထားနိုင်တဲ့ မိန်းမမျိုးပဲ၊ သူ ငွေညှစ်သလို တောင်းတဲ့ပမာဏတော့ ကျုပ်က လုံးဝမပေးနိုင်ဘူး ဦးရဲဝင်း၊ ခင်ဗျားလည်း စဉ်းစားပါ၊ အချိန်ရပါတယ်၊ လက်ကုန်အထိ ကျုပ်က လူသစ်မခန့်သေးပါဘူး၊ ကဲ... ကျုပ်သွားမယ်"

လေသံတင်းတင်းနှင့် ချက်ချင်းပဲ အိမ်ပေါ်ကဆင်းသွားတဲ့ သူဌေးဟာ ကားပေါ်တက်၊ ချက်ချင်းပဲ ထွက်သွားပါသည်။ ဒါကို ငေးငေးကြည့်နေပြီးမှ တင့်တင့်က သက်ပြင်းတစ်ချက်နှင့် ဒေါ်အမာ့ကို ကြည့်မိသည်။ အဖေကတော့ မျက်နှာလေးငယ်လို့။





"အန်တီရယ် ... ငွေတောင်းလည်း ပညာရှိနည်းနဲ့ ပညာတတ်ဆန်ဆန် တောင်းမှပေါ့"

"အို ... ငါမှ ပညာတတ် မဟုတ်တာ၊ ပညာတတ်မဆန်လည်း မတတ်နိုင်ဘူး၊ ညည်းအဖေလုပ်အားကို နှစ်ပေါင်းများစွာ ခေါင်းပုံဖြတ်နေတာ၊ ခုကြည့်စမ်း ... ဆက်မလုပ်မှာကြောက်လို့ အိမ်ကိုတောင် မိုင်တွေနဲ့ လိုက်လှတ်လုပ်နိုင်းဖို့ ကြံနေတဲ့ သူက ခပ်တည်တည်နဲ့ သနားလို့ ပြန်ခန့်ပေးမှာလိုလို ပြောင်လိဆည်သွားတာ၊ ခုနေ တခြားလူသစ်ခန့်ပါလား၊ ဒီလစာနဲ့ တကယ်တတ်တဲ့သူ ရမလားလို့ ဘယ်သူမှ လာလုပ်မှာ မဟုတ်ဘူး၊ သူက အခက်ကြုံနေပြီး သူက အပေါ်စီးက ... ဟွန်း"

"သူတို့က ငွေရှိတယ်လေ အန်တီ၊ ငွေရှိတဲ့သူက အမြဲအပေါ်စီးကပေါ့၊ မခံချင်စိတ်နဲ့ အဖေ့ကိုတော့ လခတိုးမပေးဘဲ လူသစ်ကိုကျမှ တစ်ပုံကြီးပေးခန့်လိုက်တာမျိုးလည်း သူတို့ လုပ်နိုင်တယ်၊ အန်တီသိထားဖို့က သူတို့မှာ လုပ်ချင်တာ ရွေးချယ်လုပ်ဖို့ ငွေရှိတယ် ... ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



တင့်တင့်က ချိုးကွေ့လိုက်တဲ့ စကြိုပေါ်မှာ ဘွားခနဲ တွေ့လိုက်ရတဲ့ မိုးသက်ထန်နှင့် ဖူးပြည့်ကြောင့် ခြေလှမ်းအနည်း ငယ် တုံ့သွားရပါသည်။

"ငါမရောက်ဖူးလို့ လာလည်တာပါဟ၊ နင့်ပုံစံက ခုတော့ လည်း တကယ့်စီးပွားရေးသမား Gentleman ပဲ၊ ငါ့အဖေ တောင် နင့်အဘိုးဆီ လာတွေ့ဖို့ကိစ္စ ရှိတယ်လို့ ပြောနေ တယ်"

"ဟုတ်လား"

"အင်း ... အဘိုးရဲ့ပရောဂျက်တစ်ခုမှာ ငါ့အဖေက ပါ ချင်လို့တဲ့၊ အဲဒီကိစ္စ ငါနဲ့ ငါ့အဖေ နင်တို့အိမ် လာလည် ဦးမယ် သိလား၊ နင့်အဘိုးဆီက အပွိုင့်မဲင် ယူထားပေး"

"အေးပါ"

တင့်တင့်က ခြေလှမ်းကို ဟန်မပျက်အောင်ထိန်း ရင်း သူတို့နံဘေးက ဖြတ်အလျှောက် ...

"တင့်တင့်"

ဖူးပြည့်အသံကြောင့် တင့်တင့်က ခြေလှမ်းရပ်သွား သည်။

"နင့်အဖေတောင် ငါ့အဖေဆီ အလုပ်ပြန်ဝင်မယ်လို့ အကြောင်းကြားတယ်၊ ရှေ့အပတ် အလုပ်ပြန်ဆင်းတော့ မယ်တဲ့ နင် သိတယ်မဟုတ်လား"





တင့်တင့်က ဖူးပြည့်ကို ဖျတ်ခနဲ တစ်ချက်ပဲကြည့် ကာ ...

"ငါ သိပါတယ်"

"နင့်အဖေရဲ့ အလုပ်ကိစ္စအတွက် နင် ဂရုစိုက်ဦးနော်"

တင့်တင့်က ဖူးပြည့်ကို ခပ်တည်တည်ပဲ ကြည့်နေ မိကာ မိုးသက်ထန်က ...

"သူ့အဖေအလုပ်ကို သူက ဘာကိုဂရုစိုက်ရမှာလဲ"

"သြော် ... ကျန်းမာရေး အခြေအနေ မကောင်းလို့ ဂရု စိုက်ခိုင်းတာပါ၊ နင်မသိပေမယ့် သူသိပါတယ် မိုးသက်ရယ်"

"နင် သတိပေးလို့ ကျေးဇူးပါပဲ၊ သွားလိုက်ဦးမယ်၊ အလုပ် ရှိသေးလို့ပါ"

ဖူးပြည့်ကို ချေချေငံငံ ပြောသွားတဲ့ တင့်တင့်ကို မိုးသက်ထန်က လိုက်ကြည့်နေမိပါသည်။ တင့်တင့်ပုံစံလေး ညင်သာနူးညံ့ ပြောင်းလဲခဲ့တာတော့ တစ်ပတ်လောက် ရှိပါပြီ။ ဒါပေမဲ့ အခု ဖူးပြည့်ကို စကားပြောသွားပုံကတော့ အညှံ့ခံတဲ့ သဘောမျိုးများ ပါဝင်နေသေးသလားလို့ မိုးသက်ထန်က သံသယ ဖြစ်နေမိသည်။

"နင်နဲ့ တင့်တင့် ကြားမှာ ဘာရှိလဲ ဖူးပြည့်"

"သြော် ... ဘာရှိရမှာလဲ မိုးသက်ရယ်၊ နင်ဘာဖြစ်လို့ သူနဲ့ ပတ်သက်ပြီး ဒီလောက်တောင် Serious ဖြစ်နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မိုးသက်ထန်က ဖူးပြည့်ကို ပြုံးကြည့်ရင်း ...

"မဟုတ်ပါဘူးဟာ၊ နင်က ငါခင်တဲ့သူငယ်ချင်း၊ သူက ငါ့ချစ်သူဖြစ်လာမယ့် မိန်းကလေးဆိုတော့ နင်တို့ချင်း ပြေလည်စေချင်တဲ့ သဘောပါ"

ဖူးပြည့်မျက်နှာက ကွက်ခနဲ ပျက်သွားရပါသည်။

"သူက နင့်ချစ်သူ ဖြစ်လာမယ့် မိန်းကလေး၊ ဟုတ်လား"

"အေး ... ငါ သူ့ကို အပြေတောင်းထားတယ်"

"နင့်အဘိုးက နင့်ကို သူ့လို ဆင်းတောင့်ဆင်းရဲ အောက်ခြေလူတန်းစား မိန်းကလေးနဲ့ သဘောတူမှာမို့လို့လား"

"ငါ့အမေက မပြည့်စုံလှတဲ့ သာမန်မိသားစုလေးက မိန်းကလေးတစ်ယောက်ပဲ၊ စိတ်ဓာတ်လေးနဲ့ မိန်းမပီသမှုကို အဘိုးက သဘောကျပြီး သူ့သားဖြစ်တဲ့ ငါ့အဖေနဲ့ သူကိုယ်တိုင် ပေးစားခဲ့တာလေ၊ ခုလည်း အဘိုးက တင့်တင့်ကို ချစ်ပါတယ်"

ဖူးပြည့်သည် အပြန်မှာတော့ ရုံးဝင်းကြီးထဲက ကားပါကင်ဆီ ရောက်လာခဲ့ပြီးမှ ခြံဂိတ်ဝဆီက လုံခြုံရေးကို...

"ဒီမှာ ဦးလေး၊ အပေါ်က ဝန်ထမ်းတွေထဲက တင့်တင့်ကို အောက်ခဏဆင်းခဲ့ဖို့ ခေါ်ပေးပါ"

အင်တာကွန်းလေးနှင့် လုံခြုံရေးက တင့်တင့်ကို လှမ်းခေါ်ပေးလိုက်တဲ့အတွက် ခဏအကြာမှာ တင့်တင့် ဆင်းလာပါသည်။ သူ နဂိုစိတ်နှင့်သာ ဆိုရင်တော့ ဘာကိစ္စ ငါကဆင်း





တွေ့ရမှာလဲဆိုပြီး ဆင်းမလာဘဲနေမယ့် တင့်တင့်ပါ။ နူးညံ့တဲ့ စိတ်ကောင်းလေးတစ်ခု မွေးမြူပြီးတဲ့နောက်မှာတော့ ထောက်ထားမှု သည်းခံမှု ငဲ့ကွက်မှု ခွင့်လွှတ်မှုတို့က စိတ်နှလုံးအတွင်းမှာ အလို အလျောက် ရင့်သန်ပွားများလာတာပါ။

ကားကိုမှီရပ်နေတဲ့ ဖူးပြည့် ရှေ့နား ဟင့်တင့်က ရပ်ကာ ...

"နင် ဘာပြောမလို့လဲ"

"နင်နဲ့ မိုးသက်ထန် ဆိုတာ ဘဝချင်း အဝေးကြီး အဝေးကြီးဆိုတာ နင် သိတယ်နော်၊ ငြင်းစရာရှိ မြန်မြန်ဆန်ဆန် ငြင်းလိုက်၊ တော်ကြာ နင့်အဖေပါ အရှောင်အလုပ် ပြုတ်နေဦးမယ်၊ နားလည်လား"

အဟ ... လောကကြီးမှာ ဒီလိုမိန်းကလေးမျိုးလည်း ရှိသေးလား။

ကိုရီးယားကားထဲကလို ကောင်းကင်ကို မျက်လုံး ထောင့်ကပ် မော့ကြည့်ရင်း "ချို" ခနဲ သွားကြားကလေ လေချွန်သံ မျိုးနဲ့ ရယ်လိုက်ရ၊ တော်တော်ပြောထွက်တဲ့ ပါးစပ်။

နဂိုကမှ အားငယ်ငယ်ရှိတဲ့ တင့်တင့်ဟာ ဟိုတစ်ည ဖူးပြည့် ခြိမ်းခြောက်သွားပြီးကတည်းက မိုးသက်ထန်ကို ခေါင်းခါ ငြင်းဖယ်လိုက်ဖို့ နေ့တိုင်းအားယူနေခဲ့မိတာ။ ကိုယ့်နှလုံးသားက ခမ်းပမ်းတနည်း လွမ်းဆန်နေခဲ့သလို ဒီနေ့မနက်ဆို ပဲလှော်ပေဒင် လေးကပါ ...



www.burmeseclassic.com

www.burmeseclassic.com



"... ဆုံးဖြတ်ချက် ချမည်ဆိုလျှင် နှစ်ခါပြန်စဉ်းစားပါ ..."ဆိုတာမို့ မိုးသက်ထန်ကို ငြင်းဖို့အတွက် နေ့ရွှေ့လိုက်တာ။

ရှောင်ဖယ်ပါမယ်လို့ ဆုံးဖြတ်ထားပါတယ် ဆိုမှ ဒီလောက်ထိ တဲ့တိုးကျကျ ပြောင်ကျကျ ဗိုလ်ကျအမိန့်ပေးလာတော့ ပေကတ်ရွဲ့စောင်းတတ်တဲ့ နဂိုစိတ်ရင်းက ခေါင်းထောင်လာပြန်ပြီနော်။

"ငါ ပြောတာ ကြားလား"

"အဲသလို ဇွတ်ဝင်ပြီး တားဆီးပိတ်ပင်လို့ ရလို့လား"

"ရ,မရ နင်ကြည့်လိုက်လေ၊ နင့်အဖေကို ကျန်းမာရေးအရ ဆေးပင်စင် ပေးပစ်လိုက်မယ်"

"အဲဒါကို နင့်အဖေကကော နင်နဲ့တစ်သဘောတည်း သဘောတူတယ်တဲ့လား"

"ဒါက နင့်အလုပ်မဟုတ်ပါဘူး၊ နင့်အလုပ်က နင်နေရမယ့်နေရာကို နင်သိဖို့ပဲ"

"မှုးပြည့် ... ငါတို့ကိစ္စတွေက ငါ့အဖေနဲ့ ဘာဆိုင်လို့လဲ၊ ငါ့ဘဝကို ငါက နင့်ထက် ပိုသိပါတယ်၊ ငါလုပ်သင့်တာကို ငါ သိပြီးသားပါ၊ ဒါပေမဲ့ ဒီကိစ္စထဲမှာ နင် ငါ့အဖေကို ဆွဲမထည့်ပါနဲ့"

"ဒါက ငါ့သဘောပါ"





"နင်ပြောသလို ငါက ငြင်းလိုက်တော့ရော နင့်ဘက်မှာ နင်ဖြစ်ချင်တဲ့အတိုင်း ဖြစ်လာမှာမို့လို့လား"

"အဲဒါ နင်နဲ့မဆိုင်ဘူး၊ နင့်ကိစ္စက ..."

"ဘာတွေဖြစ်နေတာလဲ"

အေးစက်တိုးတိတ်တဲ့ အသံတစ်ခုက သူတို့နှစ်ယောက် ရပ်နေတဲ့ တိုက်နံရံအချိုးကွေ့တစ်ဖက်က ထွက်ပေါ်လာကာ မိုးသက်ထန်ပါ ဘွားကနဲ ပေါ်လာသည်။

"နင်တို့ ဘာဖြစ်နေတာလဲ၊ နင်တို့ရဲ့ပဋိပက္ခက ဘာလဲ၊ ဟင်"

ပျက်နေတဲ့ မှုးပြည့်မျက်နှာကို တင့်တင့်က သက်ပြင်းတစ်ချက်နှင့်ကြည့်ရင်း ...

"ငါ့အဖေအလုပ်ကိစ္စပါ မိုးသက်ထန်၊ ငါတို့ပဋိပက္ခမဟုတ်ပါဘူး၊ ပြီးတော့ သိပ်လည်းအရေးမကြီးပါဘူး"

တင့်တင့်က ခပ်သွက်သွက်ပြောကာ ဤနေရာမှ လှည့်ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

"နေ့လယ်က ညည်းမိုးသက်ထန် ရုတ်တရက် ပေါက်ချလာပြီး ထူးထူးဆန်းဆန်း လာမေးတယ်၊ ညည်းအဖေသူဌေး ဦးအောင်ပြည့်ရဲ့သမီး ဖူးပြည့်နဲ့ ညည်းနဲ့ကြားမှာ ဘာအပေးအယူတွေရှိလဲတဲ့"

ရုံးက ပြန်ရောက်ရောက်ချင်း ဆီးပြောလိုက်တဲ့ မိသွေးစကားအဆုံးတွင် ရင်လေးမိရင်း အမောတကောနှင့် ...

"အန်တီ ဘာမှမပြောလိုက်ဘူးမို့လား"

"ဘာဖြစ်လို့ မပြောရမှာလဲ၊ မိုးသက်ထန် ဆိုတာ ကိုယ့်ရဲ့ကျေးဇူးရှင်၊ ကိုယ့်ထက်သာကြီးရင် ဦးသုံးကြိမ်ချအိပ်ရမယ့်ကောင်လေး၊ ကျေးဇူးရှင်ကို လိမ်ညာတာ ဖုံးကွယ်တာ မလုပ်နိုင်ပါဘူး"





အန်တီ့မျက်လုံးအစုံကို ကြည့်လိုက်ရင်တော့ အိမ်ထောင့်မှာ ဆန်အိတ်နှင့် ဆီပုံးအပြင် မီးသွေးအိတ်တောင် အဆစ်ပါလိုက်သေးသည်။ လက္ခဏာ... ရက်လေ။ အင်း ... ဒီတစ်ယောက်ကတော့ လူတစ်ယောက်ရဲ့အသွာကို ကိုင်နိုင်တဲ့နေရာမှာ နှစ်ယောက်မရှိ။

"ဟာ ... အန်တီကလည်း တကယ်ပဲ၊ ဟိုနေ့ညက အသည်းယားလွန်းလို့ ဖူးပြည့်စကားကို အန်တီ့ကို ပြန်ပြောမိတာ၊ နှုတ်လုံပါလို့ အဖေ့ကိုတောင် သွားမပြောပါနဲ့လို့ ပိတ်ထားသားနဲ့ နှုတ်လည်းမလုံဘူး"

"အို ... ညည်းက မိုးသက်ထန်ကို မပြောပါနဲ့လို့ ပိတ်လို့လား၊ မပိတ်ဘူးလေ၊ အင်းလေ ... ညည်းက နှုတ်ပိတ်ထားရင်တောင်မှ မိုးသက်ထန်က မေးရင်တော့ ကျုပ်ကဖြေမိမှာဟဲ့"

"ကျွတ်"

"အမယ်လေး ... အဲဒီဖူးပြည့်ဆိုတဲ့ ဟာမျိုးလေးအတွက် ညည်း ဘာငဲ့စရာအကြောင်း ရှိလို့လဲ၊ ဒီလောက် ရင့်သီးတာ၊ ဒီနေ့လည်း ညည်းကို ခြိမ်းခြောက်နေသံကြားလို့ဆို၊ ဘာတဲ့ ညည်းကသာ မိုးသက်ထန်နားက မရှောင်ရှားရင် ညည်းအဖေကို ဆေးပင်စင်ပေးပစ်မယ် ဟုတ်လား၊ ဒီမှာ တင့်တင့် ... ညည်းဘယ်လိုတွေးလည်းတော့ ငါကပညာ သိပ်မတတ်လို့ နားမလည်ပါဘူး၊ ဒါပေမဲ့ တစ်ခု သေချာ



www.burmeseclassic.com

သိထားရမှာက ညည်းအဖေ ဦးအောင်ပြည့်ဆီ အလုပ်ဆက်မဝင်ဖြစ်ဖူးထင်လို့ တစ်နေ့ရာကအလုပ်လာကမ်းလှမ်းတယ်_

သူတို့ကုမ္ပဏီကကြီးပြီး စာရင်းကိုင်က ဘွဲ့တွေပဲရှိအတွေ့အကြုံနည်းတော့ ဗြုလရမ်းဖြစ်နေလို့တဲ့၊ ညည်းအဖေစာရင်းအင်းနိုင်နင်းပြီး တော်ကြောင်းလည်းသိတယ်၊ လုပ်ငန်းတူလို ဖြစ်နေတော့ သဘောတရားက အတူတူပဲလည်းဖြစ်နေတာကိုး၊ ပေးမယ့်လစာကလည်း မိုးပျံနေတာ၊ အဲဒါကို ညည်းအဖေက အားနာပါးနာငြင်းပြီး ဦးအောင်ပြည့် ပေးသလောက်လစာနဲ့ လက်ခံပြီး အလုပ်ပြန်ဝင်ပါမယ် သွားပြောလို့ ငါနဲ့တောင် ရန်ဖြစ်ရတယ် ...

ဦးအောင်ပြည့် အလုပ်ဖြုတ်လေ ငါကကြိုက်လေ၊ တခြားပြောင်းဖို့ ကိုယ့်အလွန်မရှိတော့ဘူးပေါ့၊ ဒါပေမဲ့ ဦးအောင်ပြည့်ကဖြင့် တစ်လနီးပါး အလွဲလွဲ အမှားမှားဖြစ်ချင်တိုင်း ဖြစ်နေတာတွေကြောင့် ညည်းအဖေလည်းပြန်ဝင်မယ်ဆိုရာ ရယ်မလို ငိုမလို ဝမ်းသာနေတာ၊ တင်းထားရင်တောင် ငါတောင်းတဲ့ လစာပေးလာမှာဟဲ့၊ ညည်းအဖေက လူ့သဘောကောင်းကြီးမို့လို့ဟော့"

"မိုး ... မိုးသက်ဇာနက တခြား ဘာပြောသေးလဲဟင်အန်တီ"

"ညည်းအဖေဆီ နည်းနည်းပါးပါး နားဖောက်ထားပေးပါတဲ့"





တင့်တင့် မျက်နှာလေး ရှက်သွေးနီမြန်းကာ ...

"ဟား ... အဲဒီတစ်ယောက်က အလကား လျှောက်ပြောနေတာပဲ"

ပြုံးစိစိ မိထွေးရဲ့မျက်နှာသည်ပင်လျှင် အရင်တုန်းကတွေလို အမြင်ကတ်စရာမဖြစ်ဘဲ ကျက်သရေရှိနေလေသယောင်ပင်။

"ညကျ ဖုန်းဆက်ချင်တယ်ဆိုလို့ ပိုနီးတဲ့ ဒီဘက်ထိပ်က ဖုန်းနံပါတ် ပေးလိုက်တယ်"

ခပ်တည်တည် ပြောတဲ့ မိထွေးရဲ့စကားကြောင့် တင့်တင့်မှာ ရင်တုန်ပန်းတုန်နှင့် လုပ်သမျှ အလွဲလွဲ အချော်ချော် ဖြစ်နေခဲ့ရပါတော့သည်။ ညဦးပိုင်း ရှင်းမာရိုးလောက်မှာတော့ "တင့်တင့် ဖုန်းလာတယ်"လို့ ဖုန်းဆိုင်က လာခေါ်တဲ့အခါ တင့်တင့် ရင်တို့ တဒိုင်းဒိုင်း ပေါက်ကွဲမတတ် ခုန်လှုပ်ရှားလေသည်။

"ဟယ် ... ဟယ်လို"

"တင့်တင့် ... မနက်ကျရင် လမ်းထိပ်မှာ လာကြိုမယ်၊ ဖယ်ရီချိန်ထက် စောလာမယ်၊ ဖယ်ရီလာရင် သွားပြီပြောပေးဖို့ ဦးညွန့်ကို မှာထားဦး သိလား"

"အင်း ... ဒါပေမဲ့ ဘာလုပ်ဖို့ လာကြိုမှာလဲ"

"နင် ငါ့ကို မနက်ဖြန် အဖြေပေးရမယ်၊ ဒီည သေချာစဉ်းစားထား၊ အချိန်မလုံလောက်ရင် မအိပ်နဲ့၊ လိုအပ်ရင်

www.burmeseclassic.com



အိပ်ရေးပါဖျက်ပြီး ငါ့အတွက် အပြုသဘောဆောင်တဲ့ အဖြေကို စဉ်းစားထားပါ၊ နင့်မှာ အနှောင့်အယှက်တွေက များတယ်၊ နင်ကလည်း ငါ့ကိုရှောင်ဖယ်ရမယ့်ကိစ္စဆိုရင် ဘယ်သူ့ဘာပြောပြော နားယောင်တယ်၊ ဒီတော့ နင့်ကို အချိန်ဆွဲပြီး လွှတ်ပေးထားလို့ မဖြစ်တော့ဘူး၊ နက်ဖြန် အဖြေပေးတော့"

"ဟာ ... နင် ... အဲဒီလိုကြီး ..."

"အချိန်မရှိဘူး၊ သွားစဉ်းစားတော့၊ ဒါပဲ"

ကြည့်စမ်း ... ဖုန်းကို ချက်ချင်းချသွားလိုက်တာ။ တင့်တင့် မရှိတုန်း အဖေ့ကို ဘယ်လိုစကားသွင်း နားဖောက်ထားတယ်မသိတဲ့ မိထွေးကြောင့် တင့်တင့် အိမ်ပေါ်လှမ်းတက်တယ်ရှိသေး အိမ်ရှေ့မှာ တီဗီသတင်းရှေ့ထိုင်နေတဲ့ အဖေက ...

"တင့်တင့် ... သမီး၊ အဖေက တခြားထွေထွေရာရာ ပြောစရာ သိပ်မရှိပါဘူး၊ သမီးရဲ့ဘဝရှေ့ရေးအတွက် အကောင်းဆုံး စဉ်းစားဆုံးဖြတ်ဖို့ကိစ္စမှာ အဖေ့ကို နောက်ဆံတင်းအည့်တွက်မနေနဲ့၊ အဖေမှာ ရွေးချယ်စရာတွေ ငါ့သမီးအကြောင် ပိုပါသေးတယ်၊ ကိုယ့်စိတ်ရင်းမှန်နဲ့သာ အကိုလျှောက်"

❥ ✿ ❥





အဲဒီမနက်ခင်းစောစောမှာတော့ ရုက်ရွှဲ့ဆုတ်ဆိုင်းသော အမူအရာလေးနှင့် တင့်တင့်က လမ်းထိပ် ဦးညွှန့်ဆိုင်ရှိရာ ရောက်ရှိလာခဲ့ပါသည်။ မိုးသက်ထန်ကား မရောက်သေးဘဲ ကိုယ်ကစောနေတာကို ရှက်ကိုးရှက်ကန်း ဖြစ်နေရင်းက ဦးညွှန့်ဆိုင်ဘက် လှမ်းဝင်လာရင်း ...

"ဦးညွှန့်"

"ဟေး"

"ကျွန်မ ဖယ်ရီလာရင် သွားနှင့်ပြီလို့ ပြောပေးပါနော်"

"ဟေ ... အေး ... အေး ... ပြောလိုက်မယ်"

တင့်တင့်သည် ဟိုးအဝေးမှာ ကားရှင်းနေသေးတဲ့ လမ်းမပေါ်လာနေတဲ့ မိုးသက်ထန်ကားကိုလည်း လှမ်းမြင်နေရပြီဖြစ်ရာ ...

"ဦးညွှန့် ... ပဲလှော်တစ်ထုပ် မြန်မြန်ပေး၊ ရော ... ငါးဆယ်"

ဒီလို အရေးကြီးတဲ့နေ့ကလေးမှာ ဗေဒင်ဖတ်လိုက်ချင်သေးတာလေ။ ဦးညွှန့်က နောက်ဖက်ကို လှမ်းနှိုက်ရှာဖွေနေရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … အဲဒါမှ ဂျောက်ပဲ"

"ဘာလဲဟင်"

"ညည်းပဲလျော့ ကုန်နေပြီ၊ ကြည့်စမ်း … ကျွတ် … ငါမေ့တာ၊ ငါမေ့တာ၊ မကုန်ခင်ကတည်းက သင်းကိုပြောရမှာကို၊ လုံးဝမရှိတော့ဘူး … ဒုက္ခပဲ"

"ဦးညွန့် … ဟိုဟာမဟုတ်လား၊ ဘယ်ဘက်မှာ ချိတ်ထားတယ်လေ၊ လေးငါးထုပ် ရှိသေးတာပဲ"

"အို … အဲဒါ ညည်းပဲလျော့ မဟုတ်ပါဘူး"

"ဟုတ်ပါတယ်"

"မဟုတ်ပါဘူးဆိုမှဟာ၊ ကျွတ် … ညနေမှ ဝယ်ဟာ"

"အို … အခု ဖတ်ချင်နေတဲ့ဟာ ဦးညွန့်ကလည်း"

"ပြဿနာဟေ့ … ဟိုမှာ လာပြီ"

တင့်တင့်က လှည့်ကြည့်လိုက်လျှင် မိုးသက်ထန်က ကားပေါ်ကဆင်းကာ ဆိုင်ထဲထိ ဝင်လာနေပြီဖြစ်ရင်း …

"တင့်တင့် … သွားရအောင်"

"နေဦး … ဒီမှာ ပဲလျော်ထုပ် ယူဦးမယ်၊ ကဲပါ … ရှိတဲ့ဟာပေးနော် ဦးညွန့်ကလည်း"

"မရဘူးဟ၊ ဒါ ညည်းကိုရောင်းဖို့ မဟုတ်ပါဘူး၊ ခက်တာပဲ"

"ဟင် … ဦးညွန့်ကလည်း အဆန်းပဲ၊ ဘာဖြစ်လို့လဲ"





"ကဲ … မောင်ရင်လေးရေ၊ ငါ့ဆီ သူ့ကိုရောင်းဖို့ ပဲလျော် ကုန်နေပြီဟေ့ ပြောဖို့ရာ မေ့နေတာကွာ"

"ဟင်"

တင့်တင့်က မိုးသက်ထန်ကို ဇဝေဇဝါလေး လှည့်ကြည့်လျှင် မိုးသက်ထန်က မျက်နှာရှုံ့မဲ့သွားကာ …

"ဟာ … ဦးညွန့်ကလည်းဗျာ၊ အရေးကြီးတဲ့နေ့မှာဗျာ၊ ပြဿနာပဲ"

"ဆောရီး မောင်ရင်ရာ၊ အလုပ်များပြီး သူ့အထုပ်တွေ ကုန်သွားတာ မေ့နေမိတာ"

"လေးငါးထုပ်ကျန်ရင် ပြောတော့ပေါ့ဗျာ၊ ဟား … ဦးညွန့်တော့ ပြဿနာရှာပြီ၊ ကဲ … တင့်တင့်ရာ၊ ညနေမှဝယ်ပါလားဟာ … နော်"

"ငါအခု ဝယ်မှာ၊ ဒီမှာလည်း အထုပ်တွေ ရှိနေသားနဲ့၊ အခုက ဘာဖြစ်နေကြတာလဲ နင်နဲ့ ဦးညွန့်နဲ့ ပဲလျော်ထုပ်နဲ့ ဘာတွေရှုပ်နေတာလဲ … ဟင်၊ မရဘူး ငါ့ကိုပြောပြ၊ မပြောရင် မသွားဘူး"

…………………

…………………

…………………

…………………



www.burmeseclassic.com

www.burmeseclassic.com

ဦးညွန့်ထံက ကြားရတဲ့စကားတွေကတော့ အံ့အားသင့်ဖွယ်ရာပင်။ နဖူးလေးကုတ်ကာ မျက်နှာခပ်လွှဲလွှဲ လုပ်နေတဲ့ မိုးသက်ထန်ကိုသာ တင့်တင့် အံ့အားတသင့် အဆန်းတကြယ် ငဲ့ကြည့်မိရင်း သက်ပြင်းတစ်ချက် ညင်သာစွာ ချမိရသည်။

"တင့်တင့် ... ဒီတော့ ညနေမှ ဝယ်ပါတော့ဟာနော်"

မိုးသက်ထန်က ညည်းညည်းညူညူတောင်းပန်သည်။

"ဟင့်အင်း ... မိုးသက်ထန်၊ အခု ဒီမှာရှိတဲ့ အထုပ်ပဲ ငါဝယ်လိုက်မယ်၊ ငါ့ကို အသေးစိတ်အထိ လိုက်ဂရုစိုက် ဖြည့်ဆည်းနေတဲ့ နင့်အပေါ် ငါ့ရဲ့ရှိရင်းစွဲ ရှိပြီးသား သဘောထားက ပဲလှော်ထုပ်လေးတစ်ထုပ်ထဲက ဗေဒင် ကြောင့် မပြောင်းလဲသွားနိုင်ပါဘူးဟာ၊ ဒါပေမဲ့ ငါ့ရဲ့လျှပ်တစ်ပြက်ကုသိုလ်ကံကို ငါ သိချင်လို့ပါ"

ပဲလှော်ထုပ်လေးကို တင့်တင့် ဖောက်နေချိန်မှာ အသက်ကိုပင် အောင့်ထားမိသူတို့မှာ တင့်တင့်နှင့် မိုးသက်ထန် တင်မက, ဦးညွန့်ပါ ပါသည်။ တင့်တင့်လက်ထဲက စက္ကူလိပ်လေး ပြေသွားလျှင် ခေါင်းနှစ်လုံး ဆိုင်သွားကာ ဦးညွန့်ရဲ့ခေါင်းကြီးပါ နောက်ဘက်က အုပ်မိုး၍ စာရွက်ကိုချောင်းပြီး မရမက ကြည့်လာလေသည်။

" ... ချစ်သူတွေ့ကိန်းရှိသည် ..."

လမင်းမိုမို